www.burmeseclassic.com



www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

IDEA

စိတ်ကူးသစ်စာပေ




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၆ရ၁၀၄၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀ရ၃ရ၀၆၀၈

▭

စီစဉ်သူ ။ ကိုတင်ထွန်း

▭

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၈၊ဩဂုတ်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

▭

ပုံနှိပ်သူ
ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

▭

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

▭

တန်ဖိုး – ၁၂၀၀ကျပ်

## အခန်းစဉ်

အပိုင်း(၁)
(၁) ရင်တုန်စရာပညာ ခင်မှူးမာယာ
(၂) တန်ပြန်ရိုက်ချက် အာဏာစက် ဘယ်သူဖျက်နိုင်မလဲ
(၃) ဗိုက်ထဲကအလုံး ဆံပင်ခြည်တွေနှင့် ဇာတ်လမ်း
အပိုင်း(၂)
(၄) ရည်းစားစကားပြောမိ၍ ဒုက္ခများရသူများ
(၅) အကြွေးငါးကျပ်နှင့် ဇီဝိန်ပြတ်အောင်လုပ်သတဲ့
(၆) စုံနီးမလေးကို ချစ်ခွင့်ပန်မိခြင်း
အပိုင်း(၃)
(၇) စုန်းမလေးမှာလည်း အသည်းနှင့်ပါ
(၈) ကောင်းကင်ပြိုခြင်း၊ သမုဒ္ဒရာရေခန်းခြင်း
(၉) မြေအနိမ့်မှာ စိုက်သောလုံ၊ ကံအနိမ့်မှာ ဖိသောကြမ္မာ
အပိုင်း(၄)
(၁၀) နှလုံးသားပြုစားခံရသည့်ညများ
(၁၁) ဘယ်သူက စုန်းမလဲ
(၁၂) သံသရာဘီး တစ်ပတ်အလည်
အပိုင်း(၅)
(၁၃) ကာမဘီလူးနှင့် သူနိုင် ငါနိုင်
(၁၄) သံယောဇဉ်၏ အရစ်အနှောင်
(၁၅) မေတ္တာတရား၏ အလျော့အတင်း
(၁၆) စုန်းမလေးဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com

## ၁။ ရင်တုန်စရာပညာ ခင်မှုံ့မာယာ

ပြဿနာက မုန့်ဆိုင်က စခြင်းဖြစ်သည်။

'ခင်မှုံ' နှင့် စကာတည်းက ကင်းကင်းရှင်းရှင်းနေခဲ့သည်။ ဝေးဝေးနေခဲ့သည်။ တတ်နိုင်သမျှ မပတ်သက်အောင် နေခဲ့သည်သာ ဖြစ်၏။

သို့သော် ထိုနေ့က ပတ်သက်လာခဲ့ရသည်။ ပတ်သက်သည် ကလည်း မြသီတာက ပတ်သက်ခြင်းမဟုတ်။ ခင်မှုံက ပတ်သက်လာခြင်းသာ။

နေ့လယ်မုန့်စားဆင်းချိန်ဆိုသည်က မုန့်ဆိုင်တန်းမှာ လူက စည်ကားစပြီ၊ ကျောင်းဆင်းချိန်ကလေးအတွင်း အလုအယက်တိုးဝှေ့ကာ ဝယ်ယူစားသောက်ကြရသည်မို့ မုန့်ဆိုင်အနီးမှာ ဆူညံ၍နေသည်။

အဆင်သင့်လုပ်ရောင်းသော မုန့်များကိုဝယ်လျှင် ပိုက်ဆံပေး၊ မုန့်ယူ ဖြစ်၍ အမြန်ရတတ်သော်လည်း မုန့်ဟင်းခါး၊ အသုပ် စသောဆိုင်များမှာမူ ပြင်ဆင်ပေးရ ပန်းကန်အလှည့်စောင့်ရနှင့်မို့ ကြာတတ်ပြီ။

ခါတိုင်း အိမ်က စားစရာမုန့်များ ထည့်ယူလာတတ်သော





မြသီတာသည် မုန့်ဆိုင်တန်း ကျောင်းသားအုပ်များကြား၌ တိုးဝှေ့ယူမစားတတ်။ ပြီးတော့ တော်ရုံတန်ရုံလက်လုပ်မုန့်များကိုလည်း မြသီတာက မကြိုက်။ မိဘကလည်း ငွေကြေးကြွယ်ဝသူမို့ အိမ်တွင် အလျှံပယ်ရှိသော အကောင်းစားမုန့်နှင့် သွားရည်စာများက မြသီတာကျောင်းသွားလျှင် ကြိုက်ရာရွေးယူ၍ ရသည်ပင်။

ထိုနေ့ကတော့ အတန်းထဲရှိ မွန်မွန်အဆွယ်ကောင်း၊ အညွှန်းကောင်း၍ မုန့်ဆိုင်တန်းက ဒေါ်ညွှပ်ကြီးလက်သုပ်စားဖို့ မြသီတာပါသွားရသည်။

အသုပ်ဆိုင်ရှေ့မှာက ကြိတ်ကြိတ်တိုးဖြစ်နေ၏။ အသုပ်မှာသူ၊ စားသူ၊ တိုးဝှေ့ရောက်လာသူများနှင့် အလုအယက်လည်း ဖြစ်နေ၏။

"ဒေါ်ကြီးညွှပ်. . ကျွန်မတို့ဖို့ နှစ်ပွဲပေးပါ။ အစုံသုပ်နော်"

မွန်မွန်က လူအုပ်ကြားထဲ ဝင်တိုးကာ လှမ်းအော်၍မှာသည်။ မြသီတာကတော့ နောက်ဘက်ကျကျမှာ ရပ်စောင့်နေခဲ့၏။

"ကျွန်မလည်း ပေးပါ။ မှာထားတာ ကြာနေပြီ"

"ငါက နင့်အရင်ဟ"

"ကျွန်တော့်ကို အရင်ပေးပါ"

အသံတွေ ဆူညံ၍နေသည်။

ထိုအုပ်စုကြားမှာ ခင်မှုံကို မြင်လိုက်ရ၏။ ခင်မှုံကလည်း အသုပ်မှာထားပြီး စောင့်နေပုံရသည်။

ရုပ်ရည်ကလေးက ဖြူဖြူချောချောလေးပေမင့် ခင်မှုံကို မြသီတာ ရွံ့ကြောက်သည်။ ခင်မှုံ့အမေက စုန်းမကြီးဟု လူပြောများသည်။ ပြူစားတတ်သည်ဟုလည်းဆိုကြ၏။ ခင်မှုံမှာလည်း သူ့မိခင်ထံမှ စုန်းအတတ်များ အမွေရထားသည်ဟု ဆိုကြသည်။ ထို့ကြောင့်လည်း အတန်းထဲမှာ ခင်မှုံကို မည်သူမျှ မပေါင်းကြ။

ဖြစ်ချင်တော့ အသုပ်သည်အဒေါ်ကြီး ဒေါ်ကြီးညွှပ်က ...



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ကို လှမ်းပေးရာတွင် မွန်မွန်နှင့်ခင်မှုံ ပြိုင်တူလက်လှမ်းမိပြီးသား ဖြစ်သွားကြ၏။

ဖြစ်နိုင်သည်မှာမူ ဒေါ်ကြီးညွှပ်က ခင်မှုံ့ကိုပေးသည်ပဲ ထင်ပါ၏။ အဘယ့်ကြောင့်ဆိုသော် မုန့်ပန်းကန်က တစ်ပန်းကန်တည်းဖြစ်ပြီး ခင်မှုံကလည်း မြသီတာတို့ထက်စောစွာရောက်နေခြင်းဖြစ်သည်။ မြသီတာတို့ကိုပေးလျှင် အသုပ်နှစ်ပန်းကန် ဖြစ်ရမည်လေ။

လက်မြန်သော မွန်မွန်က အသုပ်ပန်းကန်ကို ဦးစွာဆွဲယူမိသွား၏။

ခင်မှုံက. .

"ငါ့ကိုပေးတာဟ"

ဟု မွန်မွန့်ကို လှမ်းပြောသည်။ ငြူငြူစူစူ မကျေမနပ်တော့မဟုတ်။

စွာတေးမ မွန်မွန်ကလည်း အလျှော့မပေးတတ်သူမို့. .

"ငါတို့ကိုပေးတာ။ ငါတို့က နှစ်ပွဲမှာထားတာ ကြာပြီ"

ဟု ပြန်ပက်သည်။

ထိုစဉ် ဒေါ်ကြီးညွှပ်က နောက်တစ်ပွဲလှမ်းပေးရာ ခင်မှုံက လက်လှမ်းသည်။

"ဟဲ့. . အဲဒါ ငါတို့အတွက် နောက်တစ်ပွဲပေးတာဟ"

ဟု မွန်မွန်က ခင်မှုံ့ကို လှမ်း၍ဟန့်သည်။ ခင်မှုံက အသုပ်ပန်းကန်ကို လှမ်းယူမိပြီးသားဖြစ်သွားရာမှ လှည့်ကြည့်ကာ မြသီတာကို တွေ့သွားသည်။

"ဩော်. . မြသီတာလည်း ပါတာကိုး။ ဟုတ်မှာပါ။ ရော့. . ရော့. ."

အသုပ်ပန်းကန်အား မြသီတာကို လှမ်းပေးသည်။

မြသီတာစိတ်ထဲ ထင့်ခနဲဖြစ်သွား၏။ ရှို့ခနဲဖြစ်သွား၏။ ခင်မှုံ့





လက်နှင့် ကိုင်ပြီးသား အသုပ်ပန်းကန်ကို ယူရမှာ၊ စားရမှာ မဝံ့မရဲဖြစ်သွားသည်။ မတော် အသုပ်ထဲသို့ မကျေနပ်စိတ်ဖြင့် တစ်ခုခုထည့်လိုက်လျှင် မလွယ်။

မွန်မွန်က "ယူလိုက်လေ" ဟု မြသီတာတွန့်ဆုတ်နေသည်ကို အားမလိုအားမရဟန်ဖြင့် ပြောကာ ပြောပြောဆိုဆို တစ်ဆက်တည်းမှာပင် ခင်မှုံ့လက်က ပန်းကန်ကို ဆတ်ခနဲဆွဲယူကာ မြသီတာကို လှမ်းပေးသည်။

"ဟင့်အင်း"

မြသီတာက ရှုံ့ကြောက်စိတ်ဖြင့် ငြင်းသည်။

"ဘာလဲဟ. . ။ နင်က အားနာနေလို့လား။ ငါတို့က အရင်မှာလို့ ဒေါ်ကြီးညွှပ်က ငါတို့ကိုအရင်ပေးတာ။ သူ့ကို ဂရုစိုက်မနေစမ်းပါနဲ့"

မွန်မွန်က အတင်းထိုးပေးသည်။

"မယူဘူး. . ။ ငါ မစားဘူး"

ခင်မှုံက မြသီတာကို တစ်ချက်လှမ်းကြည့်ပြီး ဈေးရောင်းသူ ဒေါ်ကြီးညွှပ်ဘက်သို့ ပြန်လှည့်သွားသည်။

"သူ့ကိုပဲ ပြန်ပေးလိုက်"

မြသီတာက ခပ်ပြတ်ပြတ်ပြောချလိုက်၏။

"နင်ကလည်း. . ဘာဖြစ်တာလဲဟ။ သူ့ကို ဂရုမစိုက်ပါနဲ့ဆို"

မွန်မွန်က ပန်းကန်ကို ခင်မှုံ့ကိုမပေးဘဲ မြသီတာကို ငေါက်သည်။

"စားပါ မြသီတာ. . ။ ငါက နောက်တစ်ပွဲမှ ယူမှာပါ"

ခင်မှုံက လှည့်၍ ခပ်အေးအေးပြောသည်။ မြသီတာအားနာ၍ဟု သူထင်ပုံရပါ၏။ မြသီတာကလည်း လက်မခံ။

"ငါမစားတော့ဘူး"

မြသီတာ၏မျက်နှာပျက်ယွင်းနေမှုနှင့် တုန်ခါတင်းမာနေသော



www.burmeseclassic.com

www.burmeseclassic.com



အသံကို ခင်မှုံနားလည်သွားပုံရသည်။ ခင်မှုံ့မျက်နှာ ညှိုးသွားသည်။

"ငါက စေတနာနဲ့ အလျှော့ပေးတာပါ မြသီတာ။ စားလိုက်ပါ"

ခပ်တိုးတိုးအသံဖြင့် ခင်မှုံထပ်ပြောသည်။

မာနကြီးသော မြသီတာရင်ထဲမှာ အလျှော့ပေးတာဟူသော စကားကို ဘဝင်မကျဖြစ်သွားကာ. .

"နင်အလျှော့ပေးတာကို မလိုချင်လို့ဟဲ့"

ဟု လွှတ်ခနဲ ပြောမိသွားသည်။

"ဘာဖြစ်လို့လဲ မြသီတာ"

ခင်မှုံက ပြန်မေးသည်။ ခင်မှုံ့အသံမှာလည်း အနည်းငယ်မျှ တုန်ခါနေ၏။

"နင့်ကို ရွံလို့ နေမှာပေါ့ဟာ"

မွန်မွန်က မဆင်မခြင် ဝင်ပြောချသည်။ ခင်မှုံ့မျက်နှာ နီသွားသည်။

"ရွံလို့. . ဟုတ်လား။ ငါက ဘာဖြစ်နေလို့လဲ"

"နင့်ကိုယ်နင် သိမှာပေါ့"

"ငါက ဘာဖြစ်နေလို့လဲ မွန်မွန်ရဲ့။ နူနေလို့လား"

"လုပ်မနေနဲ့။ နင့်အကြောင်း အားလုံးသိတယ်။ နူတာထက် ဆိုးတယ်"

"ဘာ. . မွန်မွန်. . နင်ဘာပြောတယ်"

"စုန်မကြီးရဲ့သမီး စုန်းမလေးလို့ ပြောတာဟဲ့. . ပြောတာ"

ခင်မှုံ့မျက်နှာ နီရာမှ ညိုမှောင်သွားသည်။ မွန်မွန့်ကို စူးစူးရဲရဲ ကြည့်သည်။ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာသည်။ မျက်လုံးများမှာ မျက်ရည်တွေ ချက်ချင်းပင် ပြည့်အိုင်လာသည်။ တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်သလိုရှိ၏။ ပြီးမှ နှုတ်ခမ်းကိုကိုက်ကာ နေရာမှ ချာခနဲလှည့် ထွက်သွားသည်။

စိတ်ကူးသစ်စာပေ



ခင်မှုံလှည့်အထွက်မှာ မွန်မွန်ကိုင်ထားသော အသုပ်ပန်းကန်ကို တိုက်မိကာ မြေပေါ်သို့ ပန်းကန်လွတ်ကျသွား၏။

"ဟာ. . ဒီကောင်မ"

မွန်မွန်က ဒေါသတကြီးရေရွတ်လိုက်၏။ ခင်မှုံကား အဝေးသို့ ရောက်သွားလေပြီ။

"တော်ပါတော့ဟာ. . ။ ငါလည်း မစားတော့ဘူး။ ပန်းကန်မကွဲလို့ တော်သေးတယ်။ အသုပ်ဖိုး ငါပေးလိုက်ပါ့မယ်"

မြသီတာက တုန်လှုပ်စွာ ပြောလိုက်၏။

အတန်းသို့ ပြန်ရောက်သည်အထိ မြသီတာ ရင်တုန်မပျောက်သေး။ ခင်မှုံ့ကိုလှည့်ကြည့်တော့ ခုံပေါ်မျက်နှာအပ်လျက် မှောက်ငိုနေသည်။

"မွန်မွန်. . နင် သူ့အကြောင်းသိသားနဲ့ သွားပြီးပြဿနာလုပ်တယ်။ နင်တော့ တစ်ခုခုဖြစ်တော့မှာပဲ"

မြသီတာက မွန်မွန့်ကို စိုးရိမ်စွာပြောမိ၏။

"အေးဟာ. . ။ စောစောကတော့ ငါလည်း ဒေါသနဲ့ ပြောပစ်လိုက်တာ။ ငါ့ကိုပြုစားလိုက်ရင်တော့ ဒုက္ခပဲ"

ယခုမှ မွန်မွန်လည်း ကတုန်ကယင်၊ မျက်နှာအပျက်ပျက်ဖြစ်နေတော့သည်။

ဂဂဂ

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ မွန်မွန်တစ်ယောက် နှုတ်ခမ်းနားတစ်ဝိုက်တွင် အနာဖုကလေးများ ပေါ်လာ၏။ မွန်မွန် သူ့ကိုယ်သူ လန့်နေသလို မြသီတာလည်း ကြောက်နေလေပြီ။ မြသီတာ သူ့နှုတ်ခမ်းကိုသူ မကြာခဏ ပြန်စမ်းကြည့်နေမိ၏။ မွန်မွန့်လိုများ ဖြစ်လာလေမလား။

မြသီတာမှာတော့ ဖြစ်မလာပါ။

မွန်မွန်မှာမူ အခြေအနေ [illegible] ဆိုးလာ၏။ နှုတ်ခမ်းနားတစ်ဝိုက်မှနေ၍ မျက်နှာတစ်ပြင် [illegible] အနာဖု [illegible] ည်။ မွန်မွန် နောက်ရက်တွင် ကျောင်းပင်မတက်ရဲတော့။

ခင်ပို့ကတော့ ဘာမှမဖြစ်သလို ယခင်ကအတိုင်း ဣန္ဒြေမပျက် ကျောင်းတက်နေသည်။ ခင်ပို့ကိုကြည့်၍ မြသီတာ မွန်မွန့်အတွက် မခံချင်ဖြစ်နေမိ၏။ သို့သော် ခင်ပို့ကို ရန်လည်းမတွေ့ရဲ၊ ရွံလည်းရွံ ကြောက်လည်း ကြောက်နေမိသည်။

မွန်မွန့်အိမ်သို့ ကျောင်းအဆင်းတွင် မြသီတာရောက်သွားပြီး သတင်းမေး၏။

"ငါဆေးခန်းသွားတာပဲ။ မသက်သာဘူးဟ"

မွန်မွန်က ပြောသည်။ မွန်မွန်က သူ့မျက်နှာကို လူမြင်မှာ စိုးနေ၏။ အနာဖုများက မြင်မကောင်း။

"ငါ့အထင် နင် ခင်ပို့နဲ့ ပြဿနာဖြစ်တာကြောင့်များလား"

မြသီတာက သူမ၏အထင်ကို မဝံ့မရဲပြောကြည့်၏။

"ငါလည်း ဒီလိုပဲ ထင်နေတယ်"

"နင့်အမေ အဲဒီအကြောင်းကို သိလား"

ခင်ပို့နဲ့ ပြဿနာတတ်တာကိုလား။ ငါမပြောပြဘူး"

"ပြောကြည့်ဟာ။ နင့်အမေ ဘာပြောမလဲ ကြည့်ရအောင်"

မွန်မွန်က မြသီတာ၏တိုက်တွန်းချက်ဖြင့် သူမ၏မိခင်ကို အကျိုးအကြောင်းပြောပြရာ မွန်မွန့်မိခင် မျက်လုံးပြူးသွားသည်။





"အမလေးတော်. . ဒုက္ခပါပဲ။ အဲဒါ ဖြစ်နိုင်တယ်ဟဲ့။ သူ့အမေက စုန်းတတ်တယ်. . ဟုတ်လား။ သေချာတာပေါ့။ ဒါကြောင့် နင့်အနာက ဆေးကုလို့ မပျောက်တာ"

မွန်မွန့်မိခင် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားသည်။ မွန်မွန်နှင့် မြသီတာတို့ ပိုကြောက်သွားကြသည်။

"အနာတွေ ဒီ့ထက်ပိုဆိုးလာရင် ဘယ်လိုလုပ်မလဲ"

မြသီတာက စိုးရိမ်တကြီးပြောမိသလို မွန်မွန်က ငိုကြီးချက်မနှင့်. .

"ငါ့မျက်နှာတစ်ခုလုံး အနာတွေတိုးလာပြီး နှုများသွားမလား မသိဘူး။ ငါက သူ့ကို နူတာထက်ဆိုးတယ်လို့ ပြောမိတာလေ။ မြသီတာ. . ငါ့ကို ကယ်ပါဦးဟာ။ ငါဘာလုပ်ရမလဲ"

ဟု မြသီတာကိုဖက်၍ တတွတ်တွတ်ပြောသည်။

"မဖြစ်ဘူး သမီး. . ။ အဲဒီကောင်မလေးကို သွားပြီးတောင်းပန်လိုက်"

မွန်မွန့်မိခင်က အကြံပြုသည်။

"သွားပြီးတောင်းပန်ရမယ်. . ဟုတ်လား"

မွန်မွန်က မာနဖြင့် တောင်းပန်ချင်ပုံမရ။

"ဟုတ်တယ်. . ။ သူတို့လုပ်ထားတာဆိုရင် သူတို့ ပြန်ကုပေးမှရမှာ"

"မွန်မွန်. . နင့်အမေပြောတာ ဟုတ်တယ်။ နင် ခင်ပို့ကို တောင်းပန်လိုက်တာ အကောင်းဆုံးပဲ"

"ငါ မတောင်းပန်လို့ မရဘူးလား"

"တော်ကြာ အနာတွေပိုဆိုးလာရင် နင် လူကြားတိုး[illegible] ဖြစ်သွားမှာဟ။ တောင်းပန်တာပဲဟာ။ ဘာမှ ပုံ့ပါသွားတာမှ [illegible]"

"ကျောင်းမှာ လူတွေအများကြီးကြားထဲ ငါ သူ့ကို [illegible]တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး"

"ဒါဆို ဒီလိုလုပ်ဟာ။ မနက်ဖြန်ကျောင်းအဆင်း ခင်မှုံ သူ့ရွာကိုပြန်တဲ့လမ်းကနေ နင်နဲ့ငါ စောင့်ပြီးတောင်းပန်မယ်။ ဘယ်လိုလဲ"

"အဲဒါ ကောင်းတယ် သမီး။ လုပ်. . လုပ်. . မြန်မြန်လုပ်တာ အကောင်းဆုံးပဲ"

မွန်မွန့်မိခင်က ဝင်၍အဆုံးအဖြတ်ပေးသည်။

သို့ဖြင့်. .

ဂ ဂ ဂ

"သူ့ကို တောင်းပန်ရင် စကားမများနဲ့နော်။ စုန်းမတို့ဘာတို့ ပြောမိတာဆိုတာလည်း ထည့်မပြောနဲ့။ ပိုပြီးစိတ်ခုနေမယ်"

"အေးပါဟာ"

"အနာအကြောင်းလည်း ဘာမှမပြောနဲ့။ ပြောလိုက်လို့ အမြင်ကတ်ကတ်နဲ့ အရွဲ့တိုက်နေဦးမယ်။ စကားများမိတာကိုပဲ မသိကျိုးကျွံနဲ့ တောင်းပန်. . ကြားလား"

"အင်းပါ"

ခင်မှုံ ကျောင်းမှပြန်အလာကို မြသီတာနှင့် မွန်မွန်တို့ စောင့်နေကြရင်း မြသီတာက စိုးရိမ်စွာမှာနေမိ၏။ ခင်မှုံကို ကျောင်းမှအပြန်စောင့်ရန်အတွက် မြသီတာပါ ယနေ့ ကျောင်းမတက်ဖြစ်။ မွန်မွန်နှင့် အတူ အဖော်လိုက်ပေးရန်ဖြစ်၏။





"ဟော. . လာပြီ"

မှန်ပါသည်. .။ အဖော်မပါ၊ တစ်ယောက်တည်း ခင်မှုံပြန်လာနေပါပြီ။ လွယ်အိတ်ကလေးလွယ်လျက်။ အေးဆေးစွာ. .။

မွန်မွန်နှင့် မြသီတာ စောင့်နေသောနေရာက မြို့ပြင်လမ်းတစ်နေရာမှာဖြစ်သည်။ ခင်မှုံတို့က မြသီတာတို့လို မြို့ပေါ်ကမဟုတ်။ မြို့နှင့်ကပ်နေသော စစ်ပင်ကုန်းရွာကဖြစ်၏။ ခင်မှုံက ရွာမှနေ၍ မြို့ရှိအထက်တန်းကျောင်းသို့ လမ်းလျှောက်၍ ကျောင်းတက်သည်။ ခင်မှုံတို့စစ်ပင်ကုန်းရွာက မြို့နှင့်တစ်မိုင်ခန့်သာဝေးသည်မို့ ခင်မှုံအဖို့ အပန်းကြီးဟန် မတူ။

လယ်ကွင်းကိုဖြတ်ကာ ပြေးလမ်းအတိုင်း ခင်မှုံလာနေသည်ကို ကြည့်ပြီး မြသီတာနှင့် မွန်မွန် ရင်တွေတုန်နေ၏။

"ဟင်. . မြသီတာနဲ့ မွန်မွန်ပါလား။ ဘာလုပ်နေကြတာလဲ"

ခင်မှုံကပင် ဦးစွာ တအံ့တဩနှုတ်ဆက်သည်။ အပြုံးကလေးနှင့်ပါပဲ။

"ဪ. . ဟိုလေ. .."

ရုတ်တရက် မွန်မွန် စကားတွေအထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည်။ နှုတ်သွက်လျှာသွက် မွန်မွန်တစ်ယောက် ယခုတော့ အိုးနင်းခွက်နင်းဖြစ်နေသည်။

"ဒီနေ့ မြသီတာရော၊ မွန်မွန်ရော ကျောင်းမတက်ကြဘူးနော်။ ဘာဖြစ်လို့လဲ။ ဒီနေ့ လပတ်စာမေးပွဲအတွက် ကျက်ရမယ့်စာတွေ ပေးတယ်။ ပြန်ကူးထားကြနော်။

ကြည့်စမ်း. .။ သူလုပ်ထားသည်ကို သူဘာမှမသိသလိုပုံဖမ်းနေပြသည်။ အာဂ ခင်မှုံ. .။

"မွန်မွန်နေမကောင်းလို့ပါ။ ခင်မှုံ. . အဲဒါ. ."

မြသီတာက အဆင်ပြေမည့်စကားကို ရွေးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုံက မွန်မွန့်ကိုကြည့်ပြီး. .

"အိုး. . ဟုတ်ပါရဲ့။ မျက်နှာမှာ အနာဖုတွေနဲ့။ ဆေးမသောက်ဘူးလား"

မေးသည်။ မေးဟန်၊ ပြောဟန်နှင့် မျက်နှာကတော့ ရိုးရိုးစင်းစင်းပါပဲဟု မြသီတာတွေးသည်။ ဟန်ဆောင်ကောင်းလိုက်တာဟုလည်း ထင်မိပြန်သည်။

"အဲဒါ ထားပါဟာ။ ခုဟာက ငါ နင့်ကို တောင်းပန်ချင်လို့ပါ"

မွန်မွန်က မြသီတာကို တစ်ချက်လှမ်းကြည့်ပြီး စကားစသည်။

"ဟင်. . ဘာအတွက်လဲ"

ခင်မှုံက မသိနားမလည်ဟန် မျက်နှာပေးနှင့်။

"ဟိုနေ့က နင်နဲ့ငါတို့ မုန့်စားတန်းမှာ အသုပ်ဝယ်ရင်း စကားများကြတာလေ။ အဲဒါ ငါတို့ ပြန်စဉ်းစားပြီး နင့်ကိုပြောမိတာ လွန်သွားတယ်လို့ ထင်မိတယ်။ အဲဒါကြောင့် နင်စိတ်မဆိုးပါနဲ့လို့ တောင်းပန်တာ"

မွန်မွန်က စကားပြောတတ်သူမို့ ပြေပြေပြစ်ပြစ်၊ ချောချောမွေ့မွေ့၊ စိကာပတ်ကုံးပြောပြသည်ကို မြသီတာက ချီးကျူးလိုက်မိသေး၏။

"ပြော်. . ဒါလား။ ဒါများဟာ ငါ့စိတ်ထဲမှာ ဘာမှမရှိပါဘူး။ အဲဒီနေ့ကပေဘာ့ ဝမ်းနည်းတာပေါ့။ ဒါပေမဲ့ ငါမေ့လိုက်ပါပြီ။ တောင်းပန်စရာလည်း မလိုပါဘူး။ နင်တို့နဲ့ ငါက တစ်တန်းတည်းသားတွေပဲဟာ"

ခင်မှုံကလည်း စကားပြောမဆိုးပါ။ ရေလည်ချောင်စွာ ပြန်ပြော၏။ ယခုလိုပြောပုံကျတော့လည်း ရိုးသားဖြူစင်သော တောသူမလေး၏ ရှင်းရှင်းဘွင်းဘွင်းပုံစံ။ စိတ်ထဲကတစ်မျိုး၊ အပြင်ကတစ်မျိုးဟု မြသီတာ မလိုလားစွာ ထင်မိပြန်၏။

"ဒါဆို နင်ခွင့်လွှတ်တယ်ပေါ့နော်"

မွန်မွန်က သေချာအောင် မေးသည်။

"အေးပါဟာ။ ငါ့စိတ်ထဲမှာ ဘာမှအငြိုးအတေးမရှိပါဘူးဆို"





ဟော. . ကြည့်။ သူမကပဲ သူတော်ကောင်းမလေး ဖြစ်နေပြန်ပြီ။

"ကဲ. . နင်လည်း ရှာပြန်ရမှာ။ ငါတို့လည်း ပြန်တော့မယ် ခင်မှုံ"

မြသီတာက ဝင်၍စကားဖြတ်သည်။ မွန်မွန့်လက်ကို ဆွဲသည်။ ခင်မှုံက ထွက်မသွားသေးဘဲ. .

"နင့်မျက်နှာက အနာဖုတွေကို ဂရုစိုက် မွန်မွန်"

ဟု မွန်မွန့်မျက်နှာကိုကြည့်ကာ မှာနေပြန်သဖြင့်. .

"ဆေးခန်းတော့ ပြတာပဲဟ"

ဟု မွန်မွန်က ပြန်ပြောရင်း မြသီတာကို မျက်လုံးဝှေ့ကြည့်သည်။

မြသီတာက ဝင်၍. .

"နင်ရော ဆေးမကုတတ်ဘူးလား ခင်မှုံ။ ကုတတ်ရင် မွန်မွန့်အနာတွေ ပျောက်အောင်ကုပေးလိုက်ပါဟာ"

ဟု တိုးလျှိုးစကား ဆိုလိုက်၏။

"ဟယ်. . ငါက ဆေးဆရာမှ မဟုတ်တာ။ ဘယ်လိုကုတတ်မှာလဲ။ တစ်ခုတော့ ရှိတယ်ဟ။ နင်တို့ အချိန်ရရင် ငါနဲ့လိုက်ခဲ့လေ။ အမေ့ကို ပြကြည့်ပေးမယ်။ အမေကတော့ ကုတတ်တယ်"

မြသီတာနှင့် မွန်မွန် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြ၏။

ဂ ဂ ဂ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲကထွက်လာသော ခင်မှုံ့မိခင်ဒေါ်အိုဇာကို တွေ့သည်နှင့် ပြည်သီတာ ရင်တွေပန်းတွေတုန်ကာ လက်ဖျားခြေဖျားတွေ အေးစက်သွားသည် ထင်မိ၏။ မွန်မွန့်ကို လှမ်းကြည့်တော့ မွန်မွန်လည်း မျက်နှာပျက်နေပြီ။

ကြောက်စိတ်နှင့် ရှုံ့စိတ်တို့က ပြည်သီတာ၏ရင်မှာ အဝိုင်းအဆ မသိအောင် ဖိစီးလာသည်။

"ကြည့်ပါဦး. . ။

ဆံပင်ဖြူတွေ ဖွာလန်ကျဲနှင့် ခါးကိုင်းကိုင်းဒေါ်အိုဇာမှာ ပြည်သီတာတို့ကြားဖူးနေကျ စုန်းမကြီးပုံစံနှင့် တစ်ထပ်တည်းပင်။ အချပ်က ရှည်ရှည်တွင် ခါးကကုန်းကုန်း ဖြစ်နေရုံမက ပိန်လှိုခြောက်ကပ်ပြီး အရိုးခြောက်ဖြစ်နေသော ခန္ဓာကိုယ်နှင့် လက်များက မီးလောင်သစ်ပင်နှင့် သစ်ကိုင်းခြောက်များပမာ။

အဆိုးဆုံးမှာ မျက်နှာဖြစ်၏။

မျက်တွင်းဟောက်ပက်ဖြစ်နေရုံမက မျက်နှာတွင် အဖြူကွက်၊ အနီကွက်၊ အညိုကွက်များဖြင့် မြင်မကောင်းအောင်ဖြစ်နေ၏။ ပါးက ရှုံ့နေပြီး သွားကျဲကျဲမှာမှ ထိုးထွက်နေသော သွားစွယ်တစ်ခုက ဘီလူးရုပ်များမှ အစွယ်နှင့် တူနေသည်။ ညအချိန်များမှာသာ ဒေါ်အိုဇာကို မြင်ရလျှင် သရဲ၊ တစ္ဆေဟုပင် ထင်ရမည်မှာ မလွဲပေ။

ယခုလို နေ့အခါ၌ပင် ဒေါ်အိုဇာ၏ရုပ်က ပြည်သီတာတို့အဖို့ အသည်းတုန်၊ အူတုန် ဖြစ်နေစေတော့၏။

"အမေ. . သူတို့က သမီးရဲ့သူငယ်ချင်းတွေလေ။ မျက်နှာမှာ အနာဖုတွေပေါ်နေလို့ အမေဆေးကုပေးဖို့ ခေါ်လာတာ"

ခင်မှုံက လွယ်အိတ်ကိုချ၊ ပြည်သီတာနှင့် မွန်မွန်ကို ဖျာခင်းပေးကာ ထိုင်စေပြီး သူမ၏မိခင်ကို ပြောသည်။





ဒေါ်အိုဇာက တုန်တုန်ချည့်ချည့် အနားကပ်လာကာ. .

"ပြစမ်းပါဦး. . ။ ဘယ်လိုဖြစ်တာလဲ"

ဟု မေးသည်။

မွန်မွန်က ကြောက်နေ၍ ဘာမှပြန်မဖြေဖြစ်။ ဒေါ်အိုဇာကသာ မွန်မွန့်မျက်နှာကို မျက်မှောင်ကြုတ်ကြည့်နေသည်။ အနီးကပ်နေသဖြင့် ဒေါ်အိုဇာထံမှ ဆိုးရွားသောအနံ့တစ်ခုကို ရသည်ဟု ပြည်သီတာထင်သည်။ မွန်မွန်က တုန်နေသော သူမ၏လက်ဖြင့် ပြည်သီတာ၏လက်အား လာ၍ဆုပ်ထားသည်။ မွန်မွန့်လက်တွေ အေးစက်နေ၏။

"ဘာမှမဟုတ်ပါဘူး။ ကောင်းသွားမှာပါ. . ။ အမေကုပေးလိုက်မယ်"

ဒေါ်အိုဇာက ပြောပြီးနောက် မျက်လုံးမှိတ်ကာ တစ်စုံတစ်ခုကို အာရုံပြုနေသလို လုပ်နေသည်။ ပြီးလျှင် မွန်မွန်၏ပါးနှစ်ဖက်ကို လက်ဝါးပြင်တွန့်တွန့်ရှုံ့ရှုံ့ကြီးဖြင့် အုပ်ကိုင်ကာ နှုတ်မှ တတွတ်တွတ်ရွတ်နေပါတော့သည်။ အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံရွတ်နေသဖြင့် ဘာရွတ်နေသည်ဆိုသည်ကို ပြည်သီတာတို့ မသိ။

"ကဲ. . တစ်ရက်နှစ်ရက်ဆို ကောင်းသွားမှာပါ။ လောလောဆယ် ဆပ်ပြာနဲ့ရေ မထိစေနဲ့ဦး"

ဒေါ်အိုဇာက ပြောသည်။

"ကျေး. . ကျေးဇူးတင်ပါတယ်"

မွန်မွန်က ထစ်ထစ်ငေ့ါငေ့ါပြောလိုက်၏။

"ဟဲ့. . သမီးရေ၊ သမီးသူငယ်ချင်းတွေအတွက် ဘာစားစရာရှိလဲ။ ထန်းလျက်ပေါက်ပေါက်ရှိတယ်မဟုတ်လား။ ချကျွေးလိုက်လေ"

အခန်းထဲဝင်၍အဝတ်လဲနေသော ခင်မှုံကို ဒေါ်အိုဇာက လှမ်းပြောသည်။

"ဟာ. . နေပါစေ. . နေပါစေ. . ။ မစားတော့ပါဘူး။ ကျွန်မတို့



www.burmeseclassic.com

www.burmeseclassic.com



… မြို့ကိုပြန်ရတော့မှာမို့ အချိန်မရတော့လို့ပါ။ ကဲ. . ကျွန်မတို့ ပြန်ပါကြမယ်။ ခင်မှုံရေ. . တို့ပြန်ပြီဟေ့"

မြသီတာနှင့် မွန်မွန်က အချင်းချင်းလက်တို့ကာ ချက်ချင်းပိုင်ရာမှ ထကြသည်။ ဤအိမ်မှာ ကြာကြာလည်း မနေချင်။ ဤအိမ်က ကျွေးသည်ကိုလည်း မစားရဲ၍ပါ။

"နေပါဦးလားဟဲ့. .။ ထန်းလျက်ပေါက်ပေါက်လေး စားသွားပါဦး။ အပြန် ငါလိုက်ပို့မှာပေါ့"

အခန်းထဲမှ ခင်မှုံ့အသံ ထွက်လာသည်။

"မစားတော့ဘူး. .။ လိုက်လည်း မပို့နဲ့။ ငါတို့ ပြန်ပြီ"

ပြောပြောဆိုဆိုပင် မြသီတာနှင့်မွန်မွန် အိမ်ပေါ်မှ ကသုတ်ကယက်ဆင်းချလာခဲ့ကြသည်။

တဲအိမ်ကုပ်ကုပ်ကလေးနှင့် အုပ်ဆိုင်းမှိုင်းမှောင်နေသော ခင်မှုံတို့ခြံနှင့် ဝေးရာရောက်မှ မြသီတာတို့ သက်ပြင်းချနိုင်ကြတော့သည်။

"အခုမှပဲ ငါ့ရင်ထဲ ပေါ့သွားတယ်။ အိမ်ပေါ်မှာတုန်းက တင်းဟင်းကျပ်ကျပ် နစ်နစ်ကြီး ဖြစ်နေတာ"

မြသီတာ၏အပြောကို. .

"ဟုတ်တယ် မြသီတာ။ နင်တော့ မသိဘူး။ ငါတော့ ခင်မှုံ့အမေကိုမြင်တော့ လိပ်ပြာလွင့်သွားမလား မှတ်ရတယ်"

ဟု မွန်မွန်က ထောက်ခံစကားဆိုသည်။ ပြီးမှ. .

"မြသီတာ. ."

မွန်မွန် မြသီတာ၏လက်ကို လှမ်း၍ဆုပ်ပြန်သည်။ ယခုတိုင် မွန်မွန့်လက်တွေ ရေခဲလို အေးစက်နေဆဲ။

"ဟင်. . ဘာလဲ"

"ငါ့အနာတွေ ပြန်ကောင်းသွားမှာပါနော်"

"အေးပါဟ. .။ သူတို့လုပ်ထားတာ သူတို့ပြန်ပြီးယူလိုက်ရင်





ပြီးတာပါပဲ။ ကြည့်ပါလား. .။ အဘွားကြီးက နုတ်ကနေ ရွတ်နေတာ။ အဲဒါ သူပြုစားထားတာ သူပြန်ပြီးနုတ်ယူနေတာ ဖြစ်မှာပေါ့"

"သူတို့ကျွေးတဲ့ ပေါက်ပေါက်များ စားမိရင် ဘာဖြစ်ဦးမလဲ မသိဘူးနော်"

"မစားခဲ့တာ ကောင်းတယ်"

"ညကျရင် အိပ်ပျော်ပါ့မလား မသိဘူး။ အဘွားကြီးကို မျက်စိထဲမှာ မြင်နေပြီး တစ်ညလုံး ငါလန့်နေမှာ သေချာတယ်"

"ငါလည်း နင့်လိုပါပဲဟာ"

"ကဲ. . လာ. . သုတ်သုတ်ပြန်ကြစို့။ မှောင်နေလို့ အိမ်က စိတ်ပူနေမယ်"

ရွာစွန်ရှိ ခင်မှုံတို့၏ခြံဝင်းကြီးနှင့် အိမ်ကလေးက နောက်တွင် ကျန်ခဲ့ပါပြီ။ မကောင်းဆိုးဝါးလက်မှ လွတ်လာသလို မြသီတာနှင့် မွန်မွန့် တို့ စိတ်တွေပေါ့ပါးကာ ခြေလှမ်းတွေသွက်နေကြလေသည်။

ဂ ဂ ဂ

မွန်မွန်ကျောင်းတက်လာသည်ကို တွေ့သည်နှင့် မြသီတာအံ့ဩသွားသည်။ သနပ်ခါးရေကျဲလူးထားသော မွန်မွန့်မျက်နှာက အနာဖုများ မရှိသလောက် ဖြစ်သွားပြီဖြစ်၏။

"ဒီမနက် အနာဖုတွေက အရေခွံတွေ ကွာကျတယ်။ မနက်ဖြန် သန်ဘက်ခါဆို လုံးဝကောင်းသွားတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



မွန်မွန်က ဝမ်းသာအားရ ပြောပြသည်။

မှန်ပါသည်. . ။ နှစ်ရက်သုံးရက်အကြာတွင် အနာဖုများ ကုန်စင်စွာ ပျောက်ကင်းသွားပြီဖြစ်၏။

မွန်မွန်၏မိခင်က. .

"တွေ့လား. . ။ အဲဒါ စုန်းပညာပဲ။ နောင်ဆို ညည်းတို့ သူ့ကို ကြပ်ကြပ်သတိထားပေတော့"

ဟု သတိပေးသည်။

ကျောင်းတွင် ခင်မှုံက. .

"အနာဖုတွေ ပျောက်သွားပြီလား။ ဝမ်းသာပါတယ်"

ဟု ဆိုသည်။

"နင့်ကို ကျေးဇူးတင်ပါတယ်ဟယ်"

ပြောသာ ပြောရ၏။ တိုက်တတည်းက ခင်မှုံကို မြသီတာတို့ မွန်မွန်တို့ မသိမသာ ပို၍ရှောင်ကြဥ်ကြရလေတော့သည်။ မြသီတာတို့ သာမက ရင်းနှီးသော သူငယ်ချင်းများကိုလည်း တိုးတိုးတိတ်တိတ်မှာထားရတော့သည်။

"ခင်မှုံကိုတော့ သွားမထိနဲ့နော်"

ဂဂဂ

# ၂။ ဇာန်ပြန်ရိုက်ချက် အားအားကော် ဘယ်သူဖျက်နိုင်မလဲ

ခင်မှုံကို သွား၍ထိမိသော ဆရာမဒေါ်မိုးမိုးအဖြစ်က တစ်မျိုး။

ဒေါ်မိုးမိုးက ကျောင်းသို့ပြောင်းလာသော ဆရာမအသစ်ဖြစ်သည်။ သချာသင်သည်။ အသက်လေးဆယ်ကျော် အပျိုကြီးဖြစ်သည်။ အရုပ်အမောင်းကောင်း၍ မျက်နှာက တည်သည်။ စာသင်ရာ၌ စိတ်ပါလက်ပါ ထက်ကြွစွာ အမောခံ၍ သင်သည်။ စေတနာကို သူမ၏မျက်နှာနှင့် သူမ၏စာသင်ကြားမှုမှာ အရှင်းသားမြင်ရသည်။

ဆရာမက စာသင်ကောင်းသလို စည်းကမ်းလည်းကြီးသည်။ သူမစာသင်နေလျှင် သေချာစွာနားထောင်မှတ်သားမှ ကြိုက်၏။ သူမ ပေးလိုက်သောအိမ်စာများ ဂရုတစိုက်လုပ်ခဲ့ပါမှ ကြိုက်၏။ စာသင်ရာ၌ နားမထောင်လျှင်၊ အိမ်စာမလုပ်ခဲ့လျှင်တော့ ဆရာမက အပြစ်ပေးသည်။

ကြိမ်လုံးနှင့် ရိုက်ခြင်းပါပဲ။

ဆရာမဒေါ်မိုးမိုး၏လက်ထဲတွင် ကြိမ်လုံးတစ်လုံးကို ထာဝစဉ် တွေ့နိုင်သောကြောင့် ကျောင်းသူကျောင်းသားများက ဆရာမမသိအော င်မှည့်အမျိုးမျိုးပေးကြသည်။ 'ကြိမ်လုံးဆရာမ'. . တဲ့။ 'ဆရာ[illegible]ဥ္ဇာ



www.burmeseclassic.com

www.burmeseclassic.com



ဝကာ'. . တဲ့။

အားလုံးက ချစ်ကြောက်ရိုသေရသော ဆရာမဖြစ်သော ဒေါ်မိုးမိုးတစ်ယောက် ခင်မှုံ့အကြောင်းကို မသိခဲ့သည်မှာ သနားဖွယ်ဖြစ်တော့၏။

တစ်နေ့. .

ဆရာမဒေါ်မိုးမိုး သင်္ချာချိန်. . ။

"ကဲ. . မနေ့ကပေးလိုက်တဲ့ သင်္ချာတွေ တွက်ခဲ့ကြလား"

"တွက်ခဲ့ပါတယ် ဆရာမ"

"စာအုပ်တွေ လာထပ်ကြ။ ဆရာမ စစ်ပေးမယ်"

ကျောင်းသူကျောင်းသားများအားလုံး ဆရာမစားပွဲပေါ်သို့ သင်္ချာစာအုပ်များ အသီးသီးသွား၍ထပ်ကြသည်။ သို့သော် တစ်ယောက်ကျန်နေ၏။ ထိုသူမှာ ခင်မှုံဖြစ်လေသည်။

စင်စစ် ခင်မှုံသည် စာသိပ်မတော်လှသော်လည်း စာကိုကြိုးစားသူတစ်ယောက်ဖြစ်၏။ ကျောင်းတက်လည်း မှန်သည်။ ဆရာ၊ ဆရာမများ စကားကိုလည်း နားထောင်သည်။ အိမ်စာများကိုလည်း မှန်မှန်လုပ်တတ်သူဖြစ်သည်။

ထိုနေ့ကမူ ခင်မှုံ သင်္ချာများ တွက်မလာခဲ့။

ဒါကို ဆရာမဒေါ်မိုးမိုး သိရှိသွားသည်။

"ခင်မှုံ. . မင်း ဘာဖြစ်လို့ သင်္ချာတွက်မလာတာလဲ"

ဆရာမဒေါ်မိုးမိုးက ခင်မှုံကို မတ်တတ်ရပ်ခိုင်းပြီး မေးသည်။ ဆရာမ၏မျက်နှာမှာ တင်းမာနေသည်။

ဆရာမက ခင်မှုံကို ရိုက်တော့မည်ကို သိနေသော အတန်းသားအားလုံး၊ အထူးသဖြင့် မြသီတာတို့၊ မွန်မွန်တို့ စိုးရိမ်သွားသည်။ ခင်မှုံကိုရိုက်လျှင် ဆရာမတစ်ခုခုဖြစ်တော့မည်။

ခက်သည်က ဆရာမဒေါ်မိုးမိုးက ခင်မှုံ့အကြောင်းကို မသိ





သလို ကျောင်းသားများကလည်း ဆရာမကို မည်သို့ပြောရမည်မသိ။ ပြောလည်း မပြောရဲ။

"အမေ နေမကောင်းတာနဲ့ သမီးမေ့သွားလို့ပါ"

ခင်မှုံက ခေါင်းငုံ့လျက် ဖြေသည်။

"ဆရာမက အဲဒီလို စာကိုမလေးစားတာ မကြိုက်ဘူးဆိုတာကို သိတယ်မဟုတ်လား။ လာခဲ့. ."

ဆရာမဒေါ်မိုးမိုးအုံမိန့်သံ ထွက်လာသည်။ ခင်မှုံက နေရာမှထွက်လာကာ ဆရာမရှေ့တွင် လက်ပိုက်၍ ခပ်ယို့ယို့ခေါင်းငုံ့ရပ်လိုက်သည်။

"လက်ဖြန့်. ."

မြသီတာတို့ ရင်တွေမောကာ တထိတ်ထိတ်ဖြစ်သွားသည်။

ခင်မှုံက လက်ဖြန့်ပေးသည်။ ဆရာမဒေါ်မိုးမိုး၏ကြိမ်ချက်က ခင်မှုံ၏လက်ဝါးပေါ် ဆက်တိုက်ကျသွား၏။

"ဖြန်း. . ဖြန်း. . ဖြန်း. ."

ခင်မှုံ့လက်ဝါးပြင်ပေါ်သို့ ဆရာမဒေါ်မိုးမိုး၏ ကြိမ်ရိုက်ချက်ကျသံများနှင့်အတူ မြသီတာတို့၊ မွန်မွန်တို့မျက်နှာမှာ သွေးမရှိသလိုဖြစ်သွားသည်။ တစ်တန်းလုံးလည်း အပ်ကျသံကြားရလောက်အောင် ငြိမ်သက်သွား၏။

သွားပြီ. . ။ ဒုက္ခတော့ ရောက်တော့မည်။

"ကဲ. . သွား. . ။ မနက်ဖြန်ကျရင် အခုမတွက်ခဲ့တဲ့ သင်္ချာပုစ္ဆာတွေရော၊ ဒီနေ့ထပ်ပေးမှာတွေကိုပါ ပြီးအောင်တွက်ခဲ့။ ကြားလား"

"ဟုတ်ကဲ့. ."

"မတွက်လာရင် ဒီနေ့ထက် နာမယ်မှတ်"

ခင်မှုံ သူမနေရာသို့ ပြန်သွားကာ အသာအယာပြန်ထိုင်သည်။ မျက်ရည်ဝဲဝဲနှင့် စာအုပ်ကိုဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမက သင်ခန်းစာအသစ်ကို စတင်ပြီးရှင်းပြသဖြင့် အတန်းသားအားလုံး၏အာရုံက စာသင်ခြင်းဆီ ရောက်သွားကြသည်။ သို့သော် အားလုံး၏နှလုံးသား၌ ဆရာမဒေါ်မိုးမိုးထံ ရောက်ရှိလာမည့် တန်ပြန်ရိုက်ချက်ကို တွေးမိကာ လေးလံကြောင့်ကြမှုတွေ တရိပ်ရိပ်တိုး လျက်ရှိသည်။

ည ည ည

ဆရာများနားနေခန်းသို့ ပြန်ရောက်ချိန်၌ ဆရာမဒေါ်မိုးမိုး ခင်မှုံကိုရိုက်သည့်အကြောင်း ကြားလိုက်သော မြို့ခံဆရာမ ဒေါ်သိန်းသိန်းဆင့် ပျာယီပျာယာ အနားသို့ရောက်လာသည်။ မျက်နှာအပျက် ပျက်နှင့်..။

"မိုး..ဟိုအတန်းက ခင်မှုံကို ရိုက်လိုက်တယ်ဆို"

မျက်လုံးဝိုင်းကြီးနှင့် မေးသည်။

"ဟုတ်တယ်လေ အစ်မရဲ့။ အိမ်စာတွက်မလာလို့"

"ဟယ်..ဒုက္ခပါပဲ"

"ဘာဖြစ်လို့လဲ အစ်မ"

ဒေါ်သိန်းသိန်းဆင့် ရင်ကိုဖိ၍ မျက်နှာပျက်သွားသည်ကို ဒေါ်မိုးမိုးက နားမလည်စွာကြည့်ရင်း ပြန်မေးသည်။

ပြောသင့်၊ မပြောသင့် ခဏမျှစဉ်းစားပြီးမှ ဒေါ်သိန်းသိန်းဆင့်က အနားတွင်ကပ်ထိုင်ချလိုက်ကာ..





"မိုးကို အစ်မက ကြိုမပြောထားခဲ့မိတာ မှားတာပဲ။ မိုး အဲဒီ ကောင်မလေးအကြောင်း မသိဘူးနော်"

ဟု စတင်ပြောသည်။

"ခင်မှုံက ဘာဖြစ်လို့လဲ"

"ဒီလို မိုးရဲ့..။ အများကတော့ ခင်မှုံ့အကြောင်း သိနေလို့ ခင်မှုံကို သတိထားဆက်ဆံကြတယ်။ ဆရာ၊ ဆရာမတွေကလည်း ခင်မှုံ့ကို မရိုက်ရဲ၊ မဆူရဲဘူး။ ကလေးတွေအချင်းချင်းကလည်း ကြောက် ကြတယ်"

ဆရာမဒေါ်မိုးမိုး ခေါင်းတွေပိုရှုပ်သွားသည်။

"အစ်မပြောတာ ကျွန်မနားမလည်ဘူး"

ဒေါ်သိန်းသိန်းဆင့်က ဘေးဘယ်ညာကို မျက်စိကစားပြီးမှ..

"ခင်မှုံ့အမေက စုန်းမတဲ့။ ခင်မှုံကလည်း တတ်တယ်တဲ့"

ဟု ပြောသည်။

"ရှင်.."

ဒေါ်မိုးမိုး မျက်လုံးတွေပြူးသွားသည်။

"ခင်မှုံနဲ့ ရန်ဖြစ်ဖူးတဲ့ ကလေးတွေ တစ်ခုခုဖြစ်တတ်တယ်။ ခင်မှုံကို ရိုက်တဲ့ ဆရာ၊ ဆရာမတွေ တစ်ခုခုဖြစ်တတ်တယ်"

"ဟုတ်ရဲ့လား အစ်မရယ်..။ ဒီခေတ်ကြီးမှာ စုန်းဆိုတာ.."

"မယုံမရှိနဲ့။ အားလုံးသိတယ်။ ခင်မှုံတို့က စစ်ပင်ကုန်းရွာမှာနေ တာ။ ရွာစွန်မှာ နေကြရတယ်။ ရွာထဲက သူတို့ကို ဘယ်သူမှ အဖက် မလုပ်၊ အခေါ်အပြော မလုပ်ကြဘူး။ မတတ်သာလို့ ဆက်ဆံရရင်လည်း ကြောက်ကြောက်နဲ့ပဲ ပြောဆိုဆက်ဆံရတယ်။ သူတို့ စိတ်ငြိုငြင်သွားလို့ တော့ မလွယ်ဘူး"

ဒေါ်မိုးမိုးမျက်နှာက သိပ်ပြီးယုံကြည်လက်ခံလိုပုံ မရ။

"ခင်မှုံ့အမေ ဒေါ်အိုဇာကို တွေ့ဖူးတဲ့လူတွေကတော့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြောက်စရာရုပ်ကြီးလို့ ပြောကြတယ်။ လပြည့်တွေဘာတွေဆိုရင် သူတို့ခြံထဲကနေ မီးလုံးတွေ ကောင်းကင်ပေါ်တက်လာတာ ရွာသားတွေက တွေ့ဖူးတယ်။ စုန်းကစားတယ်ခေါ်တာပေါ့ မိုးရယ်''

ဒေါ်မိုးမိုး နည်းနည်းဖြုံ့စပြုလာသည်။

''ရွာထဲမှာ ကျွဲပျောက်နွားပျောက်ရှိရင် ဒေါ်အိုဇာဆီကိုသွားပြီး မေးကြရတယ်။ ပူဇော်ကန့်တော့ငွေနဲ့ပေါ့။ အဲဒါဆိုရင် ဒေါ်အိုဇာက ဘယ်မှာရှိတယ်၊ သွားရှာလို့ ပြောလိုက်တာပဲ။ ဒေါ်အိုဇာပြောတဲ့နေရာမှာ သွားရှာရင် ပျောက်နေတဲ့ ကျွဲတွေ၊ နွားတွေကို တန်းပြီးပြန်တွေ့တာပဲတဲ့''

''အဲဒါက ဗေဒင်ဟောတာမျိုး မဖြစ်နိုင်ဘူးလား''

''ဟဲ့. . မိုးမိုးရဲ့။ အဲဒါက စုန်းပညာဟဲ့။ သူ့ဖာသာ ကျွဲနွား ပျောက်အောင်၊ မျက်စိမှောက်အောင် လုပ်ထားပြီး သူ့ဖာသာ ပြန်ဟောတာ။ လူတွေဆီက လာဘ်လာဘလိုချင်လို့ လုပ်တာပေါ့ မိုးရယ်''

''အစ်မဟာက ပုံပြင်တွေလိုပဲ''

ဒေါ်သိန်းသိန်းဆင့်က ပြောရခက်လိုက်တာဟူသောအကြည့်ဖြင့် ဆရာမဒေါ်မိုးမိုးကို ကြည့်သည်။

''တစ်ခါတုန်းက ဒီကျောင်းက ကျောင်းသားတွေပဲ ခင်မှုံတို့ စပ်ပင်ကုန်းဘက်ကိုသွားရင်း ခင်မှုံတို့ခြံထဲက မာလကာသီးတွေကို ဝင်ခိုးခြားကြတယ်။ ကလေးတွေဝင်ခိုးမှန်းသိတော့ ဒေါ်အိုဇာက ထွက်အော်တယ်။ လိုက်တယ်. .။ ကလေးတွေလည်း မာလကာသီးတွေယူပြီး ထွက်ပြေးခဲ့တာပေါ့။ အဲဒါ မာလကာသီးစားတဲ့ကောင်တွေအားလုံး နောက်နေ့မှာ ချောင်းဆိုးကုန်ကြတာပဲ။ နောက်မှ ခင်မှုံက သူ့အမေ့ကနေ ဆေးယူလာပြီး တိုက်မှ ပျောက်သွားတယ်''

''အစ်မကလည်း. .။ မာလကာသီးက မပွသေးဘဲ နုနုလေး တွေမို့ ချောင်းဆိုးတာ နေမှာပါ''

ဆရာမဒေါ်မိုးမိုးက တွေးတွေးဆဆ ပြန်ပြောသည်။





''မိုးရယ်. . အစ်မပြောတာကို ယုံစမ်းပါ။ မယုံရင် ကလေးတွေကိုလည်း မေးကြည့်။ မွန်မွန်ဆိုတဲ့ ကောင်မလေးဆိုရင် ခင်မှုံနဲ့စကားများပြီး အနူလို့ပြောမိတာ နောက်နေ့မှာ ပါးစပ်ကစပြီး အနာဖုတွေ ပေါက်တာတဲ့။ မျက်နှာတစ်ခုလုံး ရုပ်ပျက်ဆင်းပျက် ဖြစ်လာတာတဲ့။ နောက်မှ ခင်မှုံ့ကို သွားတောင်းပန်တော့ သူ့အမေကြီးက ပြန်လုပ်ပေးလိုက်တော့မှ ကောင်းသွားတာတဲ့''

''မွန်မွန်ဆိုတာ ခင်မှုံတို့အတန်းထဲကလား''

''ဟုတ်တယ်. .။ သူ့ကို မေးကြည့်ပါလား။ မိုး သေသေချာချာ သိရအောင်''

''အစ်မပြောသလိုဆိုရင်တော့ ကြောက်စရာပဲ။ မိုးတောင် မယုံချင်ပေမယ့် လန့်လာပြီ''

''အစ်မလည်း မိုးအတွက် စိုးရိမ်လို့ ပြောတာပါ။ ဘုရား၊ သိကြားမ,လို့ ဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ''

ဆရာမဒေါ်မိုးမိုး မျက်နှာငယ်ငယ်နှင့် တွေတွေလေးဖြစ်သွားသည်။

၁၁၁

ဆရာမဒေါ်သိန်းသိန်းဆင့်က 'ဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ' ဟု ပြောခဲ့သလို ဆရာမဒေါ်မိုးမိုးကလည်း ဆုတောင်းခဲ့ပါသည်။

ဆုတောင်းကား မပြည့်ခဲ့. .။



www.burmeseclassic.com

www.burmeseclassic.com



ထိုညမှာပင် ဆရာမဒေါ်မိုးမိုး၏ ကြိမ်ကိုင်ညာလက်သည် တဖြည်းဖြည်းနာလာရာမှ ကိုက်ခဲလာသဖြင့် လိမ်းဆေးများလိမ်းသော်လည်း သက်သာရုံမျှသာရှိခဲ့ပြီး ပျောက်မသွား။ နောက်တစ်နေ့မှာ ပို၍ကိုက်လာသည်။ ထိုလက်က ကြိမ်ကိုလည်း မကိုင်နိုင်တော့။ ဆွဲခြင်းလည်း မဆွဲနိုင်တော့။ တစ်ညလုံး ကောင်းကောင်းမအိပ်ရသဖြင့် ကျောင်းလည်းမတက်နိုင်တော့။

ဒေါ်မိုးမိုး လက်ကိုက်၍ ကျောင်းမတက်နိုင်ဟူသောသတင်းက ကျောင်းတွင် ပျံ့သွားသည်။

ဆရာမဒေါ်သိန်းသိန်းဆင့်က. .

''ငါပြောသလို ဖြစ်ကုန်ပြီ''

ဟု ညည်းသလို မြသီတာနှင့် မွန်မွန်မှာလည်း. .

''တွေ့လား. .။ ငါတို့ထင်တဲ့အတိုင်းပဲ''

''ဆရာမကလည်းဟာ. .။ ခင်မှုံ့ကိုမှ သွားရိုက်မိတယ်။ ဘယ်လိုလုပ်ရပါ့မလဲ''

''ညနေ ကျောင်းဆင်းရင် ဆရာမအိမ်ကို သတင်းသွားမေးရအောင်''

''အင်း. . သွားကြမယ်လေ''

''ခင်မှုံ့ တော်တော်မိုက်ရိုင်းတယ်ဟာ။ ငါတို့ကို လုပ်တယ်ဆိုတာ ထားပါတော့။ ဆရာမကို ဘာလို့လုပ်ရတာလဲ။ ဆရာမက စေတနာနဲ့ ရိုက်တဲ့ဟာကို''

''ဟဲ့. . စုန်းမပါ ဆိုမှဟာ။ ဘာအသိအလိမ္မာရှိမှာလဲ။ အတန်းထဲမှာ အရိုက်ခံရတာကို သူ့ကိုအရှက်ခွဲတယ်ဆိုပြီး လုပ်တာနေမှာပေါ့''

''တိုးတိုးပြောပါဟဲ့။ ကြားသွားဦးမယ်။ တော်ကြာ ငါတို့ပါ. .''

အခြားကျောင်းသူကျောင်းသားများလည်း ထိုအကြောင်းတွေ တိုးတိုးကျိတ်ကျိတ်နှင့်. .။





ခင်မှုံ့က ပုံမှန်အတိုင်း။ ပုံမှန်မျက်နှာ၊ ပုံမှန်အမူအရာတွေနှင့်. .။

''ဆရာအာခံ အာခေါင်လှုံ့စူးမယ့်မိန်းမ''

မွန်မွန်က မခံမရပ်နိုင်ဖြစ်နေ၏။

ညနေကျောင်းဆင်းသောအခါ ဆရာမဒေါ်သိန်းသိန်းဆင့်ရော၊ မြသီတာတို့၊ မွန်မွန်တို့ရော ဆရာမဒေါ်မိုးမိုးအိမ်သို့ ရောက်သွားသည်။ အခြားကျောင်းသားအချို့လည်း ရောက်နေ၏။

''နေ့လယ်ကတော့ ဆေးခန်းသွားပြီး ဆေးထိုးတယ်။ ဆရာဝန်ပေးတဲ့ သောက်ဆေးတွေလည်း သောက်တယ်''

ဆရာမဒေါ်မိုးမိုးက ပြောပြသည်။

''သက်သာလား''

ဆရာမဒေါ်သိန်းသိန်းဆင့်အမေး. .။

''မသက်သာပါဘူး အစ်မရယ်''

''မြန်မာဆရာတစ်ယောက်နဲ့ ပြကြည့်ပါလား။ ပယောဂကုတဲ့ ဆရာနဲ့ဆို ပိုကောင်းတယ်''

ဒေါ်သိန်းသိန်းဆင့်က အကြံပေးသည်။

''အစ်မက ခင်မှုံ့ကြောင့်လို့ပဲ ထင်လို့လား''

ဒေါ်မိုးမိုးက မေးခွန်းထုတ်၏။

''အေးလေ. .။ သူတို့လက်ချက်မဟုတ်လို့ ဘာဖြစ်ရမှာလဲ။ မိုးက ဒီလိုပဲ တခြားကျောင်းသားတွေရိုက်တုန်းက ဘာဖြစ်ခဲ့လို့လဲ။ ခင်မှုံ့ကိုရိုက်တော့မှ ဒီလိုဖြစ်ရတာ။ ရှင်းနေတာပဲ''

''ဟုတ်တယ် ဆရာမ. .။ သမီးတို့က မနေ့ကတည်းက စိတ်ပူနေတာ''

မြသီတာက ဝင်ပြောသည်။

''ဥပါဒါန်ကြောင့် ဥပဒ်ရောက်. .။ စိတ်ကစွဲနေတာ ဖြစ်မှာပါ။ တိုက်ဆိုင်တာလည်း ဖြစ်ချင်ဖြစ်မှာပါ။ ဆရာဝန်က လက်မောင်းအကြော



www.burmeseclassic.com

www.burmeseclassic.com



ညပ်သွားပုံရတယ်လို့ ပြောပါတယ်။ အကြောညင်ဟာ ချက်ချင်းတော့ မပျောက်နိုင်ဘူး။ ကြာတတ်တယ်လို့လည်း ပြောပါတယ်"

ဆရာမဒေါ်မိုးမိုးက ပြေရှင်းသည်။

"ခင်မှုံ့ကြောင့် သေချာပါတယ် ဆရာမ၊ သမီးတုန်းကလည်း သူ့နဲ့ရန်ဖြစ်ပြီး နောက်တစ်နေ့ အနာစုတွေ ထွက်လာတာပဲ၊ ခင်မှုံ့ကို တောင်းပန်ပြီး သူ့အမေပြန်ကုပေးလိုက်တော့ ချက်ချင်းပြန်ပျောက်သွားတယ်"

မွန်မွန်က ဝင်ပြောသည်။

"မိုးမိုးလက်မခံချင်လည်း လက်ခံရမှာပဲ၊ ဒါ. . သေချာတယ်။ ဒီလိုလုပ်ပါလား။ ခင်မှုံ့အမေကို သွားတွေ့ပြီး ဆေးကုခိုင်းရင် မကောင်းဘူးလား"

ဒေါ်သိန်းသိန်းဆင့်က ထပ်မံအကြံပြုပြန်သည်၊

"ဆရာဝန်နဲ့ ကုနေတာပဲ အစ်မရယ်"

"ဟဲ့. . မိုးမိုးရဲ့၊ ပယောဂဆိုတာ ဆရာဝန်ကုလို့ မပျောက်ဘူး။ သူ့ကိုနိုင်တဲ့ ဆရာနဲ့ကုမှ ရတာ။ ဒါမှမဟုတ် သူကိုယ်တိုင်က လုပ်ထားတာကို ပြန်နုတ်ယူမှ ရတာ"

"ဟုတ်ပါတယ် ဆရာမရယ်။ ခင်မှုံ့အမေကို သွားပြပြီး ကုလိုက်ပါ။ သမီးတို့ ခင်မှုံ့အိမ်ကို သိပါတယ်။ လိုက်ပို့ပေးမယ်"

မွန်မွန်က ဝင်၍ထောက်ခံ တိုက်တွန်းသည်။

"တစ်ရက်နှစ်ရက် ကြည့်လိုက်ဦးမယ်လေ၊ ဆရာဝန်နဲ့ ဆက်ကုတာ မပျောက်ဘူးဆိုရင်တော့ သွားတာပေါ့"

ဒေါ်မိုးမိုး၏ ဆုံးဖြတ်ချက်. . ။

'ဆရာဝန်ကုလို့ ပျောက်မှာမဟုတ်ဘူး' ဟူသော အတွေးဖြင့် ဆရာမဒေါ်သိန်းသိန်းဆင့်ရော၊ မြသီတာနှင့် မွန်မွန်ပါ သက်ပြင်းချလိုက်ကြရသည်။

ဿဿဿ



ထင်သည့်အတိုင်းပါပဲ. . ။

ဆရာဝန်နှင့် သုံးရက်ဆက်ပြသည်။ ဆေးထိုးသည်။ ဆေးသောက်သည်၊ သက်သာသယောင်နှင့် မပျောက်။ ကင်းကင်းရှင်းရှင်း မပျောက်. . ။

မပျောက်ရုံမက ဒေါ်မိုးမိုး၏ ညာလက်က ကောင်းကောင်းပင် မြောက်၍မရ၊ ကိုက်ခဲရုံသက်သက်မျှမဟုတ်ဘဲ လက်ပြန်ကုတ်ခြင်း၊ တစ်ခုခုကိုကိုင်စွဲခြင်း၊ စာရေးခြင်း လုပ်၍မရ။

နောက်ဆုံးတော့ ဒေါ်သိန်းသိန်းဆင့်တို့၊ မြသီတာတို့ အကြံပေးချက်အတိုင်း ဒေါ်မိုးမိုးတစ်ယောက် ဒေါ်အိုဇာရှေ့မှောက် ရောက်သွားရပါတော့သည်။

ဒေါ်မိုးမိုးက စားစရာများ ယူသွားသည်။ ဒေါ်အိုဇာကို 'အမေ' ဟုခေါ်ကာ 'လက်က အနာကို ကုပေးပါ' ဟုလည်း တောင်းပန်သည်။ ဆရာမဒေါ်သိန်းသိန်းဆင့်ကလည်း ဝင်၍တောင်းပန်သည်။

မြသီတာနှင့် မွန်မွန်ကတော့ ဒေါ်အိုဇာကို မတွေ့ရဲသဖြင့် အိမ်ကိုသာ ညွှန်ပြပြီး တခြားနေရာမှာ သွားရှောင်နေကြ၏။

ခင်မှုံက ကျောင်းတက်နေသည်မို့ အိမ်မှာမရှိ။

ဒေါ်အိုဇာက ဆရာမဒေါ်မိုးမိုးလက်ကို သေချာစွာကြည့်ရှုသည်။

"သမီးက တစ်နေ့ကပဲ ပြောတယ်၊ သမီးရဲ့ဆရာမ လက်ကိုက်နေလို့ ကျောင်းမတက်နိုင်ဘူးတဲ့။ အမေ ဆေးစပ်ပေးပါတဲ့။ အဲဒါနဲ့ ကျွန်မက လိမ်းဆေးတောင် ဖော်ပြီးနေပါပြီ။ မနက်ဖြန်ကျရင် သမီးနဲ့ ပေးလိုက်မလို့ပါပဲ"

ဒေါ်အိုဇာက အသံတုန်တုန်ဖြင့် ပြောသည်။

"အခုပဲကုပေးပါ အမေရယ်"

"ဟုတ်ကဲ့ပါ. . ။ အခုပဲ ကုပေးမှာပါ"

ဒေါ်အိုဇာက အခန်းတွင်းဝင်သွားကာ ပုလင်းသေးတစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



ယူ၍လာသည်။ ထို့နောက် ဆရာမဒေါ်မိုးမိုး၏ လက်မောင်းရင်းမှနေ၍ လက်တစ်ချောင်းလုံးကို ဆေးရည်ပျစ်ပျစ်များဖြင့်လိမ်းကာ ဆုပ်နယ်ပေးသည်။ နှိပ်နေသည့်သဘောလည်း ဖြစ်၏။

ဒေါ်အိုဇာနှိပ်လိုက်တိုင်း ဒေါ်မိုးမိုး၏လက်တစ်လျှောက် ဖျင်းခနဲဖျင်းခနဲ၊ ရှိန်းခနဲရှိန်းခနဲ ဖြစ်၍သွားသည်ဟု ဒေါ်မိုးမိုးသိရှိနေသည်။

ဆေးလိမ်းရင်းကပင် ဒေါ်အိုဇာက နှုတ်မှ တစ်စုံတစ်ခုကို ရွတ်နေ၏။ ဒေါ်သိန်းသိန်းဆင့်ကမူ ဘေးမှနေ၍ မျက်တောင်မခတ်ကြည့်နေ၏။

ဆယ့်ငါးမိနစ်ခန့် ကြာသွားသည်။

ဒေါ်အိုဇာက ဆေးလိမ်းခြင်းကိုရော၊ နှိပ်ခြင်းကိုရော၊ နှုတ်မှရွတ်ဆိုခြင်းကိုရော ရပ်လိုက်သည်။

"ကောင်းသွားမှာပါ. .။ ဒီဆေးကို ဆရာမယူသွားပါ။ တစ်နေ့ကို သုံးကြိမ်လောက် လိမ်းပေးပါ။ ဆရာမကတော့ ကျွန်မလို မနှိပ်ပါနဲ့ အကြောညပ်တာမို့ မနှိပ်တတ်ရင် ပိုဆိုးမှာစိုးလို့ပါ"

ဒေါ်အိုဇာက ပြောရင်း ဆေးပုလင်းကို အဖုံးပြန်ပိတ်ကာ ဒေါ်မိုးမိုးကို ပေးသည်။

"ကျေးဇူးတင်ပါတယ် အမေရယ်။ အမေ့ကျေးဇူးကို မမေ့ပါဘူး"

ဒေါ်မိုးမိုးက လှိုက်လှိုက်လှဲလှဲပြော၏။ ဒေါ်သိန်းသိန်းဆင့်ကမူ ဒေါ်အိုဇာကို မုန်းတီးစိတ်ဖြင့်ကြည့်မိသော်လည်း ဒေါ်မိုးမိုးလိုပင် အလိုက်သင့်ပြုံး၍ ကျေးဇူးတင်ကြောင်း ဝင်ပြောသည်။

"ကျေးဇူးတင်ဖို့ မလိုပါဘူး ဆရာမရယ်။ ဆရာမက သမီးရဲ့ ဆရာမ. .။ အနန္တောအနန္တဂိုဏ်းဝင်ပါ။ ခုလို ပြုစုခွင့်ရတာကိုပဲ ကျွန်မက ဝမ်းသာလှပါပြီ။ သမီးအတွက် ကျေးဇူးဆပ်ရတယ်လို့ပဲ သဘောထားပါတယ်"





အသံက တုန့်၍ ချည့်နဲ့သော်လည်း ဒေါ်အိုဇာ၏အပြောမှာမူ ပြေပြစ်လှ၏။ အပြောတတ်သည်ဟုလည်း ဒေါ်သိန်းသိန်းဆင့်က စိတ်ထဲမှ မှတ်ချက်ချမိ၏။ 'ပညာသည်ဆိုတာက အမျိုးမျိုးတတ်တာပဲ' ဟုလည်း တွေးသည်။

"ကဲ. . ကျွန်မတို့ကိုခွင့်ပြုပါဦး အမေ။ ပြန်ပါဦးမယ်"

ဒေါ်မိုးမိုးက ခွင့်တောင်းသည်။

"ဆရာမ. . ခဏ. ."

ဒေါ်အိုဇာက လက်ကာ၍တားကာ အိမ်ထဲပြန်ဝင်သွားပြန်သည်။ မီးဖိုချောင်ဘက် ဝင်သွားခြင်းဖြစ်ပြီး ပြန်ထွက်လာသောအခါ ဒန့်သလွန်သီးတွေ ပါလာသည်။

"သမီးရဲ့ ဆရာမတွေကို သမီးလေးခင်မှုံက ကန်တော့တဲ့အနေနဲ့ ပေးလိုက်ပါရစေ။ သမီးလေးခင်မှုံကိုလည်း မလိမ္မာတာရှိရင် ဆုံးမပေးပါ"

ဒန့်သလွန်သီးကြီးတွေက ကောင်းလှသည်။ ဒန့်သလွန်သီးကို နှီးကြိုးဖြင့် နှစ်စီးစည်းကာ ဆရာမဒေါ်မိုးမိုးနှင့် ဆရာမဒေါ်သိန်းသိန်းဆင့်ကို ပေးသည်။ တစ်စည်းမှာ ဆယ်တောင့်ခန့်ပါသည်။

မယူလိုလှသော်လည်း ငြင်းပြန်လျှင် စိတ်ငြိုငြင်မှာစိုး၍ ဒေါ်သိန်းသိန်းဆင့်နှင့် ဒေါ်မိုးမိုး လက်ခံယူလိုက်ရ၏။ မစားဖြစ်မှာတော့ သေချာသည်။ လမ်းတစ်နေရာရာမှာ လွှင့်ပစ်ခဲ့ဖို့ ဒေါ်သိန်းသိန်းဆင့်တွေးပြီးဖြစ်၏။

ကျေးဇူးတင်ကြောင်းပြောကာ ဆရာမနှစ်ဦး ဒေါ်အိုဇာ၏အိမ်မှ ပြန်ခဲ့ကြသည်။

"မနက်ဖြန် အခြေအနေကြည့်ရမှာပဲ"

ဒေါ်သိန်းသိန်းဆင့်က တိုးတိုးကပ်ပြောသည်။

ဢ ဢ ဢ

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကြည့်စရာ မလို။ ထိုညမှာပင် ဒေါ်မိုးမိုး အကိုက်သက်သာကာ ကောင်းစွာအိပ်စက်နိုင်သည်။ နောက်တစ်နေ့ ဆေးဆက်တိုက်လိမ်းလိုက်သောအခါ အကိုက်လည်းပျောက်၊ လက်လည်း ပြောက်၍ရလာသည်။ ထို့နောက်နေ့တွင်ကား လက်က ယခင်လို ပုံမှန်ပြန်၍ အလုပ်လုပ်နိုင်နေလေပြီ။

"ကဲ. . အစ်မ မပြောလား မိုးမိုး။ မိုးမိုး ဘာပြောချင်သေးလဲ"

ဆရာမဒေါ်မိုးမိုး လက်ခံလိုက်ရပြီ။

"ဒီလို ပညာသည်တွေရဲ့ ပြုစားချက်က သူတို့အာဏာစက်ကို သူတို့ပယ်ဖျက်ရင် ခဏကလေးပဲ မိုးမိုးရဲ့။ တွေ့လား. . ။ မိုးမိုးရဲ့အဖြစ်ကိုပဲ ကြည့်. ."

ဆရာမဒေါ်သိန်းသိန်းဆင့်ကတော့ သူ့အပယူအဆကို အလံထောင်လိုက်လေပြီ။

"အင်း. . ဘယ်သူများ နောက်ထပ် ခင်မှုံ့လက်ချက်နဲ့ မိဦးမလဲ မသိဘူး"

ဂ ဂ ဂ

## ၃။ ပိုက်ထဲကအလုံး။ ဆံပင်ခြည်တွေနှင့် ဓာတ်လမ်း

ခင်မှုံ့လက်ချက်နှင့် မိပြန်သူက မြမြဖြစ်သည်။

ပထမအစမ်းစာမေးပွဲအပြီးတွင် ထုံးစံအတိုင်း အတန်းများမှ ကျောင်းသူကျောင်းသားအချို့ကို အတန်းအရွှေ့အပြောင်းလုပ်သည်။ အေ၊ ဘီ၊ စီ၊ ဒီ အစဉ်အလိုက် အတော်၊ အလတ်၊ အညံ့များကို ပြန်လည်ခွဲခြားခြင်းဖြစ်၏။

နောက်တန်းက အမှတ်ကောင်းဖြင့်အောင်သူများ ရှေ့တန်းတက်၊ ရှေ့တန်းက ဆိုးဆိုးဝါးဝါးကျရှုံးသူများ နောက်တန်းဆင်း. . ။ စသည်ဖြင့် ကျောင်းသူကျောင်းသားများ ပြိုင်ဆိုင်လိုစိတ်၊ စာပိုမိုကြိုးစားလိုစိတ်ဖြစ်ရန် ပြောင်းရွှေ့ခြင်းဖြစ်သည်။

သည်မှာ ခင်မှုံ့တို့အတန်းကို မြမြရောက်လာခြင်းဖြစ်သည်။

မူလက ခင်မှုံ့ဘေးတွင် မည်သည့်မိန်းကလေးမျှ မထိုင်ကြ၍ ခင်မှုံ့ခုံတန်းရှည်မှာ ခင်မှုံ့တစ်ယောက်တည်း။

မြမြရောက်လာတော့ တခြားနေရာချစရာကလည်း မ[illegible]င်သဖြင့် အတန်းပိုင်ဆရာမက မြမြကို ခင်မှုံ့ဘေးမှာ နေရာချ[illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုံကတော့ အဖော်ရသွားသဖြင့် ပျော်သွားသည်။

သို့သော် တစ်ခန်းလုံးက မြမြအတွက် စိတ်ပူသည်။ ခင်မှုံက စိတ်ကောင်းဝင်နေလျှင် ပြဿနာမရှိ။ ခင်မှုံ တစ်ခုခုစိတ်ပြိုငြင်လျှင် မြမြဒုက္ခရောက်မှာကို စိုးကြသည်။

ခက်သည်က မြမြကလည်း ခင်မှုံ့ကို ခင်ခင်မင်မင် ရင်းရင်း နှီးနှီးဆက်ဆံနေတော့ ဘေးလူများက ခင်မှုံ့အကြောင်း မြမြကို သတိ မပေးရဲကြ။ စေတနာနှင့် သတိပေးသည်ကို မြမြကများ ခင်မှုံ့ကိုပြန် ပြောပြလိုက်လျှင် ထိုစေတနာဖြင့်သတိပေးသူမှာ ဝေဒနာတွေ့ အကြီး အကျယ်ဖြစ်သွားလိမ့်မည်။

ထို့ကြောင့် မြမြ တဖြည်းဖြည်းနှင့် သူ့မဘာသာ ခင်မှုံ့ အကြောင်းသိလာလိမ့်မည်ဟူ၍ ဘေးက စိုးရိမ်စွာပင် အသာကြည့်နေခဲ့ ကြရ၏။

ခင်မှုံနှင့်မြမြကမူ ပျော်ပျော်ရွှင်ရွှင်၊ ခင်ခင်မင်မင်..။ ရယ် လိုက်မောလိုက်၊ စာအတူကျက်၊ မုန့်ဆိုင်အတူသွား..။ ရက်အတန်ကြာ ဘာမျှ ပြဿနာမရှိ။

ဖြစ်ချင်တော့ အမျိုးသားနေ့စာစီစာကုံးပြိုင်ပွဲမှာ မြို့နယ်အဆင့် ယှဉ်ပြိုင်ဖို့ လူရွေးကြသောအခါ ခင်မှုံနှင့်မြမြ ပြိုင်ဘက်ဖြစ်သွားသည်။ အတန်းထဲမှာက အခြားသူများမှာ စာစီစာကုံး လက်ရည်မကောင်းကြ။ မူလ မြမြမရောက်မီက စာစီစာကုံးပြိုင်ပွဲဆိုလျှင် ခင်မှုံချည်းသာ ထိပ်ဆုံး။

ယခု မြမြရောက်လာပြီး အမျိုးသားနေ့စာစီစာကုံးပြိုင်တော့ မြမြက ခင်မှုံ့ကိုဖြတ်ကာ ထိပ်ဆုံးရောက်သွားသည်။ မြမြ ပထမ..။ ခင်မှုံက ဒုတိယပဲရသည်။ မြို့နယ်အဆင့်ပြိုင်ပွဲအတွက် မပါဝင်နိုင်ဘဲ ကျန်ခဲ့ရ၏။

"နင့်ကို ချီးကျူးပါတယ်"

ခင်မှုံက မြမြကို ဤသို့ အပြုံးနှင့်ပင်ပြောခဲ့သော်ငြား တစ်တန်း





လုံးကတော့ မြမြအတွက် စိတ်ပူသွားကြသည်။ ခင်မှုံ မြမြကို မည်သို့ ပညာပြမည်နည်း။

နောက်တစ်နေ့မှာ မြို့နယ်ပြိုင်ပွဲအတွက် မြမြမသွားရသေးမီ ကျောင်းတွင်း စာပြန်ဖတ်နေခိုက် ခင်မှုံက..

"မြမြ..နင် မြို့နယ်မှာ သွားပြိုင်ရမှာက ထမင်းစားချိန် ကန့်လန့်ဖြစ်နေတယ်။ ထမင်းဘူးယူသွား"

ဟု ပြောသည်။

မြမြက..

"ငါ ဒီနေ့ ထမင်းဘူးယူမလာဘူးဟဲ့။ မြို့နယ်ပြိုင်ပွဲသွားရမှာမို့ မထည့်ခဲ့တာ။ ဟိုကျမှ တစ်ခုခုဝယ်စားမယ်"

ဟု ပြန်ပြောသည်။

"အဲဒီလို မလုပ်နဲ့။ ထမင်းဆာနေရင် နင် စာရေးလို့ ဘယ် ကောင်းကောင်းရမလဲ။ ရော့..ငါ့ထမင်းဘူး နင်စားသွား"

"ဟာ..နင့်ဘာ့သာ စားပါဟာ။ ငါ နင့်ထမင်းဘူးစားသွားရင် နင်ဘာသွားစားမလဲ"

"ရတယ်..။ ငါက ပြဿနာမရှိဘူး။ အသုပ်ဝယ်စားလိုက် မယ်။ နင်က ဟိုရောက်ရင် ဘယ်မှာ ဘာဆိုင်ရှိမှန်းမသိ၊ ဘာမသိနဲ့။ သွားဝယ်စားချိန်မရရင် ခက်မယ်။ စားသွား"

ခင်မှုံအတင်းတိုက်တွန်းသဖြင့် မြမြက အားနာနာနှင့် ခင်မှုံ့ ထမင်းဘူးကို စားသွားသည်။ ဟင်းကတော့ မကောင်းပါ။ လက်ဖက်သုပ် သာဖြစ်၏။

မြို့နယ်စာစီစာကုံးပြိုင်ပွဲခန်းမ၌ မြမြစာစီစာကုံးရေးကောင်းနေ ဆဲ ဗိုက်က အောင့်လာ၏။ ပထမတော့ ဗိုက်အောင့်သည်ကို တင်းခံ ကာ စာစီစာကုံးကို ပြီးအောင်ရေးဖို့ ကြိုးစား သည်။ သို့သော် မရတော့ ဗိုက်က မခံနိုင်အောင် ထိုးအောင့်လာသဖြင့် ချွေးစေးတွေပြန်၊ အား



www.burmeseclassic.com

www.burmeseclassic.com



အင်းတွေ့နိုးချည့်ကာ စာစီစာကုံးတစ်ဝက်တစ်ပြက်နှင့်ရပ်ပြီး အခန်းစောင့်ဆရာမကို ပြောပြရတော့၏။

အခန်းစောင့်ဆရာမက ပြုစုပေးရာ မသက်သာသဖြင့် ဆေးခန်းသို့ မြမြကို လိုက်ပို့သည်။

ဆရာဝန်က လက်ဖက်စားသဖြင့် လေချုပ်ကာ ဗိုက်အောင့်ခြင်းဖြစ်မည်ဟူ၍ ပြုစုကုသပေးလိုက်သည်။ မြမြကိုလည်း ဆရာမတစ်ဦးက အိမ်ပြန်ပို့လိုက်သည်။

သည်သတင်း ကျောင်းကိုပြန်ရောက်လာတော့ အခန်းထဲမှာ တိုးတိုးကျိတ်ကျိတ်တွေ ဖြစ်ကုန်၏။

"တွေ့လား. .။ ခင်မုံ့လက်ချက် မိသွားပြီ"

"ဟုတ်မယ်. .။ မြို့နယ်အဆင့် ဝင်ရဖို့ သူတို့နှစ်ယောက်က အပြိုင်လေ။ မြမြက ရသွားတော့ ခင်မုံ့ဘယ်ကျေနပ်မလဲ။ ဒါကြောင့် မြမြ ဟိုမှာဖြေလို့မရအောင် လုပ်လိုက်တာ"

"ကြည့်ပါလား. .။ မြမြ ဟိုမသွားခင် ခင်မုံ့က သူ့ထမင်းဘူးကို အတင်းကျွေးနေတာ။ ထမင်းနဲ့ လက်ဖက်တဲ့...။ လက်ဖက်ထဲမှာ ဘာတွေထည့်လိုက်သလဲမှ မသိတာ"

"တစ်ခုခုတော့ သူ့ပညာနဲ့ ထည့်လိုက်တာ အသေအချာပဲ။ ဒါကြောင့် မြမြဗိုက်အောင့်တာပေါ့။ ဒုက္ခပါပဲ. .။ ဘယ်လိုများဆက်ဖြစ်ဦးမလဲ မသိဘူး"

"ခင်မုံ့ တော်တော်ယုတ်မာတာပဲ"

"ဟဲ့. . ယုတ်မာတာ မပြောနဲ့လေ။ စုန်းဟဲ့. .။ နှလုံးမလှတဲ့စုန်းမ"

ဂ ဂ ဂ



နောက်တစ်နေ့မှာ မြမြဗိုက်အောင့်သက်သာသွားကာ ကျောင်းတက်လာသဖြင့် မြသီတာတို့၊ မွန်မွန်တို့ အတန်းသားများ အံ့အားသင့်သွားကြ၏။

"ဒါဆို ခင်မုံ့လုပ်တာ ဘယ်ဟုတ်မလဲ။ သူ့ဘာသာ ရိုးရိုးအောင့်တာ နေမှာပါ"

သည်လိုပြောသူက ပြောလာ၏။

မြသီတာတို့ မနေနိုင်။

ခင်မုံ့ရှေ့မှာ ဟန်မပျက်နေကာ ယမန်နေ့က စာစီစာကုံးဖြေခြင်းအကြောင်းများကို ပြန်ပြောနေသော မြမြအား လှမ်းလှမ်းကြည့်ရင်း စိတ်မှာ ဒွိဟတွေ ဖြစ်နေကြသည်။

'ခင်မုံ့ကျွေးတာကို စားတာတောင် ဘာမှမဖြစ်ဘူးဆိုတော့ မွန်မွန်ဖြစ်ခဲ့တာ တိုက်ဆိုင်မှုများလား. .'

'ဆရာမဒေါ်မိုးမိုးအဖြစ်ကရော. .'

'ခင်မုံ့ကို ငါတို့ အထင်လွဲမိနေတာများလား. .'

'မရှိုးနိုး၊ မလှစုန်းမျိုး. . တဲ့။ သူ့အမေကြီး ကြောက်စရာကောင်းလောက်အောင် အရုပ်ဆိုးလို့ ဘေးကနေ အားမနာပ ပြောနေကြတာလည်း ဖြစ်ချင်ဖြစ်နေမှာ. .'

စသည်. . စသည်. .။

နေ့လယ်မုန့်စားဆင်းချိန်မှာတော့ မြမြ ခါတိုင်းလို ခင်မုံ့နှင့် မုန့်စားမဆင်းဘဲ အတန်းထဲမှာ နေရစ်သည်။ ဒါကိုမြင်တော့ မြသီတာနှင့်မွန်မွန်တို့နှစ်ဦး မြမြကို ပြေးကပ်ကြ၏။

"မြမြ. . နင် တကယ် ဗိုက်အောင့်ပျောက်သွားပြီလား"

မြသီတာအမေး. .။

"ငါတို့ မနေ့က နင့်သတင်းကြားပြီး စိတ်ပူနေတာ"

မွန်မွန့်အပြော. .။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကတော့ တော်တော်အောင့်တာ။ စာစီစာကုံးဆက်မပြေနိုင်ဘဲ ဆေးခန်းပြေး။ ဆေးခန်းကနေ အိမ်ကိုတန်းပြန်ရတယ်။ အိမ်ကို ဆရာမဒေါ်သိန်းသိန်းဆင့်က လိုက်ပို့တယ်"

မြမြက မျက်နှာညှိုးညှိုးကလေးဖြင့် ဖြေသည်။

"နင့်ကို ဆရာမဒေါ်သိန်းသိန်းဆင့်က ခင်မှုံ့အကြောင်း ပြောမပြဘူးလား"

မြသီတာက သိချင်ဇောကြီးစွာ ဝင်မေး၏။ မြမြ ခေါင်းညိတ်၏။

"ပြောတယ်. ."

"ဒါဆို နင် ခင်မှုံ့အကြောင်း သိပြီပေါ့။ အရင်က နင်ဘာမှ မသိဘူးလား"

"ငါ ဟိုဘက်တန်းမှာတုန်းက သူများတွေပြောတာ သဲ့သဲ့ကြားဖူးတယ်။ ဒါပေမဲ့ ခင်မှုံ့ကို ငါမှ သံသယမရှိတာ။ ပေါင်းရသင်းရတာ ကောင်းတယ်လေ"

"အခုရော. ."

"ဆရာမဒေါ်သိန်းသိန်းဆင့်ပြောတဲ့ ဆရာမဒေါ်မိုးမိုးအကြောင်း။ မွန်မွန့်အကြောင်းနဲ့ တခြားအကြောင်းတွေကိုကြားတော့ ငါမယုံလို့မှ မရတာ။ ငါလည်း မနေ့က သူကျွေးတာစားပြီး ခံလိုက်ရတာပဲလေ"

"အဲဒါ ငါတို့က အစောကြီးကတည်းက သတိပေးမလို့ဟာ။ နင်က သူ့ကိုပြန်ပြောမှာ ကြောက်တာနဲ့ မပြောရဲခဲ့တာ"

မြသီတာအပြောနှင့် ဆက်၍ မွန်မွန်က. .

"နင် အခု ဗိုက်အောင့်လုံးဝပျောက်သွားတာ သေချာတယ်နော်။ အဲဒါတော့ ဆန်းတာပဲ"

ဟု ထင်ကြေးနှင့် မှန်းဆသောဇမေးခွန်းကို မေးပြန်သည်။

မြမြ သက်ပြင်းချသည်။ မျက်ရည်တွေ ရုတ်ချည်းရစ်ဝိုင်းလာသည်။





"တကယ်တော့ ငါ ဗိုက်အောင့် လုံးဝ ရှင်းရှင်း မပျောက်သေးဘူးဟ။ သက်သာသွားတာပဲ ရှိတယ်။ တစ်ချက်တစ်ချက် နာသေးတယ်။ ပြီးတော့ ငါ့ဗိုက်ထဲမှာ ထင်နေတာလားတော့ မသိဘူး။ ဗိုက်ထဲမှာ အလုံးတစ်လုံး စမ်းမိသလိုပဲ။ အဲဒီအလုံးက ဗိုက်ထဲမှာ ဟိုရွှေ့သည်ရွှေ့ ဖြစ်နေတယ်"

"ဟင်. ."

"ဟယ်. ."

မြသီတာရော၊ မွန်မွန်ပါ မျက်လုံးပြူးပြူး။ ပါးစပ်တွေ ဟပြီ သွားကြသည်။ ရင်တွေလည်း ခုန်သွားကြသည်။ လက်ဖျားခြေဖျားတွေ ပင် အေးစက်သွားကြသည်။

"ဟာ. . အဲဒါဆို သေချာပြီ မြမြ။ မနေ့က နင်စားတဲ့လက်ဖက်ထဲမှာ တစ်ခုခုပါသွားပြီ"

မွန်မွန့်ဝေဖန်ချက် ထွက်လာ၏။

"ပညာနဲ့ ပြုစားလိုက်တာ ဖြစ်မယ်။ အပင်းသွင်းလိုက်တယ် ဆိုတာမျိုးပေါ့"

မြသီတာကလည်း ဒသံတုန်တုန်ဖြင့် ဆိုရှာသည်။

မြမြ မျက်နှာပိုငယ်သွားကာ. .

"ခင်မှုံ့ရှေ့မှာ ငါမပြောရဲလို့ ဟန်ဆောင်နေရတယ်။ ငါ တော်တော်ကြောက်နေတယ်။ ညနေကျရင် ဆရာဝန်ဆီသွားပြီး ထပ်ပြမယ်"

"ဒီမှာ မြမြ. ."

မြသီတာနှင့်မွန်မွန် မြမြ့နားသို့ ပိုမိုတိုးကပ်ကာ လေသံနှိမ့်၍. .

"ဒါမျိုးက ဆရာဝန်နဲ့ကုလို့ မပျောက်ဘူးဟ။ ပယောဂဆရာ ကောင်းကောင်းနဲ့ ကုရတာ။ ဆရာကလည်း ကောင်းမှနော်။ အဆင့်နိမ့်တဲ့ ဆရာနဲ့ဆိုရင် မရဘူး"

"ဟုတ်တယ်. .။ ငါ့တုန်းက ကြည့်ပါလား. .။



www.burmeseclassic.com

www.burmeseclassic.com



ပြတာပဲ။ မသက်သာဘူး. .။ ခင်မှုံ့ကို တောင်းပန်ပြီး သူ့အမေကြီးကုပေးလိုက်တော့ ချက်ချင်းပျောက်သွားတယ်''

အကြံပေးကြသည်။ အကြံပေးချက်မှာ သာသာထိုးထိုးတွေပါသဖြင့် မြမြအဖို့ ကြောက်လည်းကြောက်၊ ယုံလည်းယုံ ဖြစ်ရ၏။

''ငါ့ကို ဆရာမဒေါ်သိန်းသိန်းဆင့်ကလည်း အဲဒီလိုအကြံပေးတယ်။ ငါလည်း နင်တို့လိုပါပဲ။ ခင်မှုံ့အမေကြီးကို သွားပြချင်တာပေါ့။ ဒါပေမဲ့ ဖေဖေက လက်မခံဘူးဟ။ ဒီခေတ်မှာ ဒါတွေမရှိဘူးတဲ့။ ခေတ်နောက်ပြန်ဆွဲတာတွေ မယုံနဲ့တဲ့။ သိပ္ပံနည်းကျကျ စဉ်းစားတဲ့။ အစားအစာနဲ့ ကိုယ့်ရဲ့အနေအထားနဲ့ မသင့်လို့ ဗိုက်အောင့်တာတဲ့။ မေမေကလည်း ဖေဖေနဲ့ တစ်သဘောတည်းပဲ''

မြမြက ရေလည်စွာ ပြန်ရှင်းပြသည်။

''ဟာ. . အဲဒါဆို ဒုက္ခပါပဲ''

မြသီတာက စိတ်ပျက်လက်ပျက်ညည်းလိုက်သည်။

''ငါတို့ ညနေကျရင် နင့်အိမ်ကို လိုက်လာပြီးငါဖြစ်ခဲ့တုန်းကဘာကို ပြောပြမယ်လေ။ မကောင်းဘူးလား''

မွန်မွန်က အလျှော့မပေးသေး။

''ဖြစ်မှာမဟုတ်ပါဘူးဟာ။ ဆရာမဒေါ်သိန်းသိန်းဆင့်ပြောတာတောင်မှ ဖေဖေတို့က လက်မခံတာ။ နင်တို့ပြောလို့ ဘယ်ရလိမ့်မလဲ။ ဖေဖေက သိပ်ပြီး တစ်ယူသန်တာဟ။ ပြီးတော့ တကယ့်လက်တွေ့သမား. .''

မြသီတာနှင့် မွန်မွန် သက်ပြင်းချရုံမှလွဲ၍ ဘာမျှမတတ်နိုင်၊

ထိုစဉ် ကော်ရစ်ဒါမှာ ခင်မှုံ့ကို ရိပ်ခနဲမြင်လိုက်ရသဖြင့် မြသီတာနှင့် မွန်မွန်တို့ ခင်မှုံ့အပါးမှ လှစ်ခနဲထပြန်လာခဲ့ရ၏။

ခင်မှုံ့မျက်နှာမှာတော့ အပြုံးကလေးနှင့်ပင်. .။

ဂ ဂ ဂ



''မနေ့ညနေက ဆရာဝန်နဲ့သွားပြတော့ ဆရာဝန်က စမ်းသပ်ပြီး အလုံးတစ်လုံးရှိနေကြောင်း အတည်ပြုတယ်ဟ။ ငါတော့ ဒုက္ခဖြစ်ပြီထင်တယ်''

မြမြက မြသီတာနှင့်မွန်မွန်ကို ပြန်ပြောပြသည်။ အသံတွေတုန်နေသည်က မြမြ၏ စိတ်လှုပ်ရှားသောကကို အဓိပ္ပာယ်ဖွင့်ပြနေသယောင်။

''အဲဒါဆို အပင်းလုံး သေချာပြီပေါ့။ ပြုစားထားတာ သေချာပြီပေါ့''

မွန်မွန်က ထပ်ဆင့်အတည်ပြုပြန်၏။

''နင် ဘယ်လိုဆက်လုပ်မလဲ''

မြသီတာက စူးစမ်းသည်။

''မနေ့က ဆရာဝန်အကြံပေးတဲ့အတိုင်း တတ်မှန်ရော၊ အာထရာဆောင်းရော ရိုက်ခဲ့တယ်။ ဒီနေ့မှ အဖြေသိရမယ်။ ဖေဖေကတော့ အဲဒီအပေါ်မှာ မူတည်ပြီး စဉ်းစားမယ် ပြောတာပဲ''

တစ်ရက်ကြာသွားပြန်သည်။

''လုံးဝသေချာတယ် သူငယ်ချင်းတို့ရယ်။ အလုံးက သုံးလက်မကျော်ကျော်လောက် ရှိတယ်တဲ့။ သားဥအိမ်နဲ့ ကပ်နေတယ်တဲ့''

''ဟာ. .''

''ဟင်. .''

မြမြထံမှ သတင်းကို ကြားရတော့ မွန်မွန်နှင့် မြသီတာတို့ ကြက်သေသေသလို ဖြစ်သွားကြပြီး ရုတ်တရက်ပင် စကားမပြန်နိုင်ကြ။ မျက်နှာများသည်လည်း သွေးဆုတ်ဖြူလျော်သွားသည်။

အတန်ကြာမှ. .

''နင့်အဖေက ဘာပြောလဲ''

မြသီတာ မေးသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကတော့ ဆရာဝန်ဆုံးဖြတ်ချက်အတိုင်း လုပ်မယ်တဲ့"

"ဆရာဝန်က ဘယ်လိုဆုံးဖြတ်လဲ"

မွန်မွန်က ဝင်မေးပြန်၏။

"ဆရာဝန်ကတော့ ဒီအတိုင်းရှိနေလည်း ပြဿနာမရှိပါဘူးတဲ့။ ခွဲထုတ်လိုက်ရင်လည်း ရတယ်တဲ့။ ဆရာဝန်အကြံပေးချက်ကတော့ ခွဲစိတ်ဖို့ပဲ"

မြမြက ဖြေသည်။

"အပင်းလုံးဆိုရင် ခွဲထုတ်လို့ရပါ့မလား"

"မေမေကတော့ တစ်မျိုးပြောင်းပြီး ပြောလာတယ်။ မေမေ့အသိတစ်ယောက်က ဆရာတစ်ယောက်နဲ့ ရင်းနှီးတယ်တဲ့။ ပယောဂကုတယ်တဲ့။ အဲဒီမှာ ပြကြည့်မယ် ပြောတယ်။ အဲဒီလိုကုလို့ ပျောက်သွားရင် မခွဲရတော့ဘူးပေါ့။ ငါကသည်း ခွဲစိတ်ရမှာကြောက်တော့ မေမေပြောတာကို ထောက်ခံလိုက်တယ်"

"နင့်အဖေက သဘောတူပါ့မလား"

"အဲဒါ မေမေနဲ့ဖေဖေ ဆွေးနွေးနေဆဲပဲ၊ ညနေကျမှ အဖြေရမှာပဲ"

နောက်တစ်ရက် ကူးပြောင်းသွားသည်။

မြမြ ကျောင်းမလာ. . ။

မြမြ ဆရာတစ်ယောက်နှင့် သွား၍ဆေးကုသည်ဟု မြမြ၏ အိမ်နီးချင်း ဝါဝါလှက သတင်းပေးသည်။

"ကောင်းသွားပါစေ. ."

မြသီတာနှင့် မွန်မွန်တို့ သူငယ်ချင်းတွေက ဆုတောင်းပေးကြသည်။

"ငါစိတ်မကောင်းပါဘူးဟာ"

ဟု ခင်မှုံက အများရှေ့မှာ ပထမဆုံး ထုတ်ပြောသည်။





"ငါကျွေးတဲ့လက်ဖက် စားမိလို့ မြမြဗိုက်အောင့်ရတာ". . တဲ့။

"တွေ့လား. .။ ခင်မှုံ ဝန်ခံနေပြီ"

"သူလုပ်တာ သူဝန်ခံပါ့မလားဟဲ့။ မသိဟန်ဆောင်နေမှာပေါ့"

"မသိဟန်ဆောင်လို့မှ မရတာပဲဟယ်။ အပင်းလုံးက ပေါ်လာပြီ။ ဆရာက သူ့ပညာနဲ့ အပင်းလုံးကိုထုတ်ပြီး တန်ပြန်လိုက်ရင် လုပ်တဲ့သူ ပြန်ထိမှာလေ။ အဲဒါကိုကြောက်လို့ ခင်မှုံမျက်နှာမကောင်းတာ ဖြစ်မှာ"

"အေး. . အဲဒါ ဖြစ်နိုင်တယ်"

ခင်မှုံ့ကွယ်ရာမှာ အတန်းသားတွေ အမျိုးမျိုးဝေဖန်၊ ထင်မြင်ချက်ပေးကြသည်။ ခင်မှုံ့ကိုလည်း ဗိုဇ်ဒါမနုဿသပွားကာ မျက်မုန်းကျိုးသွားကြသည်။ မြမြက အေးဆေးရိုးသား၍ လူချစ်လူခင်များသည်လေ။

တစ်ရက်ကုန်သွားပြန်သည်။ မြမြ ကျောင်းတက်မလာ။ သတင်းလည်း မကြားရ၊ မြမြအခြေအနေ မည်သို့နည်း။

နောက်ထပ်တစ်ရက် ကူးသွား၏။

မြမြ ကျောင်းတက်လာသည်။

"ဘယ်လိုလဲ အခြေအနေ. ."

ခင်မှုံနှင့်ဝေးရာသို့ မြမြကိုခေါ်ကာ ဝိုင်းမေးကြသည်။ မြမြဘေးမှာ သိချင်သူတွေ ဝိုင်းနေ၏။

"အဲဒီဆရာနဲ့ နှစ်ရက်ဆက်ကုတာပဲ။ ဆရာကတော့ တစ်ယောက်ယောက်လုပ်ထားတာလို့ ပြောတယ်"

မြမြထံမှ ဦးစွာထွက်လာသောအဖြေ. .။

"တွေ့လား. .။ ငါတို့ပြောတဲ့အတိုင်းပဲ"

"ခင်မှုံ့လက်ချက်ဆိုတာ ပိုပြီးသေချာသွားတာပေါ့"

"ဘယ်သူလုပ်တာလို့ ပြောလဲ"

ထင်ကြေးတွေ. .။ မေးခွန်းတွေ. .။ တစ်ယောက်စီပေါက်



www.burmeseclassic.com

www.burmeseclassic.com



ပြောသံတွေ..။

"မလိုတဲ့သူ တစ်ယောက်က လုပ်တာလို့ ပြောတယ်။ မိန်းကလေးပဲတဲ့"

မြမြ၏ ဒုတိယအဖြေ..။

"သေချာပြီ..။ အဲဒါ ခင်မှုံပဲ"

"အတော်ယုတ်မာတဲ့ ခင်မှုံ"

"ဆရာက နှင့်အပင်းလုံးကို ထုတ်ပေးလိုက်ပြီလား"

"ပြုစားတဲ့သူကို ဆရာက ဘာမှပြန်မလုပ်ဘူးလား"

မြမြက သက်ပြင်းချသည်။ မျက်နှာက ပိုရှုံ့မဲ့ကျသွား၏။ ယခုရက်ပိုင်းတွင် မြမြပိုရှုံ့ပိန်သွားသည်ဟုလည်း သူငယ်ချင်းများသတိပြုမိကြသည်။

"ဆရာကတော့ သူ့နည်းသူ့ဟန်နဲ့ လုပ်နေတာပဲ။ ဘာမှမထူးခြားဘူးပေါ့။ အလုံးက ရှိနေဆဲပဲ"

"ဘုရားရေ.."

"ဒါဆိုရင်တော့ နင်တို့ပြတဲ့ဆရာက ခင်မှုံတို့ထက် ပညာနိမ့်နေလို့ ဖြစ်မယ်။ ဆရာက ဘာပြောလဲ။ ဘယ်လိုတာဝန်ယူလဲ။ ကုနိုင်တယ်တဲ့လား"

မြသီတာက မေးသည်။

"ရအောင်ကုမယ်လို့တော့ ပြောတာပဲ။ အတိအကျတော့ အာမမခံဘူး"

မြမြအဖြေ..။

"ဟာ..ဒါတော့ ဘယ်ရမလဲ။ နင်တို့ဆရာက မစွမ်းလို့ပါ။ စွမ်းရင် အပိုင်ပြောနိုင်ရမှာပေါ့"

မွန်မွန့်ထင်မြင်ချက်..။

"ဖေဖေတို့ကလည်း အဲဒီလိုပဲ သုံးသပ်တယ်။ ဒါကြောင့်





အဲဒီဆရာနဲ့ ဆက်မကုဖြစ်တော့ဘူး။ ထူးမှ မထူးခြားတာ။ ဆရာကဟိတ်တွေဟန်တွေသာ များနေတာ..တဲ့။ အချိန်ဆွဲကုနေရင် ငွေကုန်လူပန်းဖြစ်ပြီး ရောဂါက ပိုဆိုးလာမယ်တဲ့။ ဖေဖေကတော့ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ပုံပဲ"

"ဒါဖြင့်ရင် ဆရာဝန်အကြံပေးတဲ့အတိုင်း ခွဲစိတ်ပြီး အဲဒီအပင်းလုံးကို ထုတ်မှာပေါ့..ဟုတ်လား"

မြသီတာက ချောက်ချောက်ချားချား မေးခွန်းထုတ်သည်။ စိုးရိမ်စိတ်ပါသော အမေးဖြစ်သည်။

"ဒါပဲရှိတော့တာပေါ့"

"ငါတို့ပြောသလို ခင်မှုံ့အမေကြီးကို သွားပြပါလားဟာ"

မြမြက မွန်မွန်၏အကြံပေးချက်ကို ခေါင်းခါပြီး တုံ့ပြန်သည်။

"နဂိုကတည်းကမှ ဖေဖေက အဲဒါတွေ မယုံတာ။ အခုကိစ္စမှာ မေမေနဲ့ငါက နှစ်မဲဖြစ်နေလို့ ဖေဖေက လိုက်လျောပြီး ပယောဂဆရာနဲ့ ပြခဲ့တာ။ ဒါ..ဘာမှအကျိုးမသက်ရောက်တော့ နောက်ထပ် ပြောလို့ရမှာ မဟုတ်တော့ဘူး"

"နင် ဘယ်တော့ ဆေးရုံတက်ရမှာလဲ"

"မသိဘူး..။ ဖေဖေကတော့ မြန်မြန်လုပ်ချင်နေပုံပေါ်တယ်။ မနက်ဖြန်များ ဆေးရုံတက်ရမလားမသိဘူး"

အခြေအနေက အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်မည့်ကိန်း ဆိုက်နေပြီ။ မြမြကလည်း ခွဲစိတ်ရမှာကို ကြောက်နေသည်။ မြသီတာနှင့် မွန်မွန်တို့ကတော့ 'အောင်မြင်ပါစေ' ဟု ဆုတောင်းကြ၏။

"နင့်ကို ခွဲစိတ်ပြီး ထုတ်လိုက်တဲ့ အပင်းလုံးကို ကြည့်ချင်လိုက်တာဟယ်"

ꩠ ꩠ ꩠ

www.burmeseclassic.com

www.burmeseclassic.com



မြမြ ဆေးရုံတက်ရသည်။

လိုအပ်သောဆေးစစ်ချက်များ ပြုလုပ်ပြီး နောက်တစ်ရက်မှာ ခွဲစိတ်မှုလုပ်ရ၏။ ခွဲစိတ်ဆရာဝန်ကြီးမှာ အတွေ့အကြုံရင့်ကျက်ပြီးသား ဆရာဝန်ကြီးမို့ အခြေအနေကို ပူပန်စရာမလိုဟု မြမြ၏ဖခင်က ဆိုသည်။

ခွဲစိတ်သောနေ့ ညနေပိုင်းမှာ မြသီတာ၊ မွန်မွန်၊ ဆရာမဒေါ်သိန်းသိန်းဆင့်နှင့် ဆရာမဒေါ်မိုးမိုးတို့ ဆေးရုံရောက်သွားကြ၏။

မြမြ၏အခြေအနေမှာ လုံးဝကောင်းသည်။ သတိရနေပြီး ခွဲစိတ်မှုလည်းအောင်မြင်သည်ဟု ဆိုသည်။ မြမြက ခုတင်ပေါ်မှာ လှဲလျက်..။ အပြုံးနွမ်းနွမ်းနှင့်..။

"အလုံး ထွက်လာလား"

ဆရာမဒေါ်သိန်းသိန်းဆင့်က မေး၏။

"ဟုတ်ကဲ့.."

မြမြ၏ဖခင်က ဝင်၍ဖြေသည်။

"ကျွန်မတို့ ကြည့်လို့ မရဘူးလား"

ဒေါ်မိုးမိုးက ဝင်မေးသည်။ မြသီတာနှင့် မွန်မွန်တို့ မေးမည်ကြံဆဲ ဆရာမဒေါ်မိုးမိုးက အကြံဦးသွားခြင်းဖြစ်၏။

"ဆရာဝန်ကြီးကို ပြောကြည့်ပေးမယ်"

မြမြ၏ဖခင် ထွက်သွားသည်။

မြသီတာနှင့် မွန်မွန်တို့သည် မြသီတာကိုအားပေးရင်း နှစ်သိမ့်နေကြ၏။ ဆရာမဒေါ်သိန်းသိန်းဆင့်နှင့် ဒေါ်မိုးမိုးတို့နှစ်ဦးက မြမြ၏မိခင်နှင့် စကားပြောနေကြသည်။ အကြောင်းအရာမှာ အပင်းလုံး..။

"ဆရာဝန်ကြီးက အလုံးကိုပြမယ် ပြောပါတယ်"

မြမြ၏ဖခင် ပြန်ရောက်လာကာ ခေါ်သဖြင့် မြသီတာတို့အားလုံး မြမြ၏ဖခင်နောက် လိုက်သွားကြသည်။

ဆရာဝန်ကြီး၏အခန်းတွင်းသို့ ရောက်သွားသောအခါ ဆရာဝန်





ကြီးက လေးလေးစားစားနှုတ်ဆက်စကားပြောပြီး ထိုင်ရန် နေရာများ ပေးသည်။

ပြီး..ဖန်ပုလင်းနှင့်ထည့်ထားသော အပင်းလုံးကို ယူလာပြ၏။ အလုံးမှာ သုံးလက်မခွဲခန့်ရှိပြီး အသားစများ အလိပ်အလိပ်ဖြစ်နေကာ အတွင်းတွင် အမွေးအမှင်အချို့နှင့် အရိုးကဲ့သို့သောအစအနများ ပါဝင်နေသည်ကို အံ့ဩဖွယ် တွေ့ကြရ၏။

"တွေ့လား..ဆံပင်ခြည်တွေ၊ အရိုးတွေ..။ အဲဒါ အစာထဲမှာ ထည့်လိုက်တဲ့ အပင်းပဲ"

ဒေါ်သိန်းသိန်းဆင့်က တိုးတိုးလှည့်ပြောသည်။ မြသီတာနှင့် မွန်မွန်တို့နှစ်ဦးခမျှာ မျက်နှာငယ်ငယ်နှင့် တအံ့တဩကြည့်ရင်း ခေါင်းညိတ်သည်။ သူတို့အားလုံး ယခုကဲ့သို့ အပင်းလုံးကို ယခင်က တစ်ခါမျှ မမြင်ဖူးခဲ့။

ဒေါ်မိုးမိုးက..

"ချက်ချင်းပဲ အလုံးကြီးက ဒီလောက်ဖြစ်သွားတာလား"

မေးခွန်းလိုလို၊ အံ့အားသင့်စကားလိုလို ပြောသည်။

"ဒါပေါ့..။ အစ်မကြားဖူးတာတော့ အပင်းသွင်းမယ့်ပစ္စည်းကို ဂါထာမန္တရား၊ ဆေးဝါးတွေနဲ့ သေးသွားအောင် လုပ်တာတဲ့။ ဘယ်လောက်ကြီးတဲ့ ပစ္စည်းဖြစ်ဖြစ် မုန်ညင်းစေ့လောက်သေးသွားအောင် လုပ်လို့ရတယ်တဲ့။ များသောအားဖြင့်တော့ ဆံပင်ခြည်တွေ လုပ်ကြတယ်တဲ့၊ ပြီးမှ အစာနဲ့ရောပြီး ကျွေးတာတဲ့၊ အဲဒါက ဝမ်းဗိုက်ထဲမှာ တဖြည်းဖြည်းကြီးပြီး ဗိုက်ကပူလာ၊ လူက ပိန်ချုံးချည့်နဲ့ပြီး သေရတယ်တဲ့"

"ဒါဆိုရင် ခင်မှူးကျွေးတဲ့ လက်ဖက်ထဲမှာ အခုအလုံးဖြစ်မယ့်ဟာတွေ ပါတာပေါ့နော် အစ်မ"

"အင်းပေါ့ မိုးရဲ.."

ဆရာမနှစ်ဦးနှင့် မြသီတာတို့ ပြောဆိုဝေဖန်နေကြသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးနှင့် မြမြဖခင်က ပြုံး၍ကြည့်နေကြ၏။

ဆရာမတို့ စကားဆုံးမှ ဆရာဝန်ကြီးက ချောင်းတစ်ချက်ဟန့်ပြီး. .

"အပင်းလုံးဆိုတဲ့ကိစ္စကို တချို့ကတော့ ပညာသည်တွေက ပြုစားပြီး လုပ်တာလို့ ယူဆကြတယ်။ ကျွန်တော်တို့ဆေးပညာကတော့ လက်မခံဘူး။ ဒါဟာ လူ့ရဲ့ခန္ဓာကိုယ်အတွင်းမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အသားလုံးပါပဲ။ ရောဂါတစ်မျိုးလို့ပြောရင် ရနိုင်တယ်ပေါ့ဗျာ"

ဟု စကားစသည်။

မြသီတာတို့ အာရုံစိုက်သွားကြသည်။ အံ့သြတကြီး နားထောင်မိကြသည်။

"ဒီအလုံးကို ဆေးပညာနဲ့ ဒါးမွှိုက်ဆစ် (Dermoid Cysts) လို့ ခေါ်ပါတယ်။ လူ့ခန္ဓာကိုယ်အနှံ့အပြားမှာ ဖြစ်ပေါ်တတ်တဲ့ Squemous Epithelium ခေါ် တစ်သျှူးတစ်မျိုးနဲ့ ကာရံထားတဲ့ ပြင်းဖုလုံးလို့ ခေါ်ရမှာပေါ့။ ဒီပြင်းဖုလုံးထဲမှာ ဆံခြည်တွေးတွေ၊ အရိုးတွေ၊ သွားတွေ၊ အခြားအခြားသော ပစ္စည်းအစအနတွေ တွေ့ရတတ်တယ်။ Ectodem က ကလပ်စည်း Cells အချို့ဟာ အကြောင်းတစ်ခုခုကြောင့် အခြားအလွှာတစ်ခုခုမှာ ကပ်ငြိမြှုပ်နှံခံရလို့ ဒါးမွှိုက်ဆစ် ဖြစ်ပေါ်လာရတာပါ"

ဆရာဝန်ကြီးပြောပြသောအကြောင်းမှာ မြသီတာတို့၊ ဆရာမဒေါ်သိန်းသိန်းဆင့်တို့ တစ်ခါမျှမကြားဖူးသော ဆေးပညာဗဟုသုတအစိမ်းများ ဖြစ်နေ၏။

"များသောအားဖြင့် အမျိုးသမီးတွေရဲ့ မျိုးဥအိမ်မှာ တွယ်ကပ်ပြီး ဖြစ်ပေါ်တတ်တယ်။ တစ်လုံးတည်းဖြစ်တတ်သလို ဘယ်ညာ နှစ်လုံးလည်း ဖြစ်တတ်တယ်။ အဖြစ်နည်းပြီး ရှားပါးတဲ့ရောဂါလို့ ပြောနိုင်ပြီး လူကို အန္တရာယ်မပြုပါဘူး။ ဒါကို ခွဲစိတ်ထုတ်လိုက်ရင် ပြီးသွားတာပါပဲ"

ꩡꩡꩡ



မြမြ နေကောင်းပြီး ကျောင်းပြန်တက်သည်။

မြမြ၏ဗိုက်ထဲမှ တွေ့ရှိခွဲထုတ်ခဲ့သောအလုံးနှင့် ပတ်သက်ပြီး အမျိုးမျိုးထင်ကြေးပေးကြ၏။ အယူအဆမှာ အမျိုးမျိုးကွဲပြား၏။ တစ်ဖက်က သိပ္ပံပညာ. .၊ ကျန်တစ်ဖက်က ဂမ္ဘီရအယူအဆ. .။

"ဆရာဝန်ကြီးတွေကတော့ သိပ္ပံသမားဆိုတော့ အသားလုံးလို့ ပြောမှာပဲပေါ့။ ဒါပေမဲ့ အသားလုံးဆိုရင် ဘာကြောင့် ဆံပင်ခြည်တွေ တွေ့ရတာလဲ"

"ဒီအသားလုံးက မြမြဗိုက်ထဲမှာ အရင်ကတည်းက ရှိခဲ့တာဆိုရင် ခင်မွှံကျွေးတဲ့လက်ဖက် စားပြီးမှ ဘာကြောင့် အောင့်ပြီး ဒီအလုံးက ပေါ်လာရတာလဲ"

"ခင်မွှံက ငါကျွေးတဲ့လက်ဖက်စားလို့ ဒီလိုဖြစ်ရတာလို့ ဘာကြောင့်ဝန်ခံရတာလဲ"

မေးခွန်းများ. .။

သေချာသည်ကမူ မြမြဗိုက်ထဲမှ အလုံးကိစ္စ ပေါ်လာပြီးနောက်ပိုင်း၌ ခင်မွှံကို အားလုံးက ပိုကြောက်သွားခြင်းပင်။

"သေချင်ရင် စိန်မစားနဲ့။ ခင်မွှံကို ရည်းစားစကားလိုက်ပြော" တဲ့။

ကျောင်းသားများကြားမှာ ပေါ်လာသောစကား. .။

ꩡꩡꩡ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၂)

## ၄။ ရည်းစားစကားပြောမိ၍ ခုကွဲများရသူ

ပညာသင်နှစ်ဝက်ကျိုးမှ ဖခင်၏အလုပ်အရ သည်မြို့သို့ ပြောင်းရွှေ့လာရသဖြင့် ကျောင်းပြောင်းလာရသူ 'နဝဒေး' က ခင်မှုံတို့အတန်းသား ဖြစ်လာသည်။

အတန်းဝတွင်ရပ်လိုက်သော နဝဒေးနှင့် အတန်းထဲမှထွက်လာသော ခင်မှုံတို့ မျက်နှာချင်းဆိုင်ဆုံမိကြ၏။ တစ်ဦးကိုတစ်ဦး အံ့အားတသင့်မျက်လုံးများနှင့် ကြည့်မိကြပြီး အပြုံးများ ဖလှယ်မိကြသည်။

"အစ်ကိုပါလား"

"မင်းက ဒီအတန်းကလား"

"ဟုတ်တယ်။ အစ်ကိုကရော. ."

"ကျောင်းပြောင်းလာတာလေ. .။ ဒီအတန်းမှာ နေရမယ်လို့ သရာကြီးက ပြောလိုက်တယ်။ အတန်းပိုင်ဆရာမ ရောက်ပြီလား"

"မရောက်သေးဘူး။ လာတော့မှာပါ"

ခင်မှုံက အပြင်ထွက်သွားပြီး နဝဒေးက အခန်းတွင်းဝင်လာကာ နောက်ဘက်မှ လွတ်နေသောခုံတစ်ခုတွင် ခေတ္တဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုံနှင့် မကျောင်းသားတစ်ဦး ရင်းနှီးစွာစကားပြောနေကြသည်ကို အတန်းသားများက အံ့ဩစွာ အကဲခတ်နေခဲ့ကြ၏။ အသိအကျွမ်းဟောင်းပေပဲလား၊ ဘယ်တုန်းက သိကျွမ်းခဲ့တာလဲ၊ ခင်မှုံ့အကြောင်း မသိသေးဘူးထင်ရဲ့. . စသည်ဖြင့် အတွေးပွားခဲ့ကြ၏။

နုဝဒေးက လွယ်အိတ်ကို ခုံစောင်းပေါ်တင်ပြီး ဆရာမကိုစောင့်နေစဉ်မှာပင် အနားသို့ ကျောင်းသားနှစ်ဦး ကပ်လာသည်။ ဆံပင်ကို ကော့စမစ်တိုက်၍ ပိပြားအောင်ဖြီး၍ ပုံသွင်းထားသော အရပ်ပုပု၊ ဗိုက်ပူပူနှင့် တစ်ယောက်က ကာတွန်းဇာတ်လိုက်ဗိုက်ကလေးနှင့် တူသည်။ အရပ်ရှည်ရှည်၊ ကလန်ကလား၊ ပိန်ညှောင်ညှောင်၊ နှာခေါင်းရှည်ရှည်နှင့် တစ်ယောက်က ကာတွန်းဇာတ်လိုက်ဦးဒိန်းဒေါင်နှင့် တူသည်။

"မင်းက ကျောင်းသားသစ်လား"

ဗိုက်ကလေးက မေး၏။

"ဟုတ်တယ်"

"ဟား. . ဘော်ဒါရပြီ။ ငါက ပိုက်ထွေး၊ သူက ငြိမ်းအောင်"

နုဝဒေး ပြုံးမိ၏။ သူ့စိတ်ထဲက ပေးမိသော နာမည်များနှင့် သူတို့နာမည်ရင်းများက ကာရန်တူလှသည်။ ပိုက်ထွေးတဲ့. .။ ငြိမ်းအောင်တဲ့. .။ နုဝဒေးပေးမိသော နာမည်များက ဗိုက်ကလေးနှင့် ဒိန်းဒေါင်. .။

ဒိန်းဒေါင်က နှာသံဖြင့်. .

"မင်းနာမည်ကရော"

ဟု မေးသည်။

"နုဝဒေး. ."

"ဘာ. ."

"နုဝဒေးလေ. . နုဝဒေး. ."

"ဟာ. . နာမည်က အဆန်းပဲ"

"ရတုစာဆိုကြီး နုဝဒေးကို မကြားဖူးဘူးလားကွ။ ဖေဖေက





သူ့ရတုတွေကြိုက်လို့ ငါ့ကိုမွေးတော့ သူ့နာမည် ပေးထားတာ"

"ရတုစာဆိုလား ဘာလားတော့ မသိပါဘူးကွာ။ ငါရန်ကုန်ရောက်တုန်းကတော့ နုဝဒေးရုပ်ရှင်ရုံဆိုတာ တွေ့ဖူးတယ်"

စကားတည်းက လွဲတော့လွဲကုန်ပြီ။ အတော်ပင် စာပေဗဟုသုတနည်းသည့်ကောင်တွေပဲဟု နုဝဒေး တွေးမိ၏။

ဗိုက်ကလေးက. .

"နေပါဦး. .။ မင်း ခုနက အတန်းဝမှာ ခင်မှုံနဲ့ ရပ်စကားပြောတာ တွေ့တယ်။ မင်းနဲ့ သိနေလား"

ဟု မေးပြန်သည်။

"သိတော့ သိတယ်။ အဲ. . သေသေချာချာတော့ မသိဘူး"

"မင်းဟာက ဘာလဲကွ။ ဘာနားလည်ရမှာလဲ"

"တစ်ခါတွေ့ဖူးလို့ မျက်မှန်းတန်းမိတာကို ပြောတာပါ"

"ဒီနေ့ ကံမကောင်းပါလား"

နုဝဒေး ပြုံးမိပြန်ပါ၏။ သူနာမည်ပေးထားသော ဗိုက်ကလေး. . က ကာတွန်းထဲကအတိုင်း 'ဒီနေ့ ကံမကောင်းပါလား' ဟု ရေရွတ်လိုက်သောကြောင့်ပါ။

"ဒီမှာ နုဝ,ဒေး. ."

ဗိုက်ကလေးက တစ်ခုခုပြောရန် သူ့နာမည်ကို ခေါ်သည်။

"နုဝ,ဒေး မဟုတ်ဘူးကွ"

"နု,ဝဒေး. ."

"ဟာ. . နု,ဝဒေးလည်း မဟုတ်ဘူး။ နုဝဒေး. . နုဝဒေး. .။ အားလုံး ဆက်ဖတ်ရတယ်"

"အဲ. . ဟုတ်ပြီ နုဝဒေး. .။ ဒီမှာ. . ငါပြောမယ်။ မင်း အဲဒီ ခင်မှုံဆိုတဲ့ ကောင်မလေးကို ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်ပေတော့။ မရှောင်ရင် ဒီနေ့ကံမကောင်းပါလား ဖြစ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကလေးစကားကြောင့် နဝဒေး ကြောင်သွားသည်။ ဘာ ရည်ရွယ်ချက်နှင့် ပြောပါသိမ့်။ သူတို့ကြိုက်နေသော ကောင်မလေးမို့ သူ့ကို မဆက်ဆံရန် တားမြစ်နေခြင်းလား။

သူ ငေး၍ ဘာမှပြန်မပြောသဖြင့် ဒိန်းဒေါင်က နားခေါင်းကို လက်ဖြင့်ပွတ်ကာ နှာသံဖြင့်. .

"မှားတဲ့အခါလည်း မှားပေမပေါ့ ဖြစ်အောင် ကြိုးသတိပေး နေတာကွ"

ဟု ဝင်ပြောသည်။ သူ ခေါင်းပိုရှုပ်သွားသည်၊ ယောင်ယောင်နန ဖြင့် သူပြောလိုက်၏။

"မင်းတို့ပြောတာ ငါနားမလည်ဘူး"

ဗိုက်ကလေးက ကျွတ်ခနဲ အသံပြုလိုက်၏။

"မင်းက တယ်ဒုံးဝေးတာပဲ။ မင်း ခင်မုံ့အကြောင်း ဘာသိလဲ"

"ခင်မုံ့. . ခင်မုံ့ဆိုတာ စောစောက ငါစကားပြောတဲ့ ကောင်မ လေးလား"

"ဟုတ်တယ်"

"ဟာ. . ခင်မုံ့တဲ့လား။ တောဆန်ပေမယ့် နာမည်ကလေးက လှ တယ်။ လူကလေးကလည်း မွှံနေအောင် လှတာပဲ။ နာမည်နဲ့လူ လိုက်ဖက်ပါပေတယ်"

သူက ဗိုက်ကလေးတို့ တမင်မခံချင်အောင် ပြောလိုက်ခြင်း ဖြစ်၏။

"ဒီနေ့ ကံကောင်းပါလား"

ဗိုက်ကလေးက သူ့လက်သုံးစကားကို ရွတ်လိုက်ပြီးမှ. .

"မင်းတော့ ဒုက္ခမျှားတော့မယ် ဒဝနေး"

"နဝဒေးပါကွ. ."

"အေး. . ငါပြောသလို ဖေါင်ဖေါင်မရှေးနိုင်ရင်တော့ မောင်





မောင်ခွေးဖြစ်ပြီသာ မှတ်ပေတော့"

"ဘာလဲ. .။ ခင်မုံ့က ရည်းစားများလို့ သူ့ကိုချစ်မိရင် အသည်း ကွဲမယ်လို့ ဆိုလိုတာလား"

"ဟာ. . မှားတဲ့အခါလည်း မှားပြန်ပြီပေါ့ကွာ"

ဟု ဒိန်းဒေါင်က နီဒါန်းချီပြီး. .

"ဒီမှာ. . ခင်မုံ့က တစ်ကျောင်းလုံးကပိုင်းပယ်ထားတဲ့ ကောင်မ လေးကွ"

ဟု ဆက်ပြောသည်။ နဝဒေး အံ့ဩသွား၏။ သိချင်စိတ်လည်း ဖြင်းပြသွား၏။

"ဘာဖြစ်လို့လဲကွ"

ဗိုက်ကလေးရော၊ ဒိန်းဒေါင်ပါ သူ့အနားတိုးကပ်ကာ ပြိုင်တူ ပြောလိုက်ကြ၏။

"သူက စုန်းမလေးကွ"

"ဘာ. ."

ထိုအခိုက်. .

"ဆရာမ လာပြီဟေ့"

ကျောင်းသားတစ်ယောက်အသံ. .။

အတန်းထဲသို့ တန်းပိုင်ဆရာမ ဝင်လာသဖြင့် နဝဒေးသည် ဗိုက်ကလေးနှင့် ဒိန်းဒေါင်ကို စကားမဆက်နိုင်တော့ဘဲ ဆရာမရှိရာသို့ လွယ်အိတ်ဆွဲကာ ထွက်လာခဲ့ရ၏။

ဆရာမထံ ကျောင်းအပ်ရမည်လေ. .။

ဂဂဂ

www.burmeseclassic.com

www.burmeseclassic.com



ဆရာမစားသင်နေသည်ကို နားထောင်ရင်း ခင်မွှံကို နဝဒေး ခိုးကြည့်မိ၏။ သေးတာစောင်းမြင်နေရသော ခင်မွှံမှာ ဆရာမပြောနေသည်ကို အာရုံအပြည့်စိုက်ထားသည့်အတွက် ကျောက်ရုပ်ကလေးတစ်ရုပ်လို ငြိမ်၍နေ၏။ သူ့စိတ်ထဲမှာမူ ကြွေရုပ်ကလေးလို လှသည်ဟု ထင်နေမိလေသည်။

"သူက စုန်းမလေးကွ. ."

မိုက်ကလေးနှင့် ဒိန်းဒေါင်တို့၏ အသံက နားထဲဝင်လာသည်။

စုန်းမလေး. . တဲ့။ ဘာကြောင့် စုန်းမလေးလို့ ခေါ်တာလဲ။ အသည်းစား စုန်းမလေးလား။ အလှနှင့် ပြုစားတတ်သို့လား။

နဝဒေးကတော့ ထိုသို့ ခင်မွှံကို မထင်ပါ။

ခင်မွှံသည် လေးစားမြတ်နိုးဖွယ်ကောင်းသူကလေးသာ ဖြစ်သည်ဟု သူထင်သည်။

ကြည့်ပါ. .။

မြို့ကိုရောက်တော့ လှည့်ပတ်ကြည့်ချင်သည့်စိတ် ပေါ်လာသဖြင့် တနင်္ဂနွေနေ့က စက်ဘီးတစ်စီးဖြင့် သူထွက်လာခဲ့သည်။ မြို့၏ အရှေ့ အနောက်၊ တောင်၊ မြောက်ကို စက်ဘီးဖြင့်ပတ်၍ ဘုရားများ၊ ရုံးဌာနများနှင့် ဈေးတို့ကို အနှံ့ရောက်သွားခဲ့သည်။

ဈေးနားကိုအရောက် စက်ဘီးကိုဖြည်းဖြည်းနင်းလာစဉ် ဈေးဘက်မှပြန်လာသော အဘွားအိုတစ်ဦး မူး၍လဲသည်ကို သူ့ရှေ့တွင် ကြုံလိုက်ရ၏။

နဝဒေးလည်း ကပျာကယာ စက်ဘီးကိုရပ်ကာ ထိုအဘွားအိုရှိရာသို့ ပြေးသွားခဲ့သည်။ ထို့အတူပင် လက်ထဲတွင် စံပယ်ပန်းကုံးများကို ကိုင်၍ 'စံပယ်ပန်းရမယ်" ဟု တကြော်ကြော်အော်ကာ ပန်းရောင်းနေသူ မိန်းကလေးလည်း မြင်သွားပြီး နီးနီပ်တကြီးပြေးလာသည်။

စံပယ်ပန်းသည် မိန်းကလေးက အဘွားအိုနှင့် ပိုနီးသဖြင့်





နဝဒေးထက်ဦးစွာ အဘွားအိုနားကိုရောက်လာပြီး အဘွားအိုကို ပွေ့ထူလိုက်၏။

"အဘွား. . အဘွား. ."

မိန်းကလေးက စိုးရိမ်စွာ အဘွားအိုအား ခေါ်ကြည့်နေ၏။

သူသည်လည်း အနားရောက်သွားကာ သေးတွင် ဒူးထောက်ထိုင်လိုက်သည်။

"သတိမရဘူးလား"

သူက မေးလိုက်သည်။

"ဟုတ်တယ်. .။ မူးလဲသွားတာပဲ။ ချွေးစေးတွေလည်း ပြန်နေတယ်"

စံပယ်ပန်းများကို တစ်ဖက်ကကိုင်ထားပြီး အဘွားအိုကိုပွေ့ထားသော မိန်းကလေးက မော့မကြည့်ဘဲ ပြန်ဖြေသည်။

"အဘွား. . အဘွား. ."

သူက ဦးထုပ်ချွတ်၍ အဘွားအိုအား ယပ်ခတ်ပေးရင်း. .

"ဆေးခန်းတစ်ခုခုကို ခေါ်သွားရင် ကောင်းမယ်"

ဟု ပြောလိုက်သည်။

မိန်းကလေးက မော့၍. .

"ကောင်းတယ် အစ်ကို. .။ ဆေးခန်းပို့တာ ကောင်းတယ်။ ဆိုက်ကားခေါ်ပေးပါ"

ဟု ပြန်ပြောသည်။ လူအချို့လည်း ဝိုင်းလာ၏။

နဝဒေးက ထိုင်ရာမှထပြီး ဖြတ်သွားသော ဆိုက်ကားတစ်စီးကို လှမ်းခေါ်လိုက်၏။ ဆိုက်ကားဆရာကလည်း အဘွားအိုလဲနေသည်ကို မြင်၍ သဘောပေါက်သွားပြီး ချက်ချင်းထိုးရပ်သည်။

"အစ်ကို ဝိုင်းကူပါဦး။ အဘွားကို ဆိုက်ကားပေါ်တင်ရအောင်"

"အင်း. . လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနှင့် နဝဒေးတို့ အဘွားအိုကို ဆိုက်ကားရှေ့ခုံပေါ်သို့ ပွေ့၍တင်ကြသည်။ ပြီးလျှင် မိန်းကလေးက ဆိုက်ကားနောက်ခုံပေါ် တက်လိုက်ကာ..

"ကျွန်မလိုက်သွားမယ်။ ကျေးဇူးပဲ အစ်ကို"

ဟု ပြောသည်။ အဘွားအိုကိုလည်း နောက်မှနေ၍ ပွေ့ထားသည်။ စံပယ်ပန်းကုံးအချို့က မြေပြင်ပေါ်သို့ ပြုတ်ကျကျန်လေပြီ။

"ကျွန်တော်လည်း နောက်က စက်ဘီးနဲ့လိုက်ခဲ့မယ်"

ဆိုက်ကားထွက်သွားသည်။ နဝဒေးက စက်ဘီးကိုဆွဲယူကာ ဆိုက်ကားနောက်သို့ နင်းလိုက်လာခဲ့၏။

သူက သည်မြို့မှာ လူသစ်မို့ ဆေးခန်းဘယ်နားတွင်ရှိသည် မသိ။ မိန်းကလေးကတော့ သိပုံရသည်။

မကြာမီမှာပင် ဆေးခန်းတစ်ခုရှေ့မှာ ဆိုက်ကားထိုးရပ်သွား၏။ သူကလည်း စက်ဘီးကို ထိုးရပ်ကာ မိန်းကလေးနှင့်အတူ အဘွားအိုအား ဆိုက်ကားပေါ်မှ ဝိုင်း၍ပွေ့ချသည်။ မိန်းကလေးက ဆိုက်ကားခကို ထုတ်ပေးလိုက်၏။

ဆရာဝန်အဆင်သင့်ရှိနေ၍ တော်ပေသေးသည်။

ဆရာဝန်က ချက်ချင်းပင် အဘွားအိုအား စမ်းသပ်၊ သွေးပေါင်ချိန်တိုင်း..စသည်ဖြင့် သွက်လက်ကျွမ်းကျင်စွာ ပြုစုကုသပေးပါသည်။ ဆေးထိုးပြီး မကြာမီမှာပင် အဘွားအိုသတိရလာသည်။

"အဘွား..အဘွားသတိရလာပြီလား။ ခေါင်းမူးနေသေးလား။ နေလို့ကောင်းတယ်နော်"

မိန်းကလေးက အဘွားအိုကို ယပ်ခတ်ပေးနေရင်းက ကြင်နာယုယစွာ မေးသည်။ အဘွားအိုက ခေါင်းညိတ်သည်။ လေသံမှျဖြင့်..

"ခေါင်း နည်းနည်းတော့ မူးနေသေးတယ်။ အဘွား ဘယ်ရောက်နေတာလဲ"





"ဆေးခန်းလေ အဘွားရဲ့။ အဘွား လမ်းမှာမူးလဲလို့ သမီးနဲ့ ဒီကအစ်ကိုနဲ့ အဘွားကို ဆေးခန်းခေါ်လာတာ"

"သာဓုပါကွယ်..သာဓုပါ..သာဓုပါ.."

ဆရာဝန်က သောက်ရန်ဆေးများ ပေးသည်။

အဘွားအိုအတွက် ဆေးဖိုးကို နဝဒေးကလည်းထုတ်ပေး၊ မိန်းကလေးကလည်း ထုတ်ပေးရာ နှစ်ဦးဆုံနေသဖြင့်..

"နှစ်ယောက်စလုံးဆိုကတော့ မယူပါရစေနဲ့"

ဟု ဆရာဝန်က ရယ်၍ပြောသည်။

နဝဒေးက နွမ်းပါးသောမိန်းကလေးကို ငဲ့လျက် ဆရာဝန်အား သူ့ဆီကယူပါရန် တောင်းပန်ပြီး အတင်းပေးလိုက်ရသည်။

"အဘွားက ဘယ်မှာနေလဲ"

နဝဒေးက မေးလိုက်သည်။

"အောင်ရတနာလမ်းမှာ"

အဘွားအိုသည် အသာအယာပွေ့ထူပေးသော မိန်းကလေး၏ လက်အတွင်းမှနေ၍ ထထိုင်ရင်း ပြန်ဖြေ၏။

"နည်းနည်းဝေးတာပေါ့နော်။ ဒါဆို သမီး ဆိုက်ကားနဲ့ လိုက်ပို့ပေးမယ်"

"နေပါစေကွယ်..။ သမီးတို့ ဆေးဖိုးရော၊ ဆိုက်ကားခရော ကုန်နေပြီ။ အားနာစရာ..။ အဘွား လမ်းလျှောက်သွားပါ့မယ်"

"ဟာ..လမ်းလျှောက်လို့တော့ ဘယ်ဖြစ်ဦးမလဲ။ အားမနာပါနဲ့..။ သမီးပဲ ဆိုက်ကားနဲ့ လိုက်ပို့ပါ့မယ်"

အဘွားအိုငြင်းဆန်နေသည့်ကြားမှပင် နဝဒေးနှင့် မိန်းကလေး၏ စီစဉ်မှုဖြင့် အဘွားအိုအား ဆိုက်ကားဖြင့် အိမ်လိုက်ပို့လိုက်ရသည်။ လိုက်ပို့သူမှာ မိန်းကလေးပင်။

ဆိုက်ကားဖြင့်ထွက်သွားသော အဘွားအိုနှင့် မိန်းကလေးတို့၏



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားကို မျက်စိတစ်ဆုံးကြည့်မိရင်း..

"ခြော်..သူ့ခမျာ ပန်းတောင်မရောင်းနိုင်ဘဲ အသွားအိုကို ကူညီရှာတယ်။ နွမ်းပါးပေမယ့် စိတ်ထားအတော်လှတဲ့ မိန်းကလေးပဲ"

နဝဒေးစိတ်ထဲမှာ မှတ်ချက်ချမိ၏။

ပြီးမှ မိမိ၏စက်ဘီးကိုနင်းကာ အိမ်သို့ပြန်လာခဲ့တော့သည်။

ထိုမိန်းကလေးမှာ ခင်မှုံဖြစ်ပေရာ ဗိုက်ကလေးတို့ ဒိန်းဒေါင်တို့ ပြောစကားနှင့် မိမိတွေ့ကြုံခဲ့ရသော လက်တွေ့ဖြစ်ရပ်မှာ ပြောင်းပြန် ဆန့်ကျင်ဘက် ဖြစ်နေပေ၏။ ဘယ်အချက်က မှန်ပါသနည်း။

နဝဒေးကတော့ ခင်မှုံ့ဘက်က ပါနေသည်အမှန်။

'သူတို့ ဘာကြောင့် ခင်မှုံကို စုန်းမလေးလို့ ပြောရတာလဲ။ ကြုံမှ မေးကြည့်ဦးမယ်'

ဿဿဿ

မုန့်စားဆင်းချိန်မှာ နဝဒေးနှင့် ဗိုက်ကလေး၊ ဒိန်းဒေါင်တို့ တွေ့ဆုံကြ၏။ နဝဒေးက နံနက်က ဆရာမ မလာမီ သူတို့ပြောခဲ့သော စုန်းမကိစ္စကို မေးကြည့်၏။

"ဘာလဲ..။ မင်းက မယုံဘူးလား၊ မယုံရင်တော့ ဒီနေ့ကံ မကောင်းပါလား ဖြစ်သွားမယ်"

ဗိုက်ကလေးက ခိုင်မာစွာဆို၏။

"ငါနဲ့ သူ ဆုံခဲ့ဖူးတုန်းကတော့ သူဟာ စိတ်ထားကောင်းပြီး





ရှိသားတဲ့ အမူအရာအပြည့်ပဲ။ မင်းတို့ပြောသလို မဖြစ်နိုင်ပါဘူး"

နဝဒေးက အငြင်းစကားဆိုသည်။ သူတို့ဘက်က အမြင်ကို လမ်းဖွင့်တောင်းခံလိုက်ခြင်းပဲ ဖြစ်ပါ၏၊ ဗိုက်ကလေးက သူ့ဝသီအတိုင်း ကျွတ်ခနဲ အသံပြုသည်။

"ငါကလည်း ကိုယ်တွေ့ကွ"

"ဒါဖြင့် မင်းကိုယ်တွေ့ကို ပြောပါဦး"

ဒိန်းဒေါင်က ဘာမျှဝင်မပြောဘဲ ကြည့်နေသည်။ သူ့မှာလည်း ပြောစရာတွေ ရှိနေသည့်ပုံ..။

ဗိုက်ကလေးက သူ့ဗိုက်ကိုပွတ်ရင်း..

"ငါကလည်း အကြောင်းမသိတော့ ခင်မှုံ့ကို ကြိုက်မိတယ်ကွ။ ခင်မှုံကလည်း ချောတယ်မဟုတ်လား။ အဲဒါ မင်းအသိပဲလေ။ ငါဆိုတဲ့ ကောင်ကလည်း မိဘကချမ်းသာ၊ ရုပ်ကလည်းချောဆိုတော့ ခင်မှုံက လည်း ငါ့ကို အရေးပေးတာ ဆိုတော့ကာ.."

ဖျတ်ခနဲ နဝဒေးပါးစပ်ထဲမှ စားနေသောမုန့်များ ထွက်ကျ ကုန်၏။ ရယ်ချင်စိတ်ကို ထိန်းမရသောကြောင့်ဖြစ်သည်။ အရုပ်ပုပု၊ ဗိုက်ပူပူနှင့် သူကောင့်သားက သူ့ကိုယ်သူ ချောသတဲ့။

"မင်း ဘာဖြစ်တာလဲ"

"သီးသွားလို့ပါကွာ"

"ဘာလဲ..။ မင်းက ငါပြောတာကို မယုံဘူးလား"

"ယုံပါတယ်ကွာ..။ ယုံလို့ မင်းပြောတာ ငါနားထောင်နေ တာပဲဟာ"

"ကဲပါကွာ ဗိုက်ထွေးရာ။ အပိုတွေ နိဒါန်းပျိုးမနေနဲ့။ မင်း ခင်မှုံကို ညည်းစားစကားလိုက်ပြောတဲ့အကြောင်းပဲ ပြော။ မှားတဲ့အခါ မှားခဲ့တာကို ပြော"

ဒိန်းဒေါင်က ဝင်ထောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ပေါ့ကွာ. . ။ ကျောင်းပိတ်ရက် တစ်နေ့ပေါ့။ ငြိမ်းအောင်က ငါတို့သူငယ်ချင်းတွေနဲ့ ဘော်လီဘောကစားဖို့ ချိန်းကြတယ်။ ပွဲက ချိန်းပွဲကွ။ နှစ်ယောက်တွဲ. . ။ လောင်းကြေးနဲ့ ကစားကြမှာ။ ကစားကြမှာက အလယ်တန်းကျောင်းရှေ့က ကစားကွင်း. ."

ဗိုက်ကလေးစကားကို ဒိန်းဒေါင်က ဝင်၍. .

"အလယ်တန်းကျောင်းဆိုတာက ငါတို့မြို့အဝင် ကားလမ်းဘေးက ကျောင်းကို ပြောတာ။ ခင်မှုံတို့ရွာဘက်ကို ထွက်တဲ့ဘက်ပေါ့ကွာ"

ဟု ဝင်ထောက်သည်။

"ငါတို့က ကစားကွင်းအသွား။ ခင်မှုံကလည်း ဈေးအလာ. . ဆုံပါလေရော. . ။ ငါကလည်း အခွင့်ကောင်းစောင့်နေတုန်း ခင်မှုံကို တွေ့တာဆိုတော့ ချက်ချင်းလိုက်တာပေါ့။ ငြိမ်းအောင်က မြှောက်ပေးတာလည်း ပါတာပေါ့ကွာ"

ဇာတ်လမ်းက ကောင်းခန်းရောက်လာ၍ နဝဒေး အာရုံတွေ စုသွားသည်။

"ခင်မှုံ့နား ကပ်သွားပြီး ငါက ဈေးလားဘာလား စကားဖြတယ်။ ခင်မှုံက ဟုတ်တယ်လို့ ဖြေတယ်။ ငါက အနားတိုးကပ်တယ်။ ခင်မှုံ. . နင့်ကို ငါ ပြောစရာရှိတယ်လို့ ပြောတော့ ခင်မှုံသဘောပေါက်သွားပုံပေါ်တယ်။ ဘာမှပြန်မပြောဘူး။ မျက်နှာနီသွားတယ်။ အဲဒီမှာ ငါကလည်း ဒိုင်လှလှတွေ ပစ်သွင်းတာပေါ့ကွာ။ ခင်မှုံကို ဘယ်လောက်ချစ်ကြောင်း။ ညဆိုရင် ခင်မှုံ့အကြောင်းပဲ တွေးနေမိလို့ အိပ်မရကြောင်း။ စားစား သွားသွား ၊ ခင်မှုံ့စိတ်နဲ့ပဲ ဖြစ်နေကြောင်း. ."

ဒိန်းဒေါင်က ဗိုက်ကလေးစကားအပြက်တွင်. .

"ဝတ္ထုစာအုပ်တွေထဲက ကျက်ထားတာတွေ ဒီကောင် အကုန်ပြောတာကွ။ ငါ နောက်ကကြည့်နေတယ်။ အိုက်တင်ကလည်း အပိပဲ"

ဟု ဝင်ဖြည့်သည်။





"ခင်မှုံက ဘာပြန်ပြောလဲ"

နဝဒေးရင်ထဲမှာ နည်းနည်း ခုတုတုလေး ဖြစ်နေပြီ။ မေးလိုက်သောစကား၏ အသံမှာ မနာလိုမှုတွေ ပါသွားလေသလားမသိ။

"သူက ဘာမှပြန်မပြောဘူးကွ။ တစ်ခွန်းမှ ပြန်မပြောတာ။ ရှေ့ကိုပဲကြည့်ပြီး သူ့လမ်းကိုပဲ စိုက်စိုက် စိုက်စိုက်နဲ့ ခပ်သုတ်သုတ်လျှောက်သွားတယ်။ ငါကလည်း ရင်ဖွင့်မိမှတော့ မထူးဘူးဆိုပြီး အတင်းလိုက်ကပ်ရတော့တာပေါ့။ ခင်မှုံ ဘယ်လိုသဘောရလဲ၊ ကိုယ့်ကို ပြန်မချစ်နိုင်ဘူးလား. . ဘာညာပေါ့ကွာ။ ယောက်ျားချွဲ ချွဲတာပေါ့။ ဒါလည်း ခင်မှုံက တစ်ခွန်းပြန်မဖြေဘူး"

"အဲဒါနဲ့ ဒီကောင် စိတ်တိုလာတာကွ"

ဒိန်းဒေါင်က ဖြည့်စွက်ပြန်သည်။

"ခင်မှုံက မင်းကို ရိုးရိုးသားသားခင်ခဲ့တာ နေမှာပါကွာ။ အဲဒါကို မင်းက သူ့ရေလာမြောင်းပေးလုပ်တယ်ဆိုပြီး ထင်တာနေမှာပါ"

နဝဒေးက ဇာတ်လမ်းမဆုံးမီ အတင်းဝင်၍ ကောက်ချက်ဆွဲသည်။ နဝဒေးဆန္ဒက ခင်မှုံ့နှလုံးသားကို အစွန်းအထင်းမခံစေချင်။

"ဟာ. . မင်းက ဘာလို့ အဲဒီလိုပြောရတာလဲ။ မင်းလည်း ခင်မှုံ့အကြောင်း မသိဘဲနဲ့"

"ဆက်ပြောကွာ. . ။ လိုရင်းမရောက် ဖြစ်နေမယ်"

"ခင်မှုံက ငါ့ကိုစကားပြန်မပြောတော့ စိတ်ကလည်းတို၊ ရှက်ကလည်းရှက်၊ ပတ်ဝန်းကျင်ကလည်း လူပြတ်နေတော့ မထူးဘူးဆိုပြီး ပထူးဇာတ် ခင်းလိုက်တော့တယ်"

နဝဒေး မျက်လုံးပြူးသွားသည်။

"မင်း ဖက်နမ်းလိုက်တာလား"

မေးခွန်းတစ်ခု စိုးရိမ်တကြီး ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်ထိ မရောက်ပါဘူးကွာ။ လက်ကို ဆွဲလိုက်တာပါ"

"ဟူး. . တော်ပါသေးရဲ့"

"ဘာတော်ပါသေးရဲ့လဲ နဝဒေးရ"

"မင်းသာ ခင်မွှံကို နမ်းလိုက်ရင် အာသာဝတီနွယ်နီနုတ်ပန်းလေးပေါ် မစင်စက်ကျသလို ဖြစ်သွားမှာ စိုးလို့ပါ"

"ဘာကွ. ."

"ဩော်. . အဟဲ. . ငါက ရယ်စရာပြောတာပါ။ မှားတဲ့အခါလည်း မှားပေမပေါ့"

နဝဒေးက ပျာပျာသလဲ ဖြေရှင်းချက်ပေးပြီး လျှောချလိုက်ရသည်။ ဗိုက်ကလေးက မကျေမချမ်း ခပ်စောင်စောင်တစ်ချက်ကြည့်၏။ ပြီးမှ စကားဆက်သည်။

"စကား ဘယ်နားရောက်သွားပါလိမ့်။ ဩော်. . လက်ဆွဲလိုက်တဲ့နေရာ။ ဟုတ်ပြီ. .။ အဲဒါကွာ ငါက လက်ဆွဲလိုက်တော့ သူက ဆောင့်ရုန်းပြီး ရှင်ဘာလုပ်တာလဲ၊ နမချင်းစာနာပါ၊ ဘာညာ ရန်တွေ့တော့တာပဲ။ ငါ ပိုတင်းသွားတာပေါ့ကွာ။ နမချင်းစာနာပါဆိုတာက ငါ့ကို ထိတယ်ကွ။ ငါက ငါ့နမတွေဆိုရင် ဘယ်ကောင်နဲ့မှ အရောဝင်တာ မကြိုက်ဘူး"

ဒိန်းဒေါင်က ကြော်ငြာဝင်ပြန်သည်။

"အဲဒါကြောင့် ငါတောင် သူ့နမကို မကပ်ရဲဘူးကွ"

"ဟော့ကောင် ငြိမ်းအောင်. .။ ငါ့လက်သီးနဲ့ မင်းရဲ့မေးရိုး မဟာမိတ်ဖြစ်သွားမယ်နော်"

"ဟဲ့ . ဟဲ. . မှားတဲ့အခါလည်း မှားပေမပေါ့ကွာ"

နဝဒေးက ရယ်လိုက်သည်။

"ဗိုက်ကလေးရာ. ."

စကားစပြီးမှ မှားမှန်းသိသွား၏။ ဗိုက်ကလေးမျက်နှာ နီသွား၏။





"ဘာ. . ဗိုက်ကလေးလဲ"

"အဟဲ. . ပိုက်တွေးလို့ ခေါ်တာပါ။ မင်းကွာ. .။ မင်းလည်း သူများနမ ကြိုက်တာပဲ။ မင်းနမကို သူများကြိုက်တာ ဘာဖြစ်လဲ။ ဒါ. . ဘောလုံးကစားသလိုပဲ။ ကိုယ်ကလည်း သူ့ဂိုးသွင်း။ သူကလည်း ကိုယ့်ဂိုးသွင်းမှာပဲ။ ဒါ. . သဘာဝပဲဟာ"

"ငါကပဲ ဂိုးသွင်းချင်တာ။ ငါ့ဂိုးတော့ အသွင်းမခံနိုင်ဘူးကွ"

"ဒါ. . မင်းမတရားတာပဲ။ အေးလေ. .။ မင်းနမတွေကရော မင်းအထိမခံချင်သလို သူတို့က နေမှာလား။ အချိန်တန်ရင် သူတို့ကလည်း ဂိုးသွင်းကောင်းတဲ့ ကိုကိုတွေနဲ့. ."

"တော်ကွာ. .။ ငါ့နမတွေအကြောင်း မပြောနဲ့။ ဒီမှာ ကြားဖြတ် ငါပြောလိုက်ရဦးမယ် နဝဒေး။ မင်း ငါ့ကိုခင်တယ် ဘာညာဆိုပြီး ငါ့အိမ်မလာနဲ့နော်။ ဒါပဲ. ."

နဝဒေးက ရယ်ပြီး. .

"မလာပါဘူးကွာ. .။ စိတ်ချပါ။ မင်းပုံကြည့်တာနဲ့ မင်းနမတွေရဲ့ အဝကို ငါ့မျက်စိထဲမှာ မြင်နေပါတယ်"

ဟု ပြောလိုက်သည်။

"ဟော့ကောင်. . အလှပြောပါကွာ။ ဘာကြောင့် အဝပြောရတာလဲ"

ဒိန်းဒေါင်က ဝင်မေး၏။

"ဗိုက်ကလေး. . အဲ. . ပိုက်တွေးက ပုပုဝဝမဟုတ်လား။ ဒါကြောင့် သူ့နမတွေလည်း ဝမှာပဲလို့ တွေးမိလို့ပါ"

"တော်ပြီ. .။ ငါ့နမတွေအကြောင်း ရပ်။ ခင်မွှံ့အကြောင်းပဲ ပြောမယ်"

"ကောင်းပါပြီ"

"အဲဒီမှာ ခင်မွှံနဲ့ ငါ တင်းဟသွားတယ်။ ငါက [illegible]ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲတယ်။ သူက ရုန်းတယ်။ နောက်ဆုံးတော့ သူက လက်ကိုဆောင့်ရုန်းပြီး စုပ္ပစုပ္ပနဲ့ ပြောဆိုပြီး ထွက်သွားတော့တာပဲ''

''ဟ. . အဲဒါနဲ့ ခင်မွှံက စုန်းမလေးဖြစ်ရရောလား''

နဝဒေးက မကျေမချမ်း ဝင်ထောက်သည်။

''အဲဒီအခန်းက ခုမှရောက်မှာကွ။ ခင်မွှံကို ဆက်မလိုက်တော့ဘဲ ငါတို့ ဘောလီဘောသွားကစားကြတယ်။ ကစားပြီး ပြန်လာတဲ့အထိ ဟောဒီ ငါ့လက်က အကောင်းပဲ။ ညလည်းရောက်ရော လက်မောင်းရင်းကနေကိုက်လာလိုက်တာ လက်တစ်ချောင်းလုံးပဲ။ မနေနိုင်လို့ ငါအော်နေရတယ်''

ဗိုက်ကလေးက သူ့ညာလက်ကို မြှောက်ပြ၏။

''အဲဒါ ခင်မွှံ့ကို ဆွဲတဲ့လက်ပေါ့''

ဒိန်းဒေါင်က ဝင်၍ဖြည့်စွက်သည်။ နဝဒေးက ခေါင်းကိုယမ်းလိုက်သည်။

''မင်းတို့ ဘောလီဘောကစားရင်း တစ်ခုခုဖြစ်တာ နေမှာပါကွာ။ အကြောညပ်သွားတာ နေမှာပါ။ ငါလည်း ကြက်တောင်ရိုက်ရင်း ဖြစ်ဖူးပါတယ်''

''မဟုတ်ဘူးကွ. . ။ ခင်မွှံလုပ်တာ။ နောက်တစ်နေ့ ဆေးခန်းသွားတယ်ကွာ။ မသက်သာဘူး. . ။ အဲဒါနဲ့ ဗေဒင်ဆရာသွားမေးတော့ လှူပြုစားခံရတာတဲ့။ မကျေနပ်လို့ လုပ်တာတဲ့။ အဲဒီမှာ ခင်မွှံ့လက်ချက်ဆိုတာ သေချာသွားတာပဲ''

ဗိုက်ကလေးက အခိုင်အမာဆိုသည်။ နဝဒေး လက်မခံနိုင်။

''ဗေဒင်ဆရာဆိုတာကတော့ လာမေးသူရဲ့အနေအထားကို ကြည့်ပြီး ရိုက်စားလုပ်တာပဲ။ ယတြာချေဖို့ ဘာညာ လုပ်နိုင်းမှာပေါ့။ မဟုတ်ဘူးလား''

''ယတြာလုပ်ရတာပေါ့ကွာ. . ။ ပိုက်ဆံအတော်ကုန်သွားတယ်''





''အဲဒါ ဗေဒင်ဆရာစားသွားတာကွ။ မင်းလက်ကရော သက်သာသွားလား''

''တစ်ပတ်လောက်နေတော့ ပျောက်သွားတယ်''

''ဆေးမလိမ်းဘဲ ပျောက်တာလား''

''ဆေးတော့ လိမ်းရတာပေါ့ကွ''

''အဲဒါ ခင်မွှံနဲ့ ဘာဆိုင်လဲ။ ကစားလို့ လက်မှာ အကြောညပ်မယ်။ ဆေးလိမ်းတော့ ပျောက်တယ်။ ငါဖြစ်တုန်းကလည်း တစ်ပတ်လောက် ခံရတာပဲ''

''ဗေဒင်ဆရာရဲ့ ယတြာကြောင့်ကွ။ အဲဒီဗေဒင်ဆရာက နာမည်ကြီး။ သိပ်မှန်တာ. . ''

ထိုအခိုက်မှာ မုန့်စားကျောင်း ပြန်တက်သည်။ ခေါင်းလောင်းသံပေါ်လာသည်။

''အဲဒီဗေဒင်ဆရာက လူလိမ်ကြီးနေမှာပါကွာ''

နဝဒေးက ဖွတ်ပင်ချေဖျက်၏။ အခိုင်အမာ သက်သေသာဓကမရှိဘဲ သူ့တစ်ပါးအပြောဖြင့် နဝဒေးလက်မခံလို။ ထို့ကြောင့် ဗေဒင်ဆရာအပေါ် ပုံချကာ ပြောပစ်လိုက်သည်။ ပြီးတော့ သူတို့စကားပြန်မစောင့်တော့ဘဲ အတန်းထဲပြန်ဝင်လာခဲ့၏။

ဗိုက်ကလေး၏အသံ နောက်မှကပ်ပါလာ၏။ မကျေမချမ်းအသံ. . ။

''ဟော့ကောင်. . ဗေဒင်ဆရာလူလိမ်ကြီးလို့ မပြောနဲ့။ အဲဒါ ငါ့ဘကြီးအရင်းခေါက်ခေါက်ကွ''. . တဲ့။

ဂဂဂ

www.burmeseclassic.com

www.burmeseclassic.com

## ၅။ အကြွေးငါးကျပ်နှင့် ဦးဝိန္ဒြမြတ်အောင်လုပ်သတဲ့

နဝဒေးကျောင်းမှပြန်လာသောအခါ အိမ်တွင် ဧည့်သည်အချို့ ရောက်နေသည်ကို တွေ့ရ၏။ ယောက်ျားကြီးတစ်ဦးနှင့် မိန်းမကြီးနှစ်ဦး ဖြစ်သည်။ တောသူတောင်သား လယ်သမားများဖြစ်၍ ရိုးရိုးကြီးများ ဖြစ်ကြသည်။

နဝဒေး၏ဖခင်က စိုက်ပျိုးရေးအရာရှိဖြစ်သောကြောင့် ကျေးရွာများသို့ ဆင်းရသည်များ ရှိသည်။ ထို့ကြောင့် လယ်သမားများနှင့် ဆက်နွယ်မှုရှိ၏။ နဝဒေး၏ဖခင် ဦးကောင်းမြတ်၏ မိတ်ဆွေများ ဖြစ်ပေလိမ့်မည်။

နဝဒေးက လူကြီးများစကားဝိုင်းကို အနှောင့်အယှက်ဖြစ်မည်စိုး၍ အိမ်တွင်းသို့ တန်းဝင်ခဲ့ကာ အဝတ်လဲသည်။

နဝဒေး၏မိခင် ဒေါ်စန်းစန်းမြင့်က အနားရောက်လာပြီး. .

"သား ထမင်းဆာပြီလား။ ခဏနား. .။ ရေချိုး. .။ ဧည့်သည်တွေပြန်မှ စားကြတာပေါ့"

ဟု ဆိုသည်။





"ဘယ်ကဧည့်သည်တွေလဲ အမေ"

"စစ်ပင်ကုန်းကလေ. .။ သားအဖေရဲ့ မိတ်ဆွေတွေ"

နဝဒေး အဝတ်လဲပြီး ပြန်ထွက်လာသောအခါ ဦးကောင်းမြတ်တို့စကားဝိုင်းမှ အသံများကို ကြားရ၏။ စာကြည့်စားပွဲတွင် ထိုင်၍ နားထောင်နေမိ၏။

"ဒေါ်ခင်မြင့်က ဘယ်လိုကြောင့်ဆုံးသွားတာလဲ။ စိတ်မကောင်းစရာဗျာ. .။ ကျွန်တော်ရွာကိုရောက်တုန်းက အကောင်းကြီးပါ။ ကျွန်တော်နဲ့တွေ့ခဲ့တာတောင် မကြာသေးဘူး"

ဦးကောင်းမြတ်၏ စကား. .။

"အင်း. . ဒီအကြောင်းပြောရရင်တော့ အရှည်ကြီးပဲ ဆရာရဲ့"

ယောက်ျားကြီးက သက်ပြင်းချသံနှင့် ပြောသည်။

"ဘာရောဂါဖြစ်လို့လဲ"

"ရောဂါမဟုတ်ဘူး ဆရာ။ စုန်းပြုစားခံရတာ"

"ဗျာ. ."

ဦးကောင်းမြတ်ထံမှ အာမေဍိတ်သံနှင့်အတူ နဝဒေး၏ အာရုံများကလည်း ထိုစကားဝိုင်းသို့ စုစည်းရောက်ရှိသွားသည်။

"ဆရာက မယုံလို့လား။ အဖြစ်ကတော့ လက်တွေ့ပဲ"

"ဒီခေတ်မှာ ဒါတွေရှိလို့လားဗျာ။ မဟုတ်သေးပါဘူး"

ခေတ်ပညာတတ်၍ ခေတ်အမြင်ရှိသော ဦးကောင်းမြတ်က လက်ခံချင်ပုံမရ။

မိန်းမကြီးတစ်ဦးက ဝင်၍. .

"အသေအချာပါပဲ ဆရာ။ ဒေါ်အိုဇာက ပြုစားလိုက်တာ"

ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်အိုဇာ. . ဘယ်က ဒေါ်အိုဇာလဲ"

"စုန်းမကြီးပေါ့ ဆရာ။ ကျွန်မတို့ရွာပြင်အစပ်မှာ နေတာ"

"သူက စုန်းမကြီးလို့ ဘာကြောင့်ပြောရတာလဲ"

"ဟာ. . ဆရာကလည်း။ ဆရာမတွေ့ဖူးလို့ပါ။ တွေ့တာနဲ့ စုန်းမကြီးဆိုတာ တန်းပြီးသိနိုင်တယ်။ ရုပ်ကြီးကိုက. . အမလေး. . ပြောရင်းတောင် ကြက်သီးထတယ်"

နဝဒေးက သူ၏စာကြည့်စားပွဲမှနေ၍ ထိုယောကျာ်းကြီးနှင့် မိန်းမကြီးများကို လှမ်းကြည့်နေမိ၏။ သူတို့ပုံစံက ယခုပင် ကြောက်နေကြသည့်ပုံ။

"ပြောစမ်းပါဦးဗျာ. . ။ 'မလှစုန်းမျိုး' ဆိုတာလို အရုပ်ဆိုးတာနဲ့ စုန်းမကြီးလို့ ပြောကြတာများလား"

"အမှန်ပဲ ဆရာရဲ့။ မလှလို့ ပြောတာ မဟုတ်ဘူး။ စုန်းပညာကို တကယ်တတ်တာ။ လပြည့်၊ လကွယ်တွေဆိုရင် ကောင်းကင်ကို ..က်ပြီး ကစားတယ်"

"ဘယ်လို. ."

"ဆရာကြားဖူးမှာပါ။ လပြည့်၊ လကွယ်ဆိုရင် စုန်းတောက်တယ်၊ စုန်းမြူးတယ်ဆိုတာ တကယ် ဆရာရဲ့။ ဒေါ်အိုဇာတို့ခြံထဲကနေ မီးလုံးတွေ ကောင်းကင်ကိုတက်လာတာ တွေ့ရတယ်။ ကျွန်မတို့မျက်မြင်"

"မီးပုံးပျံလွှတ်တာတွေ ဘာတွေ..းလားဗျာ"

ဦးကောင်းမြတ်ကလည်း နဝဒေးနှင့် စိတ်သဘောတစ်ထပ်တည်းကျ၏။ ကိုယ်တွေ့မဟုတ်ဘဲ အကြားနှင့် ယုံတတ်သူမဟုတ်။

"မီးပုံးပျံ မဟုတ်ဘူးဆရာ။ မီးလုံး. . စုန်းမီးလုံး. . ။ ဒါတင် ဘယ်ကမလဲ ဆရာ။ ဒေါ်အိုဇာက ပညာဘယ်လောက်တတ်သလဲဆိုရင် အိမ်တံစက်မြိတ်က သက်ငယ်တံတွေကို နောက်ပြန်ချိုးပြီး ရေထဲထည့်လိုက်ရင် ပုစွန်တွေ ဖြစ်သွားတာတဲ့"





ဦးကောင်းမြတ်က ရယ်သည်။

"ဟာ. . ဒါဆို ကျွန်တော့်မိန်းမကို ဒေါ်အိုဇာဆီမှာ ပညာသင်ခိုင်းဦးမှပဲ"

"ဟင်. . ဘာဖြစ်လို့လဲ ဆရာ"

"ဈေးကြီးလို့ ကျွန်တော်တို့ ပုစွန်ထုပ်မစားရတာ ကြာပြီလေ။ အဲဒီပညာသာတတ်ရင် ဈေးဝယ်စရာမလိုဘဲ ပုစွန်ထုပ်စားလို့ရပြီ"

ဦးကောင်းမြတ်၏စကားကို သဘောကျ၍ နဝဒေးပါ လိုက်၍ရယ်မိသော်လည်း ရွာသားကြီးနှင့် ရွာသူမကြီးတို့မှာမူ မရယ်ကြ။

"ဆရာကလည်း. . ။ အဲဒါက ပုစွန်အစစ်မှ မဟုတ်တာ"

ဦးကောင်းမြတ်က. .

"အဲဒီလို ပုစွန်ဖြစ်သွားတာ ခင်ဗျားတို့ မျက်မြင်လား"

"ကျွန်တော်တို့တော့ မတွေ့ဖူးဘူးပေါ့။ ရွာကလူတွေ ပြောကြတာပဲ"

"ဒါဆိုရင်တော့ ပုံပြင်တွေ ဖြစ်နေပြီ"

"ပုံပြင်မဟုတ်ဘူး ဆရာ။ ဒေါ်ခင်မြင့်သေသွားရတာ ဒေါ်အိုဇာကြောင့်ပဲ"

"ဒါဖြင့်လည်း ဒေါ်ခင်မြင့်သေရပုံ ပြောပါဦး"

"ဒီလို ဆရာရဲ့. . ။ ခင်မြင့်ကလည်း ခင်မြင့်ပဲ။ ခင်မြင့်က ဆရာ့လိုပဲ ဘာမှသိပ်အယုံအကြည်ရှိတဲ့မိန်းမ မဟုတ်ဘူး။ ရွာကတခြားလူတွေက ဒေါ်အိုဇာတို့ကို ရှောင်ပြီးနေကြပေမယ့် သူက စပ်စပ်ယှက်ယှက်သွားလုပ်တာ။ ဒေါ်အိုဇာတို့က ပန်းစိုက်၊ ရာသီပေါ်အသီးအရွက်တွေ စိုက်တယ်ဆရာ။ မြို့က ဈေးသည်တွေကို ဖောက်သည်ပေးတယ် ဆရာ။ အဲဒါ တစ်နေ့မှာ ခင်မြင့်က ဒေါ်အိုဇာဆီကနေ ဟင်းရွက်တွေ အကြွေးဝယ်တယ်။ တစ်ရက်နှစ်ရက်နေရင် ပေးပါ့မယ်ပေါ့"

"ဟုတ်ကဲ့။ ဆက်ပါဦး. ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ခင်မြင့်က မေ့ပြီး မပေးဖြစ်ဘူး။ တစ်ပတ်လောက် ကြာသွားတယ်။ ဒီကောင်မ ခင်မြင့်ကိုက မေ့တတ်တာပါ။ သူ့အကြောင်း ကတော့ တစ်ရွာလုံးက သိနေတာ။ ခုပြောပြီး တော်ကြာမေ့တဲ့ ကောင်မ"

"ဒါဆို ဒေါ်အိုဇာနဲ့ တွေ့တော့တာပေါ့"

"အဟုတ်ပဲ ဆရာ..။ ဒေါ်အိုဇာရဲ့ ခြံဘက်လည်းရောက်ရော ဒေါ်အိုဇာက ကြွေးတောင်းတာပေါ့။ တကယ်တော့ ပိုက်ဆံက မများပါ ဘူး ဆရာရယ်။ လေးငါးကျပ်ပါ။ ဒါပေမဲ့ စကားပြောအဆင်မပြေဖြစ် ကြပြီး ခင်မြင့်က စိတ်တိုတိုနဲ့ မပေးဘူးတော်၊ ဘာဖြစ်လဲ ဘာညာနဲ့ ပြောမိတယ်"

"ဟာ..ဒါကတော့ဗျာ..။ သူ့ဆီက အကြွေးယူပြီးရင် ပေးရ မှာပေါ့။ ကြွေးလည်းယူသေး၊ မပေးဘူးလည်းပြောသေးဆိုတော့ ဘယ် ကောင်းမလဲ။ ဒေါ်ခင်မြင့် လွန်တာပေါ့"

နဝဒေးပြောမည်ကြံဆဲ ဖခင်ဦးကောင်းမြတ်က ဝင်ပြောလိုက် သည်။

"သူတို့စကားများကြတာတော့ ကျွန်မတို့မတွေ့ရဘူးပေါ့ ဆရာ။ ဒါပေမဲ့ ကြားတဲ့သူတွေ ပြန်ပြောတာကတော့ ဒေါ်အိုဇာက ပြောသတဲ့။ ငါတို့က အပင်ပန်းခံပြီး စိုက်ပျိုးထားရတာ။ ဒီလို မတရားယူတာတော့ သည်းမခံနိုင်ဘူး။ စားကြပေါ့။ မတရားစားရင် အဆိပ်ဖြစ်မှာပဲ..တဲ့"

"အဲဒီတော့.."

ဦးကောင်းမြတ်က ထောက်ပေးသည်။ နဝဒေးလည်း ပို၍စိတ် ဝင်စားသွားသည်။ ဒေါ်အိုဇာ ထိုသို့ပြောပြီး ဒေါ်ခင်မြင့်မည်သို့ဖြစ်သွား သနည်း။

"ခင်မြင့် အဲဒီညမှာပဲ ဗိုက်အောင့်တယ်..အောင့်တယ်ဆိုပြီး ဆုံးသွားတာပဲ ဆရာ။ ဗိုက်အောင့်တယ်ဆိုတော့ ကျွန်မတို့တတွေလည်း အစာကြေဆေးတွေတိုက်၊ ဗိုက်ကိုပိုင်းပြီးနှိပ်ကြပေါ့။ မရပါဘူး..။ မနက်





ကျရင် မြို့ဆေးရုံကိုပို့ဖို့ စဉ်းစားကြတာ။ ညတွင်းချင်းပဲ ဆုံးသွားတယ်"

"ဟာ.."

နဝဒေး အံ့အားသင့်နေ၏။ မယုံချင်စရာ..။

"မယုံမရှိနဲ့ ဆရာ..။ ဒေါ်အိုဇာလက်ချက်ပဲ။ ဒေါ်အိုဇာက ပြောလိုက်တယ်မဟုတ်လား။ မတရားစားရင် အဆိပ်ဖြစ်မှာပဲဆိုတာ။ သူ့ပညာနဲ့ လုပ်လိုက်တာ နေမှာပေါ့။ အရင်ကလည်း ခင်မြင့်ဗိုက်အောင့် ဖူးပါတယ်။ ဒါပေမဲ့ လျက်ဆားလေးစားလိုက်၊ နှိပ်လိုက်ရင် ကောင်း သွားတာပဲဟာ။ အခုကျမှ.."

ဦးကောင်းမြတ်က သက်ပြင်းချသည်။

"အစာအိမ်ရောဂါကြောင့်လည်း ဗိုက်နာ၊ ဗိုက်အောင့် ဖြစ် တတ်တယ်။ မတည့်တဲ့အစာတွေ စားမိရင်လည်း ဖြစ်တတ်တာပဲ။ နောက်တစ်ခုက အူအတက်ပေါက်တာ။ အူအတက်ပေါက်လို့ နာဝ... ကို သွားနိုင်မိရင် ဒုက္ခဖြစ်တာပေါ့။ ကျွန်တော့်အထင် ဒေါ်ခင်မြင့်ဟာ အူအတက်ပေါက်တာ နေမှာပါပဲ။ သွားနိုင်မိတော့ အူအတက်ပေါက်ပြီး ဆုံးရတာ။ ဒေါ်အိုဇာပြောစကားနဲ့ တိုက်ဆိုင်သွားတာ နေမှာပါ"

"မဟုတ်ဘူးဆရာ..။ တစ်ရွာလုံးက ဒေါ်အိုဇာကြောင့်လို့ပဲ ပြောကြတယ်။ ဒီ့ထက်ပိုသေချာတာက ရက်လည်မတိုင်ခင်ညမှာ ခင်မြင့် က သူ့ညီမကို ဝင်ပူးပြီး ပြောတယ် ဆရာ။ ငါ့ကို ဒေါ်အိုဇာလုပ်တာတဲ့။ မကျေဘူးတဲ့။ ငါပြန်လုပ်မယ်တဲ့"

"ဟာ.."

နဝဒေး အံ့သြရပြန်သည်။ ဝင်ပူးပြီး ပြောသည် ဆိုပါလား။

"သူ့ညီမက ဒေါ်ခင်မြင့်သေရတာ ဒေါ်အိုဇာကြောင့်ဆိုပြီး စိတ်စွဲနေလို့ ပြောမိပြောရာ ပြောတာ နေမှာပါဗျာ"

ဦးကောင်းမြတ်က လက်ခံပုံမရ။

"ဘာပဲဖြစ်ဖြစ်ဆရာ..ဆရာယုံတာ၊ မယုံတာ အ[illegible]သား။



www.burmeseclassic.com

www.burmeseclassic.com



ဆရာရွာကိုလာရင်တော့ ဒေါ်အိုဇာကို ရှောင်ပါ ဆရာ။ ပြီးတော့. . ဟို. . အဲဒါနဲ့ ဆရာ့သားက ဘယ်ကျောင်းမှာလဲ"

"အထက်တန်းကျောင်းမှာပေါ့။ ဆယ်တန်းပါ. ."

ထိုဦးကြီး၊ ဒေါ်ကြီးတွေ၏ အကြည့်များ နဝဒေးထံ ရောက်လာကြသည်။

"အဲဒါဆိုရင်တော့ သတိပေးပါရစေ ဆရာ။ ဒေါ်အိုဇာ့သမီးလေးကလည်း အဲဒီကျောင်းမှာ ကျောင်းတက်နေတယ်။ သူ့သမီးကိုတော့ သွားပြီးနောက်နောက်ပြောင်ပြောင်မလုပ်မိဖို့ သတိပေးထားပါ ဆရာ"

နဝဒေး မျက်လုံးဝိုင်းဖြင့် ကြည့်နေမိ၏။

"ကျေးဇူးတင်ပါတယ်ဗျာ။ ခုလို စေတနာနဲ့ သတိပေးတာ။ သားရေ. . ကြားတယ်မဟုတ်လား"

ဦးကောင်းမြတ်က နဝဒေးကို လှမ်းပြောသည်။

"ဟုတ်ကဲ့ အဖေ. . ။ ကြားပါတယ်"

"ဒါနဲ့ ဒေါ်အိုဇာ့သမီးလေးနာမည်က ဘယ်သူတဲ့လဲ"

ဦးကောင်းမြတ်က ပြန်မေးသည်။

"ခင်မှုံတဲ့ဆရာ. . ခင်မှုံ. ."

နဝဒေးတစ်ကိုယ်လုံး လေတွင်မြောက်တက်သွားသည်ဟု ထင်လိုက်မိသည်။

ဣဣဣ



"ခင်မှုံ့အမေနာမည်က ဒေါ်အိုဇာတဲ့လား"

နဝဒေးက ကျောင်းမှာ စပ်စုကြည့်၏။

"နင်က ဘာဖြစ်လို့ ခင်မှုံ့အကြောင်း သိချင်ရတာလဲ"

မွန်မွန်က ပြန်မေးသည်။

"ဘာရယ်မဟုတ်ပါဘူးဟာ. . ။ ဒီလိုပါပဲ. . ။ ဟိုနေ့က စပ်ပင်ကုန်းကလူတွေ အိမ်ကိုလာရင်း ပြောနေသံ ကြားလို့ပါ"

မြသီတာက နဝဒေးမျက်နှာကို စိုက်ကြည့်ကာ. .

"နင်တော့ ဒုက္ခကို အရောင်ဆိုးချင်ပြီထင်တယ်"

မှတ်ချက်ပေးသည်။

"ပြောစမ်းပါဦး ငါမေးတာ. . ။ ခင်မှုံ့အမေနာမည်က ဒေါ်အိုဇာလား"

မွန်မွန်က ခေါင်းခါသည်။

"ကျောင်းစာရင်းထဲမှာ ငါတွေ့လိုက်ဖူးတာကတော့ ဒေါ်သူဇာတဲ့ဟ။ ဒေါ်အိုဇာမဟုတ်ဘူး။ ဒေါ်အိုဇာဆိုတာက ရွာကလူတွေ ခေါ်ကြတာ"

"ဪ. ."

"နဝဒေး. . နင် ခင်မှုံ့ကို ဝေးဝေးနေနော်"

"ဘာဖြစ်လို့လဲဟ"

"ခင်မှုံလုပ်လို့ ငါကိုယ်တိုင်ခံလိုက်ရတာရှိတယ်။ ကိုယ်တွေ့. . ကိုယ်တွေ့. . ။ သူများပြောတာ တစ်ဆင့်ပြန်ပြောတာ မဟုတ်ဘူး"

နဝဒေး အံ့အားသင့်စွာဖြင့် မွန်မွန့်ကို ကြည့်မိ၏။ ကိုယ်တွေ့တဲ့. . ။

"ငါစိတ်ဝင်စားသွားပြီ။ ပြောစမ်းပါဦး နင့်ကိုယ်တွေ့. ."

"ဒီလိုဟ. ."

မွန်မွန်က သူမနှင့်မြသီတာတို့ မုန့်ဆိုင်တွင် အသုပ်မှာစားရင်း



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုံနှင့်ပြဿနာတက်ကြပုံ၊ ခင်မှုံ့ကို ပြောဆိုမိပုံ၊ နှုတ်ခမ်းနှင့် မျက်နှာတွင် အနာဖုများပေါက်လာပုံ၊ ဆရာဝန်နှင့်ကုရာ မပျောက်ပုံ၊ ခင်မှုံ့ကို တောင်းပန်ပြီး သူ့အမေကြီးဒေါ်အိုဇာ မန်းပေးလိုက်မှ ပျောက်သွားပုံတို့ကို လေသံအနိမ့်အမြင့်၊ အတက်အကျ၊ မျက်နှာအမူအရာ၊ ဟန်ပန်အပြည့်ဖြင့် ဇာတ်ကြောင်းစုံ ခင်းပြသည်။

နဝဒေး ဘာပြန်ပြောရမည်မသိ။

"ဒါတင် ဘယ်ကမလဲ။ ဆရာမဒေါ်မိုးမိုး ခင်မှုံ့ကို ရိုက်မိတုန်းကလည်း အဲဒီလိုပဲ။ လက်ကိုက်လို့ အော်နေရတာ၊ ဒေါ်အိုဇာပြန်ကုပေးမှ ပျောက်တယ်"

"ဟုတ်ရဲ့လားဟာ"

"နင်ကလည်း. .။ ငါတို့က မျက်မြင်ကိုယ်တွေ့တွေဟ။ နင်က ခုမှရောက်လာတဲ့ ကျောင်းသားသစ်မို့ မသိတာ။ တစ်ကျောင်းလုံးသိကြတယ်။ မြမြဆိုရင် ခင်မှုံကျွေးတဲ့လက်ဖက် စားမိလို့ ဗိုက်အောင့်ပြီး ခေ[illegible]ဘက်ရတယ်။ ဗိုက်ထဲမှာ အလုံးတွေ့တယ်၊ ခွဲထုတ်ပစ်ရတယ်။ ဆရာဝန်တွေကတော့ ပြုစားတယ်၊ အပင်းသွင်းတယ်ဆိုတာ လက်မခံဘူးပေါ့ဟာ။ ဒါပေမဲ့ မြမြဗိုက်ထဲက တွေ့တဲ့အလုံးမှာ ဆံပင်ခြည်တွေနဲ့၊ ငါတို့ကိုယ်တိုင် ကြည့်ခဲ့ရတာ။ မျက်မြင်. . မျက်မြင်. ."

ဂဂဂ



ဒိန်းဒေါင်က. .

"နဝဒေး. . မင်း ခင်မှုံ့အကြောင်းကို ပွန်ပွန်တံ့ကို မေးကြည့်နေတာမဟုတ်လား"

ဟု မေးသည်။

"ဟုတ်တယ်. .။ ငါစိတ်ဝင်စားလို့"

"အမလေး. . မလုပ်နဲ့. . မလုပ်နဲ့. .။ ခင်မှုံ့ကိုတော့ စိတ်မဝင်စားနဲ့။ မှားတဲ့အခါလည်း မှားပေမပေါ့ ဖြစ်သွားမယ်"

ဒိန်းဒေါင် အလန့်တကြား၊ မျက်နှာအပျက်ပျက်ဖြင့် တားမြစ်စကားဆိုသည်။ ဒိန်းဒေါင်ကိုကြည့်ပြီး နဝဒေးက ရယ်သည်။

"မင်းကလည်းကွာ. .။ ဒါလေးပြောတာ မျက်နှာက သွေးမရှိတော့သလို ဖြစ်သွားရတယ်။ ငါက စိတ်ဝင်စားတယ်ဆိုတာ ခင်မှုံ့ရဲ့ သတင်းတွေကိုပါကွ။ သူ့အမေဒေါ်အိုဇာက စုန်းမကြီး။ ခင်မှုံက စုန်းမလေး. . ဆိုတာကိုပါ"

ဒိန်းဒေါင်က နဝဒေးကို လှူရှင်းရာ ဆွဲခေါ်သွားသည်။

"ဒီမှာ မင်းကို ငါခင်လို့ ပြောပြမယ်။ ခင်မှုံ့ကိုတော့ တကယ့်ကို ဓေါင်ဓေါင်ရှေး ဝေးဝေးရှောင်ပါကွာ။ မရှောင်မိလို့ ငါလည်းခံရဖူးပါတယ်"

"ဟေ. . မင်းလည်းခံရဖူးတယ်. . ဟုတ်လား"

ဒိန်းဒေါင်က ရှုံ့မဲ့မဲ့ဖြင့် ခေါင်းညိတ်ပြသည်။

"ဟိုနေ့က ပိုက်ထွေး သူ့အကြောင်းပြောပြနေကတည်းက ငါလည်း ငါ့အကြောင်းကိုပါ ပြောချင်နေတာပါ။ သူ့ရှေ့မှာ မပြောတာက သူ့ကိုမသိစေချင်လို့ကွ"

"ဒါဆိုလည်း ငါ့ကိုတော့ ပြောကွာ"

"အေးပါ. .။ ပြောချင်လို့ ဒီကို ငါခေါ်လာတာပါ။ တကယ်တော့ ငါလည်း ခင်မှုံ့ကို ကြိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော. ."

"ပိုက်ထွေးလည်း ကြိုက်တယ်၊ ငါလည်း ကြိုက်တယ်။ တခြား ကြိုက်တဲ့ကောင်လေးတွေလည်း အများကြီးပဲ၊ ငါက ငါကြိုက်တာကို ပိုက်ထွေးကို မပြောဘဲထားတာ"

"ဒါဖြင့် မင်းလည်း ပိုက်ထွေးလိုပဲ ခင်မွှံ့ကို ရည်းစားစကား ပြောဖူးတယ်ပေါ့. . ဟုတ်လား"

ဒိန်းဒေါင် ရှက်မျက်နှာရယ်ကျဲကျဲဖြင့် ခေါင်းညိတ်၏။

"အဆင်ပြေလား"

"မင်းကလည်းကွာ. .။ မေးမှ မေးတတ်တယ်"

"ခံလိုက်ရတယ် ဆိုပါတော့. .။ ခံရပုံခံရနည်းလေး ပြောပါဦး။ မှားတဲ့အခါလည်းမှားပေမပေါ့ မဖြစ်ရအောင်လို့ပေါ့ကွာ။ ဆောင်ရန်၊ ရှောင်ရန်ပေါ့"

"အမှန်တော့ ငါလည်း ရည်းစားစကားက သိပ်ပြောတတ်တာ မဟုတ်ဘူးကွ။ အတွေ့အကြုံကလည်း မရှိဘူး၊ မနှစ်ကပေါ့ကွာ. .။ ခင်မွှံ့အကြောင်းလည်း ငါက သေသေချာချာမသိသေးဘူးပေါ့။ အဲဒါနဲ့ လိုက်ပြောဖြစ်တာ။ ပြောတော့မှ. ."

"ပါးရိုက်ခံရရောလား"

"ပါးရိုက်ခံရတာမှ တော်သေးတယ် မှတ်ပါကွာ။ ပါးရိုက်တာ ထက် ဆိုးတယ်"

"ဘယ်လိုဆိုးတာလဲ"

"ငါက သူ့ကို ကျောင်းအပြန် လိုက်ပြောတော့ စကားက အိုးနင်းခွက်နင်းပေါ့ကွာ။ ပိုက်ထွေးလိုတော့ လက်ဆွဲပါဘူး။ စကားနဲ့ပဲ ပြောတာ။ ငါ့စိတ်ထဲမှာ သူကြိုက်အောင် စိတ်ကူးရသမျှ ဟုတ်တာတွေ ရော၊ မဟုတ်တာတွေရော တင်စားပြီး ပြောလိုက်တာကွ၊ ငါ့စကားလုံး တွေက မထင်မှတ်ဘဲ သိပ်ပြီးကြီးကျယ်သွားပုံရပါတယ်၊ ပြီးမှ ငါ့ကို





ပြန့်ချစ်ပို့အကြောင်း နိဂုံးချုပ်တာကိုး။ ဒီတော့ သူက. ."

"ဖြတ်မထားနဲ့လေကွာ။ ကောင်းခန်းရောက်မှ. ."

"သူက တစ်ခွန်းပဲပြောသွားတာကွ။ မဟုတ်တာတွေ လျှောက် ပြောတယ်၊ ချေးပန်းပါစေတဲ့"

"အဲဒါနဲ့. ."

"အဲဒါနဲ့ အဲဒီညက ချေးတွေပန်းတာ လေးငါးဆယ်ခါပဲ။ လူလည်း မျော့မျော့ပဲကျန်တယ်။ ဆေးတွေဘာတွေ သွင်းယူရတဲ့အထိ ဖြစ်သွားတယ်။ ခင်မွှံ့ကိုလည်း တစ်ခါတည်း လန့်သွားတော့တာပဲ"

"ဟား. . ဟား. . ဟား. . ပန်းတဲ့အခါလည်း ပန်းပေမပေါ့ကွာ"

"မရယ်နဲ့. .။ ငါ နောက်တာမဟုတ်ဘူး၊ တကယ်ပြောတာ။ ရှက်လို့ ဘယ်သူ့မှမပြောဘဲ ထားတာ၊ ပိုက်ထွေးတောင် မသိဘူး။ မင်းမို့ ပြောပြတာ"

"မင်း မတည့်တာတွေစားလို့ ဝမ်းလျှောတာ နေမှာပေါ့ကွာ"

"မဟုတ်ဘူး. .။ သူပြောတဲ့စကားနဲ့ ငါဖြစ်တာ တစ်ထပ်တည်း ပဲ၊ သူက ချေးပန်းပါစေပြောတယ်။ ငါ ပန်းတယ်၊ အဲဒါ သူ့ကြောင့် မဟုတ်ရင် ဘယ်သူ့ကြောင့်ဖြစ်မလဲ"

နုဝဒေးက အရယ်မရပ်သေးဘဲ. .

"ဒါဆို ငါပိုစိတ်ဝင်စားသွားပြီ။ ငါ ခင်မွှံ့ကို လိုက်စကားပြောရ ရင် ဘယ်လိုနေမလဲ ငြိမ်းအောင်"

ဟု အကဲစမ်းလိုက်သည်။

"ဖြတ်စွာဘုရား. . ကယ်တော်မူပါ"

"မှားတဲ့အခါလည်း မှားကြည့်ချင်လို့ပါကွာ။ ဟား. . ဟား. ."

ထိုစကားကို ထိုနေ့က နောက်ပြောင်ပြောခဲ့ခြင်းဖြစ်သော်ငြား နောင်တစ်ချိန်တွင်မူ တကယ်ပင်ပြောဖြစ်ခဲ့လေသည်။

ჲ ჲ ჲ

www.burmeseclassic.com

www.burmeseclassic.com

# ၆။ စုန်းမလေးကို ချစ်ခွင့်ပန်မိခြင်း

အထက်တန်းကျောင်းသားဘဝမှာတုန်းက တက္ကသိုလ်ဝင်တန်း အောင်ဖို့ အသည်းအသန်ကြိုးစားနေရသည်ဖြစ်ရာ နဝဒေးအဖို့ အခြားသောအရာများကို အချိန်မပေးနိုင်ခဲ့ပါ။

အထူးသဖြင့် နှလုံးသားကိစ္စကို နဝဒေး ရှေ့တန်းမတင်နိုင်ခဲ့။

ခင်မှုံနှင့် နဝဒေး ရင်းနှီးခဲ့၏။ ကျွမ်းဝင်ခဲ့၏။ အခြားသူများက ဘေးဖယ်ရှောင်ခွာခြင်းခံခဲ့ရသူ ခင်မှုံမှာ နဝဒေး၏ ဖြူစင်သောခင်မင်မှုကို လှိုက်လှိုက်လှဲလှဲ တုံ့ပြန်မှုပေးခဲ့၏။ လေးစားယုံကြည်ခဲ့၏။

'စုန်းမလေး' ဟူသောအကြောင်းနှင့် ပတ်သက်၍မူ ခင်မှုံနှင့် နဝဒေး စကားမစပ်ခဲ့။ စကားမစပ်မိအောင်လည်း နဝဒေးက ထိန်းခဲ့၏။

ပြောရလျှင် ခင်မှုံကို စုန်းမလေးဟု ယိုးစွပ်မှုအပေါ် ယုံကြည်မှု မရှိခဲ့ပါ။ တစ်စုံတစ်ခုသော အထင်အမြင်လွဲမှားမှုဟူသော နဝဒေးကောက်ချက်ချခဲ့သည်။ ထို့ကြောင့်လည်း ခင်မှုံကို ခင်မင်မှုတွင် သနားကရုဏာပါ ပေါင်းစပ်၍ ပေါင်းသင်းဆက်ဆံခဲ့ခြင်း ဖြစ်ပါ၏။

ခင်မှုံကလည်း နဝဒေး၏ စေတနာ၊ မေတ္တာကို နားလည်ပုံ





ရလေသည်။

မွန်မွန်တို့၊ မြသီတာတို့က နဝဒေးကို သတိပေးခဲ့သလို ဗိုက်ကလေးနှင့် ဒိန်းဒေါင်တို့ကလည်း နဝဒေးကို တားခဲ့ဆီးခဲ့ကြ၏။ ထိုကြားကပင် နဝဒေးနှင့်ခင်မှုံတို့ ပိုပိုခင်တွယ်ခဲ့ကြ၏။ သံယောဇဉ်တွေ ပိုခဲ့ကြသည်ဟုလည်း ဆိုနိုင်၏။

ထိုစဉ်တုန်းကတော့ ဖြူစင်သောသံယောဇဉ်ကြီးသည် အရောင်မပြောင်းခဲ့သေးပါ။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေပြီးကြပြီးနောက် နဝဒေးက ဂုဏ်ထူးတစ်ခုနှင့်အောင်ခဲ့ပြီး ခင်မှုံမှာမူ ကံဆိုးစွာ ကျရှုံးခဲ့လေသည်။ မွန်မွန်နှင့် မြသီတာတို့လည်း အောင်ခဲ့ကြ၏။ ဗိုက်ကလေးနှင့် ဒိန်းဒေါင်က ခင်မှုံ့လိုပင် မအောင်ခဲ့။

နဝဒေးတက္ကသိုလ်တက်နေချိန်တွင် ခင်မှုံက ကျောင်းမ[illegible] တော့ဘဲ သူမ၏ခိုက်ခင်းကလေးကြားမှာပင် နစ်မြုပ်သွားတော့သည်။

တက္ကသိုလ်မှာ ရောင်စုံပန်းတွေ ရှုမငြီးစရာ ကြဲဖြန့်ထားသလို ရှိခဲ့သော်လည်း ဝေးနေသောအခါမှပင် နဝဒေး၏နှလုံးသားက မြို့မှ အရိုင်းပန်းကလေး ခင်မှုံကို သတိတရ တမ်းတမ်းတတဖြစ်ကာ အချစ်အကြောင်းကို နားလည်ခံစားမိသွားသည် ဆိုရမည် ထင်ပါ၏။

အချိန်မရွေး နဝဒေး၏အာရုံထဲမှာ ခင်မှုံသာ။

ထို့ကြောင့်လည်း ကျောင်းပိတ်ရက် မြို့ပြန်သောအခါ ခင်မှုံကို တွေ့အောင်ကြိုးစားပြီး မြှုံထားမိသမျှ ရင်ဖွင့်ပြခဲ့မိတော့၏။

ထိုနေ့က ခင်မှုံ ဈေးမှာ ပန်းလာရောင်းသည်။ ခင်မှုံပန်းရောင်းနေရာသို့ နဝဒေးရောက်သွားကာ. .

"ပန်းဝယ်ချင်လို့"

ဟု အသံပြုလိုက်သည်။

ပန်းကလေးတွေကို ရေဖျန်းပြီး နေရာစီနေသော ခင်မှုံ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်သည်။ အံသံကို မှတ်မိပုံရှိသည်ဟု နဝဒေးခန့်မှန်း၏။ ခင်မှုံ့ မျက်ဝန်းတွေက နဝဒေးကိုမြင်သည်နှင့် အရောင်လက်သွားကြသည်။ နှုတ်ခမ်းပေါ်မှာ အပြုံးတစ်ပွင့်ဖြစ်ထွန်းလာသောအခါတွင် ဗန်းထဲက ပန်းများထက် ပို၍လှသွားသည်ဟု နဝဒေးထင်မိလေသည်။

"အစ်ကို. ."

ခင်မှုံ့နှုတ်ဖျားမှ အနိုကျလာသော ခွန်းဆက်အသံ။

"ပန်းဝယ်ချင်လို့"

နဝဒေးက ထပ်ပြောသည်။

"တကယ်လား. .။ ဘာပန်းဝယ်မှာလဲ။ ဘယ်လောက်ဖိုးလဲ"

ခင်မှုံက မယုံရဲရဲ ပြန်မေးသည်။ စူးစမ်းကြည့်ကလေးနှင့်လည်း ကြည့်နေသည်။ နဝဒေး ပြုံးလိုက်သည်။ ခင်မှုံ့ရှေ့တွင် ထိုင်ချလိုက်ကာ လေသံနိမ့်၍ ဘေးမှဈေးသည်များ မကြားရအောင် ပြောလိုက်သည်။

"ဗန်းထဲကပန်းကို ဝယ်ချင်တာ မဟုတ်ဘူး"

ခင်မှုံ မျက်လုံးလေးတွေ ပိုင်းသွား၏။ နှုတ်ခမ်းများမှ အပြုံး ကား ပျောက်မသွားသေး။ နဝဒေးက ထပ်ပြောသည်။

"ရင်ထဲကပန်း တောင့်ငါးရာဖိုး လိုချင်တယ်"

"အစ်ကိုကလည်း. ."

ခင်မှုံ့ခေါင်းကလေး အိခနဲ ငုံ့ကျသွား၏။ မျက်လုံးကို မမြင်ရတော့သော်လည်း နှုတ်ခမ်းမှ အပြုံးရိပ်ကို ပီပီသသမြင်နေရသည်။ အို. . ခင်မှုံ့ရင်ကလေး နိမ့်လိုက်၊ မြင့်လိုက် ရှိနေပါကလား။

"ခင်မှုံဈေးရောင်းပြီး ပြန်ရင် စကားပြောချင်တယ်။ အစ်ကို စောင့်နေမယ်"

နဝဒေးက ဈေးထဲမှာဖြစ်၍ ကိုယ်ရှိန်သတ်ကာ သတင်းပေး ခဲ့ပြီး နေရာမှ လှည့်ထွက်လာခဲ့သည်။

ဂဂဂ



စက်ဘီးကလေးကိုတွန်း၍ ခင်မှုံနှင့်ယှဉ်လျှောက်လာရင်း နဝဒေး က ခင်မှုံ့ကို ခိုးခိုးကြည့်မိ၏။ ခင်မှုံ့အကြည့်နှင့် မကြာခဏဆုံရ၏။ ခင်မှုံက ရှက်ရွံ့စွာ မျက်လွှာချချသွားသည်။ ပါးပြင်မို့မို့မှာ ပန်းသွေးပြေး လျှက်ရှိသည်။

ခင်မှုံ ဈေးရောင်းပြီး ရွာပြန်သောလမ်းမှာဖြစ်၏။ မြေလမ်းပေါ် မှာ စက်ဘီးကလေး ကြားမှခြား၍ ခင်မှုံနှင့် နဝဒေး ဘေးချင်းယှဉ် လျှောက်. .။

မွန်းတည့်လုလုနေက ခေါင်းပေါ်မှာ. .။

အရိပ်တွေက ခြေထောက်နားမှာ ပြားဝပ်နေကြ၏။

ကုက္ကိုပင်ကြီးတစ်ပင်၏ အရိပ်အောက်တွင် နဝဒေးက စက်ဘီး ကိုရပ်လိုက်ပြီး. .

"ခင်မှုံ. . ခဏနားရအောင်"

ဟု ပြောလိုက်သည်။ ခင်မှုံက ဘာမျှပြန်မပြောသော်လည်း ကိုင်လာသောဗန်းကို စက်ဘီးကယ်ရီယာပေါ် လှမ်းတင်ကာ ခြေလှမ်းကို ရပ်သည်။

"ခင်မှုံ. ."

"ရှင်. ."

နဝဒေး၏ခေါ်သံမှာ အဖျားခတ်တုန်ယင်နေသလို ခင်မှုံ၏ထူးသံ သည်း ဖိုလှိုက်နေ၏။

အကြည့်ချင်းဆုံကာ ရင်အခုန်တွေကြမ်းပြီး နှစ်ဦးလုံး အကြည့် လွှဲလိုက်မိကြသည်။

လှုပ်ခါနေသောရင်ကို အတန်ကြာမျှ ထိန်းပြီးကာမှ နဝဒေး စကားစလိုက်သည်။

"ကိုယ် တက္ကသိုလ်မှာနေခဲ့ရတဲ့ ကာလတစ်လျှောက်လုံး ခင်မှုံ့ ကို သတိရနေခဲ့တယ်။ ခင်မှုံရော ကိုယ့်ကို သတိမရဘူးလား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခင်မှုံလည်း သတိရပါတယ်"

ခေါင်းမဖော်ဘဲ ခင်မှုံပြောသည်။ အသံက ကြားရရုံမျှ တိုးသည်။

"သံယောဇဉ်ဆိုတာ နီးနေစဉ်ကထက် ဝေးတော့မှ ပိုသိတယ် ဆိုတာ အမှန်ပဲ ခင်မှုံ။ ကိုယ့်ရင်ထဲ ဖြစ်နေတာတွေကို ကိုယ့်ဘာသာ ပြန်ပြီးဆန်းစစ်တော့မှ ဒါဟာ သံယောဇဉ်ပါလား၊ ဒါဟာ အချစ်ပါလား လို့ နားလည်ခဲ့ရတယ်"

ခင်မှုံ စကားမပြန်..။

"ခင်မှုံ ယုံပါ။ ကိုယ် ခင်မှုံ့ကို ချစ်တယ်"

ခင်မှုံ ခေါင်းငိုက်စိုက်ငုံ့သွားသည် ထင်ရ၏။

"ခင်မှုံဘယ်လိုစဉ်းစားလဲ"

"ရှင်.."

"ဪ..ကိုယ်ပြောတာကို ခင်မှုံဘယ်လိုသဘောပေါက်လဲ၊ ကိုယ့်ကို နားလည်ရဲ့လား။ ကိုယ့်စကားကို ယုံရဲ့လားဆိုတာ.."

ခင်မှုံပင့်သက်ရှိုက်သည်ကို နဝဒေးတွေ့ရသည်။ ငုံ့နေရာမှ မော့လာသော်လည်း နဝဒေးကိုမကြည့်ဘဲ အဝေးကိုငေးကာ..

"အစ်ကို့ကို အရင်ကတည်းက ခင်မှုံက လုံးဝဥသုံ ယုံကြည် နေတဲ့သူပါ"

"ကိုယ်ချစ်တယ် ဆိုတာကိုရော"

"အစ်ကို့ကို ယုံပါတယ်ဆိုမှတော့ အစ်ကိုပြောတာလည်း ယုံ တာပဲပေါ့"

"ယုံတော့..:"

ခင်မှုံ ဟက်ခနဲ တစ်ချက်ရယ်သည်။ သဘောကျ ရွှင်မြူးသော ကြောင့် ရယ်သံမဟုတ်။ သရော်မော်ကားရယ်သံလည်း မဟုတ်။ မောလျ သောခံစားမှုကို ဖွင့်အန်လိုက်သော ရယ်သံဟု နဝဒေးထင်သည်။

ခင်မှုံ နဝဒေးကို မျက်နှာချင်းဆိုင်သည်။





"အချိန်စောပါသေးတယ် အစ်ကို"

"ကိုယ့်အချစ်ကို စေဖန်သုံးသပ်ဖို့ စောင့်ကြည့်ဖို့လား ခင်မှုံ။ ခင်မှုံ့ရင်ထဲမှာရော ခံစားမှုရှိမနေဘူးလား"

"အဲဒီနှစ်ချက်စလုံးကြောင့် အချိန်စကားပြောတာ မဟုတ်ပါဘူး အစ်ကို"

"ဒါဖြင့် ဘာကြောင့်လဲ"

"ဘဝကြောင့်ပါ"

ထိုအပြောကိုတော့ ခင်မှုံက ရဲရဲ တိပ ပြတ်သားစွာ ပြောသည်။

"ခင်မှုံ.."

"ရှင်.."

"ခင်မှုံ ဘာတွေတွေးနေတာလဲ။ ခင်မှုံနဲ့ ကိုယ် ဘဝအခြေအနေ ခြင်း မတူဘူးလို့ တွေးနေတာလား။ ကိုယ့်ကိုယုံတယ်ဆိုရင် အဲဒါတွေ တွေးဖို့ မလိုဘူးထင်တယ်"

ခင်မှုံ အပြုံးယဲ့ယဲ့ဖြင့်..

"အစ်ကိုက သတ္တိရှိတယ်လား"

ပြန်မေးသည်။

"ဟုတ်တယ် ခင်မှုံ..။ ချစ်လို့ သတ္တိရှိတယ်"

နဝဒေး အဖြေမြန်ပါသည်။ ဖြေသံကလည်း နိုင်မာပါသည်။ ကြည်စိတ်ချစေချင်သောကြောင့်ပင် ဖြစ်သည်။ ခင်မှုံကမူ နဝဒေးကို ကြည့်နေရာမှ အကြည့်ပြန်လွှဲသွားသည်။ ခေါင်းကလေးယမ်းရင်း..

"ခင်မှုံက အစ်ကိုနဲ့ ပြောင်းပြန်ပဲ"

"ဘယ်လို ခင်မှုံ.."

ခင်မှုံ၏ သက်ပြင်းချသံ ကြားရပြန်၏။

"ခင်မှုံက..ခင်မှုံက..ချစ်လို့ သတ္တိမရှိတာ"

"ဟင်.."



www.burmeseclassic.com

www.burmeseclassic.com



"ခင်မှုံ့ကြောင့် အစ်ကိုစိတ်မဆင်းရဲစေချင်ဘူး။ ခင်မှုံ့ကြောင့် အစ်ကိုဒုက္ခမရောက်စေချင်ဘူး။ ခင်မှုံ့ကြောင့် အစ်ကို့ဘဝ မှန်တိုင်းမထန်စေချင်ဘူး"

"ခင်မှုံရယ်. ."

နဝဒေးက ခင်မှုံ၏လက်ကို ဖမ်းဆုပ်လိုက်သည်။ ခင်မှုံ မရုန်းပ်။

"ခင်မှုံ့ကို အရင်ကလိုပဲ သူငယ်ချင်းတစ်ယောက်လို သဘောထားပေးပါ။ ဒီ့ထက်ပိုချင်ရင် ညီမလေးတစ်ယောက်လို သဘောထားပါ၊ ခင်မှုံကတော့ သူငယ်ချင်းတစ်ယောက်လို၊ ညီမတစ်ယောက်လိုပဲ နေချင်တယ်။ ဒီ့ထက်မပိုချင်ဘူး"

"ခင်မှုံ. ."

"ဒီ့ထက် မပိုသည်း မပိုသင့်ပါဘူး အစ်ကို၊ ဒါဟာ အစ်ကို့ရဲ့ ခင်မှုံ့အတွက် အကောင်းဆုံးအဖြေပဲ"

"ခင်မှုံ သိပ်စကားတတ်နေပါလား၊ စကားတွေက ရင့်ကျက်နေတယ်လို့ ကိုယ်ခံစားရတယ်"

"အသက်ငယ်ပေမယ့် ဖြတ်သန်းခဲ့ရတဲ့ လူ့လောကအတွေ့အကြုံတွေက ပြောရရင် ခင်မှုံ အစ်ကို့ထက်သာပါတယ်၊ အစ်ကို့လောက် ပညာရော၊ ဉာဏ်ရည်ပါ မထက်မြက်ပေမယ့် ဘဝပေးအသိဆိုတာမှာတော့ အစ်ကို့ထက် ပိုပါတယ်။ အစ်ကို ရေ့ကိုမြင်တာထက် ခင်မှုံပိုပြီး မြင်ပါတယ် အစ်ကို။ ဒါကြောင့် အစ်ကို့ထက် ခင်မှုံ သတ္တိမပိုနိုင်တာပါ"

"ဘာပဲဖြစ်ဖြစ် ခင်မှုံ့ကို အစ်ကိုချစ်တယ်။ ခင်မှုံ့ကို အစ်ကို လက်ထပ်မယ်"

ခင်မှုံက နဝဒေးဆုပ်ထားသော သူမ၏လက်ကို ခပ်သာသာချ၍ ရုန်းလိုက်သည်။ နဝဒေးက အလိုက်သိစွာ လျှော့ပေးလိုက်၏။ ခင်မှုံသည် စက်ဘီးကယ်ရီယာပေါ်တင်ထားသော သူမ၏ဆံဖျားပန်းဘာလေး





ကို ဆွဲယူလိုက်သည်။

"ခင်မှုံ့ကို ခွင့်လွှတ်ပါ"

ပြောပြောဆိုဆို ခင်မှုံလှည့်ထွက်သည်။

"ခင်မှုံ. . နေပါဦး"

ခင်မှုံ့ခြေလှမ်းများက တုံ့ခနဲ ပြန်ရပ်သွားသည်။ လှည့်တော့ မကြည့်။

နဝဒေးက ခင်မှုံ့နား တိုးကပ်ကာ. .

"ကျောင်းပြီးတာနဲ့ အလုပ်ရှာပြီး ကိုယ် ခင်မှုံ့ကို လက်ထပ်မယ်။ ဒါ. . ကိုယ့်ရဲ့ သစ္စာစကားပဲ"

ဟု ပြောလိုက်သည်။

"အစ်ကို့နှလုံးသားကို ခင်မှုံနားလည်ပါတယ်။ ခင်မှုံ့နှလုံးသားကိုလည်း အစ်ကိုနားလည်ပါ။ ဒီလောက်နဲ့ပဲ ကျေနပ်ပါ အစ်ကို"

"ဟင့်အင်း. .။ ကိုယ် ခင်မှုံ့အချစ်ကို လိုချင်တယ်"

ခင်မှုံ့ထံမှ ရှိုက်သံသဲ့သဲ့ ထွက်လာ၏။

"အစ်ကိုလိုချင်တာ ရပြီးပြီလို့ပဲ သဘောထားပါ။ ပြီးတော့ ဇာတ်လမ်းလည်း ပြီးဆုံးပြီလို့ပဲ တစ်ပါတည်းသဘောထားလိုက်ပါ အစ်ကို"

ခင်မှုံ ခြေလှမ်းတွေ ပြန်စသည်။ နဝဒေးက ခင်မှုံ့လက်ကို ဖမ်းဆွဲပြန်၏။ မချင့်မရဲဖြင့်. .

"ခင်မှုံ ဘာဖြစ်လို့ တွေဝေနေတာလဲ။ လောကမှာ ဖြေရှင်းလို့မရတဲ့ပုစ္ဆာ မရှိဘူး။ ရင်ဆိုင်ကျော်ဖြတ်ရဲရင် အရာအားလုံးကို ကျော်လွှားအောင်မြင်နိုင်တယ်"

ခင်မှုံ ခေါင်းယမ်းသည်။ ခင်မှုံ့ပါးပြင်ပေါ်သို့ မျက်ရည်ဥကလေးပြိုကျလာသည်ကို နဝဒေးတွေ့ရပြီး ရင်ထဲမှာ နင့်ခနဲဖြစ်သွားသည်။

"အစ်ကို လက်လျှော့လိုက်ပါ။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် လက်လျှော့ရမှာလဲ၊ ဘာကြောင့် ဖြေစိမ့်နိုင်းမှာလဲ"

"အဖြေကို အစ်ကိုသိပ်သိချင်လား"

"ဟုတ်တယ်. ."

ခင်မှုံက အဖြေတစ်ခွန်းကိုပြောကာ နုဝဒေးခွဲထားသောသက်ကို ရှုန်းလျက် နေမှုထဲသို့ ပြေးထွက်သွားသည်။ အုံ့ဩခြင်း၊ တုန်လှုပ်ခြင်း၊ ချောက်ချားခြင်းတို့ဖြင့် ကြက်သေသေသွားကာ နုဝဒေး နေရာမှာပင် ကျောက်ရုပ်ကြီးလို မလှုပ်မယှက်ရပ်ကျန်ခဲ့၏။ ရင်ထဲမှာမူ လေကြမ်းသည့် အစာနာမှုံစွာ ဝှေ့ယမ်းတိုက်ခတ်လျက်ရှိလေသည်။

ခင်မှုံပြောသွားသောစကားက နုဝဒေးနားထဲမှာ ပဲ့တင်ရိုက်လျက်. .။

"ခင်မှုံက စုန်းမလေးဖြစ်နေလို့ပါ အစ်ကို. .။ စုန်းမလေးဖြစ်နေလို့ပါ. ."

ည ည ည

မိခင်ဖြစ်သူဒေါ်စန်းစန်းမြင့်၏မျက်နှာမှာ သွေးမရှိသလို ဖြူဖျော့၍နေ၏။ ဒေါသဖြင့်မဟုတ်ဘဲ တုန်လှုပ်ချောက်ချားစွာသော စကားများကို ထပ်၍ပြောသည်။

"သား. . အဲဒီကောင်မလေးနဲ့ ချစ်သူဖြစ်နေတာလား"

ခင်မှုံနှင့် နုဝဒေး စကားပြောနေသည်ကို တစ်စုံတစ်ယောက်





တွေ့သွားခဲ့ပုံပေါ်သည်။ ထိုတစ်စုံတစ်ယောက်က နုဝဒေးမိခင်ကို ပြန်၍ပြောလိုက်ပုံရသည်။ မိခင်ဒေါ်စန်းစန်းမြင့် မျက်နှာပျက်နေသည်မှာ နုဝဒေးဘဝတွင် တစ်ခါမျှ သည်သို့မမြင်ခဲ့ဖူးဟု ဆိုရလောက်သည်။

"မဟုတ်ပါဘူး အမေ"

နုဝဒေးက ခပ်တိုတိုဖြေသည်။ မိခင်က ယုံပုံမရ။

"အမေ့ကို မလိမ်ပါနဲ့ သားရယ်။ အမှန်အတိုင်း ပြောစမ်းပါ။ သား အဲဒီကောင်မလေးနဲ့ ဖြစ်နေပြီလား။ ဒုက္ခပါပဲ"

မေးရင်းကပင် အဖြေကိုမစောင့်ဘဲ မျက်ရည်များက ကျလာတော့၏။

"အမေ ဘာလို့ငိုတာလဲ။ ဒါ. . ငိုစရာမှ မဟုတ်တာ"

"အမလေး သားရယ်. .။ ဒီကလေးမလေးကိုမှ သွားပြီးကြိုက်ရသတဲ့လား။ အမေက ဂုဏ်ကြောင့်၊ ပစ္စည်းဥစ္စာကြောင့်၊ ပညာကြောင့် ခွဲခြားတဲ့စိတ်နဲ့ ပြောတာမဟုတ်ဘူး။ သား ဘယ်သူ့ကိုချစ်ချစ်၊ ဘယ်ကိုယူယူ သဘောတူနိုင်ပါတယ်။ ဒါပေမဲ့. ."

"ကျွန်တော် ခင်မှုံ့ကို လက်ထပ်ချင်တယ် အမေ"

"ဘုရား. . ဘုရား. . သားဘယ်လိုပြောလိုက်တယ်"

"ခင်မှုံ့ကို လက်ထပ်ချင်တယ်လို့ ပြောတာပါ။ အမေမေးသလို သူနဲ့ကျွန်တော် ချစ်သူမဖြစ်သေးဘူး။ ဒါပေမဲ့ ကျွန်တော် သူ့ကိုချစ်တယ်။ သူ့ကို လက်ထပ်ချင်တယ်။ သူနဲ့ ဘဝတစ်ခု တူထောင်ချင်တယ်"

"သား. . မင်း အသိဉာဏ်တွေ မရှိတော့ဘူးလားကွယ်။ အဲဒီကလေးမလေးရဲ့ အမေက စုန်းမကြီးတဲ့။ ကောင်မလေးကလည်း စုန်းမလေးတဲ့"

"အဲဒါ သူများတွေက ပြောတာပါ အမေ။ ကျွန်တော်မယုံပါဘူး။ ခင်မှုံဟာ နှလုံးသားလှတယ်။ နှလုံးသားမလှသူသာ စုန်းပါ အမေ။ ဒါကြောင့် ခင်မှုံ့ကို ကျွန်တော်လက်ထပ်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"သား. . သားရယ်. . အမေ. ."

မိခင်ဒေါ်စိန်းစန်းမြင့်သည် မချိတင်ကဲဖြင့် စကားပြောရန် အားယူစဉ်မှာပင် ရင်ထဲ၌ အပြင်းအထန်ခံစားလိုက်ရသည့်နှယ် ရင်ကိုဖိကာ ပျော့ခွေသွားခဲ့၏။ နဝဒေး အထိတ်တလန့်ဖြစ်သွားပြီး မိခင်ကို ပွေ့ထူလိုက်သည်။

"အမေ. . အမေ. . အမေ. ."

ဥဥဥ

"ကံကောင်းလို့ သားရယ်. .။ မင်းအမေက နှလုံးသိပ်ကောင်းလှတာမဟုတ်ဘူး။ မင်းကြောင့် ဘယ်လောက်စိတ်ထိခိုက်သွားလဲ. . သိလား။ အသက်ပါမသွားတာ ကံကောင်းတာပဲ"

ဖခင်ဦးကောင်းမြတ်က ဆူပူခြင်းမဟုတ်သော ကျိုးကြောင်းရှင်းပြမှုဖြင့် နဝဒေးကို ပြောသည်။

ထိုနေ့က မိခင်သတိလစ်သွားသဖြင့် ဆေးရုံပို့ရသည်။ ဆရာဝန်ကြီးတွေ အသည်းအသန် ဂရုတစိုက် ကုသလိုက်ရသည်။ မိခင်သတိပြန်လည်လာ၍ တော်ပေသေးသည်။ မဟုတ်လျှင် နဝဒေးသည် မိခင်ကိုသတ်သူ ဖြစ်သွားပေလိမ့်မည်။

နဝဒေး စိတ်မကောင်းပါ။

တစ်ဦးတည်းသောသားမို့ ချစ်ခဲ့၊ အလိုလိုက်ခဲ့၊ လိုလေသေးမရှိ ပြုစုပျိုးထောင်ပေးခဲ့သော မိခင်၏မေတ္တာကို နားလည်သူပီပီ မိခင်ကို





သနားလှသည်။ မိမိအတွက် မိခင် ထိခိုက်ခံစားရပြီ။ ဒါကလည်း မိမိအတွက် ပူပန်စိုးရိမ်နှောင့်ခြင်းကြောင့်သာ ဖြစ်သည်။ အတ္တကြောင့်မဟုတ်။

တစ်ဖက်က ကျပြန်တော့လည်း ပိပိအသက်မက ချစ်မိသူ။

"သား. . မင်း အဲဒီကောင်မလေးနဲ့ ချစ်သူဖြစ်နေပြီလား"

မိခင်လိုပင် ဖခင်ကလည်း မေးပြန်လေပြီ။

"ချစ်သူမဖြစ်သေးပါဘူး. .။ ဒါပေမဲ့ သူ့ကို ကျွန်တော်ချစ်နေမိတာတော့ အမှန်ပဲ အဖေ။ သူ့ကို ကျွန်တော်လက်ထပ်ချင်တယ်"

နဝဒေးက မိခင်ကို ဖြေခဲ့သလို ဖခင်ကို အဖြေပေးလိုက်သည်။

ဦးကောင်းမြတ်က သက်ပြင်းချသည်။

"အဖေကတော့ အယုံအကြည်၊ အစွဲအလမ်းကြီးတဲ့သူ မဟုတ်ပါဘူး။ ဒါပေမဲ့ မင်းအမေက အစွဲအလမ်းကြီးတယ်။ စိတ်အားငယ်တယ်။ ပြီးတော့ နှလုံးမကောင်းတာလည်း သားအသိပဲ။ ဒီတော့ ဘာပဲဖြစ်ဖြစ် သားအမေကို ငဲ့ညှာပါ။ စိတ်လိုက်မာန်ပါ တဇွတ်ထိုးမလုပ်ပါနဲ့လို့ အဖေ မေတ္တာရပ်ခံချင်တာပါပဲကွယ်"

ဥဥဥ

မိခင်ဖြစ်သူ ဆေးရုံက ပြန်ဆင်းလာသည်။ မိခင်ဖြစ်သူ၏ ကျန်းမာရေးကို နဝဒေးဂရုစိုက်ရ၏။ ခင်ပို့အကြောင်း စကားမပြောရ။ ခင်မှုံတို့ရှိရာဘက်သို့ ခြေဦးမလှည့်ရ။



www.burmeseclassic.com

www.burmeseclassic.com



နုဝဒေးမလာသဖြင့် ခင်မှုံက တစ်ကြိမ်တည်းနှင့် တပ်လန့်သွားခဲ့ပြီဟု ထင်ကောင်းထင်ပေမည်။ သို့မဟုတ် သတ္တိရှိပါသည်ဟု ပြောခဲ့သော နုဝဒေးတစ်ယောက် ရုတ်ချည်းပင် သတ္တိတွေကြောင်သွားပြီဟု မဲ့ပြုံးပြုံးနေလေမလား မသိ။

ခင်မှုံ၏စကားအရ ခင်မှုံ၏နှလုံးသားကို နုဝဒေးနားလည်ပါသည်။

ခင်မှုံရင်မှာလည်း နုဝဒေးကို သံယောဇဉ်မကင်းပါ။

သို့သော် ခင်မှုံက နှလုံးသားအလိုဖြင့် ဆုံးဖြတ်ရမည့်သူမဟုတ်၊ ဦးနှောက်အလိုဖြင့်သာ ဆုံးဖြတ်မည့်သူဟု နုဝဒေးထင်သည်။

နုဝဒေးနားမလည်နိုင်သည်ကတော့ ခင်မှုံနောက်ဆုံးပြောသွားခဲ့သော စကားဖြစ်၏။

နုဝဒေး၏ ခြေလှမ်းတွေကိုပဲ တန့်စေလို၍လား..။

သို့မဟုတ် အမှန်ပဲလား..။

နုဝဒေး ဝေခွဲမရ။

"ခင်မှုံက စုန်းမလေးဖြစ်နေလို့ပါ အစ်ကို.. ။ ခင်မှုံက စုန်းမလေးဖြစ်နေလို့ပါ"

နုဝဒေးရင်ကို မီးနှင့်မြိုက်သည်သို့ပါပဲ။

'ဘယ်ဘဝက ဝဋ်ကြွေးများပါလိမ့် ခင်မှုံရယ်'

ꩡꩡꩡ

အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com

## ၅။ စုန်းမလေးမှာလည်း အသည်းနှလုံးပါ

"ခင်မှုံ. ."

ပန်းကလေးတွေကို ဖန်းထဲမှာ နေရာအထားအသိုလှအောင် ပြင်ပေးနေစဉ် ပေါ်လာသောအသံကြောင့် ခင်မှုံလှုပ်ရှားသွားသည်။ ပထမဆုံး လှုပ်ရှားသည်က ရင်ဖြစ်၏။ ငြိမ်နေသောရင်သည် တစ်မုဟုတ်ချင်း လှိုင်းထန်သွား၏။ ဒုတိယလှုပ်ရှားသည်က ခန္ဓာကိုယ်ဖြစ်၏။ အလုပ်လုပ်နေသောလက်တွေ ရုတ်ချည်းတန့်ရပ်သွားကာ ပန်းများထံ အာရုံရောက်နေသော မျက်လုံးများက ဆတ်ခနဲပင် အသံလာရာသို့ မော့ကြည့်မိသွား၏။

မိမိမျှော်လင့်ထားခဲ့သည်မှာ ကြာပြီဖြစ်သော အသံရှင်. .။

သူ. . သို့မဟုတ်. . အစ်ကို. . သို့မဟုတ်. . နဝဒေး. .။

နဝဒေးက အပြုံးနွမ်းဖျော့ဖျော့ကလေးဖြင့် ခင်မှုံ့ကို ကြည့်နေ၏။ နဝဒေးမျက်လုံးကလေးများ ရီဝေဝေ၊ မှိုင်းပျပျဖြစ်နေသည်ဟု ခင်မှုံထင်သည်။

"အစ်ကို. ."





"ခင်မှုံ. . ဈေးရောင်းကောင်းရဲ့လား"

နဝဒေး၏ ဦးစွာသော နှုတ်ဆက်စကား. .။

နဝဒေး၊ ခင်မှုံကို ချစ်စကားပြောခဲ့ပြီးနောက် ပထမဆုံးအကြိမ် ပြန်တွေ့ခြင်းဖြစ်သည်။

သူ ခင်မှုံကို ချစ်စကားပြောသည့်နေ့က ခင်မှုံ ရင်တွေတုန်ရ ခုန်ရသည်မှာ ဘဝတွင် ဦးဆုံးဖြစ်၏၊ တဒင်္ဂအပျော်ကလေးတွေ လွှမ်းလွှမ်းခြုံကြွ ကျေနပ်ခဲ့ရကြောင်း ခင်မှုံဝန်ခံလိုပါ၏။

နဝဒေးကို စတင်တွေ့ရှိခဲ့သည့်နေ့ လဲကျသောအဘွားအိုအား ဆေးခန်းပို့သည့်နေ့ကပင် ခင်မှုံ နဝဒေးကို ရင်ခုန်ခဲ့ရပါသည်။ အချစ်ကို သည်လို သေသေချာချာ၊ ပီပီပြင်ပြင် မသိနားမလည်ခဲ့ဖူးသော ခင်မှုံသည် နဝဒေးကိုမြင်ပြီး အမည်မဖော်ပြတတ်သော ဝေဒနာချိုချိုကလေးများကို နှလုံးသည်းပွတ်တွင် မွေးဖွားပိုက်ထွေးမိခဲ့သည်။ ယင်းကို အချစ်ဟူ၍ နောင်တွင် ခင်မှုံ့ဘာသာ အမည်တပ်ပေးမိခဲ့၏။

ကျောင်းတွင် နဝဒေးကို ပြန်ဆုံရသောအခါ ခင်မှုံပို၍ပျော်ခဲ့ရသည်၊ အခြားသူများလို မဟုတ်ဘဲ ခင်မှုံ့အပေါ်တွင် ရိုးရှင်းသန့်စင်သော ခင်မင်မှုဖြင့် ဂရုတစိုက်ဆက်ဆံခဲ့သော နဝဒေးကို ပိုမိုလေးစား ခင်တွယ်ခဲ့ရပြန်သည်။

အမှန်ကန်ဆုံး ဖြောင့်ချက်ပေးရမည်ဆိုလျှင် နဝဒေးကို ခင်မှုံ ထိတ်တလန့်ချစ်ခဲ့မိပါပြီ။

သို့သော် ခင်မှုံနှင့် နဝဒေးတို့၏ဘဝကား ကွာခြားလွန်းလှပါ၏။

နဝဒေး၏ဖခင်မှာ စိုက်ပျိုးရေးအရာရှိကြီးတစ်ဦးဖြစ်၍ ငွေကြေး ဥစ္စာလည်း အတန်အသင့်ချမ်းသာကြွယ်ဝပုံရသည်။ ခင်မှုံမှာက အမေ တစ်ခု၊ သမီးတစ်ခု. .။ အမေက ရုပ်ပျက်ဆင်းပျက် ဒုက္ခဝေဒနာသည်။ ပန်းနှင့် ရာသီပေါ်ဟင်းသီးဟင်းရွက်ကလေးများ စိုက်ပျိုးရင်း ဘဝကို ရုန်းကန်နေရသူများ။ ပတ်ဝန်းကျင်က ပစ်ပယ်ထားခံရသည့် မိသားစု။



www.burmeseclassic.com

www.burmeseclassic.com



နဝဒေးနှင့် ခင်မွှံ အဘယ်မှာ နယ်နိမိတ်ချင်း ထိစပ်နိုင်ပါအံ့နည်း။

မည်သို့ဆိုစေ အချစ်သည် ရှုံးသွပ်မှုတစ်ခုဖြစ်၏။ ဖြစ်သင့်တာကို မတွေး၊ ဖြစ်ချင်တာကို တွေးမိခဲ့၏။ နဝဒေး၏အချစ်ကို မဝံ့ရဲရဲ မျှော်လင့်ခဲ့မိ၏။

နဝဒေးကလည်း ခင်မွှံကို သံယောဇဉ်ခွယ်ရာက ရစ်ပတ်နှောင်တွယ်မှု ကြီးထွားလာပုံရသည်။ တက္ကသိုလ်တက်ပြီး ကျောင်းပိတ်ရက် ပြန်အလာတွင် ခင်မွှံ့ကိုချစ်ကြောင်း ရင်ဖွင့်ခဲ့လေသည်။

"ကိုယ် ခင်မွှံ့ကို ချစ်တယ်" . . တဲ့။

"ခင်မွှံ့အချစ်ကို လိုချင်တယ်" . . တဲ့။

"ခင်မွှံ့ကို လက်ထပ်မယ်" . . တဲ့။

ယုံပါသည် . . ။ ခင်မွှံ ယုံပါသည်။ တည်ကြည်သော နဝဒေး၏ စကားကို ခင်မွှံ အကြွင်းမရှိ ယုံပါသည်။ ယုံ၍ ပျော်လည်း ပျော်မိပါသည်။ 'ခင်မွှံကလည်း အစ်ကို့ကိုချစ်နေမိတာပါ' ဟု တစ်ခါတည်းပင် မရှက်မကြောက်ဝန့်ခံပြီး အဖြေပေးလိုက်ချင်ပါသည်။

သို့သော် တကယ်တမ်းမှာကျတော့ ခင်မွှံ သတ္တိတွေနည်းသွားသည်။ သူကလည်း ချစ်နေပြီး ကိုယ်ကလည်း ချစ်နေသည်ဟု တိတိပပ ခံစားချက်တွေ ဖလှယ်ရတော့မည့်အချိန်မှာပင် အချစ်ဆိုသောအရာက အဓိပ္ပာယ်လုံးဝပြောင်းသွားခဲ့၏။ ရှုံးသွပ်ခဲ့သော အချစ်သွေးများက ဦးနှောက်အသိတရားအောက်တွင် သွေးကြောင်သွားခဲ့၏။

'သူ့ကိုချစ်လျှင် သူ့ကို ဒုက္ခမရောက်စေသင့်ဘူး' ဟူသော အတွေးက ရုတ်တရက် ကြီးစိုးမင်းမူသွားသည်။ ချစ်သည့်နေရာမှာပင် မပ်တန့်သင့်ပြီ။ ရှေ့ဆက်မတိုးသင့်တော့။ တိုးလျှင် မီးကိုတိုးသော ပိုးဖလံများလို သေပွဲဝင်ရမည့် ငမိုက်သားများ ဖြစ်ပေတော့မည်။

'သူ့ကို တကယ်ချစ်ပါသလား။ ချစ်လျှင် ဝေးဝေးနေလိုက်ပါ'





ဟု ခင်မွှံ့ကိုယ်ခင်မွှံ သတိပေးတားမြစ်မိခဲ့၏။

ထို့ကြောင့်ပင် ခင်မွှံ နဝဒေးကို ငြင်းမိခဲ့ပါချေသည်။

"ခင်မွှံ့ကို ခွင့်လွှတ်ပါ . ."

"ဇာတ်လမ်းပြီးဆုံးပြီလို့ တစ်ပါတည်း သဘောထားလိုက်ပါ . ."

"ခင်မွှံက စုန်းမလေးဖြစ်နေလို့ပါ အစ်ကို . ."

သည်လိုပင် ခင်မွှံအပြတ်ဖြတ်ခဲ့ပါ၏။

ခက်သည်က နှလုံးသား . . ။ သူ့ထံမှ ခင်မွှံပြေးထွက်ခဲ့သော်လည်း ခင်မွှံ့နှလုံးသားက ဦးနှောက်ကို ထိပ်တိုက်ရင်ဆိုင်နေပြန်ချေပြီ။ သူ့ကို တွေ့ချင်နေသည်။ မြင်ချင်နေသည်။ စကားပြောချင်နေသည်။ မိမိကိုယ်တိုင်က ဇာတ်လမ်းကို နိဂုံးပါဟု ပြောခဲ့သော်ငြား မိမိနှလုံးသားက အဆုံးမသတ်နိုင် ဖြစ်နေခဲ့ပေ၏။

သည့်အတွက်နှင့် ခင်မွှံ တိတ်တခိုးမျက်ရည်ကျခဲ့ရသည်မှာ အကြိမ်ကြိမ်။

အမေသည်ပင် ခင်မွှံ့ရင်ထဲကို ထွင်းဖောက်မြင်ပုံရ၏။

"သမီးမှာ ချစ်သူရှိနေပြီလား"

ဟု အမေမေးခဲ့သည်။

ခင်မွှံ မည်သို့ဖြေရပါမည်နည်း။

မရှိပါဟုပြောလျှင်လည်း လိမ်ရာကျမည်၊ ရှိပါသည်ဟု ပြောပြန်လျှင်လည်း မမှန်ကန်ရာ ကျမည်။

"သမီးကို အမေ တစ်ခုပဲပြောချင်ပါတယ်။ သမီးဘဝကို သမီးနားလည်ပါ။ စိတ်ကူးသိပ်မယဉ်ပါနဲ့ကွယ်"

အမေက မျက်ရည်တဝဲဝဲနှင့် ခင်မွှံ့ကိုဖက်၍ နှစ်သိမ့်သတိပေးစကား ဆိုခဲ့သည်။ အမေ့စေတနာ၊ အမေ့မေတ္တာ၊ အမေ၏အပြော်အမြင်ကို ခင်မွှံသဘောပေါက်ပါသည်။

ထို့ကြောင့်ပင် သူနှင့်မတွေ့အောင် ခင်မွှံကြိုးစားမိပြန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ချေးရောင်းပြီး ပြန်လျှင် သူနှင့်အတူ ပြန်ခဲ့ဖူးသောလမ်းမှ မပြန်ဘဲ အခြားသောလမ်းမှ ခင်မှုံပြန်ခဲ့သည်ချည်း။ နှလုံးသားကပဲ ဖျော့ပါ။ လူကတော့ ဝေးရာက ရှားခဲ့ရပါသည်။

ယနေ့တော့မှ တိုက်တိုက်ဆိုင်ဆိုင် သူ ခင်မှုံ့ထံသို့ ရောက်လာခဲ့ပါပြီ။ သူ့အသံကိုကြား၊ သူ့ရုပ်ကိုမြင်ရတော့ ခင်မှုံ့အသည်းတွေ ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်ရပြန်ပါတော့သည်။

"ခင်မှုံ ချေးရောင်းကောင်းရဲ့လား" . . တဲ့။

သူက ကြင်ကြင်ရွှာ မေးသည်။

"ဟုတ်ကဲ့ . ."

ခင်မှုံ အသံတွေတုန်နေသည်ကိုတော့ ထိန်းမရပါ။

သူက ခင်မှုံ့ရှေ့မှာထိုင်ကာ ပန်းတွေကို ရွေးသလိုလုပ်ရင်း . .

"ကိုယ် ခင်မှုံ့ကို လမ်းမှာသွားစောင့်တာ သုံးခါရှိပြီ။ မတွေ့ဘူး . .။ ခင်မှုံ ကိုယ်နဲ့မတွေ့ရအောင် တခြားလမ်းက ပြန်တာလား"

မေးသည် . .။ မေးရင်း မော့ကြည့်သည်။ ထိုအကြည့်ကို ရင်မဆိုင်ရဲ၍ ခင်မှုံအကြည့်လွှဲရသည်။ မည်သို့အဖြေပေးရမှန်းမသိ၍ မဖြေဘဲနေလိုက်၏။ တရားသူကြီးရှေ့မှောက် ရောက်နေသော တရားခံကဲ့သို့ ခင်မှုံအနေရခက်နေသည်မှာ အမှန်။

"ကိုယ်နားလည်ပါတယ်"

သူ တိုးတိုးရေရွတ်၏၊ သူတကယ်ပဲနားလည်ပါစေဟုလည်း ခင်မှုံဆုတောင်းပါသည်။

"ကိုယ် ခင်မှုံ့ကို တွေ့ပြီးတဲ့နေ့ နောက်ပိုင်းမှာ အမေ့နေမကောင်းလို့ ကိုယ်လည်း အိမ်က ဘယ်မှထွက်မရဘဲ ရှိနေခဲ့သေးတယ်"

"အခုရော ကောင်းသွားပြီလား"

"ကောင်းသွားပါပြီ"

စကားစ ပြတ်သွားပြန်သည်။ သူက ပန်းများကိုရွေးကာ . .





"ကိုယ်ပန်းဝယ်ချင်တယ်၊ သောင်ငါးရာဖိုးပေးပါ"

ဟု ဆိုသည်။

သူနောက်နေတာလားဟု၍ ခင်မှုံက မလှုပ်။

သူက တစ်ထောင်တန်တစ်ရွက်နှင့် ငါးရာတန်တစ်ရွက်ကိုထုတ်ကာ ဗန်းထဲသို့ထည့်သည်။

"ခင်မှုံ့ကို အားပေးချင်လို့ရယ်၊ ခင်မှုံနဲ့ ကိုယ့်အတွက် ဘုရားမှာလှူချင်လို့ရယ် ကိုယ်ဝယ်တာပါ။ ရောင်းပါ"

ရင်ထဲမှာ နီးစိုးစစ်စစ်ဝေဒနာများ လူးလွန့်သွားပြန်ပါသည်။ မျက်ရည်ကလည်း မိန်းမသားပီပီ အထိန်းအကွပ်မရှိ စီးကျလာပြန်သည်။ စကားမပြန်နိုင်ဘဲ ပန်းကိုသာ ထုပ်ပိုးကာ သူ့ကိုပေးလိုက်သည်။

သူက ပန်းစည်းကိုယူရင်း . .

"ကိုယ် တက္ကသိုလ်ကို မနက်ဖြန်မနက် ပြန်ရတော့မယ်။ ကျောင်းတွေဖွင့်တော့မယ်။ ကိုယ် ခင်မှုံ့ကို သတိရနေမှာပါ။ ခင်မှုံ့ကို တွေ့ဆက်ချင်လို့ ကိုယ်လာတာပါ"

ဟု ပြောသည်။

"ဪ . ."

"ကိုယ်သွားမယ်နော်။ ကိုယ်ပြောခဲ့သလို ခင်မှုံသတ္တိမွေးထားပါနော်"

သူ ပြန်ထွက်သွားသည်။ သူ့ကျောပြင်ကို လိုက်၍ငေးကြည့်နေမိသော်လည်း မျက်ရည်များကြောင့် အမြင်က စိုးတဝါးသာပါ။ သွားသဖြင့် ပိုမို၍ဝါးသွား၏။ ခင်မှုံတို့အချစ်ကလည်း စိုးတဝါးပါပဲဟု ခင်မှုံ ဝမ်းပန်းတနည်းတွေးမိလိုက်ပါသည်။

ဂ ဂ ဂ

www.burmeseclassic.com

www.burmeseclassic.com



"သမီး ဒီနေ့ ဈေးသွားတာ စောလှချည်လား"

အမေက ဘုရားဆွမ်းတော်ချက်နေရင်းက လှမ်းပြောသည်။

"ဟုတ်ကဲ့ အမေ. .။ ဈေးသွားရင်း သူငယ်ချင်းတစ်ယောက်ကိုလည်း ကားဂိတ်မှာ သွားပြီးနှုတ်ဆက်ချင်လို့ပါ"

ပန်းပန်းကိုရွက်ရင်း အမေ့ကိုပြန်ဖြေကာ အိမ်မှ ခင်မုံ ခပ်သုတ်သုတ်ထွက်လာခဲ့သည်။

ခါတိုင်းဆိုလျှင် ခင်မုံ သည်အချိန် ဈေးထွက်လေ့မရှိ။ ယနေ့တော့ မနက်စောစောထွက်တတ်သည့်ကားကို အမီသွားချင်သည်မို့ ဝီရိယကောင်းစွာ ထွက်လာခြင်းဖြစ်၏။

နှင်းမှုန်မှုန်ကြားမှာ ခင်မုံ့ခြေလှမ်းတွေ သွက်လွန်းလှပါ၏။ ကားဂိတ်ကို အချိန်မီရောက်ချင်သည်။

သူ ကားနှင့်ထွက်သွားသည်ကို ကြည့်ချင်သည်။

ဆန္ဒက သည်မျှပါပဲ။ သူ့ကိုတွေ့၍ နှုတ်ဆက်စကားပြောဖို့ ခင်မုံစိတ်မကူးပါ။ တွေ့လည်း မတွေ့ရဲပါ။ သူ့မျက်နှာကို မြင်ချင်ရုံသက်သက်မျှသာဖြစ်၏။ ရှုးသည်ဟုဆိုသော် ရနိုင်ပါလိမ့်မည်။

ကားဂိတ်ကိုရောက်တော့ မိုးမလင်းသေး။

ထွက်မည့် ရွှေဝါဖူးမှန်လုံကားက အသင့်ဖြစ်နေပြီ။ ခရီးသည်အချို့ ကားပေါ်ရောက်နေပြီ။ ခပ်လှမ်းလှမ်းမှနေ၍ ကားပေါ်သို့ လှမ်းကြည့်သော်လည်း သူ့ကိုမတွေ့။ သူမရောက်သေး၍ပဲလား။ သည်မနက် သူမသွားဖြစ်၍လား။

ကားဂိတ်နှင့်မလှမ်းမကမ်းရှိ ကင်းတဲကလေးမှာ ပန်းပန်းကို ချပြီး ခင်မုံ ယောင်ပေပေရပ်ကာ နောက်ထပ်ရောက်လာသည့် ခရီးသည်များကို ငေးကြည့်ရင်း သူ့ကိုရှာနေမိ၏။

အချိန်အနည်းငယ် လွန်သွားသည်။ သူ့ကို မတွေ့ရသော ကားထွက်ချိန် နီးလာသည်။ ကားပေါ်မှာ ခရီးသည်က ပိုများလာသည်





ခင်မုံ ပင့်သက်ချလိုက်၏။

ဈေးကိုလည်း အချိန်မီသွားရဦးမည်။ အလင်းက ပွင့်လာပြီ။ အမှောင်က ပါးလျားဖျော့တော့သွားပြီ။

'သူမလိုက်ဖြစ်တော့ဘူးထင်ပါရဲ့' ဟူသော အတွေးနှင့် မိမိဘာသာ 'အတော်ရှုးတာပဲ' ဟူ၍ ခင်မုံ ရှက်တွေး တွေးမိ၏။ ပန်းပန်းကို ရွက်ရန်ပြင်လိုက်စဉ် မြင်ကွင်းထဲသို့ ကားဂိတ်နှင့်မျက်နှာချင်းဆိုင်ရှိ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာသော အုပ်စုတစ်စု ဝင်လာသည်။

လူကြီးနှစ်ဦး၊ မိန်းမကြီးနှစ်ဦးနှင့် လူငယ်တစ်ဦး၊ မိန်းမငယ်တစ်ဦးတို့ ဖြစ်သည်။

လူငယ်မှာ ခင်မုံတွေ့ချင်နေသော နဝဒေးဖြစ်လျက် မိန်းမငယ်မှာ မြသီတာပင်ဖြစ်လေသည်။ လူကြီးများနှင့် မိန်းမကြီးများမှာ နဝဒေး၏ မိဘများနှင့် မြသီတာ၏မိဘများ ဖြစ်ကြဟန်ရှိ၏။ လူကြီးများ၏ အနေအထားမှာ ရင်းနှီးခင်မင်ဟန်၊ ကျွမ်းဝင်ဟန် ရှိကြပြီး ရယ်မောရွှင်ပျကားကောင်းလျက် ရှိကြ၏။ နဝဒေးနှင့် မြသီတာကတော့ အိတ်များကိုယ်စီနှင့်ဖြစ်၏။

နဝဒေးနှင့် မြသီတာတို့ ကားပေါ်သို့တက်နေစဉ် ခင်မုံ့ရင်၌ ဝေဒနာများ အရှိန်အဟုန်ပြင်းစွာ ပေါက်ကွဲလာ၏။ မြသီတာက နဝဒေးကို အရယ်အပြုံးတွေနှင့် ပြောဆိုဆက်ဆံနေသောကြောင့်လား။ လူကြီးချင်း ရင်းနှီးမှုကြောင့် နဝဒေးနှင့် မြသီတာတို့ ဆက်နွယ်မှုတိုးသွားမည့် အနေအထားကြောင့်လား။ နဝဒေးနှင့် မြသီတာ ကားတစ်စီးတည်း အတူသွားကာ တက္ကသိုလ်တစ်ခုတည်း တက်နေကြသည်ကိုပင် စိတ်မချသောကြောင့်လား. .။ ဘာရယ်တော့ မသဲကွဲ။

မူလက အဝေးကကြည့်ရုံမျှဖြင့် ကျေနပ်စွာပြန်လှည့်မည်ဟူသော စိတ်ကူးသည် ရုတ်ချည်းပင် ပြောင်းလဲသွားပြန်တော့၏။

ခင်မုံ သူ့ကို နှုတ်ဆက်ချင်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် ပန်းဗန်းကို ကောက်၍ချက်ကာ ကားနားဆီသို့ ခပ်သွက်သွက်လျှောက်သွားလိုက်မိတော့၏။

"ပန်းတွေရမယ်. . ပန်းတွေရမယ်. .။ စံပယ်တွေရမယ်. .။ ရွှေတွေရမယ်. .။ ဒေါ်နတွေရမယ်. ."

ခင်မှုံ့အသံ လင်းစပြုနေသော နံနက်ခင်းမှာ လွင့်ပျံ့သွားသည်။

ကားပေါ်သို့ ခြေတစ်လှမ်းတင်နေသော နဝဒေးက ခင်မှုံ့အသံကို ကြားသွားဟန်တူ၏။ သူ့ခေါင်းက ခင်မှုံ့ရှိရာဘက်သို့ ချာခနဲလှည့်လာကာ မျက်လုံးများက ခင်မှုံ့ကိုဖွေရှာပြီးသား ဖြစ်သွား၏။ နဝဒေး၏ အပြုအမူကြောင့် နဝဒေး၏နောက်မှ ကားပေါ်တက်မည့် မြသီတာသည်လည်း ခင်မှုံ၏ အသံလာရာဆီသို့ လှမ်းကြည့်သည်။

အကြည့်များ အခိုက်အတန့်ဆုံသွားသည်။

"ကားပေါ်တက်ကြပါခင်ဗျာ. .။ ကားထွက်ပါတော့မယ်"

ကားစပယ်ရာ၏အသံက ရှည်တာရက် ဖောက်ထွက်လာ၏။

"သား. . ကားထွက်တော့မယ်။ တက်တော့လေ"

"ဟုတ်ကဲ့ နဝဒေးရဲ့။ တက်. . တက်. ."

နဝဒေး၏ ဗီဇအသံ။

မြသီတာ၏ အသံကလည်း ဆက်တိုက်ပေါ်လာ၏။

နဝဒေး ကားပေါ်တက်လိုက်ပြီ၊ နဝဒေး၏နောက်မှ မြသီတာ

ခင်မှုံက ကားရှိရာသို့ ကပ်သွားကာ "ပန်းတွေရမယ်. ." ဟု အော်ဆဲ. .။

ပြတင်းပေါက်ထိုင်ခုံရဟန်ရှိသော နဝဒေးကို ခင်မှုံလှမ်းမြင်ရ ကားအောက်မှနေ၍ ပြတင်းပေါက်ရှိ နဝဒေးကို သူ့မိဘများက မှာ ရှိသည်များ မှာနေသည်။ နဝဒေးမျက်လုံးများက ခင်မှုံ့ထံ ရောက်လာ ကရုဏာမျက်လုံးများ. .။

နဝဒေးဘေးကထိုင်ခုံမှ မြသီတာက နဝဒေးကိုကျော်၍ ပြတ





ပေါက်သို့ ခေါင်းပြူကာ သူမ၏မိဘများကို တစ်ခုံတစ်ခုပြောနေသဖြင့် နဝဒေးနှင့် ခင်မှုံ မမြင်ရတော့။

ထိုအချိန်မှာ ကားက ထွက်သည်။

မြသီတာက သူ့မိဘများကို လက်ပြရင်း ခင်မှုံ့ကို တစ်ချက် လှမ်းကြည့်သည်။ နဝဒေးကလည်း မြသီတာဘေးမှ ခင်မှုံကို လှမ်းကြည့် ကာ လက်မြှောက်ပြသည်ကို တွေ့ရ၏။ ခင်မှုံက လက်ကို ဝှေ့ယမ်း ပြလိုက်သည်။

ကားက ကားလမ်းမကြီးပေါ် ချိုးကွေ့တက်သွား၏။

နဝဒေးရော မြသီတာပါ ခင်မှုံ၏မြင်ကွင်းမှ ပျောက်သွားပေပြီ။

ကားကြီးက နဝဒေးကို ခင်မှုံနှင့်ဝေးရာသို့ ခေါ်သွားခဲ့ပြီ။ သို့မဟုတ် ခင်မှုံကို နဝဒေးနှင့်ဝေးရာမှာ ချန်ထားခဲ့ပြီ။

ဒါသည်ပင် ဘဝတစ်ခုလုံး၏ နိမိတ်ပေပဲလား. .။

ဂဂဂ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ၈။ ကောင်းကင်ပြိုခြင်း၊ သမုဒ္ဒရာခန်းခြင်း

ဈေးကပြန်လာပြီး ခြံထဲဝင်လိုက်ချိန်တွင် အိမ်ကလေး တိတ်ဆိတ်ခြောက်ကပ်လွန်းနေသည်ဟု ခင်မွှံထင်လိုက်၏။ အမေ၏ အရိပ်အယောင်ကို မမြင်ရ၊ အမေ၏ အသံကို မကြားရ၊ အမေဘယ်သွားနေပါသနည်း။ အိပ်များ ပျော်နေလေသလား..။

BURMESE CLASSIC .com

ခင်မွှံ အိမ်ပေါ်တက်လိုက်သည်။

"အမေ..အမေ.."

အမေ၏ထူးသံ ပြန်မလာ။

မီးဖိုချောင်ထဲထိ ဝင်ကြည့်ပြီး ခင်မွှံဝင်ခဲ့သည်။ အခန်းထဲမှာရော၊ မီးဖိုထဲမှာပါ အမေ မရှိ။

ဗန်းနှင့် ဈေးမှဝယ်လာသော မီးဖိုချောင်သုံးပစ္စည်းများကို ချကာ ခင်မွှံ အိမ်လေးပေါ်မှ ပြန်ဆင်းခဲ့သည်။

အမေသည် အိမ်လည်လေ့မရှိပါ။ လည်ရန်အကြောင်းမရှိသလို ရွာရှိအိမ်များကလည်း အမေ့ကို လိုလိုလားလားမရှိပါ။ အမေ ခြံနောက်ဘက် စိုက်ခင်းကလေးထဲတွင် ရှိနိုင်သည်ဟု ခင်မွှံထင်သည်။





အိမ်ကလေး၏ ခြေရင်းမှတွေ့ကာ စိုက်ခင်းနှင့် ရေတွင်းကလေးရှိရာဘက်သို့ ခင်မွှံထွက်လာခဲ့သည်။ သို့သော် အမေ့ကို လှမ်းမမြင်ရ။ စိုက်ခင်းကလေးထဲမှာ အမေ မရှိ။ အမေဘယ်သွားနေပါသနည်း။

ရေတွင်းနားကအဖြတ်မှာတော့ လဲနေသောရေပုံးကို ခင်မွှံတွေ့လိုက်ရ၏။ အမေရေခပ်ခဲ့ပုံရသည်ဟု ခင်မွှံခန့်မှန်းသည်။ မြေပြင်ပေါ်မှာ ရေစိုနေသောနေရာများကို တွေ့ရ၏၊ ရေတွင်းဘောင်ပေါ် လက်ထောက်ကာ တန်းလန်းဖြစ်နေသော စက်သီးကြိုးကို အမှတ်မထင် ခင်မွှံလက်အလှမ်းတွင် မျက်လုံးက တွင်းထဲရောက်သွားသည်။

ရေတွင်းထဲမှာ..

"အမေ..အမေ.."

ခင်မွှံ မျက်လုံးတွေပြာဝေကာ ခေါင်းကို တင်းပုတ်ကြီးနှင့်အလုံးလိုက်ရသလို ခံစားလိုက်ရ၏။ လန့်၍ အသံကုန်အော်လိုက်မိသည်။

အမှန်ပင် ရေတွင်းထဲမှာ အမေသေဆုံးနေခဲ့ချေပြီ။

ရေတွင်းက တွင်းပေါင်းဖြစ်၏၊ အတန်နက်၏။ ရေတွင်းနံရံအုတ်များက ကျိုးပျက်ကွာကျလျက်ရှိ၏။ အပေါ်က အုတ်ဘောင်မှာလည်း တချို့တစ်ဝက်မှာ ကျိုးပျက်နေသည်။ အမေသည် ရေခပ်ရင်း အရှိန်လွန်၍ ရေတွင်းထဲသို့ ပြုတ်ကျခဲ့လေပြီထင့်၊

ဆောင်းအကုန်၊ နွေအကူး ရေတွင်းရေနည်းချိန်မှာ အမေ၏ ခန္ဓာကိုယ်က ရေဝဲတစ်ဝက်ပြုပ်လျက် ရေပေါ်တစ်ဝက်ပေါ်နေလေသည်။

၁၁၁

www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီးအချို့၏ အကူအညီဖြင့် အမေ့ကို ရေတွင်းထဲမှ ဆယ်ရသည်။ အမေ၏ အသက်မဲ့ခန္ဓာကိုယ်ကိုဖက်၍ ခင်မုံငိုရ၏။ အမေ၏ခေါင်းမှာ ဒဏ်ရာအချို့ကို တွေ့ရသဖြင့် အမေသည် ရေတွင်းထဲသို့ မိုးမိုးသားသားကျ၍ သေဆုံးရခြင်း ဟုတ်ပါလေစဟု ခင်မုံသံသယ ဝင်သည်။

ရွာလူကြီးများကို ပြောပြသောအခါ. .

"သမီး. . သံသယစိတ်တွေ မမွေးပါနဲ့ကွယ်၊ အသက်အရွယ်က ရလာပြီဆိုတော့ ရေခပ်ရင်း မူးခနဲမိုက်ခနဲဖြစ်ပြီး ရေတွင်းထဲချော်ကျတာ နေမှာပါ။ ရေတွင်းဘောင်နဲ့ ဆောင့်မိလို့ ခေါင်းကဒဏ်ရာတွေ ရတာ နေမှာပါ"

ဟု နှစ်သိမ့်ကြသည်။

BURMESE CLASSIC .com

ခင်မုံ စိတ်ကို ဖြေလျှော့လိုက်ရပါ၏။

အမေ၏ရှာပနမှာ မစည်ကားဟု ဆိုရမည်ထက် လုံးဝခြောက်ကပ်လွန်းလှသည်ဟု ဆိုရပါမည်။ ရွာလူကြီးအနည်းငယ်မှလွဲ၍ မည်သူမျှ အမေ၏အသုဘကို လိုက်မပို့ကြ၊ ခင်မုံ ရင်ထဲမှာ မကောင်း။

အမေကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြရမည့်အစား ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသူများကို တွေ့ရခြင်းအတွက် ခင်မုံပို၍ခံစားရ၏။

အမေ့ငွေကြေးကား ကြီးမားလှပါဘိ။

ရက်လည်ဆွမ်းကျွေးသောအခါတွင်လည်း ရွာလူကြီးသုံးလေးယောက်မှလွဲ၍ မည်သူမျှ မလာကြ၊ ရွာဦးကျောင်းဆရာတော်ကသာ ခင်မုံ့ကို တရားဟောရင်း စိတ်ကိုကုစားဖို့ပါ တရားပြသည်။

ဆရာတော်ဟု ဆိုရသော်လည်း သက်တော်ရော၊ ဝါတော်ပါ ငယ်တော်မူလှသေးသည်။ မူလက ရွာဦးကျောင်းရှိ ဆရာတော်ကြီးမှာ အိုမင်း၍ ပျံလွန်တော်မူသွားသည်မှာ မကြာလှသေး။





ယခုဆရာတော်မှာ တက္ကသိုလ်မှ ဘွဲ့ရပညာတတ် အရာရှိ ပေါက်စဘဝမှ သာသနာ့ဘောင်သို့ ဝင်လာခြင်းဖြစ်သည်။ ငယ်ရွယ်သော်လည်း ပရိယတ္တိ၊ ပရိယတ္တိတို့တွင် ဝိရိယစိုက်လွန်း ကျင့်ကြံကြိုးကုတ်သူဟု ရွာတွင် သတင်းမွှေးသည်။ ဥပဓိရုပ်မှာလည်း ကြည်ညိုဖွယ်ရာ။

ဆရာတော်က ပါဠိပါဌ်သားနည်းနည်းနှင့် ရိုးရှင်းစွာဟောပြသဖြင့် ခင်မုံနားလည်ကာ စိတ်ကို အတန်ငြေသိမ့်နိုင်ခဲ့ပါ၏။

သို့သော် ထိုညမှာ ခင်မုံ အိပ်မက်မက်သည်။

အမေ့ကို မက်ခြင်းဖြစ်၏။

"သမီး. . အမေ့ကို လက်ပွားတို့ ရိုက်ပြီး ရေတွင်းထဲတွန်းချခဲ့လို့ အမေသေရတာကွယ့်၊ ဒါပေမဲ့ ပြီးခဲ့တာ ပြီးပါပြီကွယ်။ အမေ့ရဲ့ အတိတ်ဝဋ်ကြွေးကို နောက်ဆုံးပေးဆပ်လိုက်ခြင်းပဲလို့ သမီးဖေ[illegible] အမုန်းတွေ မပွားပါနဲ့။ သမီးရဲ့ဘဝကိုပဲ တိုးတက်အောင် ကြိုးစားပါ"

အမေက ထိုသို့ပြောပြီး ပျောက်သွားသည်။

အိပ်ရာကနိုးတော့ ခင်မုံ ဒေါသများဖြင့် ပြန်အိပ်မပျော်တော့။

ခင်မုံ ဘာလုပ်ရပါမည်နည်း။

အမေသည် လက်ပွားတို့လက်ချက်ဖြင့် သေဆုံးခဲ့ရခြင်း အမှန်ပဲလား။ သို့ဆိုလျှင် ရဲစခန်းတိုင်ရမည်လား။ ရဲစခန်းတိုင်ဖို့ရန် အထောက်အထားမှာ အဘယ်ပါနည်း။ အိပ်မက်ကိုသက်သေထူ၍ မရနိုင်။ ပြီးတော့ အမေ့ခန္ဓာကိုယ်က သင်္ဂြိုဟ်ပြီးခဲ့ပြီ။

စိတ်ချွဲ၍ အမေ့ကိုမက်ခြင်းဖြစ်မှာပါဟုပင် ခင်မုံတွေးရတော့၏။

သို့သော် စိတ်ထဲမှာမတင်မကျနှင့်မို့ ရင်ဖွင့်စရာလည်း မရှိသဖြင့် ဆရာတော်ဦးဇနအား ခင်မုံသွား၍လျှောက်သည်။

"အစွဲအလမ်းမကြီးပါနဲ့ ဒကာမလေး။ ဒကာမကြီးက သူ့ခရီး[illegible] သူသွားပါပြီ၊ တရားနဲ့သာ ဖြေပါ"

ဆရာတော်က မိန့်၏။



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်စိတ်ထဲမှာတော့ ဖြေပေမယ့် မပြေနိုင်လို့ပါဘုရား"

ခင်မှုံက ခံစားရသည်များကို လျှောက်၏။

"လက်ပွားတို့ ဘာကြောင့် ဒကာမကြီးကို သတ်ချင်ရမှာလဲ ကွယ်။ အကြောင်းမဲ့ မကျူးလွန်တန်ရာပါဘူး"

"တပည့်တော်အထင်တော့ ကိုလက်ပွားရဲ့သားကလေး ဆိုးပေကိစ္စက အခြေခံခဲ့တယ် ထင်ပါတယ်ဘုရား"

ပြဿနာတစ်ခုရှိခဲ့သည်က ဤသို့ပါ။

တစ်နေ့တွင် လက်ပွား၏သား ဆိုးပေနှင့် ကလေးတစ်သိုက် ခင်မှုံတို့ခြံထဲက မာလကာသီးတွေ ဝင်ခိုးကြသည်။ မာလကာသီးတွေက ခင်မှုံတို့ ရေနိုင်နိုင်လောင်းပေးမှုကြောင့် နွေသီးပေမယ့် ပွမွချိုချိုတွေ ဖြစ်၏။ အပင်က အနည်းငယ်မြင့်သည်။

အမေက အိမ်ပေါ်မှ လှမ်းမြင်သည်။

"ဟဲ့. . ခင်မှုံ၊ ဟိုမှာ ကလေးတွေ မာလကာသီးတက်ခူးနေကြတယ်။ မာလကာသီးခူးရင်း လိမ့်ပြုတ်ကျရင် ခြေကျိုးလက်ကျိုးဖြစ်တော့မှာပဲ"

အမေက ခင်မှုံ့ကိုပြောရင်း အိမ်ပေါ်မှဆင်းသွားသည်။

"ဟဲ့. . ကလေးတွေ၊ မာလကာပင်ပေါ်က ပြုတ်ကျဦးမယ်။ ဆင်းစမ်း. . ။ မင်းတို့ စားချင်ရင် အဘွားခူးပေးမယ်"

အမေ လှမ်းအော်သည်။

အမေ့အော်သံကြောင့် ကလေးတွေလန့်သွားပုံရသည်။

"ဟာ. . စုန်းမကြီးလာပြီဟေ့။ ပြေး. . ပြေး. ."

တစ်ယောက်က အော်သည်။

အပင်ပေါ်က ကောင်တွေက ခုန်ချသည်။ ခုန်ချပြီး ပြေးကြသည်။ အပင်ပေါ်မှ ခုန်ချသောအရှိန်ကြောင့် ဆိုးပေခြေနာသွားပုံရ၏။ ထော့နင်းထော့နင်းဖြင့် ပြေးထွက်သွားသည်။





ဖာတ်လမ်းက ဤသို့အမှန်ဖြစ်သော်လည်း မကြာမြင့်မီပင် လက်ပွားတို့ထံမှ သတင်းတစ်ခု ထွက်လာ၏။ ဆိုးပေ မာလကာသီးခူးမိ၍ စုန်းမကြီးက လုပ်လိုက်ရာ ခြေကျိုးသွားသည်တဲ့။ ရွာထဲမှာ သတင်းပျံ့သွားတော့ အမေစိတ်မကောင်း။

"ဘယ်သူ့ကိုမှ အမေ မကောင်းစိတ် မမွေးပါဘူးကွယ်"

ဟု အမေက ဖျက်ရည်တလည်လည်ဖြင့် ပြောခဲ့၏။

"အဲဒီလောက်ကိစ္စလေးနဲ့ ဒကာမကြီးရဲ့အသက်ကို ရန်မရှာလောက်ပါဘူး ဒကာမလေးရယ်"

ဆရာတော်ကမူ နှစ်သိမ့်ပေးသည်။

ဆရာတော်ထံမှ တရားစကား နာကြားရ၍ အတန်ငယ်စိတ်သက်သာရာရပြီး ပြန်အလာတွင် တိုက်တိုက်ဆိုင်ဆိုင် ခင်မှုံကြုံရသည်က လက်ပွားတို့ပင်ဖြစ်၏။

ဆရာတော်၏ ရွာဦးကျောင်းမှ ရွာဆီသို့ပြန်အလာ ထန်းတောကိုအဖြတ်တွင် ထန်းရည်ဝိုင်းဖွဲ့နေသော လက်ပွားနှင့် သူ့သူငယ်ချင်းနှစ်ဦးကို တွေ့ရသဖြင့် ခင်မှုံက ထန်းပင်နားမှာရပ်ကာ နားစွင့်ကြည့်မိ၏။ သူတို့ကို အမေနှင့်ပတ်သက်၍ ခင်မှုံသံသယရှိသောကြောင့် ချောင်းနားထောင်ကြည့်မိခြင်းလည်းဖြစ်သည်။

သူတို့ပြောနေသည်က အမှန်ပင် တိုက်တိုက်ဆိုင်ဆိုင် အမေ့အကြောင်းဖြစ်၏။

"ဘယ့်နှယ်လဲ. . ။ ပိုင်တယ်မဟုတ်လား။ လက်ပွားတို့က မပိုင်ရင် ခြင်တောင်မရိုက်ဘူး"

"ချီးကျူးပါတယ် ဆရာသမားရယ်။ ဆရာသမားစီစဉ်လိုက်တဲ့ အကွက်က အင်မတန်ကို ပီပြင်သသပ်ပါတယ်"

"လက်ပွားဆိုတာက မြွေပွေးလေ။ လာမထိရင်တော့ နေမှာ။ ထိလာရင်တော့ ယင်တောင်မလွတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..ဟုတ်တယ်.."

"ဝှါသားလေးကို ခြေကျိုးအောင်လုပ်တယ်။ ဒါကြောင့် ငါက ပြန်လုပ်တယ်။ ကဲ..သူ့ပညာတွေ ဘာတတ်နိုင်သေးလဲ"

"မှန်ပါတယ် ဆရာသမားရယ်။ ဆရာသမားရဲ့ လုပ်ချက်က တစ်ရွာလုံးကောင်းဖို့အတွက်လည်း ပါပါတယ်။ ခုအတိုင်းဆို စုန်းမကြီး ရန်က အားလုံးလွတ်ကင်းသွားကြပြီလေ။ ဒါကြောင့် ဆရာသမားလက်ချက်ဆိုတာ သိပေမယ့် ဘယ်သူကမှ ထုတ်မပြောကြဘာ"

"ဟဲ..ဟဲ..ရွာမှာတော့ ငါက သူရဲကောင်းဖြစ်သွားပြီ"

"ဆရာသမား..။ သူ့သမီးကိုလည်း သတိထားဦးနော်။ သူ့သမီးကလည်း ပညာတတ်ချင်တတ်မှာ။ သူ့အမေလောက် မတတ်ရင် တောင်မှ အတော်အတန်တော့ တတ်မှာ သေချာတယ်"

ခင်မှုံ သည်းမခံနိုင်တော့ပါ။ ဒေါသက ငယ်ထိပ်ရောက်အောင် တက်လာခဲ့သည်မို့ ပုန်းနေရာမှ ဘွားခနဲထွက်လိုက်တော့သည်။

"ဟာ..စုန်းမလေး"

လက်ပွား၏တပည့်ကျော် သူငယ်ချင်းနှစ်ဦးက ခင်မှုံ့ကို ဦးစွာမြင်သွားပြီး လန့်ဖျပ်သွားကြကာ နေရာမှထ၍ ပြေးလေတော့သည်။ ကြောင်အမ်းအမ်းနှင့် ကျန်ခဲ့သည်မှာ လက်ပွားသာ။

"ဒီမှာ ကိုလက်ပွား..။ ထမင်းရည်ပူ ကျွဲချိုးပေါ်သတဲ့။ ရှင်တို့ မူးရူးပြီး ပြောနေတာတွေအားလုံး ကျွန်မကြားပြီးပြီ။ အမေ့ကို ရှင်တို့ သတ်တာပဲ။ ရှင်တို့ကို ရဲစခန်းတိုင်မယ်"

"ဟား..ဟား..ဟား..ရယ်ရတယ်ကွာ။ ငါတို့ကို တိုင်ရအောင် နင့်မှာ ဘာသက်သေရှိလဲ။ နင့်အမေကလည်း မီးသင်္ဂြိုဟ်ပြီးပြီလေ။ ပြောပါဦး.."

လက်ပွားစကားက ယုတ္တိကျနေသည်မို့ ခင်မှုံဘာပြန်ပြောရမည်မသိ၊





"လက်ပွားကို ဒီလို မလောက်လေးမလောက်စားနဲ့ လာမယှဉ်နဲ့။ လက်ပွားကို ယှဉ်ချင်ရင် ဆယ်နှစ်လောက်လေ့ကျင့်လိုက်ဦး"

သူက ဗီဒီယိုကားထဲက မင်းသားကြီး၏စကားများကို ငှားကာ ဟန်နှင့်ပန်နှင့်ပြော၍ ရယ်နေတော့ ခင်မှုံပို၍အခံရခက်သည်။ အသားတွေ တဆတ်ဆတ်တုန်လာသည်။

"ဘာပဲဖြစ်ဖြစ် ရှင်တို့ကို တရားဥပဒေအရ အရေးယူခံရအောင် ကျွန်မလုပ်မှာပဲ။ ကျွန်မအမေ သေရသလို ရှင်လည်းပြန်ခံရစေမယ်"

"ဟား..ဟား..ဟား..လုပ်ပါ..လုပ်လိုက်စမ်းပါ။ လက်ပွားက ကြောက်သွေးတစ်စက်မှမပါဘူး။ သိလား ကောင်မလေး.."

ခါးကြားမှဓားမြှောင်ကိုထုတ်ကာ ရင်ကော့ပြီး လက်ပွားက ပြောနေပြန်သဖြင့် ခင်မှုံ စက်ဆုပ်ရွံရှာလွန်းစွာကြည့်ပြီး လှည့်ထွက်ခဲ့မိသည်။ ရင်ထဲက ဒေါသမုန်တိုင်းကား ပြင်းထန်လွန်းစွာ..။

"အမေ့ကို သတ်တဲ့သူ အမေ့လိုပဲ သေပါစေတော်"
နှုတ်မှလည်း နာနာကြည်းကြည်း ကျိန်ဆဲလိုက်မိ၏။
လက်ပွား၏ရယ်သံများ နောက်တွင် ဝေး၍ ကျန်ခဲ့သည်။

အမေ့ကို စုန်းမကြီးဟူ၍ ရပ်ရွာကပြောဆိုကြမှုအပေါ်တွင် ခင်မှုံလုံးဝမခံချင်ပါ။ အမေသည် စုန်းမကြီးမဟုတ်ပါ။ စုန်းပညာ [illegible] လုံးဝမတတ်ပါ။ စုန်းပညာသာမဟုတ်၊ အခြားသော အောက်လမ်းပညာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်များကိုလည်း မတတ်ပါ။

တစ်ခုပဲရှိသည်။

အမေ၏ပခင်မှာ မြန်မာတိုင်းရင်းဆေးဆရာကြီးတစ်ဦးဖြစ်ခဲ့၍ ဖခင်ထံမှ ဆေးပညာအမွေတချို့တော့ ရခဲ့သည်။ အမေကိုယ်တိုင် ဆေးအချို့ကို ဖော်စပ်တတ်၏။ အချို့သော ရောဂါငယ်လေးများကို ဂါထာမန္တန်ရွတ်၍လည်း ကုသပေးတတ်၏။ သဘောမနောကောင်းသူပီပီ အကူအညီတောင်းလာလျှင် ကုသပေးလိုက်သည်ချည်းလည်း ဖြစ်၏။

သို့သော် စေတနာက ဝေဒနာဖြစ်ရသည်။

အချို့က 'သူ့ဘာသာပြုစားပြီး သူ့ဘာသာ မြန်ကုပေးလိုက်တာ ပါကွာ' ဟု ပြောကြ၏။ ရပ်ရွာထဲမှာ တစ်စုံတစ်ခုဖြစ်ပြီဆိုလျှင် အမေ ပြုစား၍ဟုသာ တစ်ထစ်ချ စွဲချက်တင်တတ်ကြ၏။

အမေက ဖေခင်ကိုလည်း မတောက်တခေါက်တွက်တတ်ပေရာ ကျွဲပျောက်၊ နွားပျောက်ကိစ္စများ လာမေးလျှင် တွက်ချက်ပေးတတ်၏။ အမေတွက်ပေးသလို သွားရှာလျှင် ပျောက်သောကျွဲနွားများ ပြန်ရတတ်သည်။ ထိုအခါ ကျေးဇူးမတင်ဘဲ 'အလကားပါကွာ..။ သူ့ဘာသာ ကျွဲတွေ၊ နွားတွေကို သူ့ပညာနဲ့ ဝှက်ထားပြီး ဖေခင်လိုလို ဘာလိုလိုနဲ့ ဟောလိုက်တာပါ။ လူတွေဆီက လာဘ်လာဘရအောင် လုပ်တာကွ' ဟု ပြောတတ်ပြန်သည်။

လူတွေ..လူတွေ..။ မည်မျှ မောဟကြီးကြပါသနည်း။ မည်မျှ ကျေးဇူးမဲ့ကြပါသနည်း။

ဘုရားကို ပူဇော်သည့်အနေဖြင့် မီးပုံးများပြုလုပ်၍ လွှတ်တင်သည်ကိုလည်း လပြည့်ရက်များတွင် ကောင်းကင်ထက်၌ စုန်းတောက်စားသည်ဟု ဆိုခြင်းခံရ၏။

အပြစ်က မည်သို့မျှမသွတ်။

ခက်သည်က ကံကြမ္မာ၏ မျက်နှာသာမပေးခြင်းဖြစ်သည်။





ယခင်က ခင်မုံ့တို့ သည်ရွာသို့ပြောင်းမလာမီ အင်ကုန်းရွာတွင် နေခဲ့ကြ၏။ အဖေကွယ်လွန်ပြီး ခင်မုံ့တို့သားအမိနှစ်ဦးတည်း ကျန်ခဲ့စဉ် မြေနိမ့်ရာလှံစိုက်၊ ခင်မုံ့တို့အိမ် မီးလောင်ခံခဲ့ရသည်။ အမေက နေမကောင်းပြီး အိပ်ပျော်နေလျက်၊ ခင်မုံ့က ကျောင်းတက်နေသည်မို့ အမေ့မှာ မီးစွဲလောင်ခြင်း ခံခဲ့ရ၏။ အသက်မသေသော်လည်း အမေ့ခမျာ ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရ၏။

ထို့ကြောင့်ပင် အင်ကုန်းမှခွာကာ အဖေ၏ဇာတိဖြစ်သော သည်ရွာသို့ ပြောင်းလာခဲ့ခြင်းဖြစ်သည်။ အဖေ၏မိဘများဘက်မှ ရခဲ့သော အမွေခြံကလေးတွင် တဲအိမ်ကလေးထိုးကာ ခြံစိုက်စားခြင်းဖြင့် ခင်မုံ့တို့ အသက်မွေးခဲ့ကြသည်။

မလှစုန်းမျိုးဟူသောစကားမှာ မှန်လေစွ။ ရုပ်ဆင်းပျက်နေသော အမေ့မှာ တဖြည်းဖြည်းနှင့် စုန်းမကြီးဖြစ်လာခဲ့ရလေသည်။

ဒါကလည်း ပြောရလျှင် အကြောင်းတိုက်ဆိုင်မှုများကလည်း ရှိနေခဲ့သောကြောင့် ဆိုသည်ကို ခင်မုံ့ဝန်ခံရပါမည်။

ဥပမာ အမေနှင့် ဟင်းရွက်အကြွေးဝယ်ရာမှ စကားများခဲ့သော ဒေါ်ခင်မြင့် ဗိုက်အောင့်၍သေဆုံးရသည့်ကိစ္စ။ အမေနှင့် စကားများသည်။ အမေက စိတ်ဆိုးပြီး မတရားစားရင် အဆိပ်ဖြစ်မှာပဲဟု ပြောခဲ့သည်။ ထိုညမှာပင် ဒေါ်ခင်မြင့် ဗိုက်အောင့်သည်။ ထိုညမှာပင် ဒေါ်ခင်မြင့် သတ်ဆုံးသည်။ သည်တော့ ရပ်ရွာက အမေပြုစားသောကြောင့်ဟုပဲ သတ်မှတ်လိုက်တော့၏။

အမေက စုန်းမကြီးဟူ၍ အစွပ်စွဲခံရဖန်များလာသောအခါ ခင်မုံ့သည်လည်း အဖော်အပေါင်းမဲ့ကာ စုန်းမလေးဖြစ်လာရတော့၏။

စုန်းမလေးဟု အပြောခံရဖန်များလာ၍လား မသိ။ ခင်မုံ့ကိုယ်တိုင်ပင်လျှင် တစ်ခါတလေ မိမိသည် စုန်းအတတ်များ အလိုလို[illegible] သည်လားဟူ၍ ကြံဖန်အတွေးဝင်မိတတ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုံနှင့် ပြဿနာဖြစ်ရသောလူများတွင် တစ်ခုမဟုတ်တစ်ခု ဖြစ်တတ်သောကြောင့်ပါ။ ကျောင်းတွင် မှုန့်မှုန့်နှင့်စကားများပြီး မှုန့်မှုန့်၏ မျက်နှာတွင် အဖုများပေါ်လာခြင်း။ ခင်မှုံကိုရိုက်ခဲ့သော ဆရာမဒေါ်မိုးမိုး လက်ကိုက်ခြင်း။ ခင်မှုံကျွေးသောလက်ဖက်ကို စားမိ၍ မြမြ ဗိုက်အောင့် ကာ အလုံးပေါ်လာခြင်း. . စသည်များ. .။

ဝမ်းတွင်းစုန်းများ မိမိတတ်လေသလားဟူ၍ ခင်မှုံ မိမိဘာသာ ဆန်းစစ်မိသေးသည်။

သည်ကိစ္စကြောင့်ပင် နဝဒေးက ချစ်ခွင့်ပန်လာသောအခါ ခင်မှုံငြင်းခဲ့မိခြင်းဖြစ်၏။ ခင်မှုံပြောခဲ့မိသော စကားကိုပင် ကြည့်ပါ။

"ခင်မှုံက စုန်းမလေးပါအစ်ကို. . စုန်းမလေးပါ"

၁၁၁

အမေဟူသော အားကိုးမှီခိုရာ မြင်းမိုရ်တောင်ကြီး လဲပြိုခဲ့ရ သည့်အတွက် တစ်ကောင်ကြွက်ဘဝဖြင့် လှုပ်ရှားရုန်းကန်ရတော့မည်။ ဘဝခရီးတွင် အမေသည် လက်ပွားတို့၏လက်ချက်ကြောင့် သေဆုံးရ ခြင်းဖြစ်သည်ဟူသော နာကြည်းဖွယ်ကိစ္စရပ်က အရိပ်မည်းကြီးဖြစ်လာ ခဲ့၏။

ဆန်းတောတွင် လက်ပွားနှင့်တွေ့ဆုံပြီး အချေအတင်ဖြစ်၊ စကားများခဲ့ကြရာ ခင်မှုံ ဒေါသဖြစ်ဖြစ်နှင့် ကျိန်ဆဲမိခဲ့၏။

"အမေ့ကိုသတ်တဲ့သူ အမေ့လိုပဲ သေပါစေတော်"





ခင်မှုံ၏ အာစက်လျှာစက်ကား ကြောက်ဖွယ်ကောင်းလေစွ။

လက်ပွားကို ရဲစခန်းတိုင်ရန် ခင်မှုံကြိုးစားဆဲမှာပင် လက်ပွား ို လောကက ဒဏ်ခတ်ခဲ့လေပြီ။ လောကက အရေးယူ၊ အပြစ်ပေး လေပြီ။

ထန်းရည်မူးမှုဖြင့် အိမ်ပြန်လာသော လက်ပွားတစ်ယောက် ယ်းတွင် ချော်လဲကာ သူ့ကိုင်လာသည့်တားမြှောင်ဖြင့် သူ့ဘာသာထိုးမိ ကာ သေဆုံးခဲ့လေပြီ။

ရွာထဲမှာ သတင်းတွေပျံ့သွား၏။

"ဖြစ်တောင့်ဖြစ်ခဲပဲကွ။ ဒီဓားမြှောင် သူကိုင်နေကျပဲဟာ။ ်တွေချွေးလှုပြီ။ ဘာမှမဖြစ်ဘူး။ ထန်းရည်မူးတာလည်း တစ်သက်လုံး လာတဲ့အကောင်။ အခုမှ ဒီလိုဖြစ်တယ်ဆိုတာတော့ ထူးထူးဆန်း န်းပဲ"

"သူက ခင်မှုံကို သွားပြီးစိန်ခေါ်တာကွ။ ခင်မှုံက သူ့အမေကို က်ပွားသတ်တာလို့ ထင်နေတာ။ အဲဒါကို သူက ခင်မှုံကို မခံချင် အောင် သွားထပ်ပြောတာကိုး"

"ဖြစ်နိုင်တယ်. .။ ခင်မှုံက ထန်းတောမှာ လက်ပွားကို ျိန်ဆဲသွားတာတဲ့။ အမေ့ကိုသတ်တဲ့သူ အမေ့လိုပဲ သေပါစေ. . တဲ့။ . . ခင်မှုံ့လက်ချက်ပဲ"

အသိပညာ၊ အတွေးအခေါ် နိမ့်ပါးလှသောသူတို့၏ အယုံ ကြည်၊ အစွဲအလမ်းကြီးမှုပါဟု ဆရာတော်က ဆုံးမဖြေရှင်းသော်ငြား ျားစုကမူ ခင်မှုံက စုန်းအတတ်ဖြင့်ပြုစားခြင်းကြောင့်ဟုသာ ပြော ကုန်၏။

ခင်မှုံ မည်သို့ဖြေရှင်းရပါ့. .။

အများ၏ထင်မှတ်မှုကို ခင်မှုံမဖြေရှင်းနိုင်ရုံမက ခင်မှုံ့ကိုယ်ကို မှုံ သံသယဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မွှံက ဒေါသဖြင့် ကျိန်ဆဲမိခဲ့သည်။ လက်ပွား သေရသည်။ တကယ်ပဲ ခင်မွှံ့မှာ စုန်းပညာတတ်နေလေသလား။ အမေကတော့ စုန်းမဟုတ်သည်မှာ သေချာ၏။ အမေက ဘာပညာမှ မသင်ပေးခဲ့တာလည်း သေချာ၏။

သို့သော် တိုက်တိုက်ဆိုင်ဆိုင်ဟုပင် ပြောရမလား မသိ။

ခင်မွှံ့ကို စိတ်ဒုက္ခပေးသူများ၊ ခင်မွှံ့ကို ထိပါးစော်ကားသူများ၊ တစ်နည်းမဟုတ် တစ်နည်းဖြင့် တစ်ခုခုဖြစ်သွားတတ်သည်ချည်းဖြစ်၏။ အသေးအဖွဲ့ဟုဆိုနိုင်သော ပိုက်ထွေး၊ ငြိမ်းအောင်တို့ ရှည်းစားစကားပြောသည့် ကိစ္စမျိုး၊ မွှန်မွှန်တို့၊ မြမြတို့၊ ဆရာမဒေါ်မိုးမိုးတို့ ကိစ္စမျိုးမှသည် ယခု လက်ပွားသေဆုံးရသည်အထိ. . ။

ဒါ. . အမှတ်မထင် တိုက်ဆိုင်မှု ဟုတ်ပါ၏လော။

တိုက်ဆိုင်မှုဆိုသည်မှာ တစ်ကြိမ်၊ အလွန်ဆုံး နှစ်ကြိမ်ဆိုလျှင် လက်ခံနိုင်ဖွယ်ရာဖြစ်လျက် ယခုမူ အကြိမ်များစွာ. . ။

ခင်မွှံ့မှာများ စုန်းပညာ အလိုလိုတတ်နေလေသလား. . ။

ခင်မွှံ့မှာများ ဝမ်းတွင်းစုန်း ပါလာလေသလား. . ။

ခင်မွှံကများ သူတို့ကို မသိနားမလည်စွာ ထိခိုက်မိစေလေသလား. . ။

ခင်မွှံ ကြောက်လည်းကြောက်သည်။ ဝမ်းနည်းလည်း ဝမ်းနည်းသည်။ စိုးရိမ်လည်း စိုးရိမ်သည်။

တစ်ရွာလုံးကလည်း ခင်မွှံ့ကို စုန်းမလေးဟု ကင်ပွန်းတပ်ခဲ့ပြီ။

ခင်မွှံ့မှာ အားကိုးစရာမရှိ၊ နဝဒေးကို သတိရသည်။ နဝဒေးရှိလျှင် ခင်မွှံ့ကိုအားပေးမည် မုချ။ ယခုတော့ နဝဒေးကလည်း အဝေးမှာ။

ခင်မွှံ့ဘဝမှာ ကောင်းကင်ကြီးပြိုကျ၍ သမုဒ္ဒရာရေ ခန်းခြောက်သောကာလဟု ဆိုရတော့မည်။

ဂ ဂ ဂ

## ၂၈ မြေအနိမ့်မှာ စိုက်သောလှံ၊ ကံအနိမ့်မှာ ဖိသောကြမ္မာ

မြေအနိမ့်မှာ လှံက စိုက်ပြန်ပါလေ၏၊ ကံအနိမ့်မှာ ကြမ္မာက ပြန်ပါလေ၏။ လောကဓံတရားက ကြောက်ဖွယ်ကောင်းလေစွ။

အမေဆုံးပါးခဲ့ပြီးနောက် ဘဝခရီးကြမ်းကို ခင်မွှံတစ်ကိုယ်တော် တက်ခဲ့ရသည်။ သည်ရွာ၊ သည်မြေမှ ထွက်ပြေးစရာလည်း ခင်မွှံ့မှာ မြမရှိ၊ လက်ထဲမှာလည်း ငွေကြေးက မပြည့်စုံ။

ယခင်က လုပ်မြဲဖြစ်သော ရာသီပေါ် ပန်းနှင့် ဟင်းရွက်စိုက် င်းကိုပင် ခင်မွှံဆက်၍လုပ်ရင်း ဘဝပြဿနာကို ဖြေရှင်းခဲ့ရ၏။ ရွာက ဝေးဝေးရှောင်၍ ပစ်ပယ်ခံရသော်ငြား အထီးကျန်စိတ်ကို သဲကြိတ်မှိတ်ခံရင်း ခင်မွှံရုန်းကန်ခဲ့ရ၏။

အချစ်ကို မမျှော်ကိုးမိတော့သော်လည်း ဘဝမှာ အားငယ်ရ ည့်အချိန်တိုင်း မိမိကို နားလည်မှုရှိခဲ့သော နဝဒေးကို သတိရ၏။ င်မွှံ့ကို လက်ထပ်မယ်’ ဟူသောစကားကို ကြားယောင်ပြီး ဘာရယ် ဟုတ် အားတက်မိ၏။ အခြေအနေ၊ အခွင့်အခါတွေများ ပြောင်းလဲ ကာ နဝဒေးနှင့် နီးလာလေမလားဟူ၍လည်း မဝံ့မရဲ မျှော်



www.burmeseclassic.com

www.burmeseclassic.com



စောင့်စားမိ၏။ အချစ်ထက် အားကိုးကို ခင်မွှံပို၍တမ်းမက်ခြင်းဖြစ်သည် ဟု ဆိုလျှင်လည်း ရနိုင်ပါသည်။

သို့သော် ထိုမှန်ရီဝေတဝါးမျှော်လင့်စိတ်ကလေးသည်ပင် ချေဖျက်ထုထောင်းခြင်း ခံလိုက်ရပြန်ပါလေ၏။

တစ်နေ့. .

ခင်မွှံဈေးကအပြန်တွင် ပိုက်ထွေးနှင့် ငြိမ်းအောင်တို့ကို လမ်းမှာ တွေ့သည်။ သူတို့က ဝတ်ကောင်းစားလှတွေနှင့်။

ခင်မွှံ သူတို့ကို နှုတ်ဆက်ရကောင်းနိုး မကောင်းနိုး စဉ်းစားနေမိဆဲမှာပင် ငြိမ်းအောင်က စတင်၍နှုတ်ဆက်သည်။

"ခင်မွှံ. . မတွေ့ရတာတောင် ကြာပြီ။ အဆင်ပြေရဲ့လား"

လူကြီးဆန်သော နှုတ်ဆက်စကား. . ။

အရေးတယူမေးခြင်းခံရ၍ ခင်မွှံဝမ်းသာသွားသည်။ သူငယ်ချင်းဆိုသည်မှာ ဒါပါပဲ။

"ဆိုပါတော့. . ။ ကိုငြိမ်းအောင်တို့၊ ကိုပိုက်ထွေးတို့ရော ဘာတွေလုပ်နေလဲ"

ခင်မွှံပြန်မေးမိ၏။

"ငါတို့က ဆယ်တန်းအောင်သွားပြီ။ အခု အဝေးသင်တက်နေကြတယ်"

ပိုက်ထွေးက ဝင်ဖြေသည်။

"ဝမ်းသာပါတယ်။ ခင်မွှံကတော့ ပညာရေးနဲ့ ဝေးသွားပါပြီ"

"ခင်မွှံ. . နှင့်အမေ ဆုံးသွားတယ်ဆို"

"ဟုတ်တယ်. . ။ ခြောက်လကျော်သွားပြီ"

"ဒါဆို နင်တစ်ယောက်တည်း ဖြစ်နေမှာပေါ့"

ခင်မွှံ ခေါင်းညိတ်လိုက်ရုံသာ။

"ဒါနဲ့ နေပါဦး. . ။ အခု ကိုငြိမ်းအောင်တို့၊ ကိုပိုက်ထွေးတို့ ဘယ်ကပြန်လာကြတာလဲ။ သားသားနားနားနဲ့. . ။ ကျွေ့ ဝါးတီးရှိတယ်ထင်တယ်"

ငြိမ်းအောင်ရော၊ ပိုက်ထွေးပါ ရုတ်တရက် အဖြေထွက်မလာကြ။ သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်ကို ခင်မွှံသတိပြုမိ၏။ ဘာကြောင့်များ အဖြေခက်နေပါလိမ့်။

"ပြောပါဦး. . ။ ကိုပိုက်ထွေးတို့ ဝါးတီးကို ခင်မွှံက လိုက်မစားပါဘူး"

ခင်မွှံက အရယ်နှော၍ ပြောလိုက်သည်။

သည်တော့မှ. .

"ခင်မွှံ. . နင်စိတ်မကောင်းမဖြစ်နဲ့နော်"

ငြိမ်းအောင်၏ နိဒါန်းပျိုးပုံက အဆန်းဖြစ်၏။

"ဘာမို့လို့လဲ ကိုငြိမ်းအောင်ရဲ့"

ပိုက်ထွေးက ဝင်၍ နေးတုံ့နေးတုံ့ တွန့်ဆုတ်ဆုတ်ဖြင့်. .

"ငါတို့ မင်္ဂလာဆောင်က ပြန်လာတာ"

"ဟုတ်လား. . ။ ဘယ်သူမင်္ဂလာဆောင်တာလဲ။ ခင်မွှံတို့ သူငယ်ချင်းတွေထဲကလား"

"အင်း. . ဟုတ်တယ်"

"ဘယ်သူများလဲ"

"မြသီတာ. ."

"ဟင်. . ဟုတ်လား။ မြသီတာတောင် မင်္ဂလာဆောင်ပြီ. . ဟုတ်လား။ သတို့သားက ဘယ်ကလဲ။ ဘယ်သူလဲ။ ချောလား. ."

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ကြပြန်၏။

ပြီးမှ သက်ပြင်းချသံနှင့်အတူ ငြိမ်းအောင်ဖြေ၏။

"ငါတို့သူငယ်ချင်းကြီးပဲလေ။ နဝဒေး. ."

"ရှင်. ."







www.burmeseclassic.com

www.burmeseclassic.com



"နဝဒေးလေ. . နဝဒေး"

"ဟင်. ."

ခင်မှုံ့ရင်ထဲတွင် မီးတောင်ပေါက်ကွဲကာ ချော်ရည်ပူများ တ
ကိုယ်လုံးပေါ်သို့ စီးကျသွားသည်။ အံ့အားသင့်လွန်း၍ ဘာပြန်ပြောရမည်
မသိ။ ခြေဖဝါးအောက်မှ မြေအထုကြီး တစ်စတစ်စပြိုကျသွားနေသည်
ထင်မိ၏။ ကောင်းကင်ကြီးက ရဲရဲတောက်နေသည် ထင်မိ၏။ ခင်မှုံ့
ကိုယ်ကလေး ဖုန်မှုန့်တစ်ပွင့်လို သေးငယ်ပြီး လေတွင်လွင့်ပါသွားသည်
ထင်မိ၏။ မျက်ရည်တို့က မတားဆီးနိုင်မီ ပါးပြင်ပေါ်သို့ ပိုးပိုးပေါက်ပေါက်
ကျလာသည်။

"ငါတို့ သွားတော့မယ် ခင်မှုံ့"

ခင်မှုံ့၏ မျက်နှာပယ်ပျက် ခံစားရချက်များကို သူတို့နားလည်
ရ၏။ အခြေအနေကို ရှောင်လွှဲကာ သူတို့ နှုတ်ဆက်ထွက်ခွာသွားကြ
သည်။

ခင်မှုံ့တစ်ယောက်သာ နေ့လယ်နေပူကျဲကျဲကြီးအောက်မှ
ကျောက်ရုပ်ကြီးလို ရပ်ကျန်ခဲ့တော့သည်။

ဂဂဂ

အိမ်ပြန်ရောက်သောအခါ ဖန်းကိုပစ်ချပြီး ထမင်းပင်မစားနိုင်
တော့ဘဲ အခန်းတွင်းဝင်ကာ အိပ်ရာပေါ်တွင်မှောက်လျက် စိတ်ထဲရှိသ
ဖွင့်အန်ငိုချလိုက်မိတော့၏။





ရာနှုန်းပြည့်မဟုတ်သော်ငြား တိတ်တခိုး မဝံ့မရဲရှိခဲ့သော
မျှော်လင့်ချက်ကလေးကား အရာပင်မကျန်အောင် ပျောက်ကွယ်သွား
ခဲ့လေပြီ။

"ခင်မှုံ့ ယုံပါ. .။ ကိုယ် ခင်မှုံ့ကို ချစ်တယ်"

"ခင်မှုံ့ ဘာတွေတွေးနေတာလဲ။ ခင်မှုံ့နဲ့ကိုယ် ဘဝအခြေအနေ
ချင်း မတူဘူးလို့ တွေးနေတာလား။ ကိုယ့်ကိုယုံတယ်ဆိုရင် ဒါတွေတွေးဖို့
မလိုဘူးထင်တယ်"

"ဟုတ်တယ် ခင်မှုံ့. .။ ချစ်လို့ သတ္တိရှိတယ်"

"ဘာပဲဖြစ်ဖြစ် ခင်မှုံ့ကို ကိုယ်ချစ်တယ်။ ခင်မှုံ့ကို ကိုယ်လက်
ထပ်မယ်"

ယခုတော့ သူ့စကားများ လေတွင်ပျောက်လွင့်သွားခဲ့လေ
ကော။

"ခင်မှုံ့ကို ချစ်တယ်ဆို. .။ ခုတော့ ခင်မှုံ့ကို ဘာကြောင့်ထားခဲ့
တာလဲ။ ခင်မှုံ့ကို လက်ထပ်မယ်ဆို။ ခုတော့ မြသီတာကို လက်ထပ်သွား
ခဲ့ပြီ။ ဘာကြောင့်လဲ. ."

ဝမ်းပန်းတနည်း ရင်ထဲမှာပြောမိသော်လည်း စင်စစ်တွင်မူ
နဝဒေးကို ခင်မှုံ့မမုန်းပါ။ ကျောင်းမပြီးသေးဘဲ ရုတ်တရက် ကောက်ကာ
ငင်ကာ လက်ထပ်သွားခြင်းမှာ သူ့တွင် အကြောင်းတစ်ခုခု ရှိနိုင်ပါသည်။
သူ ခင်မှုံ့ကို ရက်စက်စွာ ခွဲထားခဲ့လိုသောစိတ်ကြောင့် မဟုတ်နိုင်ပါ။
မိဘများ၏ ဆန္ဒကြောင့်လည်း ဖြစ်နိုင်ပါသည်။

သူသည် စကားကို အပေါ်ယံမျှပြောတတ်သူ မဟုတ်ပါ။

သူသည် အပြောင်းအလဲမြန်သောစိတ်ရှိသူ မဟုတ်ပါ။

သူသည် နီးစပ်ရာကို တွယ်တတ်သော ရွက်ကျပင်ပေါက်
ယောက်ျားမျိုး မဟုတ်ပါ။

ကံကြမ္မာက သူနှင့်ခင်မှုံ့ကို မျက်နှာသာမပေးခဲ့ခြင်းသာ ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ သူသည် ချစ်သူကိုခွဲလျက် မချစ်သူကိုလက်တွဲခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

အဆုံးမတော့ ခင်မှုံ မျက်ရည်ကိုသာ အဖော်ပြုရပါတော့၏

ကြေကွဲဆို့နစ်စွာ ငွေးရင်းငို၊ ငိုရင်းငွေးနှင့်ပင် ခင်မှုံမောကာ အိပ်ရာထက်၌ အိပ်ပျော်သွားခဲ့၏။

ဿဿဿ

အိပ်မက်ထဲတွင် ခင်မှုံ သူ့ကိုပြန်တွေ့ရ၏။

သူ့မျက်ဝန်းမှာလည်း မျက်ရည်များနှင့်..။ သူ ခင်မှုံ့ကိုစိုက်ကြည့်ကာ..

"ခင်မှုံ..ကိုယ့်ကို ခွင့်လွှတ်ပါ။ ကိုယ့်စကားတွေ မတည်နိုင်ခဲ့တဲ့အတွက် ကိုယ်တောင်းပန်ပါတယ်"

သူ ပြောသည်။

ပြောပြီးနောက် သူလှည့်ထွက်သွားသည်။ သူ့ကျောပြင်ကို ငေးကြည့်ရင်း ခင်မှုံငို၍ကျန်ခဲ့၏။

ထိုအခိုက်မှာ ဘီလူးကြီးတစ်ကောင်ဘွားခနဲပေါ်လာကာ ခင်မှုံ့ရှေ့တွင် ရပ်သည်။ ခင်မှုံ ကြောက်လန့်တကြား ထွက်ပြေးဖို့ ပြင်လိုက်စဉ်မှာပင် ဘီလူးကြီးက ခင်မှုံ့ကို ဖမ်းလိုက်သည်။ ပြီးလျှင် ခင်မှုံ့ကို မြေပြင်ပေါ်သို့ တွန်းလှဲပစ်လိုက်၏။

ခင်မှုံ မြေပြင်မှ ရုန်းထပြီး ပြေးရန်ကြိုးစားသော်လည်း မလွတ်။





ဘီလူးကြီးက ခင်မှုံ့ကို အပေါ်မှဖိကာ အစွယ်ကြီးများကိုထုတ်လျက်..

"နင့်သွေးကို ငါစုပ်မယ်။ နင့်အသားကို ငါစားမယ်"

ဟု ပြောသည်။

ခင်မှုံ ကြောက်ကြောက်လန့်လန့်နှင့် အသံကုန်အော်ကာ ရုန်းသည်။ သို့သော် အသံက မထွက်။ ဘီလူးကြီးက တဟားဟားရယ်ကာ သူ၏အမွေးအမှင်ထူလှသောလက်ကြီးဖြင့် ခင်မှုံ၏လည်ပင်းအား ဆုပ်ကိုင်လိုက်၏။ ခင်မှုံ အသက်ရှူမဝ ဖြစ်သွားသည်။ ခင်မှုံ အားတွေလျော့လာသည်။

ကျန်ရှိနေသော အင်အားကလေးနှင့် လွတ်အောင်ရုန်းရမည်ဟူသော အသိဝင်လာသဖြင့် ခင်မှုံ အားကုန်သုံးကာ ရုန်း၏။

ဘီလူးကြီးက မလျှော့။

သည်မှာပင် ရုန်းရင်းကန်ရင်း၊ အော်ရင်းဟစ်ရင်းမှ ခင်မှုံ အိပ်ရာမှ လန့်နိုးလာ၏။ အိပ်မက်ပါလားဟူ၍ အသိဝင်လာသဖြင့် တော်သေးရဲ့ဟု သက်ပြင်းချမည်ကြံဆဲ ပစ္စက္ခလောက၌ ဘီလူးကြီးနှင့် တွေ့နေရကြောင်း သတိပြုမိလိုက်ပြန်လေသည်။

ခင်မှုံ့ကို လူတစ်ယောက်က အနိုင်အထက်ပြုဖို့ ကြိုးစားနေသည်ကော။

လူ့ဘီလူးကြီးက ခင်မှုံ့ကိုယ်ကို အပေါ်မှဖိထား၏။ လက်ဝါးကြမ်းကြီးတစ်ခုက ခင်မှုံ့ပါးစပ်ကို ပိတ်ထားသည်။ ကျန်လက်တစ်ဖက်က ခင်မှုံ့ကိုယ်ပေါ်မှာ တရကြမ်းပြေးလွှားနေသည်။ ချဉ်စူးစူးအရက်နံ့တွေနှင့် နှုတ်ခမ်းကြီးက ခင်မှုံ့ကိုနမ်းဖို့ ကြိုးစားနေသည်။

"အား..ဝူး..ဝူး.."

အော်သော်လည်း ပိတ်ထားသောလက်ကြောင့် အသံ[illegible] မထွက်နိုင်။ တဝူးဝူးတဝါးဝါးသာ ဖြစ်နေ၏။ ကျစ်လျစ်တော[illegible]င်း



www.burmeseclassic.com

www.burmeseclassic.com



သနှိမာလှသော ခင်မှုံ၏ခန္ဓာကိုယ်နှင့် ရှိသမျှအားကိုယူကာ ရုန်းပါသော်လည်း အရက်ရော၊ ရမ္မက်ပါ ရူးမူးနေသည့် လူ့ဘီလူးကြီးကို ယှဉ်၍မရ၊ အားချင်းက မမျှ. .။

လူ့ဘီလူးကြီးက အသည်းအသန် အနိုင်ယူဖို့ ကြိုးစားနေသည်။

ခင်မှုံကလည်း အလျှော့မပေးတမ်း ရုန်းကန်နေသည်။

သည်ပုံနှင့်ဆိုလျှင် ခင်မှုံရှုံးတော့မည်။

ခေါင်းထဲမှာ အတွေးတစ်ချက် ဝင်းခနဲလက်လာ၏၊ ပရိယာယ်သုံးရတော့မည်။ မာယာသုံးရတော့မည်။

ခင်မှုံက ရုန်းကန်နေမှုကို လျှော့ချလိုက်၏။ တောင့်တင်းမာကျောနေသော ခန္ဓာကိုယ်ကို ပြေလျှော့ ပျော့ပျောင်းစေလိုက်၏။ ရူးမူးဝါးဝါးအော်ခြင်းကို ရပ်လိုက်၏။ တွန်းထိုးကုတ်ဖဲ့နေသောလက်ကို ရပ်တန့်လိုက်၏။

အလိုက်သင့် အလျှော့ပေးလိုက်ခြင်း ဖြစ်သည်။

လူ့ဘီလူးကြီး ကျေနပ်သွားပုံရသည်။ ဖိဆုပ်ကိုင်ထားသောလက်ကို ဖွင့်ပေးလာ၏။ အတင်းအဓမ္မ ဖိနှိပ်ချုပ်နှောင်ထားမှု လျော့ကျသွား၏။ ခင်မှုံ သူ့ဘက်ပါပြီဟု သူတွေးလိုက်မိပုံရသည်။

ဒါသည်ပင် ခင်မှုံ့အတွက် အခွင့်ကောင်း။

လူ့ဘီလူးကြီး၏ အနမ်းက ခင်မှုံ့နှုတ်ခမ်းပေါ်သို့ အိအကျတွင် ခင်မှုံ့လက်သည်းများက ထိုသူ၏မျက်နှာကို အားရှိပါးရှိ ကုတ်ချပစ်လိုက်၏။

ခင်မှုံ၏ လွတ်နေသောခြေထောက်က အားယူကာ ကုန်းကုန်းကွကွဖြစ်သွားသော လူ့ဘီလူးကြီး၏ ပေါင်ကြားသို့ အားကုန်ဆောင့်ကန်ထည့်လိုက်သည်။

"အား. ."

နာကျင်စွာညည်းညူလျက် လူ့ဘီလူးကြီး ဘေးသို့ ဝုန်းခနဲ





လဲကျသွား၏။ ခင်မှုံက လဲနေရာမှ လူးလဲရုန်းကန်ထလိုက်သည်။ ပြေလျော့နေသော ထဘီကို ပြင်၍ဝတ်လိုက်ပြီး အခန်းထောင့်တွင် ထောင်ထားသော ဒုက်ကြီးတောင်စားကို ပြေး၍ယူလိုက်သည်။

"ခင်မှုံ. . မလုပ်နဲ့. . မလုပ်နဲ့. ."

တဗျာဗျာ လူ့ဘီလူးကြီး လန့်သွားကာ နေရာမှထ၍ အခန်းတွင်းမှ ပြေးထွက်သွားသည်။ တစ်ဆက်တည်း အိမ်နောက်ဖေးပေါက်မှ ခုန်ချထွက်ပြေးသွားတော့၏။

"လူယုတ်မာကြီး. . သားသမီးချင်း မစာမနာ။ အသေဆိုးနဲ့ သေပါစေတော်"

နာကြည်းခြင်း၊ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ မခံမရပ်နိုင်ဖြစ်ခြင်း၊ ဒေါသအမျက်ထွက်ခြင်း၊ ရှက်ခြင်းတို့ ပေါင်းရုံးကာ ကြ[illegible]ပါ ပစ်၍ထိုင်ချလိုက်ရင်း ခင်မှုံအားပါးတရငိုကြွေးလိုက်မိတော့၏။

"အမေရေ. . သမီးအဖြစ်ကို ကြည့်လှည့်ပါဦး. . အီး. ."

ဂ ဂ ဂ

ထိုညနေပိုင်းမှာပင် မမျှော်လင့်ထားသော အဖြစ်တစ်ခုကို ခင်မှုံတွေ့ကြုံလိုက်ရတော့၏၊ စိုက်ခင်းများကို ခင်မှုံရေလောင်းနေ[illegible] မှာပင်ဖြစ်၏။

"ဟာ. . လာကြပါဦး။ ဒီမှာ ဦးကောက်ရလဲနေတယ်[illegible] ရွာအကျောင်းသားဖိုးသံချောင်း၏အော်သံ ခင်မှုံ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ဖိုးသံချောင်း၏ အော်သံက ခင်မှုံတို့ခြံကလေး၏နောက်ဘက်ကွင်းအစပ်ဆီမှဖြစ်သည်။ ခင်မှုံ မျက်လုံးပြူးသွားသည်။

ဦးကောက်ရတဲ့. . ။ လဲနေသတဲ့. . ။

ဦးကောက်ရဆိုသည်မှာ နေ့လယ်က ခင်မှုံ့ကို အတင်းအဓမ္မကြံစည်စော်ကားရန် ကြိုးစားခဲ့သော လူ့ဘီလူး တဏှာရူးကြီးဖြစ်၏။ ရွာထဲမှာတော့ သူက လူရိုသေရှင်ရိုသေ နေတတ်သူဖြစ်သည်။ ဘုရားစကား၊ တရားစကား ပြောတတ်သည်။ ငွေကြေးကလည်း အတန်အသင့်ရှိသည်။ သားသမီးတွေနှင့်၊ မွေးမြူးတွေနှင့် အဝန်းအဝိုင်းလည်း ကောင်းသူဖြစ်သည်။

ကန့်လန့်ကာနောက်ကွယ်မှာတော့ အရက်ခွက်ပုန်းချသူ၊ တခြားရွာမှာ အမြှောင်ထားသူ. . ။

"လာကြပါဦး. . "

ဖိုးသံချောင်းအသံ ထပ်ပေါ်လာသည်။

ခင်မှုံ ရေပုံးကိုပစ်ချကာ အသံကြားရာသို့ ပြေးသွားသည်။ ခင်မှုံရောက်သွားသောအခါ ဖိုးသံချောင်းနားမှာ ရွာသားသုံးလေးယောက် ရောက်နေပေပြီ။

"ဟာ. . ပိုးထိတာကွ"

"အသက်မရှိတော့ဘူးထင်တယ်"

"မြို့ဆေးရုံကို ပို့ရအောင်"

"ဟ. . ဆေးရုံပို့လို့ ရတော့မလားကွ။ သေနေပြီဥစ္စာ"

တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုသံများကို ခင်မှုံကြားရ၏။ လဲနေသော ဦးကောက်ရကို ခင်မှုံကြည့်လိုက်သည်။ ခင်မှုံတို့ခြံစည်းရိုးအပေါက်မှအထွက် လယ်ကွင်းအစပ်တွင် လဲကျနေခြင်းဖြစ်ပြီး တစ်ကိုယ်လုံး မည်းပြာနေ၏။ အဆိပ်ပြင်းသော မြွေတစ်ကောင်ကောင် ကိုက်လိုက်ခြင်း ဖြစ်ပေသည်။





မိမိအား မစာနာ စော်ကား၍ ဘဝကိုဖျက်ဆီးရန် ကြိုးစားခဲ့သောကြောင့် မုန်းတီးမိသော်လည်း ယခုလိုမြင်ရသောအခါ ခင်မှုံစိတ်မကောင်း။

မကောင်းသူကို လောကက အပြစ်ပေးခဲ့လေပြီ။

ဦးကောက်ရကို ဝိုင်းနေသူများက အိမ်သို့သယ်ယူသွားကြရန် စီစဉ်နေကြခိုက် ခင်မှုံ ခြံထဲပြန်ဝင်လာခဲ့သည်။

ခင်မှုံ့ရင်ထဲမှာ ဝေဒနာတစ်ရပ် နိုးထလာခဲ့ပြန်၏။

စိုက်ခင်းများကို ရေဆက်မလောင်းနိုင်ဘဲ ရေတွင်းဘေးတွင် ထိုင်ချကာ ခင်မှုံ ငိုင်တွေရင်း စဉ်းစားနေမိသည်။

ဦးကောက်ရ ဘာကြောင့်သေဆုံးရတာလဲ။ မြွေကိုက်ခံရ၍ သေဆုံးရခြင်းသည် အကြောင်းရင်းအမှန်လား။ သို့မဟုတ် ခင်မှုံ့ကို စော်ကားဖို့ ကြိုးစားခဲ့၍ ခင်မှုံ မုန်းတီးစိတ်ဖြင့် 'အသေဆိုးနဲ့ သေ. . စေတော်' ဟု ကျိန်ဆဲမိခဲ့သောကြောင့်လေလား။ ခင်မှုံ့စကားများက အာစက်လျှာစက်ရှိနေသောကြောင့်လား။ ခင်မှုံကိုယ်တိုင် မသိသော ခင်မှုံ့စိတ်ထဲမှာ စုန်းပညာများ ကိန်းအောင်းနေလေသလား။

အဖြေတိတိပပမရ. . ။ သက်ပြင်းမောကို ချလိုက်ရ၏။

သို့သော် ခင်မှုံ့ကိုယ်ခင်မှုံ ပထမဆုံးအကြိမ် စက်ဆုပ်ရွံရှာမိသလိုလည်း ခံစားလိုက်ရလေသည်။

"ခင်မှုံ. . နင်ဟာ တကယ့်စုန်းမလေးဆိုရင်တော့. . "

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၄)

## ၁၀။ နှလုံးသားပြုစားခံရသည့်ညများ

''သတို့သားကြီးကို ဂုဏ်ပြုပါတယ်''

''ဂုဏ်ပြုပါတယ်''

ဗိုက်ကလေး၊ ဒိန်းဒေါင်နှင့် အပေါင်းအသင်းများက ဖန်ခွက်များကိုမြှောက်ကာ အော်လိုက်ကြ၏။

''သတို့သားကြီး ခုလို ကျွေးတဲ့၊ တိုက်တဲ့အတွက် များများမွေးနိုင်ပါစေကွာ''

''ဟာ. . ဗိုက်ကလေး။ မင်းဆုတောင်းကြီးကလည်း မနိပ်လိုက်တာ။ သတို့သားကြီးက မွေးနိုင်မလားကွ။ သတို့သမီးက မွေးရမှာ''

''အတူတူပေါ့ကွာ. . ။ သတို့သမီး ဗိုက်ကြီးလည်း သတို့သားက ဂရုစိုက်ရမှာပဲ။ အဲ. . ငါတို့ကောင်ကြီးက လူအေးဆိုတော့ မိန်းမကို သနားပြီး သူကိုယ်တိုင် ကိုယ်ဝန်ဆောင်ချင် ဆောင်နေမှာကွ''

''ငါကတော့ ဆုတစ်မျိုး ထပ်တောင်းချင်တယ်ကွ''

''ဘယ်လိုလဲ. . ။ လုပ်ပါဦး''

''ခုလိုပဲ နောက်တစ်ခါ ငါတို့ကို တိုက်နိုင်၊ ကျွေးနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါမင်္ဂလာဆောင်ရပါစေလို့။ မိန်းမများများ ရပါစေလို့''

''ဟေ့ကောင်.. မင်း ပေါက်ကရလျှောက်မပြောနဲ့။ မင်းပြောသလိုဆိုရင် ငါတို့သူငယ်ချင်း သိက္ခာကျတယ်။ ငါတို့သူငယ်ချင်းက အချစ်ကြီးသမား။ တစ်သက်မှာ တစ်ချစ်ပဲ။ မျက်နှာမများဘူး။ မင်းလို ကောင်မလေးမြင်ရင် အမြီးလေးတနွံနွံဖြစ်တတ်တဲ့ကောင်မျိုး မဟုတ်ဘူး''

''အံမာ.. ငါ့ကိုမပြောစမ်းပါနဲ့။ မင်းကရော တွေ့မရှောင် လိုက်နေတာတောင် ခုထိမစွံသေးတဲ့ကောင်ကများ''

''ဟား.. ဟား.. ဟား.. မှန်လိုက်တာကွာ''

သူငယ်ချင်းများက တောင်းဆိုသဖြင့် မင်္ဂလာဦး လူပျိုညပွဲကလေးဖြစ်၏။ ဆိုင်တစ်ဆိုင်မှာ နဝဒေး လိုက်၍တိုက်ကျွေးရ၏။

''မင်းမသောက်ချင် နေပေါ့ကွာ။ ငါတို့ကို တိုက်''

ဟု ဗိုက်ကလေးက သူ့ဗိုက်ကိုပွတ်၍ ပြောခဲ့သော်ငြား နဝဒေးကိုယ်နှိုက်ကပင် ယနေ့ည သောက်ချင်နေသည်။ မူးချင်နေသည်။ အရာရာကို မေ့နေချင်သည်။

ထို့ကြောင့် သူငယ်ချင်းများကို တိုက်သည့်ပွဲမှာ သူငယ်ချင်းများက နည်းနည်းသောက်ပြီး များများစကားဖောင်နေမိုက် တစ်ခွန်းမျှ ဝင်မပြောဘဲ ငြိမ်၍ ယစ်ရွေရည်ကိုသာ တစိမ့်စိမ့်သောက်နေမိ၏။

ထို့ကြောင့် ဒိန်းဒေါင်က..

''ဟေ့ကောင်နဝဒေး.. မင်းကချည်း ချနေပါလားကွ။ တစ်ခါမှ မချဖူးတဲ့ကောင်။ အမူးလွန်လို့ ဒီည မင်္ဂလာဦးညလေး လွတ်သွားဦးမယ်''

သတိပေးသည်။

''ဟုတ်တယ်ကွ..။ တော်ကြာ အိမ်ကိုတွဲပို့ရပြီး လူမှန်းမသိ သူမှန်းမသိ ဖြစ်နေရင် သတို့သမီးက ခဲလေသမျှ သဲရေကျတယ်ဆိုပြီး ငါတို့ကို ပြဿနာရှာနေမှာကွ။ ဟဲ.. ဟဲ..။ သိပ်မသောက်နဲ့။ အရှိန်





ရရုံပဲသောက်''

ဗိုက်ကလေးက အရွှန်းဖောက်ပြီး တားသည်။

နဝဒေး ဘာမျှပြန်မပြော။

သူတို့ကို လက်ကာပြကာ ဆက်၍သောက်သည်။

မေ့ချင်၍ မူးအောင်သောက်သော်လည်း မူးလာသည့်တိုင် မေ့ချင်သောအရာတွေက မမေ့။

'ခင်မှူ့ကို ချစ်တယ်။ ခင်မှူ့ကို လက်ထပ်မယ်။ ဘွဲ့ရပြီး အလုပ်ရရင် ခင်မှူ့ကို လက်ထပ်ယူမယ်' ဟု ပြောခဲ့သောစကားများကို မမေ့။

'ခင်မှူ့ကြောင့် အစ်ကိုစိတ်မဆင်းရဲစေချင်ဘူး။ ခင်မှူ့ကြောင့် အစ်ကိုဒုက္ခမရောက်စေချင်ဘူး။ ခင်မှူ့ကြောင့် အစ်ကို့ဘဝ မှန်တိုင်း မထန်စေချင်ဘူး' ဟူသော ခင်မှူ့စကားများကိုလည်း မမေ့။

'ကိုယ် ခင်မှူ့ကို လက်ထပ်မယ်။ ဒါ.. ကိုယ့်ရဲ့ သစ္စာစကားပါ' ဟု မိမိပြောခဲ့သည်ကိုလည်း မမေ့။

ယခုတော့ မိမိက သစ္စာဖောက်ခဲ့ပြီ။ မိမိပြုခဲ့သော သစ္စာစကားကို မိမိကိုယ်တိုင် လက်နှင့်ရေး၍ ခြေနှင့်ဖျက်ခဲ့မိပြီ။ မိမိသည် သစ္စာမဲ့သူ တစ်ဦး။

ခင်မှူ သူလက်ထပ်သည့်သတင်းကို ကြားရလျှင် မည်မျှခံစား လိုက်ရလေမည်နည်း။

ခင်မှူ့အမေ ဆုံးသည်ကို နဝဒေးကြားစဉ်ကလည်း တက္ကသိုလ် ဟုမို့ ခင်မှူ့ကို မိမိအားမပေးနိုင်ခဲ့။ အမေမရှိတော့၍ အားငယ်ညှိုးချုံးနေမည့် အထီးကျန် ခင်မှူ့ကို မိမိက ဝေဒနာတွေ ဆင့်ပိုး၍ ပေးမိပြန်ပြီ။

ခင်မှူ မိမိကို မုန်းသွားလေမလား။ နာကျည်းသွားလေမလား။

ခင်မှူသည် ခံစားရချက်ကို ရင်တွင်းမျိုသိပ်ကာ မိမိအ[illegible] နားလည်ခွင့်လွှတ်နေမည့်သူဟု နဝဒေးယုံကြည်သည်။ ခင်မှူသည် [illegible]သူ



www.burmeseclassic.com

www.burmeseclassic.com



က မည်သို့ပြောပြော နှလုံးသားလှသည့်သူ။

မြသီတာသည် နဝဒေး၏သူငယ်ချင်း။ မြသီတာကို နဝဒေးက သူငယ်ချင်း ့လိုပင် ခင်သည်။ သည့်ထက် မပိုခဲ့။ မိမိရင်မှာ ခင်မွှံရှိသည်ပဲ။ ဒါကို မြသီတာလည်း မသိမဟုတ်။

ယခုကိစ္စက မိဘများစီစဉ်ခြင်းဖြစ်၏။ ကျောင်းပိတ်ရက် ခဏ အပြန်မှာ ရုတ်တရက်ဖြစ်လာသော မင်္ဂလာပွဲ။ နဝဒေးက မြသီတာကို မယူနိုင်ပါဟု ခါးခါးသီးသီးငြင်းခဲ့ပါသေး၏။ မရ. .။ လူကြီးချင်း ပြောဆို စီစဉ်ပြီးနေပြီ။

နဝဒေး ရှောင်ပြေးဖို့ စဉ်းစားပါသေး၏။ မဖြစ်. .။ အမေက ယခုတလော နှလုံးအခြေ မကောင်း။ ဆရာဝန်က အချိန်မရွေး ဖောက် သွားနိုင်သည်ဟု သတိပေးစကား ပြောထားချိန်။

"သားရယ်. . အမေက မကြာခင် မျက်စိမှိတ်ရတော့မှာ။ အမေ မသေခင် အမေ့ကို စိတ်ချမ်းသာအောင် သားမလိုက်လျောပေးနိုင်ဘူး လား"

ဟု အမေမေးခဲ့သည့်စကားကို ဥပေက္ခာမပြုရက်နိုင်။

ကျေးဇူးကြီးလှသော မိခင်ကတစ်ဖက်၊ မိမိနှလုံးသားနှင့် ခင်မွှံ ကတစ်ဖက် လွန်ဆွဲနေသည့်ကာလမှာ ဖခင်ဖြစ်သူက. .

"သား. . မင်းအမေဟာ မင်းကို ဘယ်လောက်ခက်ခက်ခဲခဲ မွေးခဲ့ရတယ်ဆိုတာ သားသိပါတယ်။ နှလုံးရောဂါကြောင့်ရယ်၊ ကျန်းမာ ရေးမကောင်းတာရယ်ကြောင့် မင်းကို ကိုယ်ဝန်ရှိချိန်မှာ ဆရာဝန်တွေက ကလေးမယူသင့်ဘူးလို့ အကြံပေးခဲ့ကြတယ်။ အသက်ကို ထိခိုက်နိုင် သတဲ့။ ဒါကို သားအမေက သူ့အသက်သေချင်သေပါစေ၊ ကလေးကို တော့ မွေးမှာပဲဆိုပြီး ခေါင်းမာမာနဲ့ ဆုံးဖြတ်ခဲ့တာ။ သားကို မွေးခဲ့ဘာ ခုလိုအချိန်မှာ သားက သားအမေရဲ့ စိတ်ချမ်းသာမှုကို ကြည့်ပေးပါ ကွာ။ ဒါ. . ကျေးဇူးဆပ်ခြင်းပါပဲ"

စိတ်ကူးသစ်စာပေ



ဟု ဖျောင်းဖျခဲ့သည်။

တစ်ဆက်တည်းမှာပင်. .

"သား ဟိုကလေးမလေးကို ချစ်နေတယ်ဆိုတာ အဖေသိပါ တယ်။ ကိုယ်ချင်းလည်း စာပါတယ်။ ဒါပေမဲ့ အဖေက မေတ္တာရပ်ခံ တာပါ သားရယ်"

ဟုလည်း ဖခင်က စာနာမှုဖြင့် ဆိုခဲ့သည်။

နိဂုံးချုပ်မှာတော့ နဝဒေးလက်ခံရတော့သည်ပေါ့။

မင်္ဂလာပွဲကို အမြန်ဆုံးစီစဉ်ကြသည်။ ကျောင်းပိတ်ရက်က လည်း ကုန်တော့မည်လေ။ ကျောင်းပြန်ဖွင့်လျှင် ကျောင်းကိုပြန်သွား ရဦးမည်လေ။

ဒါတွေကို နဝဒေး ခင်မွှံ့ကိုရှင်းပြလိုသော်လည်း ခင်မွှံ့မျက်နှာ ကို မကြည့်ရဲ၍ နဝဒေးလက်လျှော့လိုက်ရ၏။ မုန်းချင်လည်း မုန်းပါစေ တော့။ မုဆိုးတစ်ပိုင်း လူရမ်းကားဟု ခင်မွှံမြင်သွားပါစေတော့။

"ဒီမှာ. . ဒီမှာ. . မင်းက နဝဒေးမဟုတ်လား"

နဝဒေး အတွေးများဖြင့် မျက်ရည်ဝဲနေမိုက် တစ်စုံတစ်ယောက် က နဝဒေး၏ပခုံးကို ပုတ်၍ ခေါ်သည်။ မော့ကြည့်တော့ နဝဒေးမသိသူ တစ်ယောက်။ နဝဒေးနှင့် မတိမ်းမယိမ်းရှိမည့် လူငယ်တစ်ယောက်။

ဗိုက်ကလေးတို့ ဒိန်းဒေါင်တို့ကလည်း ထိုလူငယ်ကို ကြောင်၍ ကြည့်နေကြ၏။

"ဟုတ်တယ်. .။ မင်းကရော ဘယ်သူလဲ"

ထိုလူငယ်သည်လည်း မဟာန်နိုင်အောင် မူးနေပုံရ၏။ လူက ယိုင်ထိုးနေသည်။ သူက ရင်ကို ဖြန်းခနဲပုတ်ကာ. .

"မင်းကြောင့် ရင်ကွဲနေရတဲ့ကောင်ပေါ့ကွ"

ဟု ပြောသည်။

မထင်မှတ်ထားသောစကား. .။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နုဝဒေးအဖို့ ဇာတ်လမ်းက အလယ်ကဖောက်ပြောသလို ဘာမျှ နားမလည်။

"ငါက မင်းကို ဘာလုပ်လို့လဲ"

နုဝဒေး ပြန်မေးလိုက်သည်၊

"မင်းက ငါ့ချစ်သူကို လုယူတယ်လေ"

မဲ့ပြုံးဖြင့် နာနာကြည်းကြည်းပြောလိုက်သောစကားက နုဝဒေးကို အံ့အားသင့်သွားစေသည်။

"မင်းပြောတာ ငါနားမလည်ဘူး"

"ဝေ့ား..မင်း ဒီနေ့လက်ထပ်တဲ့ မြသီတာက ငါ့ချစ်သူကွ"

"ဘာ.."

"ဟုတ်တယ်..။ မြသီတာနဲ့ ငါနဲ့ ချစ်နေကြတာ။ ငါဟာ ဆင်းရဲတယ်။ သူတို့ရဲ့ အလုပ်သမား။ သူ့မိဘတွေက ငါနဲ့ အဆင့်အတန်း မတူလို့ သဘောမတူဘူး။ ဒါကြောင့် မင်းနဲ့ပေးစားတာ"

နုဝဒေး ဘာပြန်ပြောရမည် မသိတော့။ သူမသိထားသော အကြောင်းတရားများ။

"ဟော့ကောင်..မင်း မဟုတ်တာတွေ လာမပြောနဲ့"

ဗိုက်ကလေးက ဒေါပွကာ ထိုင်ရာမှထပြီး ထိုလူငယ်၏ ရင်ဘတ်အင်္ကျီစကို ဆွဲကိုင်သည်။ ဒိန်းဒေါင်ကပေါ် ထပြီး..

"တမင်သက်သက် မြသီတာကို မင်းအရှက်လာခွဲတာလား"

ဟု ဆိုကာ ဝင်ထိုးသည်။

သည်မှာပင် ပွဲက ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ ထိုလူငယ်နှင့် အတူပါလာသူကပါ ဝင်လာသဖြင့် ဗိုက်ကလေးတို့နှင့် ထိုးပွဲကြီးတစ်ပွဲဖြစ်သွားသည်။

ဘေးလူများ ဝင်ဆွဲသဖြင့် ပွဲက မကြာဘဲ ပြီးဆုံးသွားခဲ့သည်။

"မကျေနပ်ဘူး..။ ငါ့ချစ်သူကို ငါပြန်ရအောင်ယူမယ်"





ထိုလူငယ် ကြိမ်းဝါးပြောဆိုသွားခဲ့သော စကားများ..။

နုဝဒေးရင်ထဲ၌ ဝေဒနာတစ်ခုက နှစ်ခုဖြစ်ခဲ့ရ၏။

ꩤꩤꩤ

ဗိုက်ကလေးတို့လိုက်ပို့သဖြင့် နုဝဒေးအိမ်ပြန်ရောက်တော့ လူက အတော့်ကို ဟန်ချက်ပျက်နေ၏၊ သူတို့တွဲမထားလျှင် နုဝဒေးရပ်နိုင်မည်မဟုတ်။

မြသီတာက..

"မောင်က အလွန်အကျွံပါလားကွယ်"

ဟု ဆိုသည်။ ငြူငြင်စကားတော့ မဟုတ်ပါ။

"ဟဲ..မြသီတာ။ နုဝဒေးကို နင့်လက်ကို ပြန်အပ်ခဲ့ပြီနော်။ ငါတို့ပြန်တော့မယ်၊ ကျန်တာတော့ နင်တို့နှစ်ယောက်ကိစ္စပဲ"

ဗိုက်ကလေးစကားနှင့် တစ်ဆက်တည်းပင်..

"ငါတို့မပြန်ရင် နင်က စိတ်ဆိုးမှာမဟုတ်လား။ မင်္ဂလာဦးည ကိုဖျက်တဲ့ အလိုက်ကန်းဆိုးမသိတဲ့ကောင်တွေ ဆိုပြီးတော့လေ..။ ဟဲ..ဟဲ.."

ဟု အနောက်စကားကို ဆိုသည်။

မြသီတာ မျက်နှာကလေးနီ၍ရှိ၏။

"ငါတို့ ပြန်မလာဘူးနော်။ စိတ်ချ.."

ဟု ဗိုက်ကလေးက အော်၍ ပြန်သွားသည်။

နုဝဒေးနှင့် မြသီတာအတွက် မြသီတာမိဘများက လက်ထပ်ပွဲပေး



www.burmeseclassic.com

www.burmeseclassic.com



ထားသောအိမ်မှာမို့ လူကြီးတွေမရှိသဖြင့် နှစ်ဦးသား လွတ်လပ်မှုရှိသည်။ မြသီတာက နဝဒေးကို အိမ်ခန်းထဲသို့ တွဲခေါ်သွားသည်။

"ဟိုကောင်တွေကို တိုက်မလို့ ပြောသွားပြီး မောင်က အများကြီးသောက်လာရသလား"

ဟု မြသီတာက သူ့ကို ခုတင်ပေါ်လှဲချပေးရင်း ပြော၏။

နဝဒေးခေါင်းထဲမှာ ချာချာလည်နေသည်။ ယစ်ရွှေရည်အရှိန်ကြောင့်ထက် နှလုံးသားကြောင့် ပို၍ခံစားရ၏။

စားသောက်ဆိုင်မှာ ပြဿနာလာရှာသွားသော လူငယ်မှာ မြသီတာတို့အိမ်မှ အလုပ်သမားတစ်ဦးဖြစ်၏။ မြသီတာတို့အိမ်က အဝေးပြေးကားများထောင်ထားရာ ထိုလူငယ်က စပယ်ယာတစ်ဦးဖြစ်၏၊ အမည်က အောင်ကျော်ဟူ၍ဖြစ်သည်။

ဗိုက်ကလေးက အောင်ကျော့်ကို သိသည်။

"ဒီကောင်က မြသီတာကို တစ်ဖက်သတ်ကြိုက်နေတာ နေမှာပါကွာ။ မြသီတာက ဒီကောင်မျိုးကို ကြိုက်ပါ့မလား"

ဟူ၍ ဗိုက်ကလေးက သူ့ကိုလိုက်ပို့ရင်း ပြောခဲ့သည်။

"ဗိုက်တွေးပြောတာ အမှန်ပဲ။ ဒီကောင့်အကြောင်း ခေါင်းထဲက မထည့်ပါနဲ့"

ဟုလည်း ဒိန်းဒေါင်က ပြောသွားခဲ့၏။

သို့သော် နဝဒေးဘဝင်မကျ။

ထို့ကြောင့် မြသီတာ သူ၏ဘေးတွင် ဝင်၍လှဲလိုက်သောအခါ နဝဒေးက. ..

"မြသီတာ. . နင့်ကို ငါတစ်ခုမေးချင်တယ်"

မူးမူးနှင့် မေးမိ၏။

"ဘာလဲ. .။ မောင့်ကို ချစ်ရဲ့လားလို့ မေးမှာမဟုတ်လား။ ဒါများ မောင်ရယ်. .။ မိဘတွေစီစဉ်ပေးလို့ လက်ထပ်ရတာဆိုပေမယ့်





မောင့်ကို မချစ်ရင် မြသီတာက လက်ခံပါ့မလား"

မြသီတာက နဝဒေးကိုဖက်ရင်း ပြန်ဖြေ၏။

"မြသီတာ အောင်ကျော့်ကို သိလား"

"ရှင်. ."

"မသိဘဲတော့ မနေပါဘူး။ မြသီတာတို့အိမ်က အလုပ်သမားပဲဟာ။ သူ စားသောက်ဆိုင်ကိုလာပြီး ငါ့ကိုပြဿနာရှာသွားတယ်"

"ဟင်. . သူ ဘာတွေလျှောက်ပြောသွားလဲ"

"မြသီတာက သူ့ချစ်သူတဲ့။ သူ့ကို အဆင့်အတန်းမတူလို့ မြသီတာမိဘတွေက ငါနဲ့ပေးစားတာတဲ့"

"ဟာ. . အလကား။ အဲဒီကောင် မဟုတ်တာတွေ လျှောက်ပြောတာ။ သူ မြသီတာကို ကြိုက်ရင်ကြိုက်နေမှာပေါ့။ မြသီတာက သူ့လို အနုတ်စုတ်ကပ်စုတ်ကို ကြိုက်ပါ့မလား"

"ဒါဆိုလည်း ပြီးတာပဲ"

နဝဒေးက မြသီတာကို ကျောပေးကာ တစ်ဖက်သို့လှည့်လိုက်သည်။

"မောင်. ."

မြသီတာက နဝဒေးကို နောက်မှသိုင်းဖက်ရင်း သူမဘက်သို့ ဆွဲလှည့်သည်။ နဝဒေး မလှုပ်။

"မောင်က အဲဒါကို စိတ်အနှောင့်အယှက်ဖြစ်နေတာလား။ ဒါများ မောင်ရယ်. .။ မြသီတာက မောင့်ကိုပဲ ချစ်တာပါ။ မယုံဘူးလားဟင်. . ဟင်လို့. ."

နဝဒေး မလှုပ်. .။

"မောင် ဒီဘက်ကိုလှည့်လေ"

နဝဒေးကား အိပ်ပျော်သွားခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ ဗိုက်ကလေးတို့ ဒိန်းဒေါင်တို့နှင့် တွေ့သော အခါ နဝဒေးကို သေသေချာချာ ခြေဆုံးခေါင်းဆုံးကြည့်ပြီး ဝိုင်းနောက်ကြ၏။

"နဝဒေး. . မင်း မျက်နှာတွေ ချောင်နေပါလား"

"အေးကွ. .။ ဟုတ်တယ် နဝဒေး။ မင်းကြည့်ရတာ အားမရှိသလိုပဲ။ ပျော့ကောင်. . မာရသွန်ပြေးပွဲဆိုတာ အားကုန်မပြေးရဘူးကွ။ ဖြည်းဖြည်းမှန်မှန် ပြေးရတာ။ တာထွက်ကတည်းက မီတာတစ်ရာပြေးပုံမျိုး ပြေးရင် မင်း အမောဆို့လဲသွားလိမ့်မယ်"

"မင်းတို့ပါးစပ်က မဟုတ်တာတွေပဲ ပြောတတ်တယ်။ စကားကောင်း ပြောစမ်းပါ"

နဝဒေးက ခပ်တည်တည်နှင့် ပောက်လိုက်မှ. .

"ငါတို့က မင်းအတွက် ပျော်လို့ပါကွာ"

ဟု ဗိုက်ကလေးက မျက်နှာပိုးသတ်၍ ပြောသည်။

"ငါကတော့ မပျော်ဘူး"

"ဘာလဲ. .။ ညက မင်းအမူးလွန်သွားပြီး. . ဟဲ. . ဟဲ. . အိပ်ပျော်သွားတယ်ထင်တယ်"

"အဲဒါ မဟုတ်ပါဘူး"

"ဒါဖြင့် မြသီတာက မင်းမူးလာလို့ ဒေါပွပြီး ဟိုဘက်လှည့်အိပ်တယ်ပေါ့။ ဟုတ်လား. .။ ဒါများကွာ. . ချော့လိုက်ပေါ့"

"အဲဒါလည်း မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

လက်ဖက်ရည်ဆိုင်မှာဖြစ်၏။ မြသီတာကို သူ့မိဘများအိမ်သို့ လိုက်ပို့ပြီး နဝဒေးက ဗိုက်ကလေးတို့ရှိရာ ထွက်လာခြင်းဖြစ်၏။ လက်ဖက်ရည်ကို သောက်နေရသော်လည်း ခါတိုင်းလို အရသာက လျှာမှာ စွဲငြိမလာ။





"အောင်ကျော့်အကြောင်း ငါစုံစမ်းချင်တယ်"

ဗိုက်ကလေးနှင့် ဒိန်းဒေါင် မျက်လုံးပြူးသွား၏။

"မင်းကလည်းကွာ. .။ အဲဒါကို ခေါင်းထဲမထည့်ပါနဲ့ ပြောထားတာ"

ဗိုက်ကလေးစကားနှင့် ဒိန်းဒေါင်က. .

"ဘာလဲ. .။ မြသီတာကရော ဘာပြောလို့လဲ"

ဟု မေးသည်။

"ငါ ညက မြသီတာကိုမေးတော့ အောင်ကျော်လိုကောင်ကို ဘာလို့ကြိုက်ရမှာလဲလို့ ပြောတာပဲ"

"အေး. . အဲဒါ ဟုတ်တယ်လေ။ အောင်ကျော်က သူတို့အိမ်က စပယ်ရာ။ မိဘမရှိလို့ မြသီတာမိဘတွေက ကျွေးမွေးပြီး ခိုင်းထားတဲ့ကောင်. .။ မင်းက အရေးအရာလုပ်လို့ ခေါင်းရှုပ်ခံနေတယ်"

"ဒါနဲ့ နေပါဦး နဝဒေးရာ။ အဲဒီ အောင်ကျော့်အကြောင်းကို ဘေးဖယ်ထားလိုက်စမ်းပါ။ မင်း ညကအတွေ့အကြုံလေး ငါတို့ကို မျှပါဦး"

ဗိုက်ကလေးနှင့် ဒိန်းဒေါင်ကတော့ သည်သို့ပင်။

"မင်းတို့နမ မြသီတာကို ငါ ညက လက်ဖျားနဲ့တောင် မတို့ဘူး"

နဝဒေးက အပြတ်ပြောလိုက်သော်လည်း သူတို့က ရယ်ကျဲကျဲနှင့်. .

"ဟဲ. . ဟဲ. . လက်ဖျားနဲ့သာ မတို့တာ မဟုတ်လား"

ဟု နောက်နေပြန်သေးသည်။

"မင်းတို့ ယုံချင်ယုံ၊ မယုံချင်နေ. .။ ငါနဲ့မြသီတာဟာ ခုထိ မောင်နှမလို၊ သူငယ်ချင်းလိုပဲ"

"ဟာ. . အဲဒါတော့ ကမ္ဘာ့စံချိန်စာအုပ်မှာ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



သားလို့ စာရင်းသွင်းရတော့မှာပဲ။ မင်းကွာ. .''

"မင်းတို့ အဆင်မပြေဘူးလား"

ဗိုက်ကလေးက စိုးရိမ်စွာမေးသည်။

"အဲဒီလိုတော့လည်း မဟုတ်ဘူး။ ဒါပေမဲ့ ဘယ်လိုပြောမလဲ။ ငါ မြသီတာကိုလက်ထပ်ရတာ အိပ်မက်မက်နေသလိုပဲ။ ဘာမှ ရေရေရာရာမရှိဘူး ဖြစ်နေတယ်။ အဓိကက ငါ ခင်မွှေ့ကို ချစ်တဲ့စိတ်ပဲ။ အခုတစ်ခါ အောင်ကျော့်ပြဿနာက တစ်မျိုးဝင်လာပြန်ပြီ"

"ဟာကွာ. . မင်းက ဟိုဒင်းပြုရမှာတော့ ဟိုဒင်းမပြုဘဲ ဟိုဒင်းမပြုရမယ့်ဟာတွေကို ဟိုဒင်းပြုနေတာကိုးကွ။ ကျွတ်. .''

ဒိန်းဒေါင်က စုတ်သပ်သည်။

"မနေ့ညက ကံမကောင်းပါလား"

ဗိုက်ကလေးက ထပ်မံရယ်သွမ်းသွေးသည်။

"ဒီညတော့ မှားတဲ့အခါလည်း မှားပေမပေါ့ မဖြစ်ပါစေနဲ့ကွာ"

ဒိန်းဒေါင်ကလည်း ထပ်ဆင့်အရွှန်းဖောက်ပြန်သည်။

နဝဒေးကတော့ ကျောက်ရုပ်သာ. .။

ꩤꩤꩤ

ကားသမားတွေထဲမှာ နဝဒေး၏အသိအကျွမ်းများ ရှိသည်မို့ နဝဒေးက စုံစမ်းခိုင်းခဲ့ရာ အောင်ကျော်နှင့်မြသီတာအကြောင်း တစ်စွန်းတစ်စ သိရသည်။





နဝဒေးသိခဲ့ရသော အောင်ကျော်နှင့်မြသီတာအကြောင်းမှာ အောင်ကျော်ပြောခဲ့သောစကားများနှင့် ကိုက်ညီမှုရှိပြီး မြသီတာ၏စကားများနှင့်မူ ကိုက်ညီမှုမရှိခဲ့ပေ။

တစ်ဆင့်သိခဲ့ရသော အကြောင်းများဖြစ်၍ မည်သည်ကို ယုံရပါမည်နည်း။ အောင်ကျော်အမှန်ပဲလား. .၊ မြသီတာအမှန်ပဲလား. .။

တစ်ဖက်တွင် ခင်မွှေ့ကို သတိရတမ်းတစိတ်ကလည်း နဝဒေးကို နှိပ်စက်ကလူပြုသည်။

ခင်မွှေ့ကို တွေ့ချင်စိတ်ပြင်းသဖြင့် တစ်ညနေတွင် ခင်မွှေ့တို့ရွာဘက်သို့ စက်ဘီးဖြင့်ရောက်သွားခဲ့၏။ ခင်မွှေ့ကို ခြံထဲမှာ စိုက်ခင်းရေလောင်းနေသည်ကို တွေ့ရ၏။

ခင်မွှေ့ကို နဝဒေး မျက်နှာချင်းဆိုင်သွားတွေ့ခဲ့ခြင်း မဟုတ်ပါ။ ခင်မွှေ့မျက်နှာကို မြင်ချင်၍ သွားခဲ့ခြင်းသာပါ။ စက်ဘီးကို သစ်ပင်တစ်ပင်အကွယ်မှာ ရပ်ကာ ခင်မွှေ့ကို နဝဒေးငေးကြည့်ခဲ့ခြင်းသာပ်။

ခင်မွှေ့မျက်နှာ ညှိုးလျော်လွန်းလှသည်ဟု နဝဒေးထင်သည်။ ခင်မွှေ့လှုပ်ရှားမှုတွေမှာ ယခင်မြင်နေကျ သွက်လက်ဖျတ်လတ်မှုတွေကို မမြင်ရတော့ဘဲ စက်ရုပ်တစ်ရုပ်လို ဝတ်ကျေတန်းကျေ လှုပ်ရှားနေပုံမျိုးဟုသာ နဝဒေးထင်သည်။ ခင်မွှေ့သည် စိတ်နှင့်ကိုယ် မကပ်နိုင်ဘဲ အိပ်မက်ထဲလမ်းလျှောက်နေသူဟု နဝဒေးထင်သည်။

ရင်ထဲမှာ မကောင်း. .။

ခင်မွှေ့ကို သနားသည်။ မိမိက ခင်မွှေ့ကို ချစ်သည်ဟု ပြောခဲ့ခြင်းမှာ ချစ်ရာမရောက်ဘဲ ခင်မွှေ့စိတ်ဆင်းရဲရလေအောင် နှစ်ရာရောက်ခဲ့သည် အမှန်။

နောက်ဆုံးတွင် ခင်မွှေ့ခြံထဲသို့ မဝင်ရဲဘဲ ငေးကြည့်ရုံမျှဖြင့် အဆုံးသတ်ကာ နဝဒေးပြန်လာခဲ့ရ၏။

ပြန်လာရင်း နဝဒေးခေါင်းထဲမှာ အတွေးတစ်ခုဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြသီတာသည်လည်း မိမိလိုပင် မိဘဆန္ဒကို လိုက်လျောပြီး မိမိကို လက်ထပ်ခဲ့ခြင်းများလား။ မြသီတာက အောင်ကျော်ကို တကယ် ချစ်ခဲ့မိလေသလား။

ဖြစ်နိုင်သည်ဟု နဝဒေးထင်မိ၏။

ထို့ကြောင့် ညအိပ်ချိန်မှာ နဝဒေး မြသီတာကို မေးမိပြန်သည်။

"မြသီတာ. . နင်အမှန်အတိုင်းပြောပါဟာ။ နင် အောင်ကျော်နဲ့ တကယ်ချစ်သူဖြစ်ခဲ့တာလား။ အဲဒါဆိုရင် နင်တို့အချစ်ကို ငါ့ကြောင့် မကွဲကွာစေချင်ဘူး။ ငါရှောင်ပေးမယ်"

မြသီတာက ခေါင်းယမ်းသည်။

"မောင် မဟုတ်တာတွေ မတွေးစမ်းပါနဲ့။ သူနဲ့ မြသီတာ ဘာမှမဖြစ်ခဲ့ဘူး။ မောင်ဟာ မြသီတာခင်ပွန်း ဖြစ်နေပါပြီ။ မောင်နဲ့ မြသီတာ အထင်မလွဲချင်ဘူး"

"ငါ နင့်ကို အပြစ်သဘောနဲ့ ပြောတာမဟုတ်ဘူး မြသီတာ။ စေတနာနဲ့ ပြောတာပါ"

"ဘာလဲ. .။ မောင်က ခင်မှုံ့ဆီကို ပြန်သွားချင်လို့ မြသီတာ ကို တရားခံရှာနေတာလား"

သည်စကားကတော့ နဝဒေး၏သိက္ခာကို ထိပါးသည်ဟု ယူဆမိ၏။

"ဒီလိုတော့မပြောနဲ့ မြသီတာ။ ငါ့ကြောင့် ငါ့မိဘတွေ စိတ်မဆင်းရဲစေချင်သလို နင့်ကိုလည်း စိတ်မဆင်းရဲစေရဘူး။ ဒါ. . ငါ့သဘော အမှန်ပဲ။ သဘောအမှန်နဲ့ ပြောတာပါ မြသီတာ"

"ဒါဆို မြသီတာက သဘောမမှန်ဘူးလို့ မောင်က ဆိုလိုချင်တာလား"

သည်မှာပင် မြသီတာနှင့် နဝဒေး စကားအဆိအငေါ်တွေ မတည့် ဖြစ်ရ၏။ မြသီတာက မိန်းမပီပီ စကားနာတွေထိုးကာ အပြစ်





တွေကို သူ့အပေါ်ပုံလာသည်။ ခုတ်ရာတခြား၊ ရှရာတခြား ဖြစ်ရပြန်လေပြီ။

တစ်အိပ်ရာတည်းမှာ ကျောချင်းကပ် အိပ်ခဲ့ရသောည. .။
ရင်ခုန်သံချင်း မနီးစပ်သောညများဟု ဆိုရမည်။

ဂဂဂ

www.burmeseclassic.com

www.burmeseclassic.com

## ၁၁။ ဘယ်သူက ရှုံးမလဲ

"မောင်..မြသီတာ မြို့ခဏပြန်ဦးမယ်"

ကျောင်းဖွင့်၍ ကျောင်းသို့ပြန်ခဲ့ကြသည်အထိ နုဝေးနှင့် မြသီတာ ဘာမျှမဖြစ်ခဲ့။ သူတို့အိမ်ထောင်ရေးက မပေါက်ကွဲသော်လည်း အတွင်းမှာ တင်းမာမှုများ ရှိနေခဲ့သည်။

မိဘများကတော့ မသိ။

မိဘများမသိအောင်လည်း နုဝေးနှင့် မြသီတာတို့ ကြိုးစားခဲ့ကြ၏။

နုဝေးက နုဝေးအဆောင်မှာ၊ မြသီတာက မြသီတာအဆော င်မှာမို့ မကြာခဏတွေ့ဖြစ်ခဲ့ကြသော်လည်း ညှို့သည်သွား ညှို့သည်လာ နှင့် မခြား။ ချစ်သူရည်းစားအဆင့်မျိုးမျှသာ..။

သည်ကာလမှာ နုဝေးက မိမိစိတ်ကို လျှော့ချမြေသိမ့်သည် မိမိသည် ခင်မှုံ့ကို ချစ်ခဲ့သည်မှန်သော်လည်း ယခုမူ အိ ထောင်သည်ဖြစ်လာခဲ့ပြီမို့ မြသီတာအပေါ် သစ္စာရှိရတော့မည်။ စိတ် တွင် ခင်မှုံ့ကို မမေ့နိုင်သည်မှန်သော်ငြား မြသီတာကို မနောက်





ဖောက်ပြန်ကျူးလွန်နေမိသည် ဖြစ်မှာစိုးသောကြောင့် ခင်မှုံ့ကို မေ့နိုင်အောင် ကြိုးစား၏။

မြသီတာနှင့်လည်း အဆင်အပြေနိုင်ဆုံး ဆက်ဆံ၏။ မြသီတာ၏ လိုအင်ဆန္ဒများ ပြည့်ဝအောင် ကြိုးစားပေး၏။ မြသီတာစိတ်ချမ်းသာရေးအတွက် အတတ်နိုင်ဆုံး ဖြည့်ဆည်းပေး၏။ မြသီတာအတွက် အချစ်မခွေးပွားနိုင်သေးသည်မှ တစ်ပါးပါ။

သို့သော်..

ကျောင်းတက်ပြီး တစ်လကျော်အကြာတွင် မြသီတာ မြို့ကိုပြန်ဦးမည်ဟု ပြောလာသောအခါ နုဝေး ရုတ်တရက်နားမလည်။

"ဘာကိစ္စရှိလို့လဲ မြသီတာ"

နုဝေး၏အကြည့်ကို မြသီတာက ရှောင်ရှားရင်း..

"မေမေဘို့က မှာလို့ပါ"

ဟု ဖြေသည်။ အသံက တိုးတိမ်သည်။ မောသံပါသည်။

"နေထိုင်မကောင်းကြလို့လား"

"မဟုတ်ပါဘူး"

"ကိုယ်လိုက်ပို့ပေးမယ်လေ"

"ဟင့်အင်း..။ မြသီတာဘာသာ ပြန်ပါ့မယ်။ မောင် ကျောင်းပျက်နေမယ်"

"ဘယ်လောက်ကြာမှာလဲ မြသီတာ"

"အသေအချာတော့ မပြောနိုင်ဘူး၊ တစ်ပတ်၊ ဆယ်ရက်တော့ ကြာမယ်ထင်တယ်"

တိကျသေချာသောအကြောင်း မသိရခြင်းအတွက် နုဝေးရင်မှာ မထင်မကျဖြစ်ရ၏။ လင်နှင့်မယား ဖြစ်နေပါလျက် လျှို့ဝှက်ရေ ဘာအကြောင်းများ ရှိနေပါသနည်း။

မိမိနှင့် မြသီတာ ပကတိ သန့်ရှင်းစွာရှိနေသည်.....။



www.burmeseclassic.com

www.burmeseclassic.com



မိဘများကို အသိပေး တိုင်တန်းမည်လော။

အားနာသဖြင့် ထိုကိစ္စကို နုဝဒေးထုတ်မမေးဖြစ်ခဲ့ပါ၊ မြသီတာရင်တွင် တစ်ခုခုခံစားချက်ရှိနေပုံရသည်ဟုတော့ ခန့်မှန်း၏။ နုဝဒေးကို မျက်လုံးချင်းမဆုံအောင် ရှောင်နေသည်ကပင် နုဝဒေးအဖို့ ပဟေဠိတစ်ပုဒ်ပင်။

မြသီတာ မြို့ကိုပြန်သွားပြီးနောက် နုဝဒေးသည် ဗိုက်ကလေးတို့ထံ ဖုန်းဆက်ဖြစ်ခဲ့၏။

"ပိုက်ထွေး. . မြသီတာ မြို့ပြန်သွားတယ်။ ဘာကြောင့်မှန်း ငါမသိဘူး။ သူ့မိဘတွေက မှာလို့လို့ ပြောတယ်။ အဲဒါ အဖေနဲ့အမေကိုတော့ မပြောနဲ့။ မင်းတို့ နည်းနည်းစုံစမ်းလိုက်ပါ။ မြသီတာဆီမှာ ပြဿနာတစ်ခုခု ရှိနေပြီလို့ ငါထင်တယ်"

ဗိုက်ကလေးက "စိတ်ချ" ဟု ဆိုခဲ့၏။

ထိုနေ့က နုဝဒေး၏ ဘယ်ဘက်မျက်ခမ်းများ လှုပ်နေသည်ကို သတိပြုမိသည်။ "ငိုရတတ်တယ်၊ ဒါမှမဟုတ် ဝမ်းနည်းစရာတွေ့ရတတ်တယ်" ဟူသော အမေ့စကားကို အမှတ်ရမိ၏။ ဘယ်ဘက်အောက်မျက်ခမ်းလှုပ်ခြင်းသည် တကယ်ပင် ဝမ်းနည်းစရာကြုံရတတ်သည်သားရင်ထဲ၌ အဖုအထစ်တစ်ခုခု ရှိနေသည်ကမူ အမှန်။

ဣဣဣ



"ပြဿနာတွေ ရှုပ်ထွေးနေတယ်။ မင်းအမေ ဆေးရုံတင်လိုက်ရတယ်။ အမြန်ပြန်လာခဲ့"

ဟူသော ဗိုက်ကလေး၏ဖုန်းကြောင့် နုဝဒေး ရရာကားဖြင့် မြို့ပြန်ခဲ့ရ၏။

ကားဂိတ်မှနေ၍ နုဝဒေး ဆေးရုံကို တန်း၍ပြေးသည်။

ဆေးရုံမှာ အမေ့ကို အသက်မီရုံပဲရှိ၏။

အသက်မီသည်ဆိုသည်မှာ အသက်ကို မီရုံသာဖြစ်ပြီး အမေ့ခမျာ နုဝဒေးရောက်လာခြင်းကိုပင် မသိနိုင်ခဲ့။ နုဝဒေးကို စကားတစ်ခွန်း မဆိုနိုင်ခဲ့။ နုဝဒေးမျက်နှာကလေးကိုပင် ကြည့်မြင်မသွားနိုင်ခဲ့။ သားဟုပင် မခေါ်နိုင်ခဲ့။

"အမေ. . အမေ. ."

နုဝဒေး၏ခေါ်သံများကိုလည်း အမေမထူးနိုင်။ ကြားပင် ကြားပါလေ၏။ မှန်းဆရသည်မှာမူ အမေသည် နုဝဒေးရောက်လာခြင်းကို သိပုံရ၏။ သားကိုစောင့်နေခြင်းဟုလည်း ဆိုနိုင်၏။ နုဝဒေးရောက်ရှိပြီး အချိန်ပိုင်းအတွင်းမှာပင် အမေသည် လူ့လောကကို အပြီးတိုင်ကျောနိုင်းသွားတော့၏။

"အမေရယ်. ."

နုဝဒေး ဖြေမဆည်နိုင်တော့။

ကလေးတစ်ယောက်လို အမေ့ကိုဖက်ကာ နုဝဒေးငိုနေသည်ကို ခင်သည် မျက်ရည်များဖြင့် နှစ်သိမ့်မှုပေးရ၏။

"စိတ်ကိုလျှော့လိုက် သား။ ဒါ. . မလွန်ဆန်နိုင်တဲ့ တရားပဲ။ ဒီနိစ္စဆိုတာ အဖေတို့ဆီကိုလည်း ရောက်လာမှာ"

"ဘယ်လိုဖြစ်ရတာလဲ အဖေရာ။ ကျွန်တော် ကျောင်းတက်ဖို့ သွားတုန်းက အမေ့ကျန်းမာရေးက အကောင်းကြီးရယ်"

ဖခင်ဦးကောင်းမြတ်က မျက်ရည်များဖြင့် အံကိုကြိတ်ထား၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဖြေမပေး . . ။

ဗိုက်ကလေးနှင့် ဒိန်းဒေါင်ကို လှမ်းကြည့်တော့လည်း ခေါင်းကို ငုံ့သူငုံ့၊ မျက်နှာလွှဲသူလွှဲ . . ။

"မြသီတာရော . . ။ မြသီတာ ဘယ်မှာလဲ။ အမေနေမကောင်းကဲ့ဆိကို မြသီတာမလာဘူးလား"

မြသီတာကို သတိရကာ နဝဒေးမေးတော့လည်း ဦးကောင်းမြတ်ရော၊ ဗိုက်ကလေးတို့ပါ မဖြေကြ။ အဘယ်ကြောင့်ပါနည်း။

"အဖေ . . ဘာဖြစ်လို့လဲ။ ကျွန်တော်မေးတာ ဖြေကြပါဦး။ ဗိုက်ကလေး . . ငြိမ်းအောင် . . မင်းတို့ကရော ဘာကြောင့်မဖြေတာလဲ"

"စိတ်အေးအေးထားပါ သူငယ်ချင်းရာ။ မင်းအမေရဲ့ ရှာပနအတွက် ငါတို့ အကောင်းဆုံးလုပ်ကြရဦးမှာ"

ဗိုက်ကလေးထံမှ လူကြီးဆန်စွာ ပထမဦးဆုံးထွက်လာသော စကား။ သူ့အသံတွေလည်း တုန်နေ၏။ တစ်ခုခုကို လျှို့ဝှက်ထားပုံရ၏။

ဖခင်ဦးကောင်းမြတ်က . .

"ဟုတ်တယ် သား . . ။ မင်းအမေအတွက် အဖေတို့ လုပ်စရာရှိတာ လုပ်ကြရအောင်"

ဟု ပြောကာ အနားမှထွက်သွားသည်။ ဗိုက်ကလေးနှင့် ငြိမ်းအောင်ပါ လိုက်သွားကြ၏။

နဝဒေး နားမလည်။

မြသီတာ ဘယ်မှာလဲ . . ။

မြသီတာအကြောင်း ဘာကြောင့်မဖြေကြတာလဲ . . ။

မြသီတာ ဘာဖြစ်သလဲ . . ။

ဂ ဂ ဂ



မြသီတာမြို့ပြန်လာကြောင်းသတင်းကို အသိတစ်ယောက်ထံမှ တစ်ဆင့် နဝဒေး၏မိခင် ဒေါ်စန်းစန်းမြင့် ကြားရ၏။ ပြန်ရောက်သည်မှာ နှစ်ရက်ရှိပြီတဲ့။ မြသီတာ ဘာကြောင့်ပြန်လာသနည်း။ နဝဒေးနှင့် အဆင်မပြေသောကြောင့်လား။

မြို့ပြန်လာလျှင် ယောကျ်ာမဖြစ်သူထံ လာဖို့ကောင်းသည်။ ယခု မလာ။ အဘယ်အကြောင်းကြောင့်နည်း။

ဒေါ်စန်းစန်းမြင့် စိတ်ပူသွားသည်။

ထို့ကြောင့် ဦးကောင်းမြတ်အလုပ်မှပြန်အလာကိုပင် မစောင့်နိုင်ဘဲ နဝဒေးနှင့် မြသီတာတို့၏ နေအိမ်ဆီသို့ ထွက်လာခဲ့၏။

အိမ်တံခါးက ခပ်ဟဟပွင့်လျက်ရှိသည်မို့ အထဲတွင် မြသီတာ ကျန်ရှိမည်ဟု ဒေါ်စန်းစန်းမြင့်တွေးမိ၏။ သို့သော် အိမ်ရှေ့ခန်းတွင် မြသီတာကို လှမ်း၍မမြင်ရ။ အတွင်းဘက်တွင်ရှိမည်ဟု ထင်သဖြင့် နာမည်ကိုမခေါ်တော့ဘဲ အိမ်ပေါ်သို့ အသာတက်လာခဲ့၏။

အိမ်အပေါ်ဆင့်အရောက်တွင် အတွင်းဘက်ဆီမှ စကားသံ တချို့ကို ကြားရ၏။ အိပ်ခန်းဆီမှဖြစ်သည်။ မိန်းမသံများ . . ။ အတိအကျဆိုရသော် မြသီတာနှင့် သူ့မိခင်၏အသံ . . ။

ဒေါ်စန်းစန်းမြင့် နေရာမှာပင်ရပ်၍ နားစွင့်ထားမိ၏။ ဘာတွေများပြောဆိုနေကြပါလိမ့်။ အသံများက ခပ်တိုးတိုးမို့ ဂရုစိုက်မှ ကြားရရုံသာ။

"ဒီလိုဆို ဘယ်လိုလုပ်မလဲ"

"အဲဒါပြောတာ အမေ။ နဝဒေးနဲ့ သမီးက ခုထိဘာမှမဖြစ်ဘူးဆိုတော့ ပြဿနာက ပူးပေါ်တော့မှာ"

"အဲဒါမှ ဒုက္ခပဲ။ အမေကတော့ နဝဒေးနဲ့လက်ထပ်။ အချိန်တန်ရင် ကလေးမွေး။ ကလေးက ခုနစ်လနဲ့မွေးတာလို့ ပြောလို့ရ . . ဒီလိုနည်းနဲ့ အကောင်းဆုံးစီစဉ်လိုက်တာပဲ။ သူက ဘာကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



အတူမအိပ်တာလဲ''

''အောင်ကျော်ကြောင့်ပဲ အမေ..။ အောင်ကျော်က မင်္ဂလာဆောင်တဲ့ညက နဝဒေးကို ပြဿနာလာရှာသွားတယ်''

''ဟင်..အဲဒါဆို အဲဒီကတည်းက သမီးမှာ ကိုယ်ဝန်ရှိနေတာကို သူသိသွားတာလား''

''ဟင့်အင်း..သူမသိဘူး။ အောင်ကျော်ကလည်း ဒီကိစ္စကိုမှ မသိတာ။ သူ့ချစ်သူပါ ဘာညာ ဆိုပြီးတော့ပဲ ပြောသွားတာပါ။ ဒါပေမဲ့ အောင်ကျော့်ကိစ္စနဲ့ပတ်သက်ပြီး နဝဒေးက စိတ်မကောင်းဘူး၊ သူ့ကြောင့် သမီးနဲ့အောင်ကျော် ကွဲရတာဆိုရင် သူရှောင်ပေးမယ်လို့ ပြောတယ်။ အဲဒီကတည်းက သူ သမီးကို သူငယ်ချင်းလိုပဲ နေခဲ့တာ''

''အခု သမီး ဒီကိုပြန်လာတဲ့အကြောင်း သူ့ကိုပြောခဲ့လား''

''ပြောခဲ့တယ်''

''ဘယ်လိုပြောခဲ့လဲ''

''အမေတို့မှာလို့လို့ပဲ ပြောခဲ့တာ။ သူ သံသယတော့ဝင်မှာ သေချာတယ်။ သမီးလည်း စဉ်းစားတယ်။ ဗိုက်က တဖြည်းဖြည်းထွက်လာတော့မှာ။ ပတ်ဝန်းကျင်ကို လိမ်လို့ရပေမယ့် နဝဒေးကို လိမ်လို့မရတော့ဘူး။ သမီးတို့အလိမ်တွေ ပေါ်တော့မယ်။ အဲဒါဆိုရင် သမီးတို့ သူ့ကို ခုတုံးလုပ်တာ သိသွားပြီး မိုးမီးလောင်ကုန်မှာ။ သမီး ဘယ်လိုရင်ဆိုင်မလဲ''

''ငါက နင့်ပြဿနာကို ပြေလည်အောင်လို့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဒေါ်စန်းစန်းမြင့်ကို မနည်းစည်းရုံးပြီး နဝဒေးနဲ့ ပေးစားခဲ့ရတာ။ အခု ငါ့စီမံကိန်းလည်း ပျက်ပြီး အမိုက်မ..နင့်ကြောင့်..''

''အမေရယ်..သမီးလည်း ဘာတတ်နိုင်မှာလဲ။ နဝဒေးကမှ သမီးကို ဇနီးမယားလို မနေတာ''

''အဲဒါကြောင့် အခုပြဿနာတက်တာပေ့ါ၊ ကဲ..အခု ဘယ်





လိုလုပ်ကြမလဲ။ ဖျက်ပစ်မလား''

''မလွယ်ဘူးအမေ။ သမီး ဆရာဝန်နဲ့ ပြကြည့်ပြီးပြီ။ အန္တရာယ်သိပ်များတယ်တဲ့''

''ဒါဖြင့် ဘယ်လိုလုပ်ကြမှာလဲ။ ဗိုက်က ထွက်လာတော့မှာ''

''မထူးဘူး အမေ..။ သမီးဆုံးဖြတ်ပြီးပြီ။ သမီး အောင်ကျော်နဲ့ပဲ လိုက်သွားမယ်''

''ဟဲ့..ငါက နဝဒေးရဲ့မိဘတွေကို ဘယ်လိုမျက်နှာပြရမလဲ''

''သမီးအပေါ်ပဲ ပုံချလိုက်ပါ အမေ''

ဒေါ်စန်းစန်းမြင့် ကြားရသည်များကို ယုံပင်မယုံချင်။

ကြည့်စမ်းပါ..။ မိမိတို့ကို လှည့်ဖျားကာ သားလေးကို လှည်းကျိုးထမ်းနိုင်းခြင်းပါတကား။ ရက်စက်လိုက်သည့်ဖြစ်ခြင်း။ ယုတ်မာကောက်ကျစ်လိုက်သည့်ဖြစ်ခြင်း။

ရှက်ခြင်း၊ မခံမရပ်နိုင်ခြင်း၊ နာကြည်းဒေါသဖြစ်ခြင်းများ တစ်ပြိုင်တည်း နှလုံးကိုဆောင့်တိုးကာ ဒေါ်စန်းစန်းမြင့် နေရာတွင်ပင် ပုံခနဲလဲကျသွားခဲ့တော့၏။

ဂဂဂ

''အဖြစ်ကတော့ အဲဒါပဲ သား။ မင်းအမေ ဆေးရုံမှာ သတိတစ်ချက်ပြန်လည်လာတုန်းက အဖေ့ကို ပြောပြသွားတာ။ အဖေလည်း မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရတယ်။ အခုတော့ ပြသိတာက အောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လိုက်ပြေးသွားပြီ။ သူ့မိဘတွေလည်း အဖေတို့ကို မျက်နှာမပြရဲဘဲ ရှောင်နေကြတယ်။ တစ်မြို့လုံးကတော့ သူတို့အကြောင်းတွေ ပြောနေကြပြီ။ အဖေလည်း ရှက်လို့ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ မပြောချင်တော့ဘူး''

မိခင်ဈာပနပြီးသောနေ့မှ ဖခင်ဦးကောင်းမြတ်က နုဝဒေးကို ရှင်းပြခဲ့ခြင်းဖြစ်သည်။ ကြောက်စရာကောင်းလေစွ။ အံ့ဩစရာကောင်းလေစွ။

နုဝဒေး ရှက်လည်းရှက်၊ ခံလည်းခံပြင်း၊ ဒေါသလည်းထွက် ဖြစ်ရတော့သည်။

''ပြီးခဲ့တာ ပြီးခဲ့ပြီပဲကွာ။ ဘာမှ ပြန်ပြင်လို့ မရတော့ဘူး။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲပေါ့ သားရယ်''

ဦးကောင်းမြတ်က အံ့ကြိတ်ကာ နံရံကိုလက်သီးနှင့်ထိုးသော နုဝဒေးကို ဆွဲရင်း နှစ်သိမ့်သည်။

''ကျွန်တော် အလိမ်ခံရတာ၊ နဖားကြိုးအတပ်ခံရတာကို ခံနိုင်ပါတယ်အဖေ။ ဒါပေမဲ့ အမေသေရတာ သူတို့ကြောင့်။ သူတို့က အမေ့ကို သတ်လိုက်တာ။ အဲဒါ အခံရအခက်ဆုံး၊ ဝမ်းအနည်းဆုံးပဲ''

''အဖေသဘောပေါက်ပါတယ်။ အရာအားလုံးဟာ ကံစီမံရာပဲပေါ့ကွာ။ အခုအချိန်မှာ အဖေဘာမှမပြောချင်တော့ပါဘူး။ သူတို့ကံ အပြစ်တွေလည်း မတင်ချင်တော့ပါဘူး။ သူတို့ကလည်း သူတို့ထွက်ပေါက်ကို ရှာခဲ့ကြတာပဲဟာ''

''သူတို့ရဲ့ထွက်ပေါက်က ကျွန်တော်တို့ရဲ့ဂုဏ်သိက္ခာ၊ ကျွန်တော်တို့ရဲ့မေတ္တာ၊ ကျွန်တော်တို့ရဲ့ဘဝကို ခုတုံးလုပ်တာ အဖေ။ ဒါ. . ဘယ်လိုမှ မလုပ်သင့်တဲ့ကိစ္စ။ ယုတ်မာရက်စက်လိုက်တာ''

''သားအမေက ဟိုကလေးမလေးကို စုန်းမလေးရယ်လို့ထင်ပြီး သားနဲ့ဖြစ်မှာစိုးလို့ မြသီတာနဲ့ ပေးစားခဲ့တာပဲ။ ခုတော့မှ တကယ့်စုန်း





လေးနဲ့ ပေးစားမိပြီးသား ဖြစ်သွားတယ်။ အဲဒါပဲ သား. .။ အဖေ့အယူအဆကတော့ နှလုံးသားမလှတဲ့သူသာ စုန်းမပဲ''

နှလုံးသားမလှသူသာ စုန်းမ. . တဲ့။

ဖခင်ဦးကောင်းမြတ်စကားက နုဝဒေးရင်ကို ထိသည်။

'မှန်လိုက်တာ' ဟု နုဝဒေးအပြည့်အဝထောက်ခံမိ၏။

မြသီတာသည် လှ၏။ ချမ်းသာ၏။ ဆွဲဆောင်မှုရှိ၏။ သို့သော် မာယာများ၏။ နှလုံးသားအကြည်းတန်၏။ လှည့်ဖြားတတ်၏။ စွပ်စွဲချင်းစွပ်စွဲရလျှင် မြသီတာကိုသာ စုန်းမဟု စွပ်စွဲရပေတော့မည်။

ထိုအကြောင်းများကို နုဝဒေးထက်စောစွာ သိနေသော ဗိုက်ကလေးနှင့် ဒိန်းဒေါင်က နုဝဒေးကို လာရောက်ဖြေသိမ့်ကြ၏။

''မင်းအတွက် ကောင်းသွားတာ နုဝဒေး။ ဒီအဖြစ်သာ မပေါ်ခဲ့ရင် တစ်သက်လုံး မင်းဟာ သူ့ရဲ့လှည့်ဖြားမှုအောက်မှာ ခံနေရမှာ။ မွေးလာတဲ့ကလေးကို ကိုယ့်ကလေးပဲလို့ တယုတယနဲ့ ချစ်မိလေလေ၊ မြသီတာက ကွယ်ရာမှာ ဟားလေ ဖြစ်မှာပဲ။ အခုတော့ တစ်သက်လုံးနွားမဖြစ်တော့ဘူးပေါ့ကွာ'' . . တဲ့။

''ငါရှက်မိတာတော့ အမှန်ပဲ သူငယ်ချင်း။ ယိုသူမရှက်၊ မြင်သူရှက်ပေါ့ကွာ''

''ဟာ. . ဗင်းက ဘာရှက်စရာလိုလဲ၊ မင်း မဟုတ်တာလုပ်တာ၊ မင်းဖောက်ပြန်တာမှ မဟုတ်ဘဲ။ ဖောက်ပြန်တဲ့သူကသာ ရှက်ရမှာပါကွ''

''အမေ့အတွက်လည်း ငါဖြေမရဘူး''

''ဒါတော့ မှန်တယ်။ ငါတို့ ကိုယ်ချင်းစာပါတယ်။ နှလုံးရောဂါရှိတဲ့ မင်းအမေဟာ အဲဒီ မယုံကြည်နိုင်စရာ အလိမ်အညာခံရမှုကြီးကို ဘွားခနဲ မျက်ဝါးထင်ထင်တွေ့လိုက်ရတော့ shock ဖြစ်သွားတာပဲ။ တကယ်တော့ မြသီတာကမှ ကြောက်စရာကောင်းတဲ့ စုန်းမလေးကွ''



www.burmeseclassic.com

www.burmeseclassic.com



ဟော. . သူတို့ကလည်း ဤသို့ကောက်ချက်ချနေပြီ။

"ဘာပဲပြောပြော မင်းတို့မင်္ဂလာဆောင်တဲ့နေ့က လူပျိုညမှာ ငါတို့ကို မင်းလိုက်ပြီးကျွေးမွေးတုန်းက အောင်ကျော့်ပြသနာလာရှာသွားတာကို ကျေးဇူးတင်ရမယ်။ သူ့ကြောင့် မင်း မြသီတာကို ရှောင်ခဲ့တာ မဟုတ်လား"

ဗိုက်ကလေး၏ လုံးသပ်မှု. .။

"မဟုတ်ဘူးကွ"

နုဝအေးက ခေါင်းယမ်းရင်း ဖြေလိုက်သောကြောင့် ဗိုက်ကလေးနှင့်ဒိန်းဒေါင် အံ့သြသွားကြသည်။ နုဝအေးကို ဖူးစမ်းကြည့် ကြည့်သည်။

"ဒါဖြင့် ဘာကြောင့်လဲ"

"မြသီတာတို့ဘက်က ရှုပ်တရက်ကြီး ကောက်ကာငင်ကာ အလောသုံးဆယ် တိုက်တွန်းစီစဉ်လာတာကို ငါသံသယရှိခဲ့တာ နံပါတ်တစ်ပဲ။ မြသီတာနဲ့ ငါဟာ သူငယ်ချင်းလိုနေခဲ့ကြပြီး မြသီတာဆီက ငါနဲ့ပတ်သက်လို့ ဘာမှ အရိပ်အမြွက် မပြခဲ့၊ မတွေ့ခဲ့ရဘဲ ရုတ်ချည်းဖြစ်လာရတဲ့ မင်္ဂလာပွဲဟာ တစ်စုံတစ်ခု ပယောဂကင်းကင်းဘူးလို့ ငါယူဆခဲ့တယ်။ ဒါပေမဲ့ အမေစိတ်ချမ်းသာဖို့ ငါလက်ခံခဲ့တာ"

"နံပါတ်နှစ်က ဘာလဲ"

"ပြောပါ့မယ်. .။ မင်းတို့ ယုံ၊ မယုံတော့ မသိဘူး။ မင်္ဂလာပွဲကိစ္စ ပေါ်လာတော့ ငါ ဘုရားမှာ သစ္စာဆိုခဲ့တယ်။ 'တပည့်တော်သည် အမေစိတ်ဆင်းရဲမည့်ကိစ္စများကို တင်ကြိုမိမှုမပြုခဲ့ပါ။ ယခုလည်း အမေ၏ စိတ်ချမ်းသာမှုအတွက်သာ တပည့်တော် ဤမင်္ဂလာပွဲကို လက်ခံခြင်းဖြစ်ပါသည်။ ဤသစ္စာ မှန်ပါက တပည့်တော်အား အဆိုးများ ဖယ်ရှားပေးတော်မူပါ' လို့လေ။ အဲဒီလိုသစ္စာဆိုပြီး အိပ်တဲ့ညမှာ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးအိုတစ်ဦးက 'လူကလေး. . အတိတ်ရဲ့ကံအကြောင်းတရားဆိုတာ ရှိတယ်။ ပြင်းမယ်လို့





ရနိုင်တာ၊ တားဆီးလို့မရနိုင်တာ ရှိတယ်။ အဲ. . တားဆီးကာကွယ်လို့ ရနိုင်တာလည်း ရှိတယ်။ လူကလေးအဖို့ ကာကွယ်တားဆီးရမှာကတော့ လူကလေးလက်ထပ်ရမယ့်သူကို ခေါင်းသင်းဆက်ဆံခြင်းမပြုဘဲ နေဖို့ပဲ ဖြစ်တယ်။ ဖြစ်သင့်တာ ဖြစ်ပြီး ပျက်သင့်တာ ပျက်မှာပဲ။ ဝမ်းနည်းစရာ တချို့ ကြုံရမယ်။ ဒါပေမဲ့ အကောင်းဘက်ကို ဦးတည်လာပါလိမ့်မယ်' လို့ ငါ့ကိုပြောတယ်။ ငါ့ခေါင်းကို လက်နဲ့သပ်ပေးပြီး ပျောက်သွားတယ်"

"ဟာ. . ထူးဆန်းလိုက်တာ။ ဒါကြောင့် မင်းက မြသီတာနဲ့ ခပ်ကင်းကင်းနေခဲ့တာကိုး။ ဒါဟာ သစ္စာတရားရဲ့ အစွမ်းပဲပေါ့နော်"

ဒိန်းဒေါင်၏ အံ့အားသသင့်စကား. .။

ဗိုက်ကလေးက. .

"နုဝအေး. . မင်း ကံမကောင်းတဲ့ကြားက ကံကောင်းသွားတာပဲပေါ့ကွာ။ မင်းအမေကိစ္စ၊ မြသီတာကိစ္စတွေမှာ ငါတို့ မင်းပြန်ရောက်လာလာချင်း မပြောပြနိုင်ခဲ့တာကိုတော့ နားလည်ပေးပါ သူငယ်ချင်းရာ"

ဟု ဆိုသည်။

"ငါနားလည်ပါတယ်"

ဒိန်းဒေါင်က ဝင်၍. .

"နုဝအေး. . မင်းကို ငါ တစ်ခုမေးဦးမယ်"

"မေးလေ"

"မင်း ခင်မှုံကို မတွေ့ချင်ဘူးလား"

နုဝအေး ငိုင်ကျသွား၏။ ပင့်သက်ချပြီးမှ. .

"မြသီတာပစ်သွားမှ ခင်မှုံဆီ ပြန်သွားမယ်ဆိုတာကတော့ ခင်မှုံအပေါ် ရက်စက်လွန်းရာကျမယ်လို့ ငါထင်တယ်"

တွေးတွေးဆဆ ဖြေလိုက်သည်။

"မင်းမင်္ဂလာဆောင်တဲ့နေ့က ငါတို့ ခင်မှုံနဲ့ တွေ့ခဲ့ကြတယ်။ မင်းမင်္ဂလာဆောင်သွားပြီဆိုတာလည်းသိရော ခင်မှုံ မျက်ရည်တွေ ပိုးပိုး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပေါက်ကျလာသော ငါတို့ကြည့်ရက်ငို ရှောင်ထွက်လာခဲ့ရတယ်။ ခင်မှုံ မင်းကို တကယ်ချစ်နေတာတော့ အမှန်ပဲ နုဝဒေး"

နုဝဒေးသည် ဗိုက်ကလေးနှင့်ဒိန်းဒေါင်တို့ကို ဘာမျှပြန်မပြော နိုင်ဘဲ ငေးကြောင်ကြည့်ကာ ကြက်သေသေနေမိလေ၏။

ရင်ထဲမှာကား . . ။

ꩤꩤꩤ

# ၁၂ အံ့သရာအီးတစ်ပတ်အလည်

နောက်ဆုံးနှစ်စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ခဲ့ပြီ။ နုဝဒေး မြို့ကိုပြန်လာချိန်တွင် မြသီတာနှင့်ပတ်သက်သောဝေဒနာများ လျော့ပါး သွားပြီဟု ဆိုနိုင်၏။ မြသီတာ သူ့ရင်တွင် မရှိတော့။

မုန်းလည်း မမုန်းတော့။ နာကြည်းမှုလည်း မရှိတော့။ ဥပေက္ခာ တရားကို နုဝဒေးမွေးနိုင်ခဲ့ပြီ။

တစ်ခုပဲ ရင်မှာရှိနေ၏။

ခင်မှုံ့အပေါ် သစ္စာဖောက်ခဲ့မိခြင်းအတွက် ဝေဒနာ . . ။ မိမိ စကားတွေအပေါ် ရှက်သည်။ မိမိအပြစ်အတွက် ရှက်သည်။ ခင်မှုံက ရော နုဝဒေးအပေါ် မည်သို့သဘောထားမည်မသိ။

အချစ်ကို ပေါ့ပေါ့တန်တန်ပြော၊ ပေါ့ပေါ့တန်တန်ပင် ဖျက်ခဲ့ သော သစ္စာမဲ့ယောကျ်ားတစ်ယောက်ဟု အပြစ်ဆိုလေမလား။

ခါးသီးမုန်းတီးစွာ ခင်မှုံက သူ့ကို အပြစ်တင်မည်ဆိုလျှင်လည်း နုဝဒေး ခေါင်းငုံ့ခံနိုင်ပါသည်။ သို့သော် ခင်မှုံ့ကို တွေ့ရမှာမူ [illegible] မဝံ့ရဲသည် အမှန်။ ခင်မြို့မျက်နှာကို ဆင်မည်းက မည်[illegible]ကြည့်ရဲ



www.burmeseclassic.com

www.burmeseclassic.com



ပါမည်နည်း။

ထို့ကြောင့်ပင် အမေ့ကိစ္စပြီး၍ တက္ကသိုလ်သို့မပြန်မီ ခင်မွှံကို တွေ့ရန် စဉ်းစားမိသော်လည်း မိမိစိတ်ကို မိမိမနိုင်၍ မတွေ့ရဘဲ ပြန်ခဲ့ရသည်။

ယခု မြို့ကို ခြေပြန်ချခဲ့ရလေပြီ၊

ဖခင်ဦးကောင်းမြတ်က. .

"သားစာမေးပွဲဖြေနိုင်ပါ့မလားလို့ အဖေက ပူနေတာ။ သား စာမေးပွဲဖြေနိုင်တယ်ဆိုလို့ ဝမ်းသာပါတယ်။ ချီးလည်း ချီးကျူးပါတယ်၊ ဒါမှ ယောက်ျားကောင်းတွေ သားရဲ့။ တစ်စုံတစ်ခုသော စိတ်ထိခိုက် ဝမ်းနည်းစရာအကြောင်းကြောင့် ဘဝကို ရေရှုန်မျှောပစ်တာ သွေးကြောင် တာပဲ။ သတ္တိနည်းတာပဲ၊ ဘယ်တော့မှ ဘဝပျက်မခံရဘူး။ ဘဝပျက်ခံ ရင် နှစ်ခါရှုံးတဲ့သူ ဖြစ်သွားမှာ"

ဟု ချီးကျူးအားပေးစကားဆိုသည်။

"ကျွန်တော်သဘောပေါက်ပါတယ် အဖေ"

"သားသူငယ်ချင်းတွေမှာ သားကိုပြောပြချင်တဲ့အကြောင်းတွေ ရှိနေလိမ့်မယ်။ သွားတွေ့လိုက်ဦး"

"ဘာများလဲ အဖေ"

"သူတို့နဲ့တွေ့တော့ သားသိမှာပေါ့။ အဖေကတော့ ဘာမှ ပြောစရာ မရှိပါဘူး"

ဖခင်ဦးကောင်းမြတ်စကားက တေးတေးဝှက်သလိုပင်။ သို့ချင် စောကိုလည်း တွန်းအားပေးခဲ့၏။ အပြေတော့ ထုတ်၍မပြ။

သို့ဖြင့်ပင် ဗိုက်ကလေးနှင့် ဒိန်းဒေါင်ကို ရှာပုံတော်ဖွင့်ရလေ တော့သည်။



"ကဲ. . ပြောလေကွာ"

လက်ဖက်ရည်ကို ဖိမ်ခွဲ၍ သူတို့နှစ်ယောက်က သောက်နေ ကြသည်။ လက်ဖက်ရည်၏ မန်စိမ့်အရသာနှင့်အတူ သိချင်းသံမြူးကြွကြွ ကိုလည်း သူတို့ခံစားလျက်ရှိကြ၏။ နဝဒေးက သိချင်စိတ်စောနေသူမို့ စိတ်မရှည်ချင်၊ အနီးတွင်ရှိသော ဗိုက်ကလေး၏ ပခုံးကို လက်သီးနှင့်ထိုး တာ တိုက်တွန်းလိုက်ရ၏။

"ပြောမှာပေါ့ကွာ မင်းကလည်း. . ။ ဒါပေမဲ့ ဒီအကြောင်းတွေ က မင်းသိလို့ ဘာမှထူးခြားလာမှာမှမဟုတ်တာ။ ငါ့အထင်တော့ မင်း ယခု ကံကောင်းသည်ပဲ"

ဗိုက်ကလေး၏ နိဒါန်း. . ။

"ဟုတ်တယ် နဝဒေး. . ။ မင်းကို အိပ်မက်ထဲမှာ ဝတ်ဖြူစင် ကြယ်နဲ့အသိုးကြီး ပြောခဲ့သလို အကောင်းဘက်ကို ဦးတည်လာပြီလို့ ပြောလို့ရတယ်။ မှားတဲ့အခါလည်း မမှားတော့ဘူးပေါ့ကွာ"

ဒိန်းဒေါင်၏ စကားဦး. . ။

"မင်းတို့က ဘာတွေလဲကွ၊ ငါနားလည်အောင် ရှင်းရှင်းပြော"

ဗိုက်ကလေးက ဟက်ခနဲရယ်၍ ဒိန်းဒေါင်ကို စွေကြည့်သည်။

"ငါ ခင်မွှံကို လက်ထပ်ယူတော့မယ်"

"ဘာ. ."

"ဟာ. . အော်လိုက်တာကွာ။ အသည်းတွေအူတွေကို တုန်သွား တာပဲ။ လိပ်ပြာတောင် လွင့်သွားပြီလား မသိဘူး။ လိပ်ပြာလေးရေ. . ကလူ. . ကလူ. ."

"ဟော့ကောင်ဗိုက်ကလေး။ မင်း ဝေ့လည်ကြောင်ပတ် လျှောက် လုပ်မနေနဲ့၊ အတည်ပြော"

"တာ. . ငါအတည်ပြောတာပဲကွ"

"ဟုတ်တယ် နဝဒေး၊ ဒီကောင် အတည်ပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com



ဒိန်းခေါင်ကသည်း အတည်ပေါက် ဝင်ပြောသည်။ နုဝဒေး ဒေါသထွက်ရမှာလား၊ ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား မခေဝခွဲနိုင်။

''ဘာလဲ. .။ မင်းက ခုမှ နှုပြောနေတာလား။ မင်းယမ်ထား ခဲ့တဲ့ပန်းကို ငါက ကောက်ယူမှာပါကွ၊ မတွန့်တိုပါနဲ့''

"ငါ. ."

နုဝဒေး ဘာဆက်ပြောရမည်မသိ။

"ကျောင်းမှာကတည်းက ငါ ခင်မှုံ့ကိုချစ်တယ်၊ ချစ်ခွင့်ပန်ခဲ့ တယ်ဆိုတာ မင်းကိုပြောပြဖူးတယ်။ ခင်မှုံကို လက်ဆွဲမိလို့ လက်ကိုက်ရ တဲ့အကြောင်းလည်း မင်းသိတာပဲ၊ ဟုတ်တယ်မဟုတ်လား''

''အဲဒါက ဟို. .''

''ခင်မှုံက သနားစရာကောင်းတယ်၊ ပတ်ဝန်းကျင်က စုန်းမ လေးလို့ စွပ်စွဲခံပြီး ဝိုင်းပယ်ခံရတဲ့သူ။ ဒါတင် မကဘူး။ ချစ်လှပါတယ်၊ ကြိုက်လှပါတယ်၊ လက်ထပ်ယူပါ့မယ် ဘာညာ ယုံအောင်ပြောပြီး ငွေကြေးချမ်းသာ၊ ရုပ်ရည်ချောတဲ့ ကောင်မလေးကိုလည်းတွေ့ရော လက်ထပ်ယူသွားပြီး ကိုယ်ပြောခဲ့တဲ့စကား ကိုယ်တိုင်ဖျက်၊ လိမ်ညာသွား တာကိုလည်း ခံခဲ့ရပြီ။ ဒါကြောင့် ငါ ခင်မှုံ့ကို လက်ထပ်ယူမှာ''

ဗိုက်ကလေးမျက်နှာက တကယ့်ကို လေးနက်တည်ကြည်စွာ၊

''မင်း တကယ်ပြောတာလား ဗိုက်ထွေး''

"မင်းက လုပ်ပြန်ပြီ၊ ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေး နဲ့လား. . တဲ့''

''ခင်မှုံက မင်းအချစ်ကို လက်ခံမှာတဲ့လား''

နုဝဒေးက မဖုံးမဖိမေးခွန်းတစ်ခုကို ထုတ်လိုက်သည်။ ဗိုက် ကလေးက မဲ့ပြုံးဖြင့်. .

''လက်ခံတာပေါ့. .။ ငါက ပြောသလိုလုပ်တဲ့ကောင်။ ကျောင်း တုန်းက ချစ်တယ်ပြောခဲ့တာ ခုထိ မေ့တ္တာမပျက်၊ သစ္စာမပြယ်ပဲလေ။





ပြီးတော့ အားကိုးရာမဲ့၊ အထီးကျန်နေတဲ့ ခင်မှုံ့အတွက် ဒါက တစ်ခု တည်းသော အားကိုးရာပဲ။ ခင်မှုံက လက်မခံဘဲ ဘယ်နေမလဲ''

''ခင်မှုံ မင်းကိုချစ်မှာ မဟုတ်ပါဘူး''

နုဝဒေးငြင်းနေမိသေး၏။

''ဘာဖြစ်လို့ မချစ်ရမှာလဲကွ။ ငါ့ကို ချစ်ပါတယ်လို့ သူ့နှုတ်က ထုတ်ပြီးဝန်ခံခဲ့ပြီးပြီ။ ဒါကြောင့် ငါက ခင်မှုံကို လက်ထပ်ဖို့ စီစဉ်တာ။ မင်း၊ လက်ဖွဲ့ကောင်းကောင်းသာ ပြင်ထားပေတော့''

ဒိန်းခေါင်က ဝင်လာပြန်ကာ. .

''ငါကတော့ နိုးစက်တွေပေးထားတဲ့ နာရီသယ်လုံးလောက် လက်ဖွဲ့မယ် စိတ်ကူးတယ်။ နုဝဒေး. . မင်းက ခုတင်မှာသွဲ့ဖို့ ချူကလေး တွေ လက်ဖွဲ့ကွာ။ ဒါမှမဟုတ် နို့သီးခေါင်းတို့၊ နို့ဘူးတို့၊ ကလေးအနှီးတို့ လက်ဖွဲ့ပေါ့။ ဒီကောင် ဗိုက်ကလေးက စိမ်ကိန်းတွေ အကြီးအကျယ် ရေးဆွဲပြီးသားကွ။ ချက်ချင်း. . ချက်ချင်းကြီးကို အကောင်အထည်တွေ ပေါ်လာမှာ။ ဟဲ. . ဟဲ. . မင်း မြသိတာလိုပေါ့ကွာ''

ပြောပြီး ရယ်သည်။ သူတို့နှစ်ဦးသား ပြိုင်တူရယ်လိုက်ကြရာ နုဝဒေးနှလုံးသားကို လုံ့တွေနှင့် ဝိုင်းထိုးသည့်ပမာ. .။

''ငါပြန်တော့မယ်ကွာ''

နုဝဒေး ထိုင်ရာမှ ဝုန်းခနဲထသည်။ မျက်နှာပျက်နေသည်ကို နုဝဒေးထိန်းမရတော့။ ရင်ထဲမှာ ပြိုကျလာသော ခံစားမှုများက မျက်လုံး ထဲမှာ နှင်းတွေလို အုံ့ဖွဲ့လာသည်။ ဆုံးရှုံးတော့မည်ဆိုပါမှ လက်လွှတ် မခံနိုင်လောက်အောင် တွယ်တာမြတ်နိုးခြင်းကို နားလည်လာသည်။

ဗိုက်ကလေးက နုဝဒေး၏လက်ကို ဖမ်းဆွဲသည်။

''နေပါဦးကွ. .။ မင်းပဲ ပြောကွာ ပြောကွာနဲ့။ တကယ်လည်း ပြောရော ထပြေးရောလား။ မင်းကွာ. . အသည်းနုလိုက်တာ''

''ငါ့ကို မရိပါနဲ့တော့ကွာ။ ငါ မခံနိုင်တော့လို့ပါ။ မင်း ခင်မှုံကို



www.burmeseclassic.com

www.burmeseclassic.com



တကယ်ချစ်လို့ လက်ထပ်ယူမှာကို ငါဝမ်းသာပါတယ်။ ကျေနပ်ပါတယ်"

"ဟာ. . ဝမ်းသာပါတယ်ဆိုတဲ့ကောင်က မျက်ရည်တွေနဲ့၊ ကျေနပ်ပါတယ်ဆိုတဲ့ကောင်က ငိုသံကြီးနဲ့။ မင်းက ဟုတ်မှလည်း လုပ်ပါကွာ"

"ငါတကယ်ပြောတာပါ သူငယ်ချင်းရာ။ မင်းတို့အတွက် ငါ ဆုမွန်ကောင်း တောင်းပေးရမှာပေါ့"

"ဟား. . ဟား. . ဟား. ."

"ဟား. . ဟား. . ဟား. ."

နုဝဒေးကိုကြည့်ပြီး ဗိုက်ကလေးနှင့် ဒိန်းဒေါင်က တဟားဟား နှင့် အဓိပ္ပာယ်မသိအောင် ရယ်ကြလေသည်၊ သူက ဝမ်းနည်းနေမှီ သည်ကို သူတို့က ဘာကြောင့်ရယ်ကြပါသနည်း၊ လှောင်ပြောင်နေကြ ခြင်းလား။

"ကဲပါကွာ. . ပြန်ထိုင်ပါဦး။ မင်းကိုပြောမယ့်စကားက အဲဒါ မဟုတ်ပါဘူး။ ငါတို့က မင်းကို နောက်နေတာပါ"

"ဟာ. . ဗိုက်ကလေး. . မင်း. ."

"ဟုတ်တယ် နုဝဒေးရ၊ မင်းကိုတွေ့ရင် အတည်နဲ့နောက်ဖို့ ငါနဲ့ဗိုက်တွေး တိုင်ပင်ထားကြတာ။ မင်းက တကယ်အောက်မေ့လို့လား။ ဟား. . ဟား. ."

"မှားတဲ့အခါလည်း မှားပေမပေါ့ကွာ"

ယခုမှ ရင်ထဲပေါ့သွားပြီး နုဝဒေးက ဒိန်းဒေါင်၏လက်ဆွဲစကား ကို ငှားရမ်းသုံးစွဲနိုင်တော့သည်။

"ဪ. . ငါ့ကောင် ခင်မှုံကို တကယ်ချစ်တာပါလား၊ နောက် တာတောင် ဒီလိုဖြစ်နေရင် တကယ်သာ ခင်မှုံ ငါနဲ့ယူရင်တော့. ."

"တော်ကွာ. . ထပ်မပြောနဲ့။ ဒါ. . ငါ အစကတည်းက ထင် သားပဲ။ ခင်မှုံက မင်းကို မချစ်ပါဘူးလို့"

"အံမယ်. . ခုမှ ဒီစကားကို ရဲရဲပြောနိုင်ပြီးတော့များ"





"ကဲ. . ပြောစရာရှိတာ ပြောပါကွာ"

"ဒီလိုကွ. ."

'ဒီလိုကွ' ဟုသာ ပြောသည်။ ဗိုက်ကလေးက မပြောသေးဘဲ ရေနွေးကြမ်းကို အချိန်ဆွဲ၍ ငုံနေပြန်သည်။ ပြီးမှ ရေနွေးကြမ်းပန်းကန် ကိုယူကာ တရှူးရှူးမှုတ်သောက်သည်။

"ဒီဆိုင်ကရေနွေးကြမ်းက ကောင်းတယ်ကွ။ လက်ဖက်ခြောက် က ရှယ်ပဲ"

ဟုလည်း စကားတွေ ချော်တောငေါ့နေပြန်၏။

နုဝဒေး စိတ်မရှည်။

"ကဲ. . မပြောချင်လည်း နေကွာ။ ပြန်မယ်"

"နေပါဦးကွာ မင်းကလည်း. .။ ငါအာရှင်းနေတာ"

ဂ ဂ ဂ

"မင်း တက္ကသိုလ်ပြန်သွားပြီး ခုစ်လကျော်၊ သုံးလလောက် အကြာမှာ မြသီတာ ဆေးရုံတက်ရတယ်"

"ဘာဖြစ်လို့လဲ"

"ကလေးပျက်ကျလို့ပေါ့ကွာ"

"ဗျာ်တာလား။ ပျက်တာလား"

"ဖျက်ကျတာ။ ဒီလိုကွ နုဝဒေးရ။ မြသီတာက အောင်ကျော်နဲ့ လိုက်ပြေးသွားတယ်။ မြသီတာရဲ့မိဘတွေက သဘောတူလွှတ်လိုက်တာ မှန်ပေမယ့် ပြန်မခေါ်ဘူး။ ဒါက အများအမြင်မှာ သဘောမတူဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



သဘော ပြချင်လို့ နေမှာပေါ့ကွာ။ သူတို့က သမီးနဲ့တော့ အဆက်အသွယ်ရှိမှာပေါ့။ အဲ. . အောင်ကျော်ကို တကယ်နှစ်နှစ်ကာကာ သဘောတူလို့ ခတော့လည်း မဟုတ်ဘူးပေါ့''

''ငါသဘောပေါက်တယ်''

''အောင်ကျော်က ကားသမားလေကွာ။ လည်တယ်။ ပြီးတော့ သောတ်တဘ်၊ စားတတ်တယ်။ အခုလို မြသီတာက သူနဲ့ ပြန်လိုက်ပြေးတဲ့အခါ အောင်ကျော်က အပေါ်စီးနေရာ ပြန်ရောက်သွားတယ်။ ဒီမှာ ပြဿနာပေါ်တာပဲ။ ကိုယ်ဝန်က အောင်ကျော့်ကိုယ်ဝန် အမှန်၊ ဒါပေမဲ့ ဒီကိုယ်ဝန်ရှိတာကို မင်းနဲ့လက်ထပ်သွားတဲ့အချိန်က အောင်ကျော်မသိဘူး။ မြသီတာတို့သားအမိပဲ သိပြီး မင်းနဲ့လက်ထပ်ဖို့ ကြိတ်စီစဉ်တာ။ အခု သူနဲ့ပြန်လိုက်ပြေးပြီး မကြာမီ ကိုယ်ဝန်က ပေါ်လာတော့ အောင်ကျော်က သူ့ကိုယ်ဝန်မဟုတ်ဘူး။ မင်းကိုယ်ဝန်ပါလို့ ထင်လာတယ်။ ထင်တဲ့အတိုင်းလည်း ပြောတယ်။ မြသီတာကလည်း မင်းနဲ့ ဘာမှမဖြစ်ခဲ့ပါဘူးဆိုတာ ပြောမှာပဲ၊ ဒါ ပမဲ့ အောင်ကျော်က မယုံရဲဘူး။ ဘယ်ယုံမလဲကွာ။ လက်ထပ်ပြီး ဘာမှမဖြစ်ဘူးဆိုတာက ယုံနိုင်စရာမှ မဟုတ်တာ''

''ထားပါ. .။ အဲဒီတော့ ဘာခက်ဖြစ်ကြလဲ''

''အမြဲ ရန်ဖြစ်တာပေါ့၊ ရန်ဖြစ်တော့ မူးတတ်တဲ့ အောင်ကျော်က ပြဿနာရှာတယ်။ လင်ကြီးနောက်က သူ့နောက်ပြန်လိုက်လာတဲ့ မိန်းမရယ်လို့ နှိမ့်ချတယ်။ ဒါတင် မကဘူး၊ ခြိမ်းခြောက်တဲ့ခွာ။ နောက်လည်းခုန်ဦးမှာပဲဆိုပြီး အခြားလူတွေနဲ့လည်း စွပ်စွဲတယ်။ မြသီတာအဖို့ ငရဲခန်းပဲပေါ့။ ပြောရရင် မြသီတာငြိလည်တာပဲ။ မင်းတို့မိသားစု ဝမ်းနည်းကြေကွဲရတာ၊ အရှက်ရခဲ့တာတွေအတွက် နောက်ဘဝမကူးဘူး။ မြသီတာ အရှင်လတ်လတ် ဝဋ်လည်နေပြီပေါ့''

''ငါ စိတ်မကောင်းဘူး။ ဒီလိုတော့လည်း သူ့ကို မဖြစ်စေချင်ပါဘူး''





''ဒါကတော့ မင်းစိတ်လေ။ မင်းဘက်က ခွင့်လွှတ်လေ၊ သူ့ဘက်မှာ အပြစ်ကြီးလေပဲ။ ဒီလိုနဲ့ တစ်နေ့မှာ မြသီတာနဲ့အောင်ကျော် ရန်ဖြစ်ရာက အောင်ကျော်က မူးမူးနဲ့ ရိုက်တယ်။ မြသီတာ အိမ်ပေါ်ဆင့်ကနေ ပြုတ်ကျတယ်။ ဒီမှာ ကိုယ်ဝန်ပျက်ကျပြီး ဆေးရုံရောက်ရတော့တာပဲ''

''ကလေး ဆုံးသွားပြီပေါ့''

''ဒါပေါ့။ ကလေး အသက်ဆုံးရုံမကဘူး။ မြသီတာရဲ့ အသက်ပါ ဆုံးလုလုပဲ။ ကလေးပျက်လို့ သွေးတွေဆင်းတော့ သွေးသွင်းဖို့လိုလာတယ်။ ဃဲ့ယဲ့ကလေးဖြစ်နေတယ်။ ဖြစ်ချင်တော့ မြသီတာကို သွေးသွင်းပေးဖို့ ဆေးရုံက သွေးရှာတယ်။ မရဘူး''

''ဟာကွာ. . သွေးလှူမယ့်လူတွေ အများကြီးပါ''

''အဲဒါပဲကွ နဝဒေးရေ။ ကံကြမ္မာဆိုတာ အင်ပတန်တော်တဲ့ ချက်လှည့်ခရာကြီးပဲ၊ မင်း မယုံမရှိနဲ့။ မြသီတာအတွက် သူ့မိဘတွေက သူဌေးတွေပဲကွာ။ ငွေကုန်ခံနိုင်တာပေါ့။ မြသီတာအတွက် သူ့အလုပ်သမားတွေ၊ ဆွေမျိုးတွေ၊ အပေါင်းအသင်းတွေ ခေါ်လာတယ်။ သွေးလှူဖို့. .။ ဒါပေမဲ့ မရဘူး။ ငွေပေးပြီး ဝယ်ဖို့လုပ်တယ်။ မရဘူး''

''မြသီတာရဲ့သွေးက R.H Negative(O) ဖြစ်နေတယ်။ ဒီသွေးက လူတစ်သောင်းမှာမှ တစ်ယောက်လောက်ရှိတာတဲ့။ သိပ်ရှားတာ၊ တခြားသွေးလည်း သွင်းမရဘူး။ ငါတို့လည်း ဒီအကြောင်းကို ဟုသိရတာပါ။ မြသီတာအတွက် သွေးပေးမယ့်လူတွေအားလုံး အဲဒီသွေးဟုတ်ဘူး။ ဒါကြောင့် မြသီတာကို ရန်ကုန်ပို့ဖို့ သူ့မိဘတွေက စဉ်းစားကြတယ်။ အဲဒါလည်း မလွယ်ပြန်ဘူး။ မြသီတာက အခြေအနေသိပ်မကောင်းဘူး။ ရန်ကုန်ကို ဘယ်လိုသွားမလဲ၊ ရန်ကုန်ထိ ခံပါ့မလား။ မသေချာဘူး။ ဟာ. . မြသီတာမိဘတွေ ရင်ကွဲပက်လက်ပေါ့ကွာ''

ဗိုက်ကလေးက စကားကို ခဏရပ်၏။ ဒိန်းဒေါင်က ဝင်၍.



www.burmeseclassic.com

www.burmeseclassic.com



"သမီးအတွက် ရတက်ပွေတော့မှ မင်းအမေ သူတို့ကြောင့် ဖြစ်ခဲ့ရတာကို သူတို့ သဘောပေါက်စာနာမိသွားကြပုံ ရပါတယ်။ ဒါက နောက်မှ သူတို့ဆီက ထွက်လာတဲ့ လေသံပါ"

ဟု ပြောသည်။

"အဲဒါ. . ငါပြောတဲ့ ကံကြမ္မာပေါ့။ မြသီတာ အသက်ဆုံးဖို့ ရာနှုန်းပြည့်လောက် သေချာသွားချိန်မှာမှ မြသီတာအတွက် သွေးအလှူရှင်တစ်ယောက် ပေါ်လာတယ်။ R.H Negative(O) သွေးပိုင်ရှင်ပေါ့။ မြသီတာရဲ့အသက်ကို သူ့သွေးနဲ့ ကယ်နိုင်ခဲ့တာပဲ"

"မြသီတာ အဲဒီသွေးအလှူရှင်ကို သိပ်ကျေးဇူးတင်ဖို့ ကောင်းတယ်"

"သိပ်မှန်တာပေါ့ နဝဒေးရာ။ ကျေးဇူးတင်ပါတယ်ဆိုတာနဲ့တင် မလုံလောက်ဘူး။ ထိုက်တန်တော့ဖို့ကောင်းတာ။ ဒီမှာနဝဒေး. .။ အဲဒီသွေးအလှူရှင်ဟာ ဘယ်သူလဲ။ မင်းသိလား။ မင်းသိရင် သိပ်အံ့ဩတုန်လှုပ်သွားမယ်"

"ဘယ်သူလဲ"

နဝဒေး ရင်ခုန်သွားသည်။

"ခင်မွှံ. . မင်းသိပ်ချစ်တဲ့ ခင်မွှံပဲ"

"ဟာ. ."

"သူ့ဆီကနေ သူ့ချစ်သူကို လုယူသွားတဲ့ မြသီတာအတွက် ခင်မွှံက လိုလိုလားလားနဲ့ သူ့မှာရှိတဲ့သွေးကို လှိုသလောက်ထုတ်လှူခဲ့တယ်"

"ခင်မွှံ. . ခင်မွှံက. ."

"ဟုတ်တယ်။ ဘယ်လောက်ချစ်စရာကောင်းလဲ။ ဘယ်လောက်လေးစားစရာကောင်းလဲ။ ဘယ်လောက်မြတ်နိုးစရာကောင်းလဲ။ ဘယ်လောက်နှလုံးလှလဲ"





နဝဒေး ရင်တွေတဒုန်းဒုန်းခုန်ကာ စကားပြန်မပြောနိုင်ဘဲရှိသည်။

"မြသီတာ နေပြန်ကောင်းသွားပြီး ဆေးရုံကဆင်းလာတော့ ခင်မွှံ့ဆီကိုသွားပြီး ပစ္စည်းတွေ၊ ငွေတွေနဲ့ ကျေးဇူးပြုတယ်။ ခင်မွှံက လက်မခံဘူး။ မလိုပါဘူးတဲ့. .။ သူပေးတဲ့သွေးကို လက်ခံရယူပေးတာနဲ့တင် ကျေနပ်ပါပြီတဲ့။ ကဲ. ."

နဝဒေး မျက်ရည်လည်လာသည်။

"ခုအချိန်မှာ မြသီတာရင်ထဲကိုဝင်ကြည့်ရင် ကောင်းခြင်းနဲ့ဆိုးခြင်း၊ မြင့်မြတ်ခြင်းနဲ့ယုတ်ညံ့ခြင်း။ လှခြင်းနဲ့အကြည်းတန်ခြင်း၊ သူ့မှာ တရားနဲ့ ဖောက်ပြန်ခြင်းတွေကို ကောင်းကောင်းနားလည်နေပြီဆိုတာ တွေ့ရတယ်။ ဒါကြောင့် ငါတို့နဲ့ တစ်ခါတွေ့တော့ မြသီတာက ငိုတယ်။ နဝဒေးကို သူတောင်းပန်ချင်တယ်တဲ့"

နဝဒေး ပင့်သက်ချသည်။

"အဲဒါတွေ ပြီးသွားပါပြီ။ မလိုတော့ပါဘူး"

"ငါလည်း ဒီလိုပဲ ပြန်ပြောလိုက်ပါတယ်"

"သူ့ယောက်ျားနဲ့ ပြန်အဆင်ပြေသွားပြီလား"

"ဟင့်အင်း. . မပေါင်းတော့ဘူး။ ပေါင်းစရာလည်း မလိုတော့ဘူးလေကွာ။ ကိုယ်ဝန်မှ မရှိတော့တာပဲ။ ဒီတော့ မိဘတွေက မြသီတာကို ပြန်သိမ်းလိုက်ပြီပေါ့ကွာ။ ကာလတစ်ခုအထိ မြသီတာကို လှပအောင် ပြန်မွေးထားပြီးမှ နောက်ကျတော့ အိမ်ထောင်ချပေးမှာပေါ့။ ဂျပန်ကဝင်လာတဲ့ ကားတွေလိုပေါ့ကွာ။ ရီကွန်ဒင်းရှင်းပေါ့"

"မင်းကလည်းကွာ. .။ အဲဒီလိုတော့ မပြောပါနဲ့"

"ဟား. . ဟား. . ငါ့ကောင် ကရုဏာတော့ ကိန်းသေးတာကိုးကွ။ အေးကွာ. .။ အဲဒီလိုသဘောထားနိုင်တာ ကောင်းပါတယ်။ ဒါပေမဲ့ တစ်ခုတော့ ငါမေးချင်တယ်။ မြသီတာ မင်းကိုဒူးထောက်လာရင် မင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ခံမှာလား"

နုဝဒေး ခေါင်းကို ယမ်းပြ၏။

"ငါ့အဖို့တော့ လောကမှာ မြသီတာမရှိတော့ဘူး"

အဖြေမှာလည်း ပြတ်သားတိကျလှပါ၏။

ဗိုက်ကလေးပြောသမျှကို ဘေးမှ ထစ်ထိုင်နားထောင်နေသော ဒိန်းဒေါင်က. .

"ပြောစရာမကုန်သေးဘူးကွ။ ကျန်သေးတယ်"

ဟု ဆိုသည်။

"ကျန်သေးတယ်. . ဟုတ်လား။ ဘာကျန်သေးတာလဲ"

"မြသီတာနဲ့ ခင်မွှံဟာ ညီအစ်မတစ်ဝမ်းကွဲဆိုတာလေ"

"ဘယ်လို. ."

အံ့သြရမှုသည် မမြင့်ဆုံးသို့ ရောက်ရှိသွားခဲ့သည်။

"မဖြစ်နိုင်တာ. ."

"ဘာကြောင့်မဖြစ်နိုင်ရမှာလဲ။ ခုမှ နောင်တဘာရှာတွေရလာ မြသီတာရဲ့မိခင်ကိုယ်နိုက်ကိုက ခင်မွှံ့ကို ထုတ်ပြောတာ"

"ဟင်. ."

"မြသီတာရဲ့အမေနဲ့ ခင်မွှံ့အမေဟာ ညီအစ်မလေ။ မြသီတာ အမေက ဒေါ်ဖြူပြာ။ ခင်မွှံ့အမေက ဒေါ်သူဇာ။ သူတို့မိသားစုခ ဆင်းရဲတယ်။ ဒေါ်ဖြူပြာက အိမ်ထောင်ရှိသူဌေးတစ်ဦးရဲ့ အငယ်ဘဝ ဖြစ်သွားတော့ ဒေါ်သူဇာနဲ့ မိဘတွေက ရှက်လို့ မခေါ်ကြဘူး။ ဒေါ်ဖြူပြ ကလည်း သူဌေးမယားဆိုပြီး ဟန့်တွေနဲ့ ဝေးဝေးနေခဲ့တာ။ ဒေါ်သူဇ တို့ မိဘတွေကွယ်လွန်၊ ဒေါ်သူဇာအိမ်ထောင်ကျ၊ ဒေါ်သူဇာရဲ့ခင်ပွန် ကွယ်လွန်၊ အိမ်မီးလောင်ပြီး ဒီစစ်ပင်ကုန်းကို ပြန်ပြောင်းလာတော ဒေါ်ဖြူပြာက သိပေမယ့် မခေါ်ဘဲ နေခဲ့တာတဲ့။ ဒေါ်သူဇာက ဆင်းရဲ ရုပ်ကလည်း ပျက်နေတော့ ညီအစ်မဆိုရင် ဂုဏ်သိက္ခာကျမှာစိုးလို့ပေ





ကွာ။ ဒေါ်သူဇာကလည်း သိပေမယ့် မသိသလို နေခဲ့တာ။ ခင်မွှံ့ကို ဒီအကြောင်းတွေ မပြောခဲ့ဘူးတဲ့"

"ဒါဆိုရင် ခင်မွှံ့အမေကြီးက ဘာကြောင့်စုန်းဖြစ်တော့မှာလဲ။ ရှင်းနေပြီပဲဥစ္စာ"

"မှန်တယ် နုဝဒေး. .။ ဒါပေမဲ့ လူ့လောကရဲ့ သဘာဝပေါ့ ကွာ။ မရှိုးနိုး၊ မလှုပ်ရှားမျိုးပေါ့"

"အင်း. . ဒီနေ့တော့ လုံးဝမထင်မှတ်ထားတာတွေချည်း ကြားရ တာပါပဲလားကွာ။ ဒါတွေကို အမေက သိလျက်နဲ့ မပြောချင်လို့ မင်းတို့ ဆီကို လွှတ်လိုက်တာပဲပေါ့"

"နုဝဒေး. ."

"ဟင်. ."

"မင်း ခင်မွှံ့ကို လက်ထပ်မှာလား"

နုဝဒေး ရုတ်တရက် ဘာပြန်ဖြေရမည်မသိ။

"ရှင်းရှင်းပြောနော်. .။ မင်း ခင်မွှံ့ကို လက်မထပ်ရင် ငါ လက်ထပ်မှာ"

ဗိုက်ကလေးကို နုဝဒေး လက်သီးနှင့်ထိုးမိပြန်ပါချေပြီ။ ဗိုက် ကလေးနှင့် ဒိန်းဒေါင်ကတော့ တဟားဟား. .။

ဿဿဿ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၅)

## ၁၃။ ကာမဘီလူးနှင့် သူနိုင်ငါနိုင်

နေရောင်က ဦးခေါင်းတည့်တည့်မှာမို့ အပူရှိန်က ပြင်းလှသည်။ ကွင်းပြင်ကို ဖြတ်တိုက်လာလေသော လေပူ။ အောက်က မြေလမ်းကလည်းပူ။ သည်တော့ အပေါ်ပူ၊ အောက်ပူ၊ အားလုံးပူနေသည်။

သို့သော် ခင်မှုံ့ရင်ထဲက အပူကိုကား မမီ။

သည်မနက် ဈေးထဲကို သူပန်းလာဝယ်သွားသည်။ သူ့ကို မြင်လိုက်ရတော့ တစ္ဆေတစ်ကောင်မြင်ရသလို ခင်မှုံ့ရင်ထဲမှာ ထိတ်လန့်သည်။ ပြီးတော့ ကြေကွဲသည်။ သူ့မျက်နှာညှိုးညှိုးကို မြင်ရပြန်တော့လည်း တဆစ်ဆစ်နာကျင်သည်။

အဖြစ်အပျက်တွေက မြန်ဆန်လွန်းလှသလို မထင်မှတ်ထားသော အလှည့်အပြောင်းတွေကလည်း များလှသည်။

ပထမဆုံး သူလက်ထပ်သွားကြောင်း သတင်းကြားခဲ့ရသည်၊ ခင်မှုံ့နှလုံးသားတွေ ကွဲအက်ပျက်ကြွေခဲ့ရ၏။

တစ်ဖန် သူသည် မိခင်ဖြစ်သူ၏ကျန်းမာရေးကို ငဲ့ညှာ၍ ရင်ကို စတေးလိုက်ရကြောင်း ကြားသိရပြန်၏၊ သူ့အပေါ် မမှန်းမိသော



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားမှာ ကြိုင်မီးအုံးသလို ပူလောင်ကျွမ်းမြည့်ခဲ့ပြန်ချေ၏။

သည့်မှတစ်ဖန် သူတို့ တက္ကသိုလ်ပြန်နှံသွားကြောင်း၊ တက္ကသိုလ်ပြန်သွားကြပြီး တစ်သက်ကြော်အကြာမှာ မြသီတာ မြို့ပြန်ရောက်လာသည်။

ရှုတ်ရှက်သဲသဲတွေ ဖြစ်ကုန်သည်။ သူ့မိခင် ရှော့ခ်ဖြစ်ပြီး လဲကျကာ ဆေးရုံတင်ရသည်။ သူပြန်ရောက်လာသည်၊ မိခင်က ဆုံးပါးသွားသည်။ မြသီတာက အောင်ကျော်နှင့်လိုက်သွားသည်။ ခင်မှုံ့ရင်မှာ နားမလည်နိုင်ခြင်းများနှင့်အတူ သူ့ကို သနားကရုဏာသက်လှ၏။

သူ့အေးမှာနေကာ သူ့ကို ဖြေသိမ့်ပေးခြင်းလုပါသော်လည်း ဦးနှောက်က ခွင့်မပြု၊ လှသည့် ပတ်ဝန်းကျင်နှင့်နေ၏။ စိတ်ထင်ရာ စိုင်း၍မရ၊ သူ့ကို ဖြေသိမ့်ဖို့ မိဘက ကြိုးစားလျှင် ပတ်ဝန်းကျင်က အမြင်တစ်မျိုး ဖြစ်လာမည်။

(သူနှင့် မြသီတာကိစ္စမှာ ခင်မှုံ့ကြောင့်ဟူ၍ လက်ညှိုးထိုးလာနိုင်သည်။ မဖြစ်. .။ မသင့်. .။ သည့်အတွက် ဝေးဝေးကပဲ သူ့အတွက် အဆင်ပြေပါစေကြောင်း ဆုတောင်းပေးရ၏။

သူ တက္ကသိုလ်ကိုပြန်သွားပြီး နောက်ဆုံးနှစ်စာမေးပွဲကို ဖြေနေဆဲကာလမှာ မြသီတာက ပြည်သနာပေါ်ပြန်သည်။ အောင်ကျော်နှင့် ရန်ဖြစ်ရာက လဲကျကာ ကိုယ်ဝန်ပျက်သည်။ ဆေးရုံရောက်သည်၊ ကလေးအသက်ဆုံးရုံမက လူကြီးအသက်ပါ ဆုံးရှုံးနိုးရောက်သည်၊

မြသီတာအတွက် သွေးလိုကြောင်း၊ အပူတပြင်းရှာနေကြောင်း ကြားရ၏။ သွေးက ရှားပါးသွေး။ R.H Negative(O)။ တိုက်ဆိုက်ဆိုင်ဆိုင် ခင်မှုံ့သွေးကလည်း R.H Negative(O)၊ သည်တော့ မြသီတာအသက်ကို ကယ်နိုင်ဖို့ ခင်မှုံ့သွေးလှူသည်။

မြသီတာသည် ခင်မှုံ့ချစ်သူ နဝဒေးကို လုယူခဲ့သူဟူသောအမုန်း ခင်မှုံ့မှာမရှိ၊ မြသီတာ သည် သူငယ်ချင်း။ ပြီးတော့ မြသီတာသည် လူသား။ မြသီတာ၏ အသက်ကို ကယ်ပေးချင်စိတ်ပဲ ရှိသည်၊ သို့ဖြ





သွေးလှူခဲ့ခြင်းဖြစ်၏။ ခင်မှုံ့သွေးဖြင့် မြသီတာအသက်ဆက်နိုင်ခဲ့သည်။ ခင်မှုံ့ ကျေနပ်မဆုံး။

မြသီတာက နေကောင်းသောအခါ ကျေးဇူးလာဆပ်သည်။ ခင်မှုံ့လက်မခံ။ သည်မှာ မြသီတာ၏ ဝန်ခံစကားများကို ခင်မှုံ့တအံ့တသြကြားခဲ့ရ၏။

"နဝဒေးက မြသီတာကို ချစ်လို့ လက်ထပ်ခဲ့တာ မဟုတ်ပါဘူး။ သူ့အမေကြောင့်ပါ။

မြသီတာကလည်း နဝဒေးကို ချစ်လို့မဟုတ်ဘူး။ ပြသီတာမိဘတွေက အတင်းစီစဉ်တာကြောင့်လည်း မဟုတ်ဘူး။ ပြသီတာ ပြဿနာကြောင့်ပါ။ မြသီတာ အောင်ကျော်နဲ့ကြိုက်မိပြီး ငြိစွန်းခဲ့ရာက ကိုယ်ဝန်ရှိလာတော့ မိဘတွေက အောင်ကျော်နဲ့လည်း သဘောမတူ၊ မြသီတာရဲ့ အရှက်ကိုလည်း ကာကွယ်နိုင်ဖို့ တစ်ချက်ခုတ်၊ သုံးချက်ပြတ် သူတို့သဘောကျတဲ့ နဝဒေးနဲ့ လက်ထပ်ပေးခဲ့ကြတာပါ။ ပြောရရင်တော့ နဝဒေးအပေါ် မြသီတာ လုံးဝမတရားပါဘူး။ မြသီတာက သူ့ကို အသုံးချခဲ့တာ၊ လှည့်ကျိုးထမ်းစေမိခဲ့တာပါ။

ဒါပေမဲ့ နဝဒေးက သဘောထားမွန်မြတ်တယ်။ မြသီတာနဲ့ အောင်ကျော်ရဲ့ ချစ်ခြင်းမေတ္တာကို သူ့ကြောင့်မကွေကွင်းစေချင်ဘူးလို့ ပြောတယ်။ သူက ကိုယ်ဝန်ကိစ္စ မသိခဲ့ပါဘူး။ ဝန်ခံရရင် သူ မြသီတာနဲ့ လင်မယားလို မနေခဲ့ဘူး။

အဲဒီလို သူ့ဘက်က ဖြောင့်စင်းခဲ့တာဟာ မြသီတာတို့အတွက်တော့ အဏ်ခတ်ခံရတာပါပဲ။ တဖြည်းဖြည်းရင့်လာတဲ့ကိုယ်ဝန်ကို ဘယ်လိုလုပ်မလဲ၊ ဒါကြောင့် မြသီတာ မြို့ပြန်လာပြီး အမေနဲ့ တိုင်ပင်တာ။ ဒီမှာ နဝဒေးအမေ ကြားသွားပြီး ရှော့ခ်ဖြစ်၊ အသက်ဆုံးရတယ်။ သီတာကလည်း မထူးဘူးဆိုပြီး အောင်ကျော်နဲ့ ပြန်လိုက်သွားတယ်။ မြသီတာ နဝဒေးအပေါ် အပြစ်တွေ အများကြီးကျူးလွန်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းကိစ္စတွေကတော့ ခင်မှုံသိတဲ့အတိုင်းပါပဲ။ မြသီတာကိုယ်ဝန်ပျက်ကျတယ်။ မြသီတာရဲ့အသက်ကို ခင်မှုံက ကယ်ခဲ့တယ်။ မြသီတာဟာ ခင်မှုံပေးတဲ့အသက်နဲ့ ဆက်ပြီး လူ့လောကမှာ နေနေရတာလို့ ပြောနိုင်ပါတယ်။ ဖြစ်ပြီးခဲ့သမျှ အားလုံးအတွက် မြသီတာကို ခွင့်လွှတ်ပေးပါလို့ပြောရင် မတရားမှန်းသိပေမယ့် မြသီတာတောင်းပန်ပါရစေ။ နဝဒေးကိုတော့ နားလည်ပေးပါ"

မြသီတာ၏မျက်ရည်များက မြသီတာ၏ နောက်ဆုံးစကားများ၏ အကောင်းဆုံးသက်သေပါပဲ။

သည့်ထက်ပို၍ အံ့ဩစရာကောင်းသည်က မြသီတာ၏မိခင် ရောက်လာကာ မြသီတာလိုပင် ဝန်ခံသွားခြင်းဖြစ်၏။

မြသီတာ၏မိခင် ဒေါ်ဖြူပြာက ခင်မှုံ့အမေ ဒေါ်သူဇာ၏ ညီမဖြစ်သည်တဲ့။ မြသီတာနှင့် ခင်မှုံက ညီအစ်မဝမ်းကွဲဖြစ်သည်တဲ့။ ခင်မှုံ့အမေ ဒေါ်သူဇာ မပြောပြခဲ့သည့် လျှို့ဝှက်ချက်။

လော ကကြီး ဖျက်လုညှိပြခြင်းက မယုံကြည်နိုင်စရာပင်။

ထို့နောက်မှာတော့ သူမြို့ပြန်ရောက်လာကြောင်း ကြားရ၏။ တစ်ချိန်ချိန်မှာ သူ ခင်မှုံ့ထံ ရောက်လာလိမ့်မည်ကို ခင်မှုံကြို၍တွေးမိထားသည့်အတိုင်း သည်မနက်မှာ သူ ခင်မှုံပန်းရောင်းနေရာသို့ ရောက်လာခဲ့သည်။

ပန်းဝယ်ရင်း သူ စကားနည်းနည်းပဲပြောသည်။

"ကိုယ်တောင်းပန်ပါတယ်"

ခင်မှုံ ဘာမှပြန်မပြောနိုင်ခဲ့ပါ။ မျက်ရည်တွေကို သူမမြင်နိုင်စေသောငှာ ခေါင်းကိုငုံ့ထားမိ၏။

"ရက်စက်မိခဲ့တဲ့အတွက် ခင်မှုံပေးသမျှ အပြစ်ကို ကိုယ်ခံယူပါ့မယ်"

ခင်မှုံ မည်သို့ပြောရပါမည်နည်း။





"တစ်ဖက်သတ်ကျူလွန်းတဲ့ တောင်းဆိုချက်မှန်းတော့ သိပါတယ်။ ခင်မှုံခွင့်လွှတ်ဖို့ ကိုယ်မျှော်လင့်ပါတယ်"

ခင်မှုံ ပြန်ဖြေနိုင်စွမ်းအား မရှိခဲ့ပါ။

သူ ပန်းဝယ်ပြီး ပြန်သွားခဲ့သည်။

သူ့ကို ဘယ်တုန်းကမှ အပြစ်မယူခဲ့ကြောင်း။ ထာဝရခွင့်လွှတ်ထားကြောင်း သူ့ကို ခင်မှုံ့နှုတ်မှ ထုတ်မပြောဖြစ်ခဲ့။ ရင်ထဲတွင် ပြောင်းဆန်အောင် မွှေနှောက်နေခဲ့သော ဝေဒနာများကြောင့်ပင် ဖြစ်ပါသည်။

ခင်မှုံ မည်သို့ ပြန်ပြောပြော၊ မပြောပြော ခင်မှုံ့သဘောကို သူ သဘောပေါက်သိမြင်လိမ့်မည် ထင်ပါ၏။

ထိုဝေဒနာများကြောင့်လည်း နေပူ၊ မြေပူတွေမှုကို ခင်မှုံမသိနိုင်၊ မခံစားနိုင်ခြင်း ဖြစ်၏။ ပတ်ဝန်းကျင်ကိုလည်း ဝေ့ဝဲနေသောမျက်ရည်များကြောင့် အသေအချာ ဂရုမစိုက်မိခဲ့။

သည့်မှာပင် မမျှော်လင့်ထားသော ပြဿနာတစ်ရပ်က ခင်မှုံ့ကို သိုးကြိုနေပြန်ပါလေ၏။

ရှာကို လှမ်းမျှော်ကြည့်မြင်နိုင်ရုံမျှ ဝေးသေးသည်။ လယ်ကွင်းကို ဖြတ်လာပြီး လျှိုကလေးတစ်ခုကို ဖြတ်အဆင်းမှာဖြစ်၏။ ဘွားခနဲပေါ်လာသည်က သာမောင်။ ဦးကောက်ရ၏သား။

သာမောင်က ခင်မှုံ့ရှေ့မှာ ပိတ်၍ရပ်သည်။

ခင်မှုံ့ကို သာမောင်က စူးစူးဝါးဝါး ကြည့်နေ၏။

"အပေသေရတာ နင့်ကြောင့်ပဲ ခင်မှုံ။ နင်လုပ်လို့ သေရတာပဲ။ ဒါကြောင့် နင့်ကို ငါ လက်တုံ့ပြန်ရမှာပဲ"

သာမောင် မူး၍နေ၏။ စကားသံမှာ ဒေါသပါ၏။ ခင်မှုံလန့်သွားသည်။ နေရာက လူပြတ်သောနေရာ။ အော်၍လည်း မည်သူမျှ မကြည့်နိုင်။ သူက ယောကျ်ားကြီး။ ခင်မှုံက မိန်းမသား။ ပြီးတော့ သာမောင်က



www.burmeseclassic.com

www.burmeseclassic.com



ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်သည်။

နေရောင်မှာ ဓားသွားက လက်ခနဲဖြစ်သွား၏။

ခင်မွှံ အထိတ်တလန့် နောက်ကိုတစ်လှမ်းဆုတ်လိုက်သည်။

"နင် ငါ့ကို မထိနဲ့နော်။ ငါ့ကို ဘာမှတ်လဲ"

"ဘာမှတ်ရမှာလဲ။ နင်က စုန်းမလေးပဲ"

သာမောင်က ရှေ့တိုးလာသည်။

"ဟုတ်တယ်. . ။ ငါက စုန်းမ။ ငါပြူစားလိုက်ရင် နင်ဘာဖြစ်သွားမယ်ထင်လဲ"

"ဘာဖြစ်ရမှာလဲ. . ။ ဒီနေရာမှာ ဘယ်သူမှမရှိဘူး။ နင့်ကို ကောင်းကောင်းဖျက်ဆီးပြီးမှ သတ်ပစ်မယ်။ နင် ငါ့ကိုဘာလုပ်နိုင်မှာမို့လဲ"

"နင်ရော လွတ်မယ် ထင်လို့လား"

စကားဖြင့်သာ နှုတ်လှန်ထိုးနေရ၏။ ကြောက်စိတ်က ငယ်ထိပ်ရောက်နေသည်။ ခင်မွှံဘဝပျက်ရတော့မည်ထင်၏။ နောက်ကို ထပ်ဆုတ်သည်။ သို့သော် လျှိုထဲမှာ ဆုတ်စရာမရှိတော့။

သာမောင်က တဟားဟားအော်ရယ်လိုက်၏။

သာမောင်ရယ်နေစဉ် ခင်မွှံက ထွက်ပြေးဖို့ ကြိုးစားသည်။ လက်ထဲတွင်ကိုင်ထားသော ပန်းထည့်သည့်ဗန်းဖြင့် သာမောင်ကိုရိုက်ကာ သာမောင့်ရှေ့မှ ခင်မွှံဖြတ်၍ပြေးထွက်သည်။

ရုတ်တရက် မထင်မှတ်ဘဲ ခင်မွှံရိုက်လိုက်သောကြောင့် သာမောင်ပိုင်သွားသည်။ ဟန်ချက်ပျက်သွားသည်။

"ဟာ. . ဒီခွေးမ"

ခင်မွှံ အားယူ၍ လျှိုထဲမှတက်ပြေးဖို့ ကြိုးစား၏။ သာမောင်က နောက်မှပြေးလိုက်လာသည်။

ကံတရားက ခင်မွှံ့ဘက်က မလိုက်။

လျှိုထဲမှပြေးအတက်မှာ မြေကမှုတစ်ခုကို ခလုတ်တိုက်ပြီး





ခင်မွှံလဲသည်။ ခြေဆစ်က နာသွားသည်။ သာမောင်က ချက်ချင်းအနား ရောက်လာ၏။ ခင်မွှံ ထ၍ပြေးချိန် မရတော့။

"နင်ပြေးလို့လွတ်မှာလား ခင်မွှံ"

သာမောင်က လဲနေသောနေရာမှ လူးလဲထနေသော ခင်မွှံကို မြေပေါ်သို့ ပြန်၍တွန်းလှဲလိုက်သည်။ တစ်ဆက်တည်းမှာပင် အပေါ်မှနေ၍ ခင်မွှံကို ခွ၍ထိုင်လိုက်သည်။ ခင်မွှံ မည်သို့ ရုန်း၍လွတ်ပါမည်နည်း။

ခင်မွှံက လွတ်နေသောလက်ဖြင့် သာမောင်၏လက်များကို တွန်းဖယ်ရင်း ရုန်းထွက်ဖို့ အားကုန်ကြိုးစား၏။ အားက မမျှ။

သာမောင်က ဘီလူးစီးနေပြီ။

သာမောင်၏ညာလက်က ဓားမြှောင်ကိုကိုင်ထားသဲ။ သာမောင်၏ဘယ်လက်က ခင်မွှံ၏ အင်္ကျီရင်ဘတ်စကို လှမ်းဆွဲကာ ဖြဲချလိုက်၏။ ဖြဲခနဲ အင်္ကျီက ကြယ်သီးတွေပြုတ်ကာ တစ်စွန်းတစ်စပြဲသွားသည်။

"အိုး. ."

ခင်မွှံ့တစ်ကိုယ်လုံး ရှက်စိတ်ဖြင့် တုန်သွားသလို ရွံ့စိတ်ဖြင့်လည်း တုန်လှုပ်သွား၏။ ခင်မွှံ့လက်များက သာမောင့်ကိုမရိုက်နိုင်တော့ဘဲ ရင်ပေါ်တွင် ကန့်လန့်ဖြတ် ကွယ်ကာလိုက်ရတော့၏။

သာမောင်က တဟားဟားအော်ရယ်ကာ ခင်မွှံ့ကိုဖက်၍ နမ်းဖို့ ကြိုးစားသည်။ အရက်နံ့စူးစူးချဉ်ချဉ်က ခင်မွှံ့နှာခေါင်းတွင် တိုးဝင်လာ၏။ ခင်မွှံ သာမောင်၏ရင်ဘတ်ကို လက်များဖြင့် အတင်းတွန်းထားရသည်။

သာမောင်ကလည်း ခွန်အားဗလကောင်းသူဖြစ်၏။ ပြီးတော့ အရက်လည်းမူး၊ ရမ္မက်လည်းမူးနေပြီ။ ဇောက ကပ်နေပြီ။

ခင်မွှံ့လက်တွေ အားပျော့လာ၏။ သာမောင့်မျက်နှာကြီးက ခင်မွှံ့မျက်နှာနှင့် ပို၍နီးလာ၏။ သာမောင့်ရင်ဘတ်ကို တွန်းထားသော ခင်မွှံ့လက်များက သာမောင့်အားကို မယှဉ်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



သာမောင်က နိုင်သွားပြီ။

သာမောင် ခင်မှုံ့ကိုယ်ကလေးကိုဖိကာ ခင်မှုံ့ကို နမ်းသည်။ ခင်မှုံက မျက်နှာကို ဘယ်ညာတိမ်း၍ ရှောင်ရှား၍ လွတ်နေသောလက်က ဘေးမှာလိုက်စမ်းရာ မြေစိုင်ခဲမာမာတစ်ခုကို စမ်းမိသည်။ ခင်မှုံ့ကိုသာ အာရုံစိုက်နေသော သာမောင်က အနိုင်ရပြီဟူ၍ ထင်တိုင်းကြံဖို့ ကြိုးစားချိန်..။

"အား.."

ခင်မှုံ့လက်မှ မြေစိုင်ခဲက သာမောင်၏ခေါင်းကို အရှိန်ဖြင့်ထိ၏။ လွတ်လွတ်လပ်လပ် အားရှိပါးရှိ ထုလိုက်ခြင်းမဟုတ်သော်ငြား မြေစိုင်ခဲက ဖွားခနဲဖြစ်သွားကာ သာမောင့်ကို အငိုက်မိသွားစေသည်။ ခေါင်းကို ထိလိုက်သောကြောင့် သာမောင့်အာရုံက ခင်မှုံ့ထံမှ လွဲချော်ကာ လက်များက ခေါင်းဆီသို့ ပြန်ရောက်သွားသည်။

ထိုအခွင့်အရေးကိုယူ၍ ခင်မှုံက သာမောင့်ကို ဆောင့်တွန်းပစ်လိုက်သည်။ ခင်မှုံ့ကိုယ်ပေါ်မှ သာမောင့်ခန္ဓာကိုယ်ကြီး ဘေးသို့ယိုင်ကာ မြေပေါ်ကျသွားသည်။

ခင်မှုံ နေရာမှ အတင်းလူးလဲထကာ ထွက်ပြေးခဲ့၏။ အင်္ကျီကို မပြုပြင်အား။ ထဘီကို မပြုပြင်အား။ သာမောင်နှင့်ဝေးဖို့ရာသာ အရေးကြီးသည်လေ။

"ခင်မှုံ..မပြေးနဲ့"

သာမောင် အော်၍ နောက်မှလိုက်လာ၏။

သို့သော် သည်တစ်ကြိမ်မှာတော့ သမင်မလေးက အပြေးကောင်းခဲ့ပြီ။ သာမောင် လိုက်မမီတော့။

ခင်မှုံ အိမ်ကလေးသို့ မည်သို့မည်ပုံပြန်ရောက်ခဲ့မှန်းပင် မသိတော့။

ဂဂဂ



"အရှင်ဘုရား..တပည့်တော်ကို ကယ်ပါဦးဘုရား။ အရှင်ဘုရားမှလွဲပြီး တပည့်တော်ကို ကယ်မယ့်သူမရှိတော့ပါဘူး ဘုရား"

ရွာဦးကျောင်းဆရာတော် ဦးဇဝနထံ ခင်မှုံပြေးကာ ဒိုး၍ လျှောက်ထားမိတော့၏။

အဖြစ်က သည်လို..။

ခင်မှုံဈေးမှအပြန် လျှိုကလေးကိုအဖြတ်မှာ ခင်မှုံ့အား သာမောင်က အဓမ္မကျင့်၍ သတ်ဖြတ်ရန် ကြံခဲ့၏။ ခင်မှုံ ရုန်းကန်၍ ပြေးခဲ့ရ၏။ ကံကောင်း၍ ခင်မှုံ အညွန့်မကျိုးခဲ့။ အသက်အန္တရာယ်လည်း ကင်းခဲ့၏။

သို့သော်..။

ထိုညမှာ သာမောင်တစ်ယောက် သေဆုံးသည်။

သေဆုံးပုံကလည်း ထူးထူးဆန်းဆန်း။

"ခင်မှုံ..ခင်မှုံ..ငါ့ကို မလုပ်ပါနဲ့။ ကြောက်ပါပြီ"

အော်ရင်း လူးကာလိမ့်ကာဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်၏။ သာမောင့်မိသားစုတွေ အံ့ဩတုန်လှုပ်ကာ ခင်မှုံ့ကိုလည်း ကြောက်၍ မုန်းတီးသွားကြ၏။

ခင်မှုံ့ကို သာမောင် တစ်ခုခုစော်ကားခဲ့ပြီ။ ထို့ကြောင့် ခင်မှုံက ပညာဖြင့် ပြန်လုပ်သည်။ ခင်မှုံပညာဖြင့်လုပ်သောကြောင့် သာမောင် သေဆုံးရသည်။ အများ၏ယူဆချက်မှာ ဤသို့ပင်။

တစ်ရွာလုံးက ဤသို့ယူဆသည်မှာ မဆန်းဟု ဆိုရသော်လည်း ခင်မှုံကိုယ်နှိုက်ကပင် မိမိကိုယ်ကို မယုံကြည်တော့။

မိမိကြောင့် သာမောင်သေရသလား..။

မိမိပညာကြောင့် သာမောင်သေရသလား..။

မိမိက ဘာပညာနှင့်မျှ သာမောင့်ကို မလုပ်ခဲ့ရပါဘဲနှင့် အဘယ့်ကြောင့် သာမောင်သေရသနည်း။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိမိစိတ်ထဲမှာ စုန်းပညာ အလိုလိုတတ်နေသလား. .။ ရှိနေသလား. .။ ဝမ်းတွင်းစုန်းဆိုတာများလား. .။

သည်မှာပင် ခင်မို့ မိမိကိုယ်ကိုပင် ရှုံမုန်းကြောက်လန့်ကာ ဆရာတော်ထံသို့ ပြေး၍ ဦးခိုက်ကာ ငိုယို၍ ဖြစ်ကြောင်းကုန်စင် လျှောက်ထားမိခြင်းဖြစ်သည်။

ဆရာတော်ဦးဝေနက တည်ငြိမ်စွာ သက်ပြင်းချတော်မူ၏။

"ဒကာမလေး စိတ်အစွဲအလမ်းကြီးနေတာပါ။ ဒကာမောင်သာမောင် သေဆုံးရတာဟာ အစာအိမ်ရောဂါကြောင့် ဒါမှမဟုတ် အခြားရောဂါတစ်ခုခုကြောင့် ဖြစ်မှာပါ။ အစာအိမ်ရောဂါရှိနေမှန်း မသိဘဲ အရက်ကို အလွန်အကျွံသောက်၊ အစာကမစား။ ဒီတော့ အစာအိမ်ပေါက်ပြီး သေဆုံးရတာဖြစ်မယ်လို့ ဘုန်းကြီးက ထင်တာပဲ။ မသေခင် ပြောတဲ့ဆိုတဲ့စကားဆိုတာကလည်း သူက ဒကာမလေးကို အပြစ်ကျူးလွန်ထားတာရှိလေတော့ အစာအိမ်ကြောင့် နာတာ၊ အောင့်တာ၊ ခံစားရတာကို ဒကာမလေးလုပ်တယ်လို့ စိတ်စွဲသွားတာကြောင့် နေမှာပါ။ ဒါဟာ တိုက်ဆိုင်မှုတစ်ခုပါ။ ဒကာမလေးစိတ်ကို ဒကာမလေး သတိနဲ့ ဖြေသိမ့်ပါ"

ဆရာတော်က ဦးစွာ နှစ်သိမ့်ဖြေရှင်းမှုပေး၏။

"ဒါဖြင့် တပည့်တော်နဲ့ တပည့်တော်မိခင်တို့ကို ဘာကြောင့် စုန်းမလို့ ပြောကြတာလဲ။ တပည့်တော်တို့နဲ့ ဆက်စပ်မိသူတွေ တစ်ခု မဟုတ် တစ်ခုဖြစ်ကြတာ၊ တချို့ အသက်ဆုံးရှုံးရတာတွေဟာ တိုက်ဆိုင်မှု မှ ဟုတ်ရဲ့လား။ တိုက်ဆိုင်မှုဆိုရင်လည်း ဘာကြောင့် ခုလောက် တိုက်ဆိုင်မှုတွေ များနေရတာလဲ။ တပည့်တော်မှာများ သူများတွေပြောသလို ဝမ်းတွင်းစုန်းများ ရှိနေလေသလား"

ခင်မို့က သူမကိုသူမ ဘဝင်မကျနိုင်သည်များကို လျှောက်၏။ ဆရာတော်က ခေါင်းကိုယမ်းသည်။





"ဘုန်းကြီးကတော့ ဝိပဿနာတရားအားထုတ်တဲ့ ရဟန်းမျှသာ ...ဖြစ်တယ်။ လောကီပညာတွေနဲ့ ပတ်သက်ပြီး ဘာမှမသိဘူး။ ဘုန်းကြီးသိ ...သမျှ ပြောရရင် ဒါဟာ ဒကာမလေးတို့ရဲ့ ဝဋ်ကြွေးပဲ"

"ဝဋ်ကြွေး. . ဟုတ်လားဘုရား"

"မှန်တယ် ဒကာမလေး။ ဒါဟာ ဝဋ်ကြွေးပါ။ လူသတ္တဝါမှန် ...သမျှဟာ အတိတ်အကြောင်းတစ်လှာကြောင့် ပစ္စုပ္ပန်အကျိုးတစ်လှာ ...ဖြစ်လာကြရတာပါ။ အတိတ်က ကုသိုလ်ကံ၊ အကုသိုလ်ကံတွေရဲ့ ...အကျိုးကို ဒီဘဝမှာ ခံစားကြရတယ်။ အတိတ်ဘဝက ကောင်းတာလုပ် ...ရင် ဒီဘဝမှာ ကောင်းကျိုးခံစားရမယ်။ အတိတ်ဘဝက မကောင်းမှု ...လုပ်ခဲ့မိရင် ဒီဘဝမှာ မကောင်းကျိုးခံစားရမယ်။ ဒါဟာ ဗုဒ္ဓညွှန်ပြတဲ့ ...တရားတော်ပဲ။ တူသောအကျိုးပေးတယ်လို့ ဗုဒ္ဓက ဟောပြတယ် ဒကာမ ...လေး"

ခင်မို့ သိပ်နားမလည်ပါ။

ဆရာတော်က ခင်မို့နားမလည်မှန်းသိ၍ ဆက်၍ရှင်းပြသည်။

"အတိတ်ဘဝမှာကတည်းက ဒကာမလေးတို့နဲ့ ဟောဒီရွာသူ ...သားတွေ၊ ဒကာမလေးနဲ့ ထိတွေ့ဆက်ဆံရသူတွေဟာ အကြောင်း ...ဆက် ရှိခဲ့မယ်။ အဲဒီအတိတ်ဘဝမှာတုန်းက ဒကာမလေးတို့ဟာ သူတို့ကို ...ဟုတ်မဟုတ်တာတွေ ပြောဆိုစွပ်စွဲခဲ့ဖူးမယ်။ သွားပုပ်လေလွင့် ပြောဆိုခဲ့ ...မယ်။ ဒါကြောင့် ဒီဘဝမှာ သူတို့ရဲ့ စွပ်စွဲပုတ်ခတ်ပြောဆိုမှုကို ...ကာမလေးတို့ ခံကြရတာပဲ။ အဲ. . အဲဒီအတိတ်ဘဝမှာတုန်းက သူတို့ဟာ ...ကာမလေးတို့ကို အသက်သေအောင် ဝိုင်းဝန်းလုပ်ကြံခဲ့ကြဖူးတာလည်း ...ကောင်းရှိမယ်။ ဒါကို ဒီဘဝမှာ သူတို့ကလည်း ပြန်ပေးဆပ်ကြရတာပဲ။ ...စ်နည်းပြောရရင်လည်း ဒီဘဝမှာတင် ဒကာမလေးတို့ကို ပြောဆိုစော် ...ားမှုတွေလုပ်လို့ အဲဒီအပြုအမူတွေရဲ့ အကျိုးဆက်ကို ဒီဘဝမှာ... ...လည်ပေးဆပ်ရတာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါဟာ ...ကြီး



www.burmeseclassic.com

www.burmeseclassic.com



က ဗုဒ္ဓအလိုတော်အရ တွေးကြည့်ပြီး ပြောတာပါ"

"အရှင်ဘုရားဟောပြသလိုဆိုရင် တပည့်တော်မတို့ကို ဝဋ်ကြေ ဆပ်နေရတာကို သဘောပေါက်ပါပြီ။ ဒါပေမဲ့ ဒီဝဋ်ကြွေး မကျေနိုင်တေ ဘူးလား။ တပည့်တော်မကြောင့် ဘယ်သူမှ ထပ်ပြီး ဒုက္ခမရောက်စေချ တော့ပါဘူးဘုရား"

"အိမ်း . . ဒါကတော့ ဒကာမလေးရဲ့ စိတ်နှလုံးကို ချိုးကျူ တော့မှာပဲ။ ဒီဝဋ်ကြွေးကျေဖို့ ဒကာမလေးရဲ့ စိတ်ကိုလည်း စင်ကြ သန့်ရှင်းစေဖို့ ဆိုရင်တော့ တရားဝမှနဲ့ပဲ ချေဖျတ်ဆေးကြောရမှာ ဒကာမလေး"

"မိန့်တော်မူပါဘုရား"

"ဒကာမလေးရင်ထဲမှာ ဝမ်းတွင်းစုန်းရှိသည်ဖြစ်စေ၊ မရှိသ ဖြစ်စေ ဒကာမလေးလုပ်ရမှာက‌တော့ 'မကောင်းမှုရှောင်၊ ကောင်း ဆောင်၊ ဖြူအောင်စိတ်ကိုထား' . . ဆိုတဲ့ ဗုဒ္ဓရဲ့ အဆုံးအမနဲ့အ ကျင့်ကြံနေထိုင်ဖို့ပဲ ဖြစ်တယ်။ အထူးသဖြင့် မေတ္တာဘာဝနာ ပွားမ အားထုတ်ရလိမ့်မယ်"

"ညွှန်ပြပါဘုရား"

"ဘုန်းကြီးက ဒကာမလေးကို ဘုရားပေးတဲ့ မေတ္တာဆေး ပေးပါ့မယ်။ ဒကာမလေး ကျင့်ကြံအားထုတ်ပါတော့"

"မှန်ပါ့ဘုရား . . ။ တပည့်တော် ကျင့်ကြံအားထုတ်ပါ့မ ဘုရား"

ဂဂဂ

# ၁၄။ သံယောဇဉ်ခေါ်အရှိန်အနှောင်

"အဖေ့အနေနဲ့ကတော့ ဘာမှပြောစရာမရှိပါဘူး။ သားဟာ သားအမေအတွက် စိတ်ချမ်းသာစေဖို့ ကြိုးစားပြီး လုပ်ပေးခဲ့ပြီးပြီ။ ဒါကို အဖေသိတယ်။ ကျေနပ်တယ်။ ဒီတစ်ခါတော့ သားက ဟိုသူငယ်မ လေးကို ပြန်ပေးဆပ်ချင်တယ်။ ဒါကိုလည်း အဖေနားလည်တယ်။ အဖေ့မှာတော့ အယူအဆ၊ အစွဲအလမ်းဟောင်းတွေ မရှိဘူး။ သား သဘောအတိုင်းပဲ။ သားရဲ့သူငယ်မလေးက မြသိတာကို သွေးလှူခဲ့တဲ့ အကြောင်း ကြားရကတည်းက အဖေက သူ့ကို လေးစားနေမိတာပါ"

"ဒါဆို သား သူ့ကို လက်ထပ်မယ်ဆိုရင် အဖေသဘောတူ တယ်ပေါ့နော်"

"အဖေပြောပြီးပြီလေ။ ဘာမှ ပြောစရာမရှိပါဘူးလို့"

"ဝမ်းသာလိုက်တာ အဖေရယ်"

ဖခင်ဦးကောင်းမြတ်က ခင်မွှံ့အပေါ်မှာ အပြင်ရှင်းသည်ဗို့ ဗဲဝဒေးဝမ်းသာရသည်။ ခင်မွှံ့နှင့်ပတ်သက်၍ ဖခင်ကိုပြောရန်မှာ နဝဒေး ပိုး၍မိခဲ့သည် အမှန်ပင်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခင်မှုံ့အပေါ်တွင် မိမိတင်ခဲ့သောအကြွေး၊ မိမိပျက်ခဲ့သော ကတိစကားတို့အတွက် ပေးဆပ်ချင်လှသည်။ အထီးကျန်ဖြနေသော ခင်မှုံ့ကိုလည်း ဖေးမပေးချင်လှသည်။ ခင်မှုံ့ခမျာ သောကဒုက္ခတွေက အလူးလူးအလိမ့်လိမ့်နှင့်။

မိခင်ကြီးက ဆုံးပါးသွားခဲ့သည်။

နဝဒေးက ပစ်ထားခဲ့သည်။

ပတ်ဝန်းကျင်က နှိမ့်ချပိုင်းပယ်ထားခဲ့သည်။

မိန်းမသားဖြစ်သော ခင်မှုံ့ရင်ထဲတွင် မည်မျှအားငယ်နေမည်နည်း။ နဝဒေး စာနာမိသည်။

ဖခင်ကို ဖွင့်မပြောမိ သူငယ်ချင်းများနှင့် တိုင်ပင်သောအခါ. .

"ဟား. . ဟား. . ဟား. . မင်းက ငါ ခင်မှုံ့ကို လက်ထပ်မယ်တာနဲ့ မခံချင်ဖြစ်ပြီး အခုလိုဆုံးဖြတ်လိုက်တာလား"

ဗိုက်ကလေးက မေးသည်။

"အခုမှ မနာလိုဝန်တိုစိတ်တွေ ပြန်ပေါ်လာပြီး အချစ်ရဲ့သဝတွေ ပြည့်ဝလာတာဖြစ်မယ်။ မင်းကွာ. . ဘာဖြစ်လို့ နေးနေတာလဲ ခင်မှုံ့က မင်းဘက်မှာမို့သာပါ။ ငါ့ကိုများကြုံက်ရင် နိုးပြေးတာ ကြာလှပြ"

ဒိန်းဒေါင်က ဝေဖန်သုံးသပ်သည်။

"ငါက အပြစ်လုပ်မိထားသူပါ။ အခုအချိန်မှာ ပြောရရင် ခင်မှုံ့နဲ့ငါ မတန်ဘူး။ ငါက သစ္စာပျက်ခဲ့သူ။ ပြီးတော့ မိန်းမစွန့်ပစ်တခံရတဲ့ တစ်ခုလပ်"

"ဟကောင်ရ. . ။ လေ့ကားသုံးထစ်ဆင်းရင် လူပျိုပြန်ဖြစ်တပဲ။ နောက်ပြီးတော့လည်းကွာ မင်းက လူပျိုရည်မှ မပျက်သေးတာဟား. . ဟား. . ဟား. . ."

ဗိုက်ကလေးကတော့ အရယ်တွေနှင့်ပါ။ ပြီးမှ. .

"ငါ့အဖို့တော့ ဒီနေ့ကံမကောင်းပါလား။ မင်း ခင်မှုံ့ကို ယူမ





ဆိုရင် ငါက ကျန်ရစ်ဖြစ်ပြီပေါ့။ အဟီး. . "

ဟု အသောစွက်သည်။ ငိုဟန်ပြုသည်။

"ပေါ့ကောင်. . ငိုပြမနေနဲ့။ မင်းငိုနေလို့ ဘယ်သူမှ မသနားဘူး။ ပြဿနာမျက်ရည်ကျရင် အစာရေစာ ရှားတတ်တယ်ကွ။ မငိုနဲ့"

ဟု ဒိန်းဒေါင်က ဝင်နှက်သည်။

"ဒါဆို ငါ ခင်မှုံ့ကိုလက်ထပ်ချင်တဲ့ကိစ္စကို မင်းတို့က မကန့်ကွက်ဘူးပေါ့"

နဝဒေးက လိုရင်းကိုမေးသည်။

"ဘာလို့ ကန့်ကွက်ရမှာလဲ။ ငါတို့က ခင်မှုံ့ရင်ထဲကို မြင်နေတဲ့ကောင်တွေပဲကွာ။ နဝဒေး. . ဒီတစ်ခါတော့ မှားတဲ့အခါလည်း မှားပေမပေါ့ မဖြစ်ပါစေနဲ့ကွာ"

ဒိန်းဒေါင်က သူ့သဘောကို ပြောသည်။

ဗိုက်ကလေးကလည်း. .

"နဝဒေး. . မင်းက မြသီတာကိုများ ထည့်တွက်နေသေးလို့လား။ ဒီမှာ. . မင်းရဲ့နှလုံးသားကိုပဲ မင်းဆန်းစစ်။ မင်းရင်ထဲကအဖြေပြတ်သားတိကျဖို့ပဲ လိုတယ်။ အဲ. . သေချာပြီဆိုရင် မင်းအဖေကို ဖွင့်ပြော။ မင်းအဖေ သဘောတူဖို့တော့ လိုတယ်"

ဟု အဆုံးအဖြတ်နှင့် အကြံပေးသည်။

သူတို့၏ထောက်ခံအားပေးမှုဖြင့် နဝဒေး ဖခင်ဦးကောင်းမြတ်ကို ဖွင့်ပြောခဲ့ခြင်းပဲ ဖြစ်ပါ၏။

ယခုတော့ အစစအရာရာ ဖြောင့်ဖြူးနေပြီဟု ပြောရပေတော့မည်။

ꩤꩤꩤ

www.burmeseclassic.com

www.burmeseclassic.com



"မြသီတာ. ."

မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် နုဝဒေး တအံ့တသြ နှုတ်မှ ထွက်သွားသော စကားသံဖြစ်၏။

အိမ်ပေါ်သို့ မြသီတာတက်လာခြင်းဖြစ်သည်။ အိမ်မှာ ဖခင် ဦးကောင်းမြတ် မရှိ၊ အလုပ်သွားနေသည်။ နုဝဒေးတစ်ယောက်တည်း။

ခေါင်းခပ်ငုံ့ငုံ့ဖြင့် တက်လာသော မြသီတာက သူ့ရှေ့မှာ ပဝ့်မရဲရပ်နေသည်။ မျက်လွှာပင့်ရုံမျှဖြင့် မော့ကြည့်ပြီး. .

"မြသီတာကို လက်ခံပြီး စကားပြောချင်သေးရဲ့လား။ မတွေ့ချင်ဘူးဆိုရင်လည်း မြသီတာပြန်ပါ့မယ်"

ဟု ခပ်တိုးတိုးပြောသည်။

မြသီတာကို အကြည့်လွှဲလိုက်၏။ မိမိဘဝထဲသို့ မုန်တိုင်းတစ်ခု လို ဝင်ရောက်မွှေနှောက်ခဲ့သော မိန်းမပို့ အမုန်အတိုင်းပြောရလျှင် နာကြည်းမိခဲ့၏။ သို့သော် နောက်တော့လည်း နားလည်ခွင့်လွှတ်မိခဲ့၏။ အမုန်းတော့ ရင်မှာမရှိ၊ အမုန်းမရှိသည့်တိုင် မြသီတာဆိုသည်ကိုတော့ မေ့ထားချင်သည်။ ဗိုက်ကလေးတို့ကို မိမိပြောခဲ့ဖူးသလို လောကတွင် မြသီတာဟူသော မိန်းမတစ်ယောက် မရှိဟု နုဝဒေးထင်မှတ်ထားချင် သည်။

"ကိစ္စရှိလို့လား"

"အိမ်ပေါ်တက်ဖို့၊ ထိုင်ဖို့ မပြောသေးဘဲ မေးခွန်းတစ်ခုကိုသာ နုဝဒေးထုတ်လိုက်သည်။

"နုဝဒေးကို တောင်းပန်ချင်တာပါ"

ပိသရုံကလေး ကြားရ၏။ နုဝဒေးက မဲ့ပြုံးကို မပြုံးမိအောင် သတိထားလိုက်ရသည်။

"ပြီးတာတွေ ပြီးသွားပါပြီ။ မလိုတော့ပါဘူး. . ။ ငါ့ခေါင်းထဲမှာ အဲဒါတွေ မေ့ပျောက်ထားလိုက်ချင်တယ်။ ပြန်မစပါနဲ့တော့"





"မြသီတာ မှားခဲ့တာပါ"

"တော်ပါပြီ မြသီတာ။ ပြန်ပါတော့. ."

"မြသီတာကို ခွင့်လွှတ်ပေးဖို့ မလိုပါဘူး။ ဒါပေမဲ့ မြသီတာ အမှားတွေကိုတော့ ဝန်ခံတောင်းပန်ပါရစေ။ ပြီးခဲ့သမျှ အရာအားလုံး ဟာ နုဝဒေးကို အရမ်းထိခိုက်နစ်နာစေခဲ့ပါတယ်။ ဒီအတွက် မြသီတာ တောင်းပန်ပါတယ်"

နုဝဒေး ဘာမျှပြန်မပြော။ မျက်နှာကိုလည်း လွှဲထားသည်။

"မြသီတာ တစ်ခုပဲတောင်းဆိုချင်ပါတယ်။ ခင်မှူ့ကို ဧွးဧွေးမူ ပေးပေးပါ"

ရှိုက်သံတစ်ချက်နှင့်အတူ မြသီတာ ချာခနဲလှည့်လိုက်၏။ ပြီးတော့ လှေကားမှ ပြေးဆင်းသွား၏။

မြသီတာပြေးထွက်သွားသည်ကို နုဝဒေး ငေးရင်း ကျန်ခဲ့သည်။ ရင်မှာ မငြိမ်သက်တော့။

꧁꧁꧁

"ခင်မှူး. . ခင်မှူး. ."

ခြံဝမှရပ်ကာ အသံပြုသည်။ ပြန်ထူးသံ မကြားရ။ ထို့အတူ လှုပ်ရှားမှုတစ်စုံတစ်ရာကိုလည်း မတွေ့ရ။

"ခင်မှူး. . ခင်မှူး. ."

နုဝဒေးက ထပ်မံအသံပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခြံလုံး တိတ်ဆိတ်နေ၏၊ အိမ်ကလေးကလည်း တိတ်ဆိတ်နေ၏။

ခင်မှုံမရှိဘူးလား. .။ ခင်မှုံဘယ်သွားနေလဲ. .။

မနက်ကလည်း ခင်မှုံဈေးမလာ။ တွေ့ချင်၍ ဈေးကိုသွားစောင့်သော နဝဒေး မျှော်ပြန်ခဲ့ရ၏။ ညနေပိုင်း အိမ်ကိုလာပြန်တော့လည်း မတွေ့ရပြန်။

အိမ်ကလေးက တံခါးပိတ်ထားသည်။

ရွာထဲသို့ ခင်မှုံသွားလေသလား. .။

ရွာထဲမှ လူများနှင့် ခင်မှုံက ပတ်သက်ယှက်နွယ်မှု မရှိသလောက် နည်းပါးသည်။ ရွာထဲ မဖြစ်နိုင်။

တခြားကိုပဲ ခင်မှုံထွက်သွားလေပြီလား။

"ခင်မှုံ. . ခင်မှုံ. ."

နဝဒေး အသံမြှင့်၍ အော်ခေါ်ပြန်သည်။ တုံ့ပြန်မှု လုံးဝမရှိ။

နဝဒေး သက်ပြင်းချလိုက်သည်။

ထို့နောက် ခြံဝမှနေ၍ ပြန်လှည့်ထွက်လာခဲ့၏။ စက်ဘီးကိုတွန်း၍ လျှောက်လာခဲ့သည်။

မိမိကို မတွေ့လို၍ပဲ ခင်မှုံရှောင်နေလေသလား။ မိမိကို ခင်မှုံ ခွင့်မလွှတ်နိုင်ဘူးလား။ မိမိကို ခင်မှုံ နာကြည်းမုန်းတီးနေလေသလား။

စက်ဘီးတွန်း၍ တစ်လှမ်းချင်းလျှောက်လာရင်း အတွေးအိမ်ဖွဲ့ရင်း ရင်ထဲမှာ စိုးနှောင့်ဗျာပွေနေသည်။

ရွာအပြင်ဘက် ရောက်လာသည်။ စက်ဘီးပေါ် တက်လိုက်သည်။ အရေးထဲမှာ စက်ဘီးက ချိန်းကြိုးကျသွားသည်။ စက်ဘီးကို ဒေါက်ပြန်ထောက်ကာ ချိန်းကြိုးပြန်တင်ဖို့ ကြိုးစားရ၏။ တော်တော်နှင့် အဆင်မပြေ။

---

စိတ်ကူးသစ်စာပေ



"ငါကတော့ အပြတ်လုပ်ဖို့ပဲ စဉ်းစားတယ်။ အဖေသေရတာလည်း သူ့ကြောင့်၊ အစ်ကိုသေရတာလည်း သူ့ကြောင့်။ သူ့ကိုရှင်းပစ်လိုက်ရင် တစ်ရွာလုံးအတွက်လည်း ကောင်းသွားမှာပဲ။ ဒါမှလည်း ငါ့စိတ်တွေ အေးချမ်းမှာပဲ။ အခုတော့ အမုန်းနဲ့ ဒေါသပဲ တရစ်ရစ်တိုးနေတယ်"

အဝေးမှ စကားပြောလာသံ နဝဒေးနားထဲသို့ ဝင်လာသည်။

နဝဒေးရပ်၍ စက်ဘီးပြင်နေရာ၏ တစ်ဖက်ခြမ်း တောလမ်းကလေးဆီမှ ဖြစ်သည်။ ယောကျ်ားသံများ. .။ လူငယ်နှစ်ယောက်ဖြစ်ပုံရသည်။

"သေသေချာချာတော့ လုပ်မှဖြစ်မယ်။ မဟုတ်ရင် မင်းကိုပြန်ပတ်မှာ"

"ဟာ. . ဒါတော့ အပိုင်လုပ်ရမှာပေါ့ကွ"

"မင်း ဘယ်တော့လုပ်မှာလဲ"

"မနက်ဖြန်ည. ."

"အေး. . ကောင်းတယ်။ မနက်ဖြန်ဆိုရင် ဟိုဘက်ရွာဘုရားပွဲမှာ ပွဲရှိတယ်။ တစ်ရွာလုံးလိုလို သွားကြမှာ။ အခွင့်ကောင်းပဲ"

သူတို့ တစ်စုံတစ်ယောက်ကို ဒုက္ခပေးဖို့ ကြံစည်နေပုံဖြစ်၏။

"အဟင်း. . စုန်မလည်း ဘာတတ်နိုင်မှာလဲကွာ။ မျိုးပြုတ်အောင်ကို လုပ်ပစ်ရမှာ"

အသံတွေ ဝေးသွားသည်။

နဝဒေး မျက်လုံးပြူး၍ ကျန်ရစ်သည်။

'သူတို့ကြံစည်နေသည်မှာ ခင်မှုံကို ဒုက္ခပေးဖို့များလား'

မီးစတစ်စနှင့် ရင်ညွှန့်ကို ထိုးလိုက်သည့်ပမာ။

ꩤꩤꩤ

www.burmeseclassic.com

www.burmeseclassic.com

## ၁၅။ မေတ္တာတရား၏ အလေ့အကျင့်

"ပါပသ္မိ ရမတိ မနော. . ဆိုတဲ့ ပါဠိတော်အရ သတ္တဝါတို့ရဲ့ စိတ်ဟာ မကောင်းမှု၌သာ မွေ့လျော်တတ်မြဲဖြစ်လို့ ကိုယ် ဘာတွေးလို့ ဘာလုပ်တယ်၊ ဘာပြောမိတယ်ဆိုတာကို သတိမထားနိုင်၊ မထိန်းချုပ်နိုင် ဖြစ်ရတယ်။ အမှားများစွာ၊ အကုသိုလ်များစွာ ကျူးလွန်မိတတ်တယ်။

ဒါ့ကြောင့် မိမိရဲ့ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးကို ထိန်းသိမ်း အုပ်ချုပ်ရမယ်။ သဒ္ဓါ၊ သတိ၊ သမာဓိ၊ ပညာ၊ ဝီရိယဆိုတဲ့ ဖိုလ်ငါးပါး အနက်မှာ အဓိကကျတဲ့ သတိ၊ ဝီရိယ၊ ပညာ ဖိုလ်သုံးပါးရဲ့ အကူအညီ နဲ့ မိမိကိုယ်ကို ထိန်းချုပ်ဖို့ပဲ ဖြစ်တယ်။

မိမိကိုယ်ကို ထိန်းချုပ်နိုင်ရင် အခြားသူတွေကိုလည်း အောင်နိုင် မှာပဲ ဒကာမလေး။ ဒါကြောင့် ဘုန်းကြီးက ဒကာမလေးကို လိုအင်ဆန္ဒ ပြည့်ဝမှု မေတ္တာကျင့်စဉ်ကို ပေးချင်တယ်။ ဒကာမလေး နံနက်နဲ့ည နေ့စဉ်ကျင့်ကြံအားထုတ်ပါ"

ဆရာတော်ဦးဇဝန၏ စကားသံများက နှလုံးသားမှာ ပဲ့တင်ထပ် နေ၏။ ဆရာတော်၏ အဆုံးအမလမ်းညွှန်ချက်အတိုင်း ခင်မှုံအားထုတ်





လာခဲ့သည်မှာ သုံးရက်ရှိခဲ့ပြီ။

ခင်မှုံသည် မြတ်စွာဘုရားဆင်းတုတော်အား ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များ ကပ်လှူပူဇော်၏။

ပြီးလျှင် ဖန်ခွက်တစ်ခွက်အတွင်း၌ ရေကြည်ရေသန့်ကို အပြည့် ထည့်ကာ ရှေ့မှာချ၏။

ဘုရားရှိခိုးပြီး ငါးပါးသီလကို ဆောက်တည်၏။ ငါးပါးသီလ ဆောက်တည်ပြီးလျှင် မြတ်စွာဘုရားအား အဓိဋ္ဌာန်တင် လျှောက်ထား၏။

"လူ၊ နတ်၊ ဗြဟ္မာတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာ ဘုရား. .။ ဘုရားတပည့်တော်မသည် ဤမေတ္တာကျင့်စဉ်ပေါ်၌ အကျိုး ထူးများခံစားရနိုင်သည်ဟု သံသယကင်းစွာ ယုံကြည်မှုသဒ္ဓါစွမ်းအားပြည့်ဝ စွာဖြင့် သတိ၊ ဝီရိယ၊ သမာဓိ အထောက်အကူဖြင့် ဘုရားတပည့်တော်မ စိတ်များ မငြိမ်းချမ်းမချင်း နေ့စဉ် နံနက်၊ ည ကျင့်ကြံအားထုတ်မည်ဖြစ် ကြောင်း အဓိဋ္ဌာန်တင်ခဲ့ပါသည်ဘုရား။ ယနေ့သည် တတိယမြောက်နေ့ ညပိုင်းဖြစ်ပါသည်။ ယခုအချိန်မှစ၍ မေတ္တာကျင့်စဉ်ကို စတင်ပါမည် ဘုရား။

ဤအဓိဋ္ဌာန်စွမ်းအားကြောင့် ဘုရားတပည့်တော်သည် အများ သတ္တဝါများအပေါ် မြူမျှမတင် ကင်းစင်သော မေတ္တာစိတ်ဓာတ် ကိန်း အောင်း၍ အများ၏ချစ်ခင်ယုံကြည်သက်ဝင်မှုကို ရရှိရပါစေလို၏ဘုရား။ သူတော်ကောင်းတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အပေါင်း၏ စောင့်ရှောက် ကူညီ ဖြည့်ဆည်းခြင်းကိုလည်း ရရှိခံစားရပါစေဘုရား"

ခင်မှုံသည် မြတ်စွာဘုရားကို ဦးချရှိခိုးပြီးနောက် နေရာပြင်ထိုင် ကာ ၁၀၈ လုံးစိပ်ပုတီးကိုယူ၍ ပုတီးစိပ်ခြင်းကို စတင်သည်။ နှုတ်မှရွတ် ဆိုမည့် ပုတီးစိပ်ဂါထာတော်၏ အဓိပ္ပာယ်ကို စိတ်တွင် အဖန်တလဲလဲ ရွတ်ပွားဆင်ခြင်လိုက်သည်။

"ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာသုံးပါး



www.burmeseclassic.com

www.burmeseclassic.com



သုံးပါးတည်းဟူသော မြတ်တရားသုံးပါးသည် ဘုရားတပည့်တော်မအား ရှည်ကြာစွာတည်ရှိစေ၍ ဉာဏ်ပညာအစထား၊ ချမ်းသာအလုံးစုံကို စောင့်ရှောက်တော်မူပေး၏ဟု သံသယကင်းစွာ ယုံကြည်ပါသည်ဘုရား။

ဤသည်ပင်လျှင် ဘုရားတပည့်တော်မ၏ မှန်ကန်သောသစ္စာစကား ဖြစ်ပါသည်ဘုရား။

ထိုမှန်သော သစ္စာစကားကြောင့် ဘုရားတပည့်တော်မ၏ အလိုဆန္ဒဖြစ်သော 'အများသတ္တဝါတို့၏မေတ္တာကို ရရှိလိုသောဆန္ဒ' သည် ထူးထူးခြားခြား ပြည့်ဝပါစေသတည်း။ ထိုနည်းတူစွာ ဘုရားတပည့်တော်မကဲ့သို့ အများသတ္တဝါတို့သည်လည်း အသက်ရှည်ခြင်းနှင့် အလိုဆန္ဒပြည့်ဝခံစား ရရှိကြပါစေသတည်း"

ဤအဓိပ္ပာယ်အကျဉ်းကို စိတ်တွင်ပွား၍ ခင်မုံသည် ပုတီးစိပ်ခြင်းကို ဂါထာတစ်ပုဒ်ဆုံးလျှင် ပုတီးတစ်လုံးချဖြင့် စတင်၍စိပ်ပါတော့သည်။ အာရုံ၌ မြတ်စွာဘုရားရှင်တော်မြတ်၏ သက်ရှိထင်ရှားပုံတော်မြတ်ကို မြင်အောင်ရှုလျက်..

"ဗုဒ္ဓေါ မေ ရက္ခတု နိစ္စံ၊
ဓမ္မော မေ ရက္ခတု သဒါ၊
သံဃော မေ ရက္ခတု ဒီဃေ၊
အာယု ဒီဃော သုခံ ဘဝေ"

(စာဖတ်ပရိသတ်များ ဤကျင့်စဉ်ကို ကျင့်ကြံလိုပါက အထက်ပါအတိုင်း ကျင့်ကြံအားထုတ်နိုင်ပါသည်။)

"....." ဖြင့် ဖော်ပြထားသော ခင်မုံ၏ဆန္ဒနေရာ၌ မိမိ၏ဆန္ဒကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါသည်။

ဂဂဂ



နဝဒေး၏စက်ဘီးသည် မြေလမ်းလေးအတိုင်း ခင်မုံတို့၏ရွာဘက်သို့ ဦးတည်လျက် အရှိန်ဖြင့်ပြေးလျက်ရှိသည်။

စက်ဘီး၏အရှိန်က ပြင်းနေသည့်တိုင် နဝဒေး၏စိတ်လျင်မြန်မှုကို မမီနိုင်သေး။ နဝဒေးစိတ်က ခင်မုံ့ထံ ရောက်လိုလှပြီ။

ခင်မုံ့ဘေးကင်းစေကြောင်းလည်း စိတ်တွင် ဆုတောင်းနေမိ၏။

နံနက်က ဈေးထဲတွင် ခင်မုံ့ကို နဝဒေးသွားရှာပါသေးသည်။ မတွေ့ရ..။ နေ့လယ်က တစ်ဖန် ခင်မုံ့အိမ်ကို လာခဲ့ပါသေးသည်။ ခင်မုံ မရှိ။ ထို့ကြောင့် ညမိုးချုပ်မှာ ခင်မုံရှိရာရွာသို့ နဝဒေးခရီးနှင်ခဲ့ရခြင်း ဖြစ်၏။

မနေ့က နဝဒေးကြားလိုက်သော လူငယ်တို့က ခင်မုံ့ကို အန္တရာယ်ပြုလိုပုံရှိ၏။ သူတို့၏အကြံအစည်က အခုညတွင် အကောင်အထည်ဖော်မည်ဖြစ်သည်။

အခုညတွင် ရွာသူရွာသားအများစုက ဘုရားပွဲသို့ သွားကြမည်ဖြစ်၍ ရွာတွင် လူအနည်းငယ်သာ ကျန်ခဲ့ပေမည်။ လူဆိုးလူညစ်တို့အတွက် အခွင့်ကောင်းပင်။

နေ့လယ်က ဗိုက်ကလေးနှင့် ဒိန်းဒေါင်ကို တိုင်ပင်ရန် ရှာတော့လည်း သူတို့ကမရှိ။ ခရီးသွားနေကြသည်။ သူတို့ပါလာလျှင် နဝဒေးအတွက် တအားရပေမည်။ အခုတော့ တစ်ကိုယ်တော်ထွက်ခဲ့ရ၏။ မတတ်နိုင်..။

မူလအစီအစဉ်က မိုးချုပ်စအချိန် ထွက်လာဖို့ပင်ဖြစ်သော်လည်း ဖခင်ဦးကောင်းမြတ် သွေးတက်၍ ခေါင်းမူးသောကြောင့် ဆေးခန်းလိုက်ပို့နေရ၏။ ဆေးခန်းမှပြန်လာပြီး ဖခင်ကို ဆေးတိုက်ကာ ဖခင်အိပ်ပျော်သွားမှ နဝဒေးထွက်လာရခြင်းဖြစ်၏။ အချိန်က အနည်းငယ်နှောင်းသွားခဲ့ပြီ။

ဆန်းစလက မထွက်သေး၍ ကြယ်ရောင်ကလေးများကိုအားပြု



www.burmeseclassic.com

www.burmeseclassic.com



ကာ စက်ဘီးကိုနင်းနေရတ်။

ဟိုရှေ့တွင် ခင်မှုံတို့ရွာသည် အမှောင်ထဲ၌ ငြိမ်သက်လျက်ရှိနေသည်ကို ရေးရေးပျပျမြင်ရတ်၊

အချိန်အတန်ကြာ စက်ဘီးကိုနင်းရပေဦးမည်။ နှုတ်ခမ်းတွင် ချွေးကစို့နေပြီး လူက အနည်းငယ်မောနေသော်လည်း ခြေထောက်ခါနင်းအားကိုမူ နဝဒေးထပ်မံမြှင့်တင်လိုက်သည်။

ခင်မှုံ ဘေးအန္တရာယ်ကင်းပါစေ..။

ဣဣဣ

လူငယ်နှစ်ယောက် ခင်မှုံတို့ခြံတွင်းသို့ ချုတ်နင်း၍ဝင်လာကြ၏။ ရှေ့မှလူငယ်က ပလတ်စတစ်ပုံးတစ်ခုကို ဆွဲလာသည်။

သူတို့သည် ခြံတွင်းဝင်လာပြီး မှောင်ရိပ်၌ ခဏရပ်သည်။

"ခင်မှုံရှိတယ်ကွ"

"အေး..ဘာလုပ်နေလဲ မသိဘူး။ မီးရောင်လေးတော့ မြင်ရတယ်"

"မင်းတာတ်ဆီက ပုံးအပြည့်လား"

"အပြည့်နီးပါးပဲ..။ ဒါတွေဖျန်းပြီး မီးတို့လိုက်ရင် ဝန်းမိုးနဲ့ဝါးထရံတွေ အရှိန်ကောင်းကောင်းနဲ့လောင်ပြီး ခဏအတွင်း ပြာကျသွားမှာပါ။ ခင်မှုံတော့ အရိုးပဲကျန်မယ်"

"ငါတို့က မီးရှို့ပြီးတာနဲ့ ပြေးမှာလား"





"ဒါပေါ့.."

လေသံမျှပြင့် သူတို့စကားပြောကြသည်။

"ကဲ..လာ..။ အခြေအနေက လုံးဝကွက်တိပဲ။ တစ်ရွာလုံးလည်း တိတ်နေတာပဲ။ မီးလောင်တာကိုမြင်ပေမယ့် ဘယ်သူမှ ငြိမ်းပေးတဲ့သူ ရှိမှာမဟုတ်ဘူး"

သူတို့နှစ်ဦး အိမ်နားသို့ ချဉ်းကပ်လာကြ၏။

အိမ်နားသို့ရောက်လျှင် ခေါင်းဆောင်လူငယ်က ဓာတ်ဆီပုံးကိုဖွင့်ကာ ခွက်တစ်ခုထဲသို့ငှဲ့ထည့်ပြီး အိမ်ခေါင်မိုးပေါ်သို့ ပက်လိုက်၏။ ပြီးလျှင် နောက်တစ်ခွက်..။

ခေါင်မိုးနှင့် အိမ်ထရံအားလုံး ပတ်လည်လှည့်၍ ဓာတ်ဆီဖြင့်ဖျန်းလိုက်သည်။

ဣဣဣ

ဖြန်းခနဲ အသံဟချို့ အကြားအာရုံတွင်း ဝင်လာ၏။ ခေါင်မိုးပေါ်သို့ မိုးရေစက်တွေလားမသိ..ကျလာသည်။ ထရံတွေကို မိုးရေစက်တွေသို့ ပက်သိုက်သံ ကြားသည်။

ဘာပါလိမ့်..။

အချိန်အခါမဟုတ်၊ ရာသီမဟုတ်ဘဲ မိုးရွာသလား..။

မိုးမဟုတ်ဘဲ တစ်ခုခုထူးခြားသော နိမိတ်လား..။

ခင်မှုံ့အာရုံက မြတ်စွာဘုရားရှင်တော်မြတ်ထံတွင် တည်နေ၏



www.burmeseclassic.com

www.burmeseclassic.com



ပုတီးစိပ်ပြီးနောက် ရှေ့မှရေခွက်ကို စိုက်ကြည့်ကာ "အများသတ္တဝါ ဤရေကဲ့သို့ အေးချမ်းကြပါစေ" ဟူသော မေတ္တာကို ပို့သနေချိန်..

"အလုံးစုံသော လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း၊ ယမမင်း တကွ သုံးဆယ့်တစ်ဘုံရှိ ဝေနေယျသတ္တဝါအပေါင်းတို့သည် ယနေ့ ဤအချိန်မှစ၍ ကံခိုးကံညစ်ဟူသမျှ ပိန်းကြာရွက်တွင် ရေပေါက်ဘီသ သို့ စကြဝဠာပြင်ပသို့ လွင့်ပြယ်ပျောက်ပျက်ပြီး ဘုန်းကံများ မွှင့်လ ကြပါစေ၊ အန္တရာယ်ဆိုး၊ ဘေးဆိုးဟူသမျှ ကင်းဝေးကြပါစေ၊ မိမိတို့ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာကို ဖွံ့ဖြိုးအောင် ဖြည့်ဆည်းနိုင်ကြပါစေ၊

အဖြစ်ကင်းသော လာဘ်ရတနာ၊ ဉာဏ်ပညာ၊ အိုးအိမ် ရှာဖွေရရှိနိုင်ကြပါစေ၊ ရန်လိုသော၊ ရန်ပြုသောသူတို့မှ သည်းခံခွင့်လွှတ် တနာထောက်ထား၊ စိတ်နှလုံးများ ပြောင်းလဲတည်ရှိကြပြီးလျှင် ရန် သမျှ ငြိမ်းမှုမကျန် ကင်းရှင်းကြပါစေ၊

ရတနာသုံးပါးဂုဏ်ကျေးဇူးတော်ကြောင့် မိဘဆရာအဆူ သူတော်ကောင်း၊ သူတော်စင်၊ အရိယာအပေါင်းတို့၏ စောင့်ရှောက်ခြ ကို ခံစားရရှိကြပြီး ကျေးဇူးတုံ့ပြန် ဆပ်နိုင်ကြပါစေ၊

ကပ်ကြီးသုံးပါးမှ ကင်းလွတ်ကြပြီး ကာယကံ၊ ဝစီကံ၊ မ ကံ ကြမ်းရိုင်းနေသည်တို့မှ ယဉ်ကျေးသိမ်မွေ့ ပျော့ပျောင်းနူးညံ့အော စောင့်ထိန်းကာကွယ်သည့် ကျေးဇူးပြုမှုကြောင့် စင်ကြယ်သော ဒါ သီလ၊ ဘာဝနာအကျိုးကို ပြည့်ပြည့်ဝဝ ခံစားရရှိနိုင်ကြပါစေ၊ သာသ တော်ကြီးကို ထွန်းလင်းတောက်ပအောင် စောင့်ထိန်းကာကွယ်နိုင်ကြပါ

ဤသို့ပို့လွှတ်သောမေတ္တာသည် ပို့လွှတ်ရာ နေရာဌာန ဌာန၊ ပုဂ္ဂိုလ်သတ္တဝါအသီးသီးထံသို့ အနှောင့်အယှက်ကင်းစွာ ပျံ့လွ ရောက်ရှိပြီး ထိုပို့လွှတ်သော မေတ္တာတော်အတိုင်း အကျိုးမီးမွှားမျ ဖြစ်ထွန်းနိုင်ကြပါစေ"

ဂ ဂ ဂ



"အမလေး.."

အရှိန်ပြင်းနှင်းလာသော နဝဒေးဇါ်စက်ဘီးမှာ အမှောင်ရိပ်တစ်နေရာအရောက် ခဲလုံးကြီးတစ်လုံးကို တိုက်မိကာ စက်ဘီးလက်ကိုင်ကို ထိန်းမရတော့ဘဲ ဘီမ်းမှောက်သွားကာ နဝဒေးတစ်ကိုယ်လုံး လေတွင်ဝဲ၍ မြေပြင်သို့ အရှိန်ပြင့်ပစ်ကျသွားသည်။

မြေပြင်သို့အကျတွင် ဦးခေါင်းနှင့် သစ်မြစ်ဆုံတစ်ခုတို့ မဟာမိတ်ဖြစ်၊ ထိတွေ့သွားကြ၏။

"ဒုတ်.."

"အား.."

မျက်လုံးထဲတွင် မီးရောင်တွေ ပြိုးပြိုးပြက်ပြက် ဝင်းလက်သွားသည်။ လူက မူးဝေနောက်ကျိကာ လဲကျနေရာမှ ရုတ်တရက် မထနိုင်။ အားယူ၍ ခေါင်းကိုစမ်းလိုက်သည်။ သွေးစသွေးနတော့ စမ်းမရ၊ ခေါင်း မကွဲဟု ယူဆရသည်။ နာကျင်မှုကတော့ ပြင်းသည်။

နေရာမှ အလောတကြီးကုန်းထလိုက်သောအခါ လူက ယိမ်းထိုးနေသည်။ ခေါင်းက မူးရိပ်မူးရိပ်ဖြင့်..။

သည်ပုံဖြင့် စက်ဘီးကို မည်သို့ဆက်၍ နင်းရပါမည်နည်း။ ခဏတော့နားမှ ဖြစ်တော့မည်။

လဲကျနေသော စက်ဘီးကလည်း ဘာဖြစ်သွားသေးလဲ မသိနိုင်...။

အနားရှိ မိမိဇါ်ဦးခေါင်းအား ပိတ်ဆွေဖွဲ့ခဲ့သော သစ်မြစ်ဆုံပေါ်တွင်ပင် ပြန်၍ထိုင်လိုက်ရ၏။

ရှေ့ကို မျှော်ကြည့်သည်။ ခင်မှုံတို့ရွာသည် မဝေးတော့။

တစ်ရွာလုံးက မှောင်ထဲမှာ မလှုပ်မယှက်။

ခင်မှုံအိပ်ပျော်နေပြီလား။

"ခင်မှုံ ဘေးအန္တရာယ်ကင်းပါစေ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းရင်း အမူးပြေအောင် စောင့်နေရသည်။ စိတ်စောလွန်းနေ၍ ရင်က မောနေ၏။

ဩဩဩ

"ရှဲ.."

လူရွယ်က ယမ်းမီးခြစ်ကို ခြစ်လိုက်၏။ မီးတောက်ငါငါကလေးက တလူလူတောက်လာ၏။

"ပစ်လိုက်တော့.."

တခြားတစ်ယောက်က ပြောသည်။

မီးခြစ်ဆံကိုကိုင်ထားသောလူငယ်က မီးတောက်နေသော မီးခြစ်ဆံကို အိမ်ခေါင်မိုးပေါ်သို့ ပစ်တင်လိုက်၏။ သို့သော် ခေါင်မိုးပေါ်မရောက်မီ လေထဲတွင်ပင် မီးက ငြိမ်းသွား၏။

"ဟာ.. အသုံးမကျလိုက်တာကွာ"

တစ်ယောက်က ရေရွတ်သည်။ အနားမှ တတ်ဆီစိုနေသော ဝနိုင်ပျစ်ဟောင်းတစ်ခုကို ဆွဲယူလိုက်သည်။

"မီးခြစ်စမ်း.."

ကျန်လူငယ်က မီးခြစ်ပြန်၏။

"ရှဲ.."

မီးတောက်လာသည်။ ဓနိပျစ်ကိုင်ထားသော လူငယ်က မီးတောက်ကို တို့လိုက်၏။





"ဝုန်း.."

မီးတောက်ကလေးက တတ်ဆီစိုနေသော ဓနိပျစ်ကို ကူးကာ ...ုန်းခနဲ မီးတောက်ကြီးများဖြစ်သွား၏။

"အမလေး.."

"ပစ်.. ပစ်တင်.."

အလန့်တကြားနှင့် လူငယ်က မီးစွဲနေသောဓနိပျစ်ကို အိမ်ပေါ် ...ို့ ပစ်တင်လိုက်သည်။

"ဝုန်း.."

ခေါင်မိုးကို မီးစွဲသွားသည်။

"ပြေး.. ပြေးတော့"

လူငယ်နှစ်ယောက် မှောင်ထဲသို့ ပြေးဝင်သွားကြ၏။

ဩဩဩ

"ဆင်းရဲခြင်းအလုံးစုံမှ ကင်းလွတ်ကြပါစေ။ အကျဉ်းအကျပ် ...ားလုံးမှ လွတ်ကြပါစေ။ အလိုရှိမှု ဆန္ဒဖြစ်ပေါ်တိုင်း ပြည့်ဝကြပါစေ။ ...သက်ရှည်၍ ကျန်းမာကြပါစေ။ မေတ္တာသက်ဝင် ချစ်ခင်ခြင်းဖြင့် ...လုံးစိတ်ဝမ်း အေးချမ်းကြပါစေ"

"ဝုန်း.."

ခင်မွှေ၏ မေတ္တာပို့ အဆုံးမသတ်သေးမီမှာပင် ခေါင်မိုးပေါ် ...ုန်းခနဲအသံနှင့်အတူ မီးရောင်ကို မြင်လိုက်ရ၏။ ဖျိုးဖျိုးဖျစ်ဖျစ်...



www.burmeseclassic.com

www.burmeseclassic.com



တောက်လောင်သံများ ကြားရသည်။

သို့သော် မီးမီးအစ်ဒွာနိက မပြီးသေး။

မိမိရှေ့မှ ရေပန်းခွက်ကို စိုက်ကြည့်၍ မေတ္တာဆက်၍ပို့သည်၊

မီးတောက်က ပိုကြီးလာသေး။ တစ်အိမ်လုံးကို အရှိန်အဟုန်ပြင်းစွာ ကျူးစက်လောင်ကျွမ်းနေပြီ။

"အားလုံး ကြားကြားသမျှ အမျှ . . အမျှ . . အမျှ . . ယူတော်မူကြပါကုန်"

"သာဓု . . သာဓု . . သာဓု . ."

ဍ ဍ ဍ

"ဟာ . . ခင်မှုံ့အိမ် မီးလောင်နေပြီ"

နဝဒေးလှမ်းမြင်လိုက်ရသည်က ခင်မှုံ့အိမ်တစ်အိမ်လုံးကို ကြွကြွပ်မြည်အောင် ဝါးမျိုနေသောမီး . .။ တစ်အိမ်လုံး တဟုန်းဟုန်းတောက်လောင်လျက် . .။ အရှိန်အဟုန်ပြင်းစွာ . .။

နင်းလာသောစက်ဘီးကို အသားကုန် အရှိန်မြှင့်လျက်နင်း၍ ခင်မှုံ့တို့ခြံတွင်းသို့ ဝင်သွား . .။ စက်ဘီးကိုထိုးရပ် . .။ စက်ဘီးပေါ်မှ ခုန်ချကာ စက်ဘီးကိုပစ်လှဲပြီး အိမ်ဆီသို့ နဝဒေးပြေးသွားသည်။

သို့သော် ပူထူနေသောစိတ်ကြောင့် နဝဒေး ဘာလုပ်၍ ဘာကိုရမှန်း မသိ။ အိမ်ရှေ့မှာ နဝဒေးပျာလောင်ခတ်နေသည်။

"ခင်မှုံ့ . . ခင်မှုံ့ . .။ ခင်မှုံ့အိမ်ထဲမှာလား . .။ ခင်မှုံ့ . ."





ဘာသံမျှ မကြားရ။ ခင်မှုံ့ အထဲမှာလား။ ဘယ်ရောက်နေသနည်း။

မီးရှိန်က ပြင်းလှသည်။ တစ်ခြံလုံး မီးရောင်ဖြင့် ထိန်နေ၏။ အနားကိုကပ်၍ပင် မရချင်။ အပူရှိန်က လူကိုဟပ်သည်။

မီးကိုသတ်ရန် ရေကို သတိရသည်။ အိမ်ဘေးမှာ ရေရှာတော့ စည်ပိုင်းပြတ်ကလေးတစ်လုံးကို နဝဒေးတွေ့သည်။ စည်ပိုင်းထဲမှာ ရေ အချို့ရှိသည်။ အနားတွင်တွေ့သောပုံးဖြင့် ခပ်ယူကာ လောင်နေသော မီးဆီသို့ ပက်သည်။

သို့သော် မီးရှိန်က တအားပြင်းသည်။

နဝဒေးပက်နေသောရေများက မီးကိုမနိုင်။

"ခင်မှုံ့ . . ခင်မှုံ့ . ."

ရောက်ရင်း အော်လည်းအော်၊ ခေါ်လည်းခေါ်သည်။ ဘာသံမျှ မကြားရ . .။

မီးက တစ်အိမ်လုံးကို အရှိန်ပြင်းစွာ ဝါးမျိုလောင်ကျွမ်းဆဲ . .။

ရေက ကုန်သွား၏။

အနားတွင်တွေ့သော ရှေ့ပုံးချိတ်ဖြင့် မီးလောင်နေသော ထရံများ၊ ခန့်များကို နဝဒေးဆွဲချသည်။ ဖျက်သည် . .။

မီးက နဝဒေး၏လက်တွေကို လောင်မြိုက်သည်။

မီးညွန့်ကြီးကား ကောင်းကင်ကိုထိုးတက်လျက်။

"ခင်မှုံ့ . . ခင်မှုံ့ . ."

ဦးသံပါကြီးနှင့် နဝဒေးအားကုန်အော်နေဆဲ။

ဍ ဍ ဍ

www.burmeseclassic.com

www.burmeseclassic.com



"ဟား . . ဟား . . ဟား . . ခုလောက်ဆိုရင် တစ်အိမ်လုံး ပြာကျလောက်ပြီ။ ခင်မှုံလည်း မီးသွေးတုံးဖြစ်လောက်ပြီ"

"ငါတို့ ဘယ်သွားမလဲ"

"ငါတို့လည်း ဣန္ဒြေမပျက် ဘုရားပွဲဘက်ကို သွားကြတာပေါ့ကွာ"

"အေး . . ကောင်းတယ်"

လူငယ်နှစ်ယောက်က မီးလောင်နေသော ခင်မှုံတို့ခြံကြီးထဲမှ ခင်မှုံ့အိမ်ကလေးကို ရွာပြင်လယ်ကွင်းထဲမှ လှမ်းကြည့်ရင်း အားရဝမ်းသာရယ်မောလိုက်ကြပြီး ဘုရားပွဲရှိသည့် တမြာရွာဘက်သို့ ဦးတည်လိုက်ကြ၏။

---

ခင်မှုံ၏ အဓိဋ္ဌာန်မေတ္တာကျင့်စဉ်က ပြီးဆုံးနေပြီဖြစ်၏။

ထိုအချိန်တွင် တစ်အိမ်လုံးသည်လည်း မီးလျှံမီးညွန့်များအောက်တွင် ရောက်နေပြီဖြစ်သည်။

ခင်မှုံ့ခေါင်းပေါ်ရှိ ခေါင်မိုးမှာ မီးစွဲလျက် မီးလောင်ကျွမ်းနေသော ဝနီပျစ်များ တဖုတ်ဖုတ်ပြုတ်ကျနေ၏။ မီးပွားတွေကလည်း ဖွားခနဲ . . ဖွားခနဲ . . ။

ခင်မှုံ့ဘေးမှာလည်း ထရံတွေ၊ ဝါးတွေက တဖျောင်းဖျောင်း လောင်ကျွမ်းလျက် . . ။

ဝါးကြမ်းပြင်တွေလည်း မီးစွဲနေပြီ။



မီးစတင်လောင်ကျွမ်းမှန်းသိပါလျက် ခင်မှုံက အဓိဋ္ဌာန်ကို ဖျက်မခံဟူသောစိတ်ဖြင့် ဆက်၍မေတ္တာပွားများနေခဲ့ခြင်းဖြစ်သည်။

မီးများ အရှိန်ဖြင့်လောင်ကျွမ်းလာသည်ကို သိ၏။ တစ်အိမ်လုံး ကြာမီအချိန်အတွင်း ပြာကျသွားတော့မည်ကို သိ၏။ ထိုအတူ မိမိသည်လည်း မီးထဲပါကာ အသက်ဆုံးရှုံးတော့မည်ကို သိ၏။ သို့သော် မေတ္တာကျင့်စဉ်ကို အဆုံးထိ ဆက်၍ပွားများအားထုတ်မည်ဟု ခင်မှုံ ဆုံးဖြတ်ခဲ့၏။

ခင်မှုံ အသက်ဆုံးချင် ဆုံးပါစေတော့ဟု ပိုင်းဖြတ်ခဲ့ခြင်းဖြစ်၏။

ထို့ဖြင့် ခင်မှုံ၏ မေတ္တာကျင့်စဉ် ပြီးဆုံးသွားခဲ့သည်။

သို့သော် ခင်မှုံ နေရာမှ မထ . . ။ မထတော့ . . ။

ခင်မှုံ့အာရုံတွင် မြတ်စွာဘုရားရှင်၏ပုံတော် ထင်ရှားရှိနေဆဲ။

မိမိရှေ့ရှိ ရေခွက်ထဲမှရေကို ကြည့်ကာ မေတ္တာကို ဆက်လက်ပွားနေမိဆဲ။ သမာဓိက ခိုင်ကျည်စွာ . . ။

သတ္တဝါအားလုံးကို မေတ္တာပို့နေဆဲ . . ။ ဆက်ကာဆက်ကာ မေတ္တာဘာဝနာပွားနေဆဲ . . ။

"ဆင်းရဲခြင်းအလုံးစုံမှ ကင်းလွတ်ကြပါစေ။ အကျဉ်းအကျပ်အားလုံးမှ လွတ်ကင်းကြပါစေ။ အလိုရှိမှုဆန္ဒအတိုင်း ပြည့်ဝကြပါစေ။ အသက်ရှည်၍ မေတ္တာသက်ဝင် ချစ်ခင်ခြင်းဖြင့် နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ"

"ဝုန်း . ."

ထိုအချိန်တွင် ခေါင်မိုးမှ မီးသင့်လောင်ကျွမ်းနေသော ဝါးလုံးများ အောက်သို့ တစ်ပြိုင်တည်းပြိုကျလာကြ၏။

တစ်ပြိုင်တည်းမှာပင် အိမ်ကြမ်းခင်းများလည်းပြိုကာ မြေပေါ်သို့ ပြုတ်၍ကျကုန်ကြသည်။

တစ်အိမ်လုံး မီးများဖြင့် . . ။

---

www.burmeseclassic.com

www.burmeseclassic.com

## ခန်း ရှုန်းမလေးဇာတ်သိမ်း

BURMESE CLASSIC .com

"အိး. . ဟီး. . ဟီး. ."

"ဖော့ကောင် ပိုက်တွေး. .။ မင်း ဘာလို့ ငိုနေတာလဲ"

"ခင်မှုံ့အတွက် ဝမ်းနည်းလွန်းလို့ပါကွာ။ မင်းရော ဝမ်းမနည်းဘူးလား ငြိမ်းအောင်"

"အတူတူပေါ့ကွာ. .။ ဟီး. ."

"ငါ့အဖို့တော့ ဒီနေ့ကံမကောင်းပါလားဆိုတာ အမှန်ပဲကွ"

"ငါ့အသည်းနှလုံးလည်း မှားတဲ့အခါ မှားပေမပေါ့ ဆိုတဲ့အတိုင်းပါပဲကွာ"

"ခင်မှုံ့အိမ်ကို မီးရှို့တဲ့ သာမောင်ရဲ့ညီ သာအောင်နဲ့ ပိုးစွားတို့ကတော့ ခင်မှုံ့အိမ်မီးရှို့တာ သူတို့ပါလို့ ဝန်ခံပြီး ရဲစခန်းမှာ လာအပ်မိခံကြတယ်တဲ့။ အတော်ရက်စက်တဲ့ ကောင်တွေပဲကွာ"

"သူတို့ရဲ့ မကောင်းမှုအတိုင်း သူတို့ ပြစ်ဒဏ်ခံရမှာပေါ့ကွာ။ ဒါဟာ ငြင်းပယ်လို့မရတဲ့ အမှန်တရားပဲကွ"

"ဒါနဲ့ ဖော့ကောင်. . မင်း မင်္ဂလာဆောင် သွားမှာလား"





"သွားရမှာပေါ့ကွာ။ မသွားလို့ ဘယ်ကောင်းမလဲ။ ဒါကြောင့် မင်္ဂလာဆောင်မှာ မငိုမိအောင် အခု ဒီမှာကတည်းက မျက်ရည်ကုန်အောင် ငိုနေတာကွ။ အိး. . ဟီး. . ဟီး. ."

"မငိုပါနဲ့ သူငယ်ချင်းရာ။ မင်းကိုကြည့်ပြီး ငါလည်းငိုချင်လာပြီကွာ။ အိး. . ဟီး. . ဟီး. ."

ဿဿဿ

"မြသီတာ. . နင် မင်္ဂလာဆောင် မသွားဘူးလား"

"မသွားချင်ဘူး မွန်မွန်။ ငါက ဘယ်မျက်နှာနဲ့ သွားရမှာလဲ။ သူတို့ကို မျက်နှာမပြရဲဘူး"

"နင်မျက်ရည်မခိုင်လို့မဟုတ်လား မြသီတာ။ ငါ နင့်ရင်ထဲကို မြင်နေပါတယ်"

"မွန်မွန်ရယ်. .။ ငါ ဝန်ခံပါတယ်။ ခင်မှုံ့ကို ငါပြောခဲ့တုန်းက နဝဒေးကို ငါမချစ်ခဲ့ဘူးဆိုတာ ခင်မှုံ့အမြင်ရှင်းအောင်လို့ပါ။ တကယ်တော့ ငါ. . နဝဒေးကို ချစ်တယ်။ အောင်ကျော်နဲ့တုန်းက အထိအတွေ့မှာ ယစ်မူးခဲ့တာ။ အချစ်မဟုတ်ဘူး။ ဒါကို နောက်ပိုင်းမှ ငါခွဲခြားနားလည်လာခဲ့တာပါ မွန်မွန်"

"အေးလေ. .။ အဲဒါတွေ ပြည်ဖုံးကားချလိုက်ပါတော့။ အကြည်းတန်ခဲ့တဲ့ ဖြစ်ရပ်တွေကို ဆေးကြောဖို့ပဲ ကြိုးစားပေါ့ဟာ"

"ဒါပဲရှိတော့တာပေါ့ သူငယ်ချင်းရယ်"

ဿဿဿ

www.burmeseclassic.com

www.burmeseclassic.com



"မီးကို မီးနဲ့သတ်လို့မရဘူး။ မီးကို ရေနဲ့သတ်ရတယ်။ အမုန်းတရားတွေကို မေတ္တာတရားနဲ့ အနိုင်ယူရတယ်ဆိုတာ ကိုယ်ကောင်းကောင်းသဘောပေါက်သွားပြီ ခင်မှုံ။ တစ်အိမ်လုံး မီးတွေလောင်ပြီး ပြိုကျသွားတုန်းက ကိုယ့်ရင်တစ်ခုလုံး မီးတွေစွဲနေတာပါပဲ။ ဒါပေမဲ့ မီးတောက်တွေဝိုင်းနေတဲ့အလယ်မှာ ဘုရားဆင်းတုတော်ရယ်၊ မေတ္တာရေဖန်ခွက်ရယ်၊ မေတ္တာပို့နေတဲ့ခင်မှုံရယ် မီးတောက်တွေကြားမှာ ဘာမှအလောင်အကျွမ်းမရှိတဲ တွေ့လိုက်ရတော့ အံ့ဩလွန်းလို့ ကိုယ်ကြက်သေသေသွားတယ်။ သိလား ခင်မှုံ. ."

"ဆရာတော်ရဲ့ ညွှန်ပြချက်အတိုင်း ခင်မှုံက ကျင့်တာပါ။ အစွမ်းထက်တယ်ဆိုတာကိုတော့ လက်တွေ့တွေ့ရပြီမို့ ရှေ့ကိုတိုးပြီးကျင့်ဖို့ပဲ လိုတော့တာပေါ့"

"ရွာထဲက လူတွေကတော့ ဒီစုန်းမလေးဟာ မီးရှို့လို့တောင်မသေဘူးလို့ ပြောနေကြဦးမှာပဲနော်"

"ပြောချင်ပြောပါစေ အစ်ကိုရယ်။ ခင်မှုံ့ဝဋ်ကြွေးရှိနေရင်တော့ ခံရမှာပဲပေါ့။ ဒါပေမဲ့ သူတို့ကို ခင်မှုံမေတ္တာထားနိုင်ပါပြီ"

"ကိုယ့်ကိုရော မေတ္တာမထားဘူးလားဟင်"

"အစ်ကိုကလည်း. .။ မင်္ဂလာဆောင်ပြီးလို့ အစ်ကို့ရင်ခွင်ထဲတောင် ရောက်နေပြီ။ မယုံသေးဘူးလား"

"ဟင့်အင်းကွာ. .။ ခင်မှုံ့နှုတ်က ချစ်ပါတယ်အစ်ကိုရယ်ဆိုတဲ့စကားကိုပဲ ကြားချင်တာ"

"ဟွန်း. . တော်ပါ။ ရှက်စရာကြီး. .။ ပြောချင်ပါဘူး. ."

"မပြောသေးဘူးလား။ မပြောရင် ဒဏ်ခတ်လိုက်မှာနော်။ ကဲ. ."

"အိုး. . အစ်ကို. ."

※

ဗုဒ္ဓညွှန်ပြ၊ မြတ်ဓမ္မဖြင့်၊ သုခချမ်းသာ၊ ရကြပါစေ. .။

သီဟထိပ်တင်စော




စာမူခွင့်ပြုချက်အမှတ်– ၅၀၀၂၃၂၀၂၀၀

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com